www.burmeseclassic.com

# တက်ခေတ်နတ်ဆိုး

သိန်းဖေမြင့်



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း

ပထမ ။ ။ ၁၉၃၈ (မြန်မာ့အလင်း)
ဒုတိယ ။ ။ ၁၉၃၀ ( ။ )
တတိယ ။ ။ ၁၉၄၇ (ကျော်ထင်းစာနယ်ဇင်း)
စတုတ္ထ ။ ။ ၁၉၅? (လူငယ်စာပေ၊ မန္တလေး)
ပဉ္စမ ။ ။ ၁၉၆၈ (ဖူဂံစာအုပ်တိုက်)

---

စောင်ရေ
၄၀၀၀

---

မျက်နှာဖုံး
စံတိုး

---

အတွင်းဖလောက်
ဘသစ် အင်ဆန်း

---

အတွင်းရိုက်
သီရိမင်္ဂလာ

---

စာအုပ်ချုပ်
ညွန့်ညွန့်နှင့် မောင်များ

ဓောင်တိုဦး၊ (၀၂၇၃ / ၀၇၃၆)၊ အမှတ် ၁၂၃၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်တ'ကုမာရစက်'နှင့် ရိုက်နှိပ်၍ထုတ်ဝေသည်။

---

ဖူဂံစာအုပ်တိုက်နှင့် ဘုမ္မာရပုံနှိပ်တိုက်

အမှတ် ၁၂၃၊ မြန်မာ့ဂုဏ်ရည်လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။
ကန်တော်ကလေးစာတိုက်
ဖုန်း ။ ၁၇၉၄၆

BURMESE CLASSIC .com

# စာပေတွင် မွေ့သူတို့၏ အမြင်

ပုံနှိပ် ထုတ်ဝေသူ အနေနှင့်လည်း မဟုတ်၊ ဖြတ်တောက်ရေးဆင်ဆာ အရာရှိတဦးအနေနှင့်လည်း မဟုတ်ဘဲ စာအုပ် တအုပ်ကို ရိုက်နှိပ်ထုတ်ဝေခြင်း မပြုမီက ဖတ်ရသည်မှာ ကြုံခဲ့သော အခွင့်ထူးပင် ဖြစ်သည်။ ဦးသိန်းဖေမြင့် ရေးဖူးတွေ့ရခြင်း ထိုအခွင့်ထူးကို ကျွန်ုပ်ရခဲ့သည်။ သူသည် ဤစာအုပ်ကို ရေးနေစဉ်ပင် သူ့ပန်းပေါ်မှကျော်၍ ဖတ်ကြည့်ရသည်ဟု ပြောပနိုင်လောက်အောင်ပင် အခွင့်သာခဲ့သည်။ သူသည် 'မပြီးခင် လူမမြင်စေနှင့်' ဟူသော ဆိုရိုးစကားကို ဂရုမထားဘဲ ယခုကဲ့သို့ မြင်ခွင့် ပေးခြင်းအားဖြင့် သူက ကျွန်ုပ်အား ရသာထူးတခုဖြင့် ပျော်မွေ့ယစ်မူးစေခြင်းသာ ဖြစ်တော့သည်။ တတမ္ဘာလုံးတွင် အရိုးဆုံး အလုပ်ဖြစ်သော အမှုမှ တည်ရာ အရိုးထက် အရိုးခံ အကြောင်းကြီးကို မျှော်မှန်း၍ တကယ်ဝတ္ထုတခု တည်ဆောက် ထားသည်။ သူသည် ယခုခေတ် မြန်မာ့လူ့ဘောင်ကို ထင်ရှားပြတ်သားစွာ သရုပ်ဆောင် ဖြစ်အားရာ စာအုပ်ထဲတွင် ပါရှိသူများမှာ အလွန်တရာ သရုပ်ပေါ်သဖြင့် လူတကာ တို ဖြစ်သည်ဟု ထင်ရသည်။ သုံးနှုန်းသောစကား၊ ရေးသားထားသော စာသားတို့မှာ သူတပါး အတုယူ၍ ရေးမရသော သိန်းဖေစကားနှင့် သိန်းဖေ စာသွားတို့ ဖြစ်သည်။ ဤစာအုပ်ကိုဖတ်ရှုသူတို့သည် ယခုခေတ် မြန်မာအမျိုးသား လူငယ်လူရွယ်ကလေးများနှင့် ရင်ဆိုင်တွေ့နေသော ဘေးအန္တရာယ်ကြီးများကို ထင်ရှားစွာ သိရှိရလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ရန်ကုန်တိုင်း၏ တေသဘား*

---

* 'တေသဘား' မှာ နာမည်ကျော် ပုဂ္ဂိုလ်ကြီးတဦး၏ ကလောင်နာမည်ဖြစ်သည်။ မြန်မာစာဖတ်ပရိသတ်တို့ထက် စာကြီးခေတ် အင်္ဂလိပ်စာဖတ်ပရိသတ်တို့က 'တေသဘား' ၏ အကြောင်းကို ပိုမို၍ သိကြသည်။

---

ဖူဂံစာအုပ်တိုက်

www.burmeseclassic.com

BURMESE CLASSIC .com

# ဆရာဝန်တဦး၏ အမြင်

ကာလသားရောဂါ၏ ကြောက်မက်ဖွယ် ကောင်းသော အန္တရာယ်များကို မျက်ဝါးထင်ထင် ရှုမြင်နိုင်စေသော စာအုပ်ကို ရေးသဖြင့် ဦးသိန်းမေအား ကျွန်ုပ် ချီးကျူးထောပနာပြုပါသည်။ စာအုပ်ကို ပွင့်လင်း ပြတ်သားသော စကားလုံးတို့ဖြင့် အားပါးမနာရေးလျက် လူကြီးလူငယ် အားလုံး ဖတ်ကြားစေရန် ရည်ရွယ် ထားသည်။ ဤစာအုပ်တွင် ပါသော ဆေးပညာနှင့် ပတ်သက်သမျှ အသေးစိတ် အချက်အလက်တို့သည် အမှန် အကန်ပင် ဖြစ်သည်။ ဤစာအုပ်ကို တယောက်ကစ၍ တရာဆိုသကဲ့သို့ သူတိုင်းစေ့ ဖတ်ကြ၍ ရောဂါဆိုး၏ ဖြစ်ပေါ်ပုံ သဘော လက္ခဏာနှင့် ဘေးအန္တရာယ်တို့ကို သက်ဘရနံ့တင်းစွာဖြင့် သိရှိနိုင်ကြလိမ့်မည်ဟု ကျွန်ုပ် မြော်လင့်ပါသည်။

ကျွန်ုပ်က အနည်းငယ်စွက်ပါဦးမည်။ ဤတိုင်းပြည်တွင် ကာလသားရောဂါသည် အလွန်တရာ ပြန့်နှံ့လျက် ရှိသော်လည်း ဤအကြောင်း၊ ထိုအကြောင်းတို့ကြောင့် လူအပေါင်းတို့က အရေးတကြီး မထားကြချေ။ ကာလသားရောဂါမှာ ဂနိုရိယာနှင့် ဆစ်ဖလစ်ဟူ၍ နှစ်မျိုးကွဲပြားသည်။ ဂနိုရိယာဆိုသည်မှာ ကျင်ချောင်းမှ ကူးဆင်းသော ရိုဖြူ ရိုနီ တို့ပင် ဖြစ်သည်။ ဂနိုရိယာကို မီးပိုနားထိုင်၍သော်၎င်း၊ ကြက်သား စား၍သော်၎င်း ရသည် မဟုတ်။ ကာမရောဂါ စပ်၍ကူးမှု ရခြင်းဖြစ်သည်။ ဤရောဂါကို ကုသ၍ မပျောက်ပျောက်များတွင် ဇွေးစေ့ရောင်ခြင်း၊ ထိုကျင်ခြင်း၊ ကျင်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



မိတ်ခြင်း စသည်တို့ ဖြစ်လာလေသည်။ မိန်းမများတွင် သွားအိမ် ရောင်ပြီး မြဲသွားတတ်သည်။

ဆစ်ဖလစ်မှာ သေးငယ်သော အပွန်းအနာကလေး ဖြင့်စပေါ်၍ ပျောက်သွားပြီးနောက် တကိုယ်လုံး အပြုံလိုက် အအုံလိုက် အနာများ ပေါ်ပေါက်လာသည်။ ထိုအနာများ ငင်သွားပြီးနောက် မျက်စိကန်းခြင်း၊ ရူးခြင်း၊ ကိုယ်အပိုင်းများသေသွားခြင်းစသည်တို့ ဖြစ်တတ်သည်။ ဆစ်ဖလစ်ကိုလည်းရောဂါသွေးရှိသူတို့နှင့်ကာမဂုဏ် စပ်ရှက်မှုကြောင့်သာရရှိလေသည်။ ရောဂါသည် ရူးခြင်းစသော ရှုတ်ရှုတ် ရှက်ရှက် အခြေသို့မရောက်အောင်၊ စောစော စီးစီးကပင် လုံးဝပျောက်ကင်းအောင် ကုသဘို့ လိုလေသည်။ ကာလသား ရောဂါရှိသူ၊ ရမ်းဘူးသူတို့သည် ဆေးရုံသို့သွား၍ ဖြစ်စေ တတ်ကျွမ်းသောဆရာဝန် တယောက်ယောက်ထံသို့ဖြစ်စေ သွား၍ စမ်းသပ်စစ်ဆေးခံရန် ကျွန်ုပ် အကြံပေးလိုသည်။

လူတစုသည် ကျန်းမာသန်စွမ်းဖြစ်၍ ကျန်းမာ သန်စွမ်းသော ကလေးတို့ကို မွေးထုတ်နိုင်မှ လူမျိုးတမျိုးအဖြစ်ဖြင့် တွန်းကားကြီး ပွားနိုင်သည်။ သင့်အမျိုးအတွက် သင်ထမ်းရွက်ရန် တာဝန်မှာ ကျန်းမာ သန်စွမ်းရှိဘို့ ဖြစ်သည်။ ဦးသိန်းမေသည် ဤစာအုပ်ဖြင့် ဤတာရားကို ပေးထားပေသည်။

တွန်လာမက်*

*M. A., M.B.B.C.H. [Cantab]*
*M.R.C.S. [Eng], L.R.C.P. [London]*

---

* ဤနိဒါန်းရေးသူ ဒေါက်တာ တွန်လာမက်မှာ *M.A., M.B. B.C.H. [Cantab], M.R.C.S. [England], L.R.C.P [London]* စသော ဆေးဘွဲ့များ ရရှိသော ဆရာဝန်ကြီးဖြစ်၍ စစ်ကြိုခေတ် ရန်ကုန် ဆေးရုံကြီးတွင် ကာလသားရောဂါဆက်ဆိုင်ရာ အကြီးချုပ်ဖြစ်သည်။



BURMESE CLASSIC .com

## စာရေးဆရာ့သဘော

ဘနေ့သည် မိတ်ဆွေတဦးက "အင်မတန် လိမ္မာတဲ့ ဘူငယ် မလေးဘဲ။ သူ့အဖေ ထမင်းစားရင် ငါးအရိုးထွင်ပေးတယ်" ဟု ကျွန်တော်မမြင်ဘူးသော မိန်းကလေးတယောက် အကြောင်းကို ချီးမွမ်းလေသည်။ ကျွန်တော်ကား ထိုဩဘာသံကိုကြားပြီးနောက် မိတ်ဆွေပြောသော စကားရှိတွင် အာရုံမစူးတော့ပေ။ ထိုသူငယ် မလေးကို ကျွန်တော်ရလျှင်ဟူသော အဆိုကို ကိုယ့်စိတ်တွင် ကိုယ် သွင်း၍ ကိုယ့်စိတ်တွင် ကိုယ်ချေပ နေမိတော့သည်။ "ဒီလိုသား မျိုးကလေးနဲ့ရရင် ငါကော်မှာဘဲ။ ခုတော့ အရိုးထွင်ပေးမယ့် လူမပြောနဲ့၊ ထမင်းစားရအောင်လို့တောင် ခေါ်မယ့်သူ မရှိဘူး။ ထမင်းစားချင်ရင် ဆိုင်က ပေါက်ဖော်တို့ တာကာတိုက်ကို အော်ကာ ဟစ်ကာ မှာနေရတယ်။ ကဲ အဲဒီသူငယ်မကလေးနဲ့ ရရောဆိုပါ တော့။ ထမင်းစားကြတဲ့အခါမှာ သူ့အဖေလဲ အရိုးထွင်ပေးရ၊ လင်လဲ အရိုးထွင်ပေးရ ဆိုရင် သူ့ခမျာ ကိုယ့်ထမင်းတောင် ကိုယ် စားရတော့မှာ မဟုတ်ဘူး။ ဒီတော့ အဖိုးကြီးနဲ့ ထမင်းအတူ စားလို့ မဖြစ်ဘူး။ အဖိုးကြီးကို တယောက်ထဲ အရင် ဦးဦးဖျားဖျား ကျွေး၊ သူက အနားကထိုင်ပြီး အရိုးထွင်ပေး။ အဖိုးကြီးစားပြီး တော့မှ သူရယ်၊ ငါရယ် စားကြရော။ သူထွင်ပေးတဲ့ ငါးကလေးက



www.burmeseclassic.com

www.burmeseclassic.com



သိပ်စားကောင်းမှာဘဲ။ အို ဒါထက် ဒီသူငယ်မက ဘယ်သူပါလိမ့်။ အပျိုလေလား၊ အအိုလေလား' ဟု သူ့အကြောင်း၊ ကိုယ့်အကြောင်း ပြောင်းဆန်အောင်တွေးနေမိသည်။ တွေးရင်း ဘယ်သူဘယ်ဝါမှန်း မသိသေးဘဲ မှန်း၍ ကြိုက်တတ်သော စာရေးဆရာ၏ စဉ်းစား ဉာဏ်ကို ချင့်ချိန်ကာ ရယ်မိလေသည်။ ထိုသို့ ရယ်နေသောအခါ မိတ်ဆွေက "ခင်ဗျားတို့စာရေးဆရာတွေဟာအရူးတွေဘဲ။ကျုပ်မှာ ဖြင့် ကောင်မလေးသေသွားလို့ သနားစရာကောင်းကြောင်း ပြော နေတယ်။ ခင်ဗျားက ရီနေတယ်" ဟု ညည်းလိုက်လေသည်။

ဤသည်ကား စာရေးဆရာ့သဘောတည်း။ အကြောင်းကလေး တခုရလျှင်စိတ်ကူးပေါက်ကိုးဖွဲ့နွဲ့ကာစဉ်းစားတတ်သည်။ကြားဘူးသော အဖြစ်အပျက်အကြောင်းအရာ၊ ကိုယ်တိုင် ခံစားဘူးသော အဖြစ် အပျက် အကြောင်းအရာ ဟူသမျှကို ကလဖန် အမျိုးမျိုး ထိုးကာ အမျိုးမျိုးချီး၍ ကစားတတ်သည်။ ဤသဘောကို သိပါလျက် အဆွေသည် "တိုသိန်းဖေဟာ တယောက်ယောက်ရဲ့ တကယ့် အဖြစ်အပျက်ကို ရေးထားတာဘဲ" ဟု ပြောလျှင် ကျွန်တော့်အား အလွန်အမူး ဆိုးကျိုးရာသာ ရောက်သဖြင့် ဆင်ခြင်၍ ပြောကြပါဟု တောင်းပန်လိုက်သည်။

ဤစာအုပ်ကို ပုံမနှိပ်မီ ဖတ်ရှု၍ လိုသောနေရာတို့၌ ပြင်ဆင်ရန် အကြံပေးကြသော 'တောသား' နှင့် 'သိပ္ပံမောင်ဝ' တို့အား ကျေးဇူးအထူးတင်ပါသည်။

စာရေးသူ



တက်ခေတ်နတ်ဆိုး ၏ ရန်ကို တွန်းလှန်နေသော
'ဒေါက်တာ လာမတ်' သို့

ပုဂံစာအုပ်တိုက်

www.burmeseclassic.com

# ၁

မျက်စိရှေ့တွင် တောင်ကြီး အက်ကွဲ ပြိုလဲသွားသည်ကို မြင်ဘူးသူ အလွန်ရှားပေလိမ့်မည်။ ညွန့်မောင်သည်ကား သူ့ မျက်စိရှေ့တွင် တောင်ကြီး အက်ကွဲ ပြိုလဲသွားသည်ကို မြင်ရပေ၏။ တောင်ကြီးသည် အက်၍ အက်၍ လာ၏။ အာ၍ အာ၍ သွား၏။ ကွဲ၍ ကွဲ၍ လိုက်၏။ ကျ၍ ကျ၍ ဆင်း၏။ ညွန့်မောင်၏ မျက်စိရှေ့တွင်ပင် တောင်ကြီးသည် ကျောက်ခဲပုံကြီး ဖြစ်သွား၏။ သဲပုံကြီး ဖြစ်သွား၏။

သို့သော် ညွန့်မောင်ရှေ့တွင် ကွဲပြိုသော တောင်ကြီးမှာ မြော်လင့်ချက်တည်းဟူသော တောင်ကြီးသာ ဖြစ်လေသည်။ ခင့်ထွေးကို အသေအချာရမည်ဟု ယုံကြည်သော မြော်လင့်ချက် တောင်ကြီး ဖြစ်လေသည်။ မြော်လင့်ချက် တောင်ကြီးသည် သဲပုံကြီးဖြစ်သွားပြီး၊ သဲပုံကြီးမှတဖန် ရေတွင် မျောပါ သွား



www.burmeseclassic.com

www.burmeseclassic.com



ကာ သောင်ပြင်ကြီး ဖြစ်သွားလေပြီ။ ညွန့်မောင်သည် ရွှေရောင် ဟာလာဟင်းလင်းဖြစ်သော လှင်တီးခေါင်ကိုသာ မြင်ရလေ တော့သည်။

ခင်ထွေးကို ရမည်ဟူသော မျှော်လင့်ချက်ဖြင့် ဖရဏာပီတိ ဂွမ်းဆီထိ ဖြစ်နေခဲ့သည်မှာ ဖိုးသော်တာလစန်းသည်ပင် အာ ကြိမ်ကြိမ်ဆန်း၍ အကြိမ်ကြိမ်ဆုတ်ခဲ့လေပြီ။ သူများပြောလျှင် ယုံလေ့ရှိသော လူရိုးညွန့်မောင်မှာ ခင်ထွေးပြောသောစကား များကို ယုံခဲ့၏။ ခင်ထွေးဖခင်က ရိုးတိုးရိပ်တိတ် အားပေး စကားပြောသည်များကို အားထားခဲ့မိ၏။

ညွန့်မောင်အဖို့ မိမိနှင့်တွေ့လျှင် အမြဲပြုံးနေသော ခင် ထွေး၏ မျက်နှာကလေးသည် သိတဂူအအေးဓာတ်ကို အား ပေးသော လမင်းကဲ့သို့ အချစ်ဓာတ်ကိုအားပေးလျက်ရှိသည်ဟု ထင်ခဲ့၏။ အထွေး၏ ပျူငှာသော အမူအရာတို့သည် နေပူ ကြဲကြဲ ခရီးပြင်းနှင်ရသူအဖို့ တသွင်သွင် တသုန်သုန်စီးနေသော စမ်းရေယဉ်ကဲ့သို့ ညွန့်မောင်အား ချစ်လှည့်ပါဟု ခေါ်နေ သည်ထင်ခဲ့၏။ ညွန့်မောင်နှင့် စကားပြောရလျှင် ရယ်လား မောလားနှင့် ပျော်ပါးနေသော ခင်ထွေး၏ စကားသံတို့ သည်။ နှစ်သစ်ကို ကြို၍ သီချင်း သီဆိုသော တပေါင်းဆွေ ဥဩသံကဲ့သို့ ညွန့်မောင်၏ဘဝသစ်ကို ရွှေတော်ပြေးနေသည် ဟု ထင်ခဲ့၏။

ညွန့်မောင်မှာ သစ်တောဝန်ထောက်ကလေးဖြစ်၏။ ပျဉ်း မနားတွင် သစ်တောဝန်ထောက်အဖြစ်ဖြင့် လုပ်ကိုင်နေလေရာ ခင်ထွေး၏ဖခင် သစ်တောသူဌေး ဦးဘဆင်နှင့် တွေ့ကြလေ





သည်။ ဦးဘဆင် ဖိတ်ခေါ်ချက်အရ ခင်ထွေးတို့အိမ်သို့ အ လည်အပတ်သွားရင်း ခင်ထွေးနှင့် သိကျွမ်းကြလေသည်။ ဦး ဘဆင်မှာ သစ်ကုန်ကူးခြင်း အလုပ်အကိုင်ကို များစွာ ချဲ့လုပ် လို၏။ နိုင်ငံခြားသားများနှင့်ပင် ပူးပေါင်း၍ လုပ်လို၏။ သို့သော် ငွေအား ဉာဏ်အား လိုက်နိုင်သော်လည်း လူအားမလိုက်နိုင်။ ခင်ထွေးမှာလည်း ဖခင်ကို အကူအညီမပေးနိုင်သော တဦး တည်းသော သမီးကလေး ဖြစ်နေပြန်သည်။ ညွန့်မောင်သည် ခင်ထွေး၏ ခေတ်ဆံပုံ၊ ဖျတ်လတ်ပုံတို့ကို သဘောကျ၏။ မြေ လတ်သူအဖြစ်နှင့် မလိုက်အောင် စိုပြည်ဝင်းဝါသော အသား အရည်၊ တောင့်တင်း ညက်ညောသော ကိုယ်ကာယ၊ လှပ ကြည်လင်သောမျက်နှာတို့ကို ချစ်၏။ ထို့ကြောင့် ဦးဘဆင်၏ အိမ်သို့ ရမယ်ရှာ၍ရတိုင်း၊ အကြောင်း တိုက်ဆိုင်တိုင်း သွား၏။ သွားတိုင်း ခင်ထွေးနှင့် စကားလက်ဆုံကျ၏။ ထို့ကြောင့် ခင်ထွေး၏ စဉ်းစားဉာဏ် အတွေးအခေါ်ကလေးတို့ကို ကြည် ညိုလာ၏။ ခင်ထွေး၏ ပွင့်လင်းရိုးသားသော စိတ်နှလုံးကို နှစ် လိုလာ၏။

ဦးဘဆင်က ညွန့်မောင်အား သူ့အလုပ် ချဲ့ချင်ကြောင်း အကြိမ်ကြိမ် ပြော၏။ ညွန့်မောင်၏ အကြံဉာဏ်ကို တောင်း၏။ ညွန့်မောင်မှာ အစိုးရလခစားပင် ဖြစ်သော်လည်း ကူးသန်း ရောင်းဝယ်ရေး၌ ကျောင်းသားဘဝကပင် ဝါသနာပါ၍ လေ့လာထားရကား အလုပ် လုပ်ဖြစ်နိုင်ရုံမက၊ ကြီးပွားနိုင် သော အကြံဉာဏ်များကိုပင် ပေးနိုင်လေသည်။ မကြာမီ ဦးဘဆင်သည် ညွန့်မောင်နှင့် နာရီပေါင်းများစွာ စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးနောက်၊ "အလုပ်ကတော့ လုပ်ချင်ပါရဲ့၊ အားကိုးရမယ့် လူမရှိတော့က ခက်တယ်" ဟု ညည်းလေ့ရှိ၏။ စကားပြောရင်းလည်း ကြားညှပ်ကာ "ဦးတို့ရောင်းဝယ်ရေးအလုပ်ဟာ အစိုးရအလုပ်ထက် အကျိုးများစေနိုင်ပါတယ်။ ကိုယ်တယောက်ကြီးပွားရုံ အများကိုတောင် မ စ နိုင်သေးတယ်။ တက်လမ်းဆိုတာကလဲ သူဌေးဖြစ်နိုင်တယ်။ ခေတ်ပညာကလဲ တတ်အုံးမယ်ဆိုရင်ဖြင့်၊ သစ်တောရေးဝန်ကြီးတောင် ဖြစ်နိုင်တာပေါ့" စသည်ဖြင့် ဆွယ်စကားများ ပြောခဲ့သေး၏။

ခင်ထွေးနှင့် ညွန့်မောင် စကားအချီအချ ပြောနေစဉ် ဦးဘဆင်ဝင်လာလျှင် စကားပြော ရပ်သွား၏။ ဦးဘဆင်က ပြုံးပြုံးကြီးကြည့်ပြီး "ဘာတွေများ ပြောကြသလဲဟေ့" ဟု မေး၏။ "ဟိုတနေ့ကပြသွားတဲ့ ဓာတ်ရှင်အကြောင်း ပြောကြတာပေပေရဲ့" ဟူသော ခင်ထွေး၏ အဖြေမှမဆုံးခင် "အေး၊ ပြောနေကြအုံး" ဟုဆိုကာ အလုပ် များသယောင်ယောင်နှင့် ရှောင်သွားလေ့ရှိ၏။ ညွန့်မောင် တောတက်သွားလျှင် တောမှ ခင်ထွေးထံသို့ စာရေးသည်ကိုရင်း၊ ခင်ထွေးက ညွန့်မောင်ရှိရာ တောသို့ စာပြန်သည်ကိုရင်း ဦးဘဆင်သည် မတားမြစ်ခဲ့ချေ။

ဦးဘဆင်၏ဇနီး၊ ခင်ထွေး၏မိခင် ကွယ်လွန်လေသည်မှာ သုံးနှစ်ခန့်ရှိလေပြီ ညွန့်မောင်က "ဦးရယ် မိန်းမယူပါလား ဦးသမီးမှာလဲ အစောင့်အရှောက်ရမှာပေါ့" ဟု ပြောရာ "အစောင့်အရှောက် မဖြစ်ဘဲ ရန်သူဖြစ်နေမှာ စိုးရတယ်။ မဖြစ်ပါဘူးမောင်ရယ်။ ဦးသမီးအိမ်ထောင်ကျပြီးမှယူမယ်" ဟု ဦးဘဆင်ခေါင်းခါ၏။ ဒါဖြင့် "မကြာခင်က စေ့စပ်လာတဲ့





အိုင်စီအက် ကိုသိန်းဖေနဲ့ လက်ဆက်လိုက်ပါလား ဦးရဲ့" ဟု မရဲတရဲမျက်နှာငုံ့၍ အကြံပေးလေရာ "အိုင်စီအက်၊ ဟင်၊ အိုင်စီအက်၊ ဘာဖြစ်မလဲ။ ကျုပ်လိုချင်တာက ကျုပ်အလုပ်မှာ နားလည်မယ့်လူ။ ကျုပ်က ကြီးပြီ။ အနားယူချင်ပြီ။ ကျုပ် အလုပ်မှာနားလည်ပြီး၊ ကူညီမယ့်လူ ကိုသာ လိုချင်တာဘဲ" ဟု နှာခေါင်းရှုံ့ကာ ပြန်ကြားခဲ့၏။

ဤသို့သော ဦးဘဆင်၏စကားနှင့် အမူအရာတို့ကား မြှော်လင့်ချက်တောင်ကြီးကို ဖန်တီး ဖွဲ့စည်း ပေးအပ်သော ရုပ်ကလာပ်တို့ ဖြစ်သတည်း။

ခင်ထွေး၏ 'အကိုကြီးဆီမို့ စာရေးတာ ဖေဖေ။ ရန်ကုန်သွားတုန်းကတောင် ထွေး စာမရေးဘူး' ဟူသော စာအရေးအသားကလေးမျိုးသည် ညွန့်မောင်၏ နှလုံးသား အသည်းဆိုင်တို့သို့ အချစ်လူးသော မြားကလေးများ လွှတ်လျက်ရှိ၏။

"အကိုကြီး၊ မျိုးမရှိ ဆွေမရှိ တကောင်ကြွက်နေရတာ သနားပါတယ်" ဟူသော အထွေး၏ စကားမျိုးတွေကြောင့် ညွန့်မောင်သည် ကြည်နူးနှစ်သိမ့် စိမ့်၍ စိမ့်၍ အားငယ်နေရသည်မှာ အကြိမ်ကြိမ်ပင် ဖြစ်ပေ၏။

ပျားတို့လက်တွင် တမာ၊ နှင်းဆီ၊ ငှက်ပျော စသည်ဖြင့် အထူးထူးသော ဝတ်ရည်များသည် ချိုမြိန်ပျားရည် ဖြစ်သွားသကဲ့သို့ ဦးဘဆင်နှင့် ခင်ထွေးတို့၏ အမူအရာ အပြောအဆို အမျိုးမျိုးသည် ညွန့်မောင်၏ဟဒယဝတ္ထုရုပ်တွင် ခင်ထွေးကို



www.burmeseclassic.com

www.burmeseclassic.com



ငါရမည်ဟူသော တခုတည်းသော သညာကို ဖြစ်စေ၏။ တခုတည်းသော ဥပါဒါန်ကို စွဲစေမြဲစေ၏။

ညွန့်မောင်မှာ အသက်အရွယ်ကလည်း ငယ်သေးသည်။ အတွယ်အတာ သံယောဇဉ်ကလည်း နည်းပြီး ပင်ကိုယ်ကပင် အစိုးရအလုပ်ကို မလွဲသာ၍ လုပ်နေရလေရာ ဦးဘဆင်နှင့် တွေ့ခြင်းသည် တသက် တခါ ကြုံသည့် ရတနာပုံဆိုက်ခြင်းဟု ယူဆလိုက်ရပေ၏။ သူသည် တမိနစ်အတွင်း သစ်သူဌေးကြီး ဖြစ်သွားနိုင်သေပြီ။ လိုက်နာရမည့်စည်းကမ်းမှာ ထိုတမိနစ်အတွင်း လက်ရှိ သစ်တောဝန်ထောက်ရာထူးမှ နုတ်ထွက်ရန် ဆုံးဖြတ်ဖို့ ဖြစ်လေသည်။ ယခု တမိနစ်တွင် သစ်တော ဝန်ထောက်ရာထူးမှ နုတ်ထွက်ရန် ဆုံးဖြတ်လိုက်၏။ နောက် ငါးမိနစ်တွင် နုတ်ထွက်လွှာ တင်လိုက်၏။ နောက်ဆယ်မိနစ်တွင် ဦးဘဆင်ထံ အလုပ်ဝင်လေ၏။ ညွန့်မောင်သည် ရန်ကုန်မြို့တွင် ဦးဘဆင်၏ ကိုယ်စားလှယ်အဖြစ်ဖြင့် သွားနေရမည် ဖြစ်လေသည်။

ကောင်းပြီ။ ခင်ထွေးကိုရဘိုကိစ္စ ဤမျှဖြင့်သေချာပြီလော။ ရာထူးမှ မထွက်ခင်ကပင် ပြီးပြီးပြတ်ပြတ် ပြောလိုက်က မသင့်မြတ်ပါလော။ ညွန့်မောင်သဘောအရ ပြီးပြီးပြတ်ပြတ် ပြောဘို့မလိုပေ။ အကြောင်းမူကား ယောက္ခမလောင်းတို့သည် သားမက်လောင်းတို့အကြောင်း ကောင်းကောင်း သိထိုက်သည်။ ဦးဘဆင်သည် ဝန်ထောက် ညွန့်မောင်ကိုသာ သိရသေးသော်လည်း မန်နေဂျာ ညွန့်မောင်ကို မသိရသေးပေ။ ညွန့်မောင်ကလည်း မိတ်ဆွေကြီး ဦးဘဆင်ကိုသာ သိရသေး





သော်လည်း အလုပ်ရှင် သူဌေး ဦးဘဆင်ကို မသိရသေးပေ။ တယောက်အကြောင်းတယောက် သာမန်ပေါင်းသင်းကြည့်ရှုဖြင့် မသိနိုင်။ အလုပ်တခုခုကို အတူ လက်တွဲလုပ်ကြည့်မှ သိနိုင်သည်မှာ လူ့လောက၏ အမှန်တရားတခု ဖြစ်လေသည်။ 'အထွေးကလေးဆိုတာကတော့ အထူးမေးနေဘို့ မလိုပါဘူး။ ဒို့နှစ်ယောက်ဟာစ နှဖူးစာဆုံပြီမို့ ထင်ပါရဲ့။ တယောက်နှင့် တယောက် မြင်ရင် မပျော်ဘဲ မရှင်ဘဲ မနေနိုင်ဘူး။ သံလိုက် ခတ်မျှားငြိနေသလို တယောက်အနား တယောက်မသွားဘဲ မတိုးဘဲ မနေနိုင်ဘူး။ တခါတခါ လူပရိသတ်ပိုးလ်ပုံမှာဆိုရင် သူ မမြင်မြင်အောင် ငါက ကိုယ်ရှောင်ပြတဲ့အခါပြု၊ ငါက သူ့ မမြင်ပြန်ရင်လဲ သူက အသံပြုလိုပြုရှာဘယ်' စသည်ဖြင့် ထွေး ကာ သေချာနေပြန်လေ၏။

ကောင်းပြီ။ ခြေချော် လက်ချော်လဲ့ကြချေက အသို့လုပ်မည်နည်း။ ကိုညွန့်မောင်၊ ကိုညွန့်မောင်မှာ လက်ရှိရာထူးကို စွန့်လွှတ်လိုက်ရပြီးနောက်မှ ခင်ထွေးကို မပိုင်ပါလျှင် ဖွတ်မရ ဓားမ ဆုံး ဆိုသကဲ့သို့ မရှိပါလော။ ညွန့်မောင်ကား ထိုအဖြစ်မျိုးကို မကြောက်ပေ။ အောက်ကိုင်းမှ အပေါ်ကိုင်းကူးသူသည် လက်လွှတ်၍ကျမည်စိုးသဖြင့် အောက်ကိုင်းကို လက်မလွှတ်ဘဲ အထက်လှမ်းဆွဲ၍ မမီနိုင်ချေ။ အရဲစွန့်၍ အောက်ကိုင်းမှ လက်လွှတ်ကာ အထက်ကိုင်းသို့ကူးမှ ဖြစ်နိုင်လေသည်။ ထို့အတူ ရှိပြီး အလုပ်ကိုစွန့်ပြီး ရှုပ်ရှုပ်ချွံချွံ အခြားအလုပ် တခုကို ကြံစည်ရှာဖွေမှ ယောကျ်ားပီသပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ညွန့်မောင်သည် ရန်ကုန်တွင် ဦးဘဆင်၏ ကိုယ်စားလှယ်အဖြစ်ဖြင့် ဆောင်ရွက်လေရာ လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့လေသည်။ နိုင်ငံခြားများနှင့် တိုက်ရိုက်မဆက်သွယ်နိုင်သော ဦးဘဆင်မှာ ညွန့်မောင်ကြောင့် နိုင်ငံခြားတို့နှင့် တိုက်ရိုက်ဆက်သွယ်မိလေသည်။ ညွန့်မောင် အပေါင်းအသင်း ကောင်းသောကြောင့် သစ်တောလိုင်စင်များ အများအပြားကို အဖိုးချိုသာစွာနှင့် ဦးဘဆင် ရလေသည်။

ရန်ကုန်သို့ရောက်သောအခါ အတွေ့အကြုံများသော သူငယ်ချင်းများက ညွန့်မောင်အား "ကိုညွန့်မောင်၊ လူကြီးဘက်ကတော့ သေချာတယ်ဘဲ ထားတော့၊ လူကြီးဆိုတာ စိတ်ပြောင်းခဲပါတယ်။ ကောင်မလေးကို သေချာအောင် မေးထားအုံး။ ခင်ဗျားပြောသလောက်နဲ့တော့ မလွမ်းလောက်သေးဘူး။ မိန်းကလေးတွေဆိုတာ ရိပ်တိတ်တိတ် ချိပ်တိတ်တိတ်လုပ်တာကတော့ ရှိနေပြီ။ ခင်ဗျားကို ရိပ်တိတ်တိတ်လုပ်တာ ဖြစ်နေအုံးမယ်။ တကယ်အတည်ကျတော့ တီ ဆားထိသလို တွန့်သွားတတ်တယ် ကိုယ့်လူ" ဟု ဖျောင်းဖျသောကြောင့် ညွန့်မောင်သည် ခင်ထွေးထံသို့ အတိအလင်း ချစ်စာ ကြိုက်စာကို ရေးရလေသည်။ မကြာမီ ခင်ထွေးက 'ဖေဖေသဘောတူရင် ပြီးတာပါဘဲ။ အထွေးသဘောနဲ့တော့ မလုပ်ပါရစေနဲ့' ဟု စာပြန်လိုက်လေသည်။

'လိမ်မာတယ်။ ကောင်မကလေး ယဲ့ပေမယ့် လိမ်မာတယ်။ လူကြီးလူကောင်း သားသမီး ပီသတယ်'ဟု ညွန့်မောင်သည် ချီးကျူးပြီး တယ်လီဖုံးကို ကောက်ကိုင်လိုက်လေ၏။ အော်ပ





ရေတာအား ပျဉ်းမနားကို တယ်လီဖုံး ဆက်ပေးရန်ပြောပြီး ချထားလိုက်၏။ တယ်လီဖုံးအနီးမှ မခွာနိုင်။ ကလင် ကလင် အသံကို စောင့်နေ၏။ စာပွဲပေါ်ရှိ အလုပ်ကိုလည်း မလုပ်နိုင်။ အထွေး၏ ၊ တခါတုန်းက ပြောင်ကလိကာ ကြည့်နေသော မျက်လုံးကြီးများကိုသာ မြင်ယောင်နေလေ၏။ စောင့်ရသည် ကြာသောကြောင့် အော်ပရေတာအား "ပျဉ်းမနား မဆက်ရသေးဘူးလား" ဟု မေးရာ "ငါးမိနစ်နဲ့ မရနိုင်ဘူး လူကြီးမင်းရှင့်" ဟု ပြောသံကို ခံယူရလေမှ သူ့အဖြစ်ကို သူ ရိပ်မိလေ၏။ အစေခံက လာရောက်၍ "ဆရာ၊ လဖက်ရည် ပြင်ပြီးပြီ ဆရာ" ဟု ပြောလေရာ လှည့်မျှမကြည့်ဘဲ "အေး" ဟု ဖြေ၍ ထိုင်မြဲ ထိုင်နေလေ၏။ ဇနီး မီးနေခန်း၌ အော်ဟစ်နေရာ အပြင်မှ ကလေးငိုသံ ကြားရတော့မည်ကို စောင့်နားထောင်နေသော ဖခင်နှင့်တူစွာ ညွန့်မောင်သည် တယ်လီဖုံးကို စောင့်နေမိ၏။

'ကလင်၊ ကလင်' ပျဉ်းမနားသို့ တယ်လီဖုံးဆက်မိလေပြီ။

ညွန့်မောင်သည် တယ်လီဖုံးကို နားနှင့်ပါးအောင်ဆုပ်လျက် မျက်နှာနှင့် ကြပ်နေအောင် ကပ်ထား၏။ "ဟဲလို" ဟူသော အသံကို သဲ့သဲ့ကြားရသောအခါ

"အထွေးတယောက် ရှိသလား" ဟု မေး၏။

"အခု စကားပြောနေတယ် လေ"

"အကိုကြီး ပြောနေတယ်"

"အမယ်လေး သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ညွန့်မောင်သည် 'အမယ်လေး သိပါတယ်' ဟူသော စကားကလေးတွေကို ချစ်နေ၏။ ၎င်းစကားတို့၏အဓိပ္ပာယ်ကို အနှုလုံ ပဋ္ဌိလုံ ဆင်ခြင်နေ၏။ ထိုစကားတို့ကို ဆောင်ကျဉ်းလာသော အသံနှင့် ဟန်တွင် နစ်မြုပ်ဖြစ်နေ၏။ ထို့ကြောင့် ဘာဆက်ပြောရမည်ပင် မသိဘဲ တွေနေမိလေ၏။

"ကဲလေ ပြောပါလား။ ဖေဖေနဲ့ စကားပြောချင်လို့လား"

"ဟာ ဟာ ညီမလေး၊ မလုပ်နဲ့ မဟုတ်ဖူး။ ညီမလေးနဲ့ ပြောမှာ။ ဟဲ ဟဲ"

"ဘာပြောမှာလဲ။ ပြောလေ"

"ဟို ဟိုဒင်း။ အကိုကြီးကို ညီမလေးက ကတိတခု ပေးထားတယ်နော်။ အဖိုးကြီးသဘောတခုဘဲနော်၊ ဟုတ်လား။ တော်တော်ကြာကျတော့ အထွေးက ကေတိကာတိ မလုပ်နဲ့နော်၊ ဟုတ်လား။ အဖိုးကြီး သဘောကျဘိုတော့ အကိုကြီးတာဝန်ထား။ အလုပ်ကိုကြိုးစားပြီး ရိုးရိုးသားသားနဲ့ လုပ်သွားရုံ ပြီးမှာဘဲ အထွေး"

"ဘာလဲ အကိုကြီး။ နားထောင်နေပါတယ်"

"အဖိုးကြီးသဘောတခုဘဲနော် ဟုတ်လား"

"ဟုတ်တယ်။ အထွေး စကားတည်ပါတယ်"

"ဟဲ ဟဲ၊ ခု ထွေး ဘာလုပ်နေသလဲ"

"မုန့်စားနေတယ်"

"ဟာ၊ စားချင်လိုက်တာ။ ကျွေးပါလား"

"စားလေ။ ရော့၊ ဟဲ ဟဲ"





နှစ်ယောက်သား ရယ်သံကို အပြန်အလှန် ကြားနေကြလေ၏။ တယ်လီဖုံးကြိုးထဲတွင် ရယ်သံနှစ်ခု တိုက်မိ ခိုက်မိကြမည်မှာ မလွဲတည်း။ ရယ်သံရပ်ပြီး ဘာမျှ မပြောကြ။ တယ်လီဖုံးကိုကိုင်ပြီး ပြောစရာ ရှာနေကြ၏။

"ဘာပြောအုံးမလဲ အကိုကြီး"

"ဘာမှမပြောတော့ဘူး။ ချဲရီယို"

ထို့ကြောင့် ညွန့်မောင်သည် စိတ်ချလက်ချ အလုပ် လုပ်လျက်ရှိလေ၏။ ညွန့်မောင်အဖို့ အလုပ်သည်ပင် အသက်၊ အသက်သည်ပင် အလုပ်ဖြစ်လာတော့၏။ ထို့ထက် ဘာလုပ်လုပ် ငါတို့အလုပ် ဟူသော အစွဲသည် ပေါ်လာလေ၏။ သူတွေးရာ၊ သူပြောရာ၊ သူလုပ်ရာ ဟူသမျှသည် ညွန့်မောင်အတွေး၊ ညွန့်မောင်အပြော၊ ညွန့်မောင်အလုပ် မဟုတ်တော့ဘဲ ငါတို့ (ဦးဘဆင်၊ ညွန့်မောင်၊ ခင်ထွေး)အတွေး၊ ငါတို့ အပြော၊ ငါတို့အလုပ် ဖြစ်လာတော့၏။

တနှစ်ကြာလေပြီ။ အချိန်ကား ပြောင်းရွှေ့သွားလေပြီ။ ဦးဘဆင်သည် ပြောင်းလဲသော လက္ခဏာ မရှိ။ ခင်ထွေးတွင် ပြောင်းလဲသော လက္ခဏာ မရှိ။ ညွန့်မောင်မှာလည်း အလုပ်လုပ်ရာမှာ ဖြစ်စေ၊ ခင်ထွေးကိုရဘို့ရာ မျှော်လင့်ချက်မှာ ဖြစ်စေ ပြောင်းလဲခြင်း မရှိပေ။

ထို့ကြောင့် ညွန့်မောင်သည် ဦးလေးသောင်းအား ပျင်းမနေဘဲ ဦးဘဆင်ထံသို့ စေ့စပ်ပြောဆိုရန် စေလွှတ်ခဲ့သည်မှာ ယနေ့ပါဆိုလျှင် ၈ ရက် စေ့လေပြီ။ ဤ ၈ ရက်မြောက်သော



www.burmeseclassic.com

www.burmeseclassic.com



နေ့ကား မျှော်လင့်ချက်တောင်ကြီး အက်ကွဲ ပြိုလဲသော နေ့ဖြစ်သတည်း။

ဦးလေးသောင်းသွားစ မထမနေ့က ညွန့်မောင်၏ အကြောရှိသမျှ၊ ညွန့်မောင်၏ အာရုံ အကြည်ဓာတ်ရှိသမျှ၊ ညွန့်မောင်၏ အသဲနှလုံး၊ ညွန့်မောင်၏ ဦးနှောက်အားလုံးတို့တွင် မြော်လင့်ချက်တို့သည် ဗောင်ဗင်ခပ် လျှံစေနေလေ၏။

'ပြီးပြီ၊ ငါ့ကိစ္စတော့ ပြီးပါပြီ။ အော်ဒါထက် ငါကလဲ ရန်ကုန်မှာ အလုပ်လုပ်နေတယ်။ အထွေးက ငါနဲ့ ရန်ကုန်လိုက်နေရမယ်။ သူ့ဖေဖေက ခွဲနိုင်ပါ့မလား။ အဖေတခု သမီးတခု ဆိုတော့ ဒါကဘာခက်ပဲ။အဖိုးကြီး ဆိပ်ပျော်းသိပ်လွမ်းကျန်ခဲ့ရှာမှာဘဲ။ ဒီလိုဆိုတော့ မကောင်းသေးဘူး။ အထွေး ငါ့ဆီမှာ ဆဲ့ငါးရက်နေ၊ ဖေဖေ့ ဆီမှာ ဆဲ့ငါး ရက်နေ။ အဲဒီလိုဆိုရင်ကောင်းတယ်။ ငါ့ဆီမှာ အမြဲနေလဲ ငါ့မှာ အလုပ်ပျက်ချင်ပျက်အုံးမှာ။ သူ မယားဖြစ်လာရင် ငါကလဲ သိပ်ချစ်မှာ။ သူ့ကို ဟိုလိုက်ပို့ရ၊ ဒီလိုက်ပို့ရ။ မအားရ၊ မနားရဖြစ်မှာ။ ငါ့မှာ အပြင်ထွက် အလုပ်လုပ်စရာတွေကလဲများ။ မိန်းမရှိနေတော့ ခဏခဏထွက်လို့ မကောင်းတော့ဘူး။ ဒီတော့ သူမရှိတဲ့ ဆဲ့ငါးရက်မယ် အလုပ်တွေ နှင်းလုပ်၊ သူရှိတဲ့ ဆဲ့ငါးရက်မယ် သူနဲ့ ရုပ်ရှင်အတူသွားကြည့်၊ မိတ်ဆွေတွေအိမ် ရှောက်လည်၊ ပျော်ပျော်နေကြမယ်။ ကောင်းတယ်။ ဒီအကြံလက်ခံတယ်'

ဟု ညွန့်မောင်သည် ဘူတာရုံမှ ဦးလေးသောင်းကို ပို့အပြန် စဉ်းစားလာခဲ့လေ၏။





ထိုနေ့ညအဖို့ ဘယ်သို့နေမည်၊ ဘယ်သို့ချစ်မည် စသည်ဖြင့် စဉ်းစားတွေးတောရင်းဖြင့် ပျော်မွေ့နေသောကြောင့် ဓာတ်တော်နှင့် အိပ်မပျော်။ 'ငါ အထွေးကို ကိုရွှေသားရဲ့ မိန်းမနဲ့ မိတ်ဖွဲ့ပေးထားမယ်။ ကိုရွှေသားမိန်းမဟာ သိပ်တော်တယ်။ အိမ်ထောင်ရေး စီမံခန့်ခွဲရာမှာ အင်မတန် လိမ်မာတယ်။ အဲဒီလို မိန်းမတွေနဲ့ ပေါင်းသင်းနေရမှ အထွေး ခလေးစိတ် ပျောက်ပြီး မယားလိမ်မာကြီး ဖြစ်မှာ။ လူနဲ့သူနဲ့ ပေါင်းသင်း ဆက်ဆံရေးအတွက် ဆရာမ ခင်ခင်ကြီးလက်ထဲ အပ်ထားလိုက်ရင် ပြီးတာပါဘဲလေ'ဟု အထွေးဓာလေးကို ရည်မှန်းကာ နေရာချထားမိပေ၏။

ဒုတိယနေ့တွင်ကား 'ဦးလေးသောင်းကြီး ဒီအချိန်ဆိုရင် ဟိုကိုရောက်ပြီ။ ဒီအချိန်တော့ အလ္လာပ သလ္လာပတွေ ပြောနေကြတာနဲ့ ငါ့ကိစ္စ ပြောရအုံးမှာ မဟုတ်ဖူး။ အထွေးလေးက ဦးလေးသောင်းကို ကပ်ပြီး ငါ့အကြောင်း မေးနေမှာဘဲ။ အို အထွေး၊ အမြဲပြုံးချိုတဲ့ အထွေး။ အထွေးနဲ့ အကိုကြီး ခုတော့ အတိအလင်း ချစ်ကြရတော့မယ်။ လွတ်လွတ်လပ်လပ် ချစ်ကြရတော့မယ်။ အို အထွေး၊ အမြဲရိုးသားတဲ့ အထွေး။ အထွေးကလဲ ဘွင်းဘွင်းနဲ့ ရှင်းရှင်း။ အကိုကြီးကလဲ ဘွင်းဘွင်းနဲ့ရှင်းရှင်း။ အချင်းချင်း ဆက်ဆံကြရတဲ့အခါမှာ မာယာတွေ အပလီတွေ မပါဘဲနဲ့ ပေါင်းသင်းကြရတော့မယ်။ ညှသြင့်ကိုဟာ ရင်ထဲ အသဲထဲက အသံကို ပွင့်ပွင့် လင်းလင်း ထုတ်ပြီး ကမ္ဘာလောကကြီးအတွက် သီချင်း ကျူးရင့်တယ်။ ရင်ထဲ အသဲထဲက တိုက်ရိုက်လာတဲ့ ညှသြသံဟာ ဘယ်တော့မှမရိုးဘဲ



www.burmeseclassic.com

www.burmeseclassic.com



သာယာနာပျော်ဘွယ်ရှိသလို အထွေး ရင်တွင်း အသဲတွင်းက တိုက်ရိုက်လာတဲ့စကားဟာ အကိုကြီးကို အမြဲတမ်း သာယာစေလိမ့်မယ်။ အကိုကြီးရဲ့ ရင်တွင်း အသဲတွင်းက တိုက်ရိုက်လာတဲ့ စကားကလဲ အထွေးလေးကို သာယာစေလိမ့်မယ်' စသည်ဖြင့် ထမင်းစားရင်းလည်း တွေး၊ အိမ်သာတက်ရင်းလည်း တွေး၊ စာဖတ်ရင်းလည်း တွေး။

'ဟော၊ နေ့လယ်ရောက်လာပြီ။ အဖိုးကြီးလဲ အားပြီ။ ခုနေ အဖိုးကြီးရဲ့ ဧည့်ခန်းထဲမှာ ဦးလေးသောင်းရယ်၊ အဖိုးကြီးရယ် စကား စပြောကြတော့မယ်။ ဟင်၊ ဦးလေးသောင်းကြီး ပြောမှ ပြောရဲ့ပါ့မလား။ ကဲလေ၊ ပြီးမှာပါဘဲ။ ဘာမှ အနှောင့်အရှက်ရှိမှာ မဟုတ်ပါဘူး။ ဒီလို ဦးလေးသောင်းတို့ တတွတ်တွတ်နေကြတော့ အထွေးက ချောင်းနားထောင်ရင် သူ့ခမျာ ရှက်တက်တက် နေမှာဘဲ' စသည်ဖြင့် ညွန့်မောင်၏ ဦးနှောက်သည် ပျာလောင်ခပ်နေလေ၏။

နေ့လယ်တွင် ပြောဆိုပြီးပါက ဦးလေးသောင်းက ညွန့်မောင်ထံသို့ တယ်လီဖုံးဖြင့် စကား ပြန်ပြောရမည်ဖြစ်၏။ ဟန်ကျလျှင် ပြီးပြီ၊ မဟန်လျှင် မပြီးသေးဘူးဟူသော စကား အတိုချုံ့ကိုသာ ပြန်ရမည်ဖြစ်သည်။ ထို့ကြောင့် ညွန့်မောင်သည် ထိုနေ့အဖို့ တယ်လီဖုံးအသံ လေတင်လေညာ ကြားလောက်ရာအရပ်မှ ဝေး၍ တရပ်တပါးသို့ မသွားပေ။ တယ်လီဖုံး အသံလာတိုင်း တုန်လှုပ်သောလက်ဖြင့် ကောက်၍ နားထောင်၏။ တခြားကဖြစ်လျှင် "ကိုညွန့်မောင်မရှိဘူး" ဟု ပြောင်းလိမ်၍ ပြောလိုက်၏။ အမှန် မသိနိုင်ပါ။ အခြားမှ တယ်လီဖုံး





စကားပြောသည်ကို နားထောင်ပါလျှင် အလုပ်ရှုပ်မည်ဆိုက ရှုပ်နိုင်သည်။ အလုပ်ရှုပ်သဖြင့် ဤတယ်လီဖုံးအနီးမှ ခွဲခွာသွားလိုက သွားရမည်။ အလုပ်ကိစ္စနှင့် ဧည့်သည်တွေလ[illegible]က ညွန့်မောင်အဖို့ နားမရှင်းစရာပင် ဖြစ်လောက်ပေ၏။ သို့ကြောင့်ပင် ပြောင်လိမ် လိမ်ပါစေ။

ထိုနေ့အဖို့ ပျဉ်းမနားမှ တယ်လီဖုံး မလာ။ အဖိုးကြီး တောသွားနေသဖြင့် ကိစ္စကို မပြောရသေး၍လော၊ အခွင့်မသာသေး၍ အဖိုးကြီးရှိပါလျက် မပြောရသေးခြင်းလော၊ သို့မဟုတ် ဦးလေးသောင်းကား တယ်လီဖုံးဖြင့် စကား မပြောတော့ဘဲ ယနေ့ည မီးရထားဖြင့် လိုက်ပါလာလျက် နက်ဖြန် နံနက်မှ ညွန့်မောင်အား မင်္ဂလာသတင်းကို ဖွင့်အံ့လော။

မည်သို့ပင်ဖြစ်စေ၊ အထွေးနှင့် ညားမည်ကား သေချာသည်။ အထွေးသည် အခါများစွာက အပျိုဘဝသည် မလွတ်လပ်၊ သွားချင်ရာ မသွားရ၊ လုပ်ချင်ရာ မလုပ်ရ၊ ဣန္ဒြေသံပတ္တိတွေ ငဲ့ညှာနေရသည် စသည်ဖြင့် ညည်းညူဘူး၏။ ညွန့်မောင်သည် အထွေးကိုရက လွတ်လပ်ရေးကိုပေးရန် ကြံရွယ်ထားသည်။ 'အကိုကြီးဟာ ဒီ့ပြင်ယောကျ်ားတွေလို အူတိုတဲ့လူ မဟုတ်ဖူး။ မိန်းမကိုချုပ်ချယ်တာဟာ ကုလားအယူအဆတွေ။ အကိုကြီးဟာ မိန်းမနဲ့ယောကျ်ား တန်းတူအခွင့်အရေး ရထိုက်တယ်လို့ ယုံကြည်တဲ့လူ။ ဒီတော့ အကိုကြီးနဲ့ဆိုရင် အထွေး စိတ်ချမ်းသာမှာ အမှန်ဘဲ။ ဒီ ပြင် ယောကျ်ားနဲ့သာရရင် အပျိုဘဝကထက်တောင် ပိုပြီး မလွတ်



www.burmeseclassic.com

www.burmeseclassic.com



လပ်ဘဲနေမှာ' စသည်ဖြင့် ပျော်ရွှင်စွာ တွေးနေရသည်နှင့် ဒုတိယ နေ့တွင်လည်း ညဉ့်နက်မှ အိပ်ပျော်လေသည်။

တတိယနေ့တွင် ဦးလေးသောင်း ပြန်လာမည်ကို မျှော်၏။ မီးရထားဆိုက်သောအချိန်တွင် မော်တော်ကား အိမ်ရှေ့မှ ဖြတ်သွားတိုင်း ထွက်ကြည့်မိ၏။ လှမ်းကြည့်မိ၏။ မဟုတ်တိုင်း ငေးကျန်ရစ်ခဲ့လေ၏။ ရထားအချိန်ကျော်လွန်မှ မလာသေးသည်ကို ယုံကြည်ပြန်၏။

'မနေ့က ဧည့်သည်တွေများနေလို့ မပြောရသေးဘဲ ရှိမှာပေါ့။ ဒီနေ့တော့ ပြောဖြစ်မှာပါဘဲ။ အတွေးနဲ့ရတော့ ငါ့မှာလဲ အလုပ်တွေ အများကြီး သက်သာမယ်။ အခုတော့ ပေါင်းသင်းဆက်ဆံရေးဘက်ကဆိုရင် အလှူ သွားရ၊ မင်္ဂလာဆောင် လိုက်ရ၊ လူနာ သွားမေးရနဲ့ အချိန် သိပ်ကုန်တာဘဲ။ ဒီကိစ္စတွေဟာ မိန်းမကို ကိုယ်စားလွှတ်နိုင်ရင် ပြီးတာဘဲ။ အတွေးကို လွှတ်မယ်။ ဒီအချိန်တွေကို အလုပ်မှာဘဲ အသုံးချလိုက်မယ်။ အတွေးကလဲ ဖျတ်ဖျတ်လတ်လတ်၊ ရဲရဲတင်းတင်းဆိုတော့ အဲဒီ ပေါင်းရေး သင်းရေးကိစ္စတွေမှာ သိပ်ကောင်းမှာ။ ဒါမှ ငါ့အချစ် အတွေးဟာ ပါရမီဘက်ဆိုတာမျိုး ဖြစ်နိုင်မှာပေါ့။ အတွေး၊ အို အတွေး၊ ပါရမီဘက် အတွေးကလေး'

ညွန့်မောင်သည် မလျှော့သော လုံ့လ၊ မလျှော့သော သမာဓိ၊ မလျှော့သော အာရုံတို့ဖြင့် ပျဉ်းမနားမှ တယ်လီဖုံးသံကို နားခံလျက် ရှိပေ၏။ ရထားဆိုက်ချိန်များတွင်လည်း ဦးလေးသောင်း လာမလားဟု စောင့်စားမိ၏။





စာဖတ်သူတို့သည် ထိုအဖွင့်တွင် မြှော်လင့်နားစွင့်ကြဦး မည်မှာ မလွဲပါ။ အဆွေစာဖတ်သူ။ ထိုပေါက်စဉ်ကို မြှော်မိသော အဆွေ့ဇောစိတ်တို့ကို ဆင်ခြင်သုံးသပ်စမ်းပါလော့။ ညွန့်မောင်၏ ယခုဇောစိတ်နှင့် အဆွေ့ဇောစိတ်တို့ကို ယှဉ်ကြည့်ပါလော့။

အဆွေ့မှာ တသိန်းတွင် တယောက် ထိပေါက်ရန်ပင် ထိုမျှ မြှော်လင့် စိတ်စောနေပါလျှင် တဦးတည်း ဖြစ်လျှင် ဖြစ် ပျက်လျှင် ပျက် စောင့်စားရရှာသော ညွန့်မောင်မှာ အသို့ ရှိမည်နည်း။

ရထားဆိုက်ချိန် ကျတိုင်း ဦးလေးသောင်း မပေါ်လာသောအခါ ညွန့်မောင်သည် စိတ်ရှုတ်လာလေ၏။ 'အဖိုးကြီး ဖျားနာခနေ၍ မပြောရဘဲ ဖြစ်နေသလား။ အို ဖျားနာ နေလျှင် သာလို့ပြောကောင်းတယ်။ ဖျားတယ် နာတယ် ဆိုရင် သဘော ပြေးတွေ့ကြတာဘဲ။ သားရေး သမီးရေး ပြေးမြင်ကြတာဘဲ။ သမီးကလေး နေရာ ချတို့ စီစဉ်ခဲ့ချင်မှာဘဲ။ ဖျားရင် နာရင် သာပြီး ပြောကောင်းတယ်' ညွန့်မောင်သည် မိမိ လိုရာဘက်သို့သာ ဆွဲ၍ စဉ်းစားနေပြန်တော့၏။

'ဖျားရင် နာရင်လဲ ဦးလေးသောင်းက အကြောင်းကြားတို့ ကောင်းတယ်။ မပြောတတ်ဖူးလေ၊ ဦးလေးသောင်း ဆိုတဲ့ လူကလဲ သူ့မယားငယ်တွေဆီက လွဲလို့ ဘယ်သူ့ဆီမှ စာရေး ချင်တဲ့လူ မဟုတ်ဖူး' ညွန့်မောင်သည် သူ့ဦးလေးသောင်းကို အပြစ်တင်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အခါတိုင်း ညွန့်မောင်ကား လမ်းလျှောက် မှန်၏။ ယခုကား လမ်းမလျှောက်နိုင်တော့ပေ။ အကြောင်းမူကား သူ၏ ရှေ့ကြမ္မာကို ဖန်တီးမည့် တယ်လီဖုန်း အနီးမှ မခွာလိုသောကြောင့်ဖြစ်ပေ၏။ လမ်းလျှောက်ချိန် လမ်းမလျှောက်မိသည်ကို တွေးမိသောအခါ 'ဟာ ဘာကိစ္စရှိသလဲ။ နောက်တော့ အထွေးနဲ့ တွဲလျှောက်မယ်။ မနက်အစောကြီးထပြီး အထွေးနဲ့ လမ်းလျှောက်မယ်။ အထွေးလဲ ကျန်းမာရေးနဲ့ ညီညွတ်မယ်။ ပြောစရာရှိတဲ့စကားတွေကိုလဲ လမ်းလျှောက်ရင်းမှ ပြောကောင်းတယ်။ ပြီးတော့ လမ်းလျှောက်လို့ အမြဲတမ်း ကျန်းမာနေရင် အထွေးဟာ အမြဲတမ်း လှနေမှာဘဲ။ ဒါထက် တချို့ မိန်းမတွေဟာ လင်ရရင် နေချင်သလို နေပစ်လိုက်တယ်။ မပြုမပြင် ထင်သလို နေတယ်။ ဒါဟာ ယောကျ်ား အိမ်မပျော်အောင် လုပ်တာတခုဘဲ။ မိန်းမဟာ လင်ရပြီးရင် လင်ကို မေ့မပစ်ရဘူး။ လင်ချစ်အောင် အမြဲလုပ်နေရမယ်။ ယောကျ်ား ကလဲ မယားကို ပိုင်ပြီးသားမို့ မေ့မပစ်ရဘူး။ ကိုယ့်မယားကိုကိုယ် အမြဲ နောက်ပိုး ပိုးနေရမယ်။ ငါတို့တော့ အထွေးကလေးကို အဲဒီ လင်မယား ဥပဒေကို သင်ပေးမယ်။ လမ်းလျှောက်ရင်း သင်ပေးမယ်' ဟု စဉ်းစားလိုက်သည် မီးခိုးမဆုံး မိုးမဆုံး ဖြစ်လာလေ၏။

ညွန့်မောင်သည် ဦးလေးသောင်းကိုသာ ထောင်းချင်၏။ 'အလကား ဦးလေးသောင်းကြီး။ စကားသာ ဖောင်နေအောင် ပြောနေချင်တာ။ စာရေးဘိုမျှားဖြင့် လက်ကျိုးနေသလိုဘဲ' ဟု





မြည်တွန် တောက်တီးမိလေ၏။ စောင့်ရင်း စောင့်ရင်း တခါ တခါ စိတ်ပျက် လာသေး၏။

'တောက်၊ ဘာလို့ ဒီလောက် ကြာမ ါလိမ့်မလဲ။ ဘာများ ဖြစ်နေပါလိမ့်မလဲ။ ဒီလောက် မရေမရာနေရမယ့်အစား မပေးစားဘူး ဆိုတဲ့ စကားမျိုး ကြားပါရစေတော့' ဟု တမိတော့၏။ ထိုသို့ တ မိလျှင် ညွန့်မောင်သည် တုန်လှုပ်ချောက်ချားသွား၏။ မပေးစားဘူး ဟုတ်လား။ မပေးစားဘူး မဖြစ်နိုင်ပါ။ ဦးဘဆင်သည် ညွန့်မောင်အား များစွာ ချစ်၏။ အရေးပေး၏။ ယုံယုံကြည်ကြည်နှင့် တာဝန်လွှဲ၏။ ညွန့်မောင် မကြည်ဖြူ မကျေနပ်အောင် ဘယ်သော အခါကမျှ မလုပ်ခဲ့။ ဦးဘဆင်သည် ညွန့်မောင်အား ချစ်ရုံမျှမက ညွန့်မောင်၏ အရည်အချင်းများကို လေးစား၏။ 'အထွေးနဲ့ ပေးစားရင် သူနဲ့ငါဟာ တကယ့်သားအဖ ဖြစ်သွားမယ်။ ငါဆိုတာကလဲ တကောင်ကြွက်။ ချစ်စရာ အမေမရှိ၊ အဖေမရှိ။ သူ့ကိုဘဲ အဖေအဖြစ်နဲ့ ချစ်ရမှာ။ နမူနာယူရမယ့် ယောက္ခမနဲ့ သားမက် ဖြစ်နေမှာဘဲ' ဟု ညွန့်မောင်သည် အားလျော့ချည် အားတက်ချည်နှင့် ဖြစ်ရရှာ၏။

'ငါ့ကို တနှစ်လုံးလုံး အကဲခပ် ဆုံးဖြတ်ပြီးပြီဘဲ။ ပြီးတော့ ငါ့မှာ သဘောမကျတာ တွေ့ဟန်မတူပါဘူး။ တွေ့ရင် ပါးစပ်က ဖွင့်ပြောမှာပေါ့။ ငါက မကြိုက်တာရှိ ပြောပါလို့ အကြိမ်ကြိမ် ပြောဘူးသားဘဲ။ ဦး၊ ဦးတွေးအိုမလိုပါဘူး။ ဦးကို အမြဲ အကျိုးဆောင်မယ့် သားမက်မျိုးပါ။ ဦးအလုပ်တွေကို ဘာမှ လှည့်ကြည့်ဘို မလိုအောင် လုပ်မယ်။ ဦးက အများ

www.burmeseclassic.com



အကျိုးဆောင်အလုပ်တွေ လိုက်လုပ်နေရှာတဲ့။ ထင်ပေါ်ကျော်ကြားအောင်၊ အများပွဲလယ် ဂုဏ်တက်အောင် နေရှာတဲ့။ ဘယ်မှာ ဘာလူကြီး၊ ဘယ်ကုမ္ပဏီမှာ ဘာကြီးဆိုတဲ့ အလုပ်တွေ လုပ်နေရှာပါတဲ့"ဟု ဦးဘဆင်၏ ခေါင်းတိုကိုမော့ ကြည့်ပြီး ပြောမိရှာသေး၏။ သို့ဖြင့် ဦးလေးသောင်း ပျော်မနား သွားနေသည်မှာ ယနေ့ ရှစ်ရက် တိုင်ခဲ့လေပြီ။

## ၂

ထိုနေ့ တမနက်လုံး မိုးနှင်းများ ပိတ်ဖုံးနေခဲ့ပေ၏။ ညွန့်မောင်တို့အိမ်ရှေ့တွင် ပြေးလျက်ရှိသော လမ်းမကြီးကို ရေးရေးသာ မြင်ရပေ၏။ မနီးမဝေးရှိ သစ်ပင်များ၊ အဆောက်အဦများမှာ ကောင်းကင်နှင့် ရောလျက်ရှိသော မှိုင်းညို့ညို့ တောင်ကမူများနှင့် တူနေတော့၏။ အိမ်ရှေ့လမ်းတွင် ဖြတ်သန်းသွားလာကြသော လှည်းများ၊ မော်တော်ကားများ၊ လူများကို မည်သည့်အရာ၊ မည်သူမည်ဝါဟု တပ်အပ် ပြောနိုင်ရန် ခဲယဉ်းလှပေ၏။

ညွန့်မောင်အတွက် ခက်နေသည်မှာ ညတွင် စောစော မအိပ်နိုင်သော်လည်း နံနက်တွင် စောစောကြီး နိုးလေသည်။ အိမ်ရှေ့တွင် ပက်လက် ကုလားထိုင်တလုံးနှင့် ထိုင်နေလေ၏။ သူ့ရှေ့ရေးမှာ မိုးနှင်းများဖြင့် အုံ့ဆိုင်း နေလေသဖြင့် ဦးဘဆင်၏ စကားတည်းဟူသော နေရောင်ခြည်ကိုသာ မျှော်လင့်နေ၏။





ရှစ်နာရီ ထိုးလေသော် မိုးနှင်းများသည် ကျဲစပြုလေ၏။ အရှေ့လောကဓာတ်မှ ထိုးထွက်လာသော ဖျော့တော့သော နေရောင်ခြည်သည် မိုးနှင်းများနှင့် ရက်ကန်းရက်တမ်းကစားလိုက်ပေ၏။

မကြာမီ တက္ကစီ တစီးသည် အိမ်ရှေ့တွင် ရပ်လာ၏။ ဦးလေးသောင်း ဖြစ်မှာဘဲဟု ညွန့်မောင်သည် ထကြည့်၏။ အစစ်ပါဘဲ၊ ဦးလေးသောင်း ပြန်လာလေပြီ။ ဦးလေးသောင်းကားပေါ်ကဆင်းပြီး ခပ်ဖြည်းဖြည်း အိမ်ပေါ်သို့ တက်လာလေပြီ။ ညွန့်မောင်၏ ကိုယ်တွင်း၌ လျှပ်စီး လှုပ်လျက် နေလေပြီ။ ညွန့်မောင်၏ရင်သည် တုန်၍ လာလေ၏။ ဦးလေးသောင်းကိုမြင်လျှင် ညွန့်မောင်သည် ဘာမျှမပြောနိုင်။ ဦးလေးသောင်းလက်ထဲမှ ယူစရာ ရှိတာကိုသာ ဆွဲယူလိုက်သော်လည်း ဦးလေးသောင်းမှ နှုတ်မဆက်နိုင်။ ထူးဆန်းသည်မှာ ဦးလေးသောင်းကလည်း ဘာမျှစကား မပြောခြင်း ဖြစ်၏။ ညွန့်မောင်သည် ဝမ်းမသွားချင် ဆီးမလွှတ်ချင်ဘဲ အိမ်သာသွားတက်၏။ ကြားရတော့မည်။ ဘာသတင်းကို ကြားရမည်နည်း။ ညွန့်မောင်ကား ကြားရမည့် သတင်းကိုမတွေးဝံ့ပေ။ ကြားလည်း မကြားချင်သေးပေ။ အာ မဂ်လာ သတင်းကို ကြားရလျှင် မခက်ပါလော။ ခုနစ်ရက်ကျော် ရှစ်ရက်တိုင်တိုင် ဦးလေးသောင်း ပြန်လာမည့် အရေး မျှော်မိ၏။ ကဲ၊ ဦးလေးသောင်း ရောက်ပါပြီ။ ညွန့်မောင်ကား ဘာလုပ်ရမည်ကိုမသိ။ ညွန့်မောင်သည် မထွက်ချင်ထွက်ချင်ဖြင့် အိမ်ရှေ့သို့ လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



၏။ ပက်လက် ကုလားထိုင်တွင် ခွေခွေကြီး ထိုင်နေသော ဦးလေးသောင်းက

"ဂျလိုပ်မှာ အခု ဘာကားပြနေသလဲဟေ့"ဟု မဆီမဆိုင် စကားမရှိ စကားရှာပြောလေ၏။ ညွန့်မောင်က "မပြော တတ်ဖူး"ဟု ဖြေလိုက်၏။ သတို့ကား ထိုစကား သူတို့နှင့် လုံးဝ မဆိုင်သည်ကို သိကြ၏။ အတန်ကြာ ဆိတ်ငြိမ် နေကြပြီး နောက်မှ စကားများ ထွက်လာကြ၏။

"ဦးလေးသောင်း မနေ့က ပြန်လာမလားလို့မျှော်နေတယ်" မနေ့ကသာ မျှော်ပါသလော အဆွေစာဖတ်သူ။မနေ့က မျှော်သည်ဆိုသော စကား မှန်ပါသလော။

"အေး၊ ပြန်တော့ ပြန်မလို့ဘဲ။ အဖိုးကြီးက နေပါအုံး ဆိုလို့" အဖိုးကြီးက တားထားသည် ဆိုမြန်ပြီ။ ညွန့်မောင်တို့ ရှေ့ရေးများကို အတိအကျ အကွက်ချပြီး စီမံပေးနေကြသော ကြောင့်လော။

"ဦးလေးသောင်း သိပ်ကြာတာဘဲဗျာ"

"ကြာဆို ကဲ ငါတို့၊ စိတ်အေးအေးလူလူ ထားပြီး နားထောင်။ စဉ်းစားနားထောင်။ အဖိုးကြီးဟာ ခုနစ်ရက် လုံး လုံး စဉ်းစားပြီးမှ ဒီစကားကို ပြောလိုက်တာဘဲ။ သူ့ခမျာ အများကြီး စဉ်းစားရှာတယ်"

"ကဲဗျာ အဖြေက ဘယ်လိုတုန်း"

"အဖိုးကြီး ကောင်းကောင်း မအိပ်၊ ကောင်းကောင်း မ စား၊ အမြဲစဉ်းစားနေတာဘဲ။ ငါ့ကို ကောင်းကောင်း ကျွေး မွေးပြုစုထားပြီး အာမှ စကားတော့ ကောင်းကောင်း မပြော





ဘူး။သူ့ဟာသူ တွေနေတာဘဲ။အိမ်ပေါ်တက်လိုက်၊ အောက် ဆင်းလိုက်နဲ့။ ခင်ဆွေနဲ့ကလဲ့လို့ ဘယ်သူနဲ့မှလဲ စကားမပြော ဘူး။ အလှူ့ဆိုတာလဲ မဆင်းဘူး။ အာမှမလုပ်ဖူး"

"ကဲ ဦးလေးသောင်း၊ ဘာလဲ။ အဖြေက ဘယ်လိုတဲ့လဲ ဗျ"

"အဖြေကလား၊ တိုတိုဘဲ။ ယောက်ျားဘဲ ညွန့်မောင်ရာ ဘာစိတ်ပူစရာရှိသလဲ။ ပူချင်းပူ မိန်းမကသာ ပူရမှာပေါ့"

"ဦးလေးသောင်း၊ ကျွန်တော် ယောက်ျားစိတ် ရှိတဲ့လူ ပါ။ မပူတတ်ပါဘူး။ ဘယ်လိုများ ပြောလို့လဲ"

"တိုတိုဘဲကွ။ အကြောင်းမညီညွတ်နိုင်ဘူးတဲ့။ သူ့ သမီး ကလဲ မချစ်နိုင်ဘူးတဲ့"

"ဘာ၊ ဘာဗျ။ သမီးကလဲ မချစ်နိုင်ဘူးတဲ့၊ ဟုတ်လား။ မဖြစ်နိုင်ဘူး။ အတွေး ကျွန်တော့်ကို ချစ်တယ်" ညွန့်မောင် သည် ထိုင်ရာမှ ထ၏။ ပြတင်းပေါက်တွင် လက်ထောက်၏။ "အထွေး ကျွန်တော့်ကို ချစ်တယ်" ဦးလေးသောင်းသည် သတင်းစာကို ဖတ်နေလေ၏။ညွန့်မောင်ကား ဦးလေးသောင်း ပြောသည်ကို မယုံနိုင်ဖြစ်၏။ဦးလေးသောင်းကစားတာဖြစ်ချင် ဖြစ်မယ်ဟု တွေးရှာ၏။ထို့ကြောင့် ဦးလေးသောင်းက ငါက ကစားတာပါကွာဟူသော စကားကိုဆိုမည်လားဟု အတော် ကြာ စောင့်နေမိသေး၏။

"တကယ်ဘဲလား ဦးလေးသောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးလဲ စိတ်ညစ်ဟန် တူပါတယ်။ ခေါင်းမြီး ခြုံပြီး အိပ်ရာထဲ လဲနေတာဘဲ။ မျက်နှာကလေးလဲ အိုလို့ဘဲ။ ဒါပေမယ့် တကယ်ကို မချစ်နိုင်ဘူးတဲ့"

"ဘာလို့တဲ့တုန်း"

"ဒါတော့ ဘယ်သိမလဲကွာ"

"သူ့အဖေ မပေးစားချင်တဲ့ အကြောင်းကကော"

"ဒါလဲ မသိဘူးကွ"

"မသိဘူး၊ မသိဘူး၊ ခင်ဗျား ရှစ်ရက်တောင် ဟိုမှာနေပြီး ဘာမှ မသိခဲ့ဘူး။ ခင်ဗျား ဒါဖြင့် ဘာသိသလဲ"

ဦးလေးသောင်းကား ဘာမျှ မဖြေ။ ညွန့်မောင်အတွက် များစွာ ဝမ်းနည်းမိလေ၏။ ညွန့်မောင်ကား ဦးလေးသောင်း ပြန်လာရေးအတွက် ရှစ်ရက်တိုင်တိုင် မျှော်ခဲ့ရ၏။ ကဲ ယခု ဦးလေးသောင်းလာပါပြီ။ ဘာလုပ်မည်နည်း။ ဦးလေးသောင်း ပြန်မလာသေးက ကောင်းသေး၏ဟုတင်စား လိုက်လေသည်။ ညွန့်မောင်သည် ပြတင်းပေါက်မှ ခွာခဲ့၍ ကုလားထိုင် တခုတွင် သွားထိုင်ပြန်လေ၏။ ထိုင်ပြီးသက်ပြင်းကြီးချလိုက်၏။ ရှေ့သို့ တွေတွေကြီး ငေးကြည့် နေလိုက်၏။ ဦးလေး သောင်းကား ညွန့်မောင်ကို တစေ့တစောင်း အကဲခပ်ရင်း သတင်းစာပေါ်သို့သာ မျက်နှာပြုထား၏။ ညွန့်မောင်၏ မျက်တွင်းများသည် ရှစ်ရက် အအိပ်ပျက်ခြင်းကြောင့် များစွာ ချိုင့်လျှက်နေ၏။ ခြောက်သွေ့လျှက် ရှိသော ဆံပင်တို့သည် ပြောင်းဖူးမွေးများကဲ့သို့ တထောင်ထောင် ဖြစ်နေလေ၏။ များစွာကြည်လင်တောက်ပလေ့ရှိသော မျက်လုံးများသည်





ကြည်လင်တောက်ပခြင်း မဖြစ်နိုင်တော့ပြီ။ များစွာ ချိုသာ ပြုံးရွှင်တတ်သော ပါးစပ်သည် ပြုံးရွှင်ခြင်း မဖြစ် တော့ပြီ။

ညွန့်မောင်၏ မျက်မှောက်တွင်ပင် တောင်ကြီး အက်ကွဲ ပြိုလဲသွားလေသည်။ တောင်ကြီး အက်ကွဲပြိုလဲနေစဉ် ကျောက်မှုန့် သဲမှုန့် တို့သည် တထောင်းထောင်း ထ၏။ ထို့ကြောင့် ကောင်းကင်တခုလုံးရှုတ်ထွေးအုံ့မှိုင်းနေလေ၏။ ညွန့်မောင်၏ ဉာဏ်အမြင် ဉာဏ်စက္ခုသည်လည်း ရှုတ်ထွေး အုံ့မှိုင်းနေ လေ၏။

ညွန့်မောင်သည် အခန်းထဲသို့ ဝင်သွား၏။ အိပ်ရာပေါ်တွင် ပစ်လှဲလိုက်၏။ သူသည် မည်မျှ နှံ့နှံ့ချည့်နည့်သည်ကို ယခုမှ ရိပ်မိ၏။ ယခင်က မြှော်လင့်ဇောကြောင့် ကိုယ်ကာယ၏ နုံ့နဲ့မှုကို သတိမထားမိရှာ။

ခရီးရှိုးရှိုးကို တပြင် တလျှောက်တည်း သွားရသူနှင့် တက်လိုက် ဆင်းလိုက် သွားရသူ မည်သူက ပိုမောမည်နည်း။ တက်လိုက် ဆင်းလိုက်လုပ်ရသူမှာ တက်စဉ်အခါ အားကုန်စိုက်ရ၏။ ဆင်းသောအခါ အရှိန်လွန်ကျ မသွားစေရန် အားစိုက်၍ ကိုယ့်ကိုယ် ကို ထိန်းထား၏။ အတက်အဆင်း အားကုန်စိုက်ရသည် ချည်းဖြစ်၏။ ဖတ်ဖတ်မော၏။ ညွန့်မောင်၏ စိတ်သည် ရှစ်ရက် လုံးလုံး ခင်ထွေး ရမည်၊ မရမည် ပြဿနာတွင် တက်လိုက် ဆင်းလိုက် လုပ်နေခဲ့၏။ ယခုနေ့ကား သူ့စိတ် ဖတ်ဖတ်မောပြီ။

ညွန့်မောင်သည် အိပ်လိုက်၏။ အိပ်ပျော်သွား၏။ သို့သော် နှစ်နှစ်ခြိုက်ခြိုက်ကား အိပ်ပျော်သည်မဟုတ်။ အိပ်မပျော် ပရမ်း

www.burmeseclassic.com

www.burmeseclassic.com



ပတာတို့သည် နှောင့်ရှက်လျက်ရှိ၏။ ခင်ထွေး သေသွားပြီဟု အိပ်မက်တွင်မြင်သဖြင့် အိပ်ရင်း စိတ်မောနေသေး၏။ မကြာမီ ခင်ထွေး သေရာကထပြီး နှစ်ယောက်သား မြင်းရထားစီးသွားကြ၏။ ဦးလေးသောင်းက ရထားမောင်း၏။ ထူးဆန်းသော မြင်းရထားသည် ရေပေါ်တွင် လျှောက်၍ မောင်းသွား၏။ သူတို့သည် အဘယ့်ကြောင့်မသိ၊ ညွန့်မောင်၏ ဆရာဖုန်းတော်ကြီး ကျောင်းပေါ်သို့ ရောက်သွား၏။ ကျောင်းပေါ်တွင် ခင်ထွေး ငို၏။ နောက် ရယ်၏။ နောက် ငိုပြန်၏။ သို့ဖြင့် အစီအစဉ်မရှိသော အိပ်မက်သည် ရောက်ချင်ရာ ရောက်ရင်းဖြင့် ညွန့်မောင်သည် ရှစ်ရက်ခရီးကြမ်း၏ အမောဖက်ကို ခံရှာလေသည်။

၂

ညွန့်မောင်သည် ညနေစောင်း ၃ နာရီလောက်တွင် နိုးလေ၏။ တကိုယ်လုံး ချွေးစေးများဖြင့် ရွဲစိုနေလေ၏။ ရှေးရှေးက အိပ်ရာမှ နိုးလျှင် လွန်စွာ လန်းဆတ်၍ အားအင် ရှိ၏။ ယခုမှာ နွမ်းနယ် နုံးချိဖြစ်လျက် အိပ်ရာမှ နိုးရ၏။ ခေါင်းမှာလည်း ထိုင်းနေသဖြင့် ဘာလုပ်ရမည်မသိ ဖြစ်နေ၏။ သူ၏ ထိုင်းမှိုင်းသော ဦးနှောက်တံခါးကို ပျင်းရိလေးကန်စွာ ဖွင့်ပေးလိုက်သည်၌ အဆောတလျင် ဝင်လာသောသူကား အထွေးကလေး ဖြစ်သတည်း။





'အထွေး၊ အကိုကြီးကို မချစ်ဖူးဆို၊ ဟုတ်ပါ့မလား အထွေးရယ်။ အကိုကြီးကို အထွေးချစ်တယ်နော်။ ဂါဒင်ပါတီတခုတုန်းက အဖြစ်ကလေးကို အကိုကြီး ခုထက်ထိ သတိရသေးတယ်။ တခြားလူတွေက သူတို့ အခေါင်းအသင်းတွေနဲ့ သူတို့စားပွဲ အသီးသီးမှာ စားသောက်နေကြတုန်း အကိုကြီးက စားပွဲတချပ်မှာ တယောက်ထဲ ထိုင်နေတယ်။ အထွေးကတိုက် ပေါ်တီကို အပေါ်မှာ ရှိတယ်။အထွေးကို အကိုကြီး မမြင်ဘူး။ ဒီတော့ အထွေးက ကလေးတွေကို ခေါ်လားပြောလားနဲ့ အသံပြုလိုက်တယ်။ ဒီတော့မှ အထွေး ဖေါ်တီကိုပေါ်မှာ ရှိတာသိလို့ အကိုကြီး မော့ကြည့်လိုက်တယ်။ ဒီတော့ ညီမလေးက ညာဘက်လက်မနှင့်လက်ညှိုးကို သုညသဏ္ဍာန် လုပ်ပြီး ဗယ်ဘက်လက်ညှိုးနှင့် ထက်ခြမ်း ခွဲပြတယ်။ အကိုကြီးတော့ ဒီတုန်းက ညီမလေးပြတာ ဘာလို့မသိဘူး။ ညီမလေး မျက်နှာကို ကြည့်ပြီး ကြည်နူး နေရတာနဲ့ အဓိပ္ပာယ်တွေ ဘာတွေ မတွေးမိဘူး ဟုတ်လား။ နောက်မှ ညီမလေးက တယောက်ထဲ အဖော်ကွဲလို့ သနားပါတယ်လို့ ပြောတယ်ဆို။ အဲဒီလို ရှင်ပြူးပြူးကလေးနဲ့ ချစ်လိုးကလေးတွေ ပေးလေလေ အကိုကြီး ချစ်လေဘဲ။ တခါတုန်းကလဲ အထွေးက အိမ်ဝင်းတန်းခြံထဲမှာ ရှောက်သွားနေတယ်။ အကိုကြီးက အိမ်ဝင်းထဲ ဝင်လာတယ်။ ဒီတော့ အထွေးက ဆီးတဲ့ပြီး အိမ်မှာဘယ်သူမှ မရှိကြဘူးလို့ ပြောတယ်။ ဒီတော့ အကိုကြီးက ဘယ်သူမှမရှိတော့ မလာရဘူးလားလို့ မေးတယ်။ ဒီတော့ အထွေးက နှုတ်ခမ်းစူပြီး အမြင်ကပ်စရာကြီး၊ ဘယ်သူက မလာရဘူးဆိုလို့လဲ၊



www.burmeseclassic.com

www.burmeseclassic.com



လာ သွားကြမယ် ဆိုပြီး အိမ့်ထဲသွားကြတယ်။ ဒီတုန်းက အမူအရာတွေ၊ ဒီတုန်းက ပြောတာ ဆိုတာ ညွှန်ခံတာ တွေကို ချစ်တဲ့ အမူအရာလို့ အကိုကြီး အကဲခပ်ခဲ့ပြီ။ ညီမ လေး ချစ်တယ်နော်။ ဦးလေးသောင်းကြီး ပြောတဲ့ စကား အကိုကြီး မယုံဘူး"

ညွန့်မောင်သည် အိပ်ရာမှထ၏။ ဦးလေးသောင်းစကားကို မယုံမှုကြောင့် အားတင်း သွားပြန်၏။ မယုံဘူး ဟူသော စကားကို ရေရွတ်ကာ အပြင်သို့ထွက်လာ၏။ ဦးလေးသောင်း ကား ပက်လက် ကုလားထိုင်တွင် အိပ်ပျော်နေ၏။ နံနက်က ဦးလေးသောင်း ပြောပုံ ဆိုပုံမှာ တည်တန့်လှသဖြင့်၊ မယုံရန် ခက်ဘိသေး၏။ ယုံမည် မယုံဘူးဟု ညွန့်မောင်သည် ဝမ်းတွင်း ၌ အတိုက်အခံပြောပြီးသော် သေချာအောင် တယ်လီဖုံးအနီး သို့ ကပ်မိလေ၏။ ပျဉ်းမနားသို့ တယ်လီဖုံး ဆက်ပြန်လေ၏။ ဦးလေးသောင်းကား ကုလားထိုင်ပေါ်တွင် တွန့်လိုက် လွန့် လိုက် လုပ်လိုက်၏။ ညွန့်မောင်ကား ဦးလေးသောင်း နိုးလာ ခြင်းကို အလိုရှိ၏။ ခင်ထွေးက သူ့ချစ်သေးသည်ကို သိစေလို ၏။ သို့သော် ဦးလေးသောင်းကား အိပ်မြဲ အိပ်နေပြန်၏။

မကြာမီ တယ်လီဖုံး ပျဉ်းမနားသို့ ဆက်ပြီးသား ဖြစ်သွား လေ၏။

ဦးဘဆင် နံပတ်ကို တောင်းယူ၏။

"ဟလို" ဟု သဲ့သဲ့ကလေး အသံသည် ပျဉ်းမနားမှ လာလေ၏။ ညွန့်မောင် တယ်လီဖုံးပြောရင်း ဂယောင် ချောက် ချား ဖြစ်သည်မှာ တသက်လုံး နှစ်ကြိမ်သာ ဖြစ်ဖူး၏။ ပထမ





ဆုံး တယ်လီဖုံးတွင် စကားပြောသောအကြိမ်နှင့် ယခု ခင်ထွေး ဆို ပြောသော အကြိမ်ဖြစ်၏။

"မခင်ထွေးတယောက်ရှိသလား"

"ပြောနေတယ်လေ အကိုကြီး"

ညွန့်မောင်သည် သူ့အသံ ပျက်သလောက် ခင်ထွေးအသံ မှလည်း ပေါက်နေသည်ကို သတိထားမိ၏။ သူ စကားမပြော နိုင်သေး။

"အကိုကြီး ဘာပြောမလဲ။ ဖေဖေနဲ့ ပြောမလို့လား"

"ဟင့်အင်း မဟုတ်ဖူး၊ အထွေးနဲ့ပြောချင်တယ်။ ဦးဘယ် မှာလဲ။ အနားမှာရှိသလား"

"မရှိဘူး။ အကိုကြီး ဘာပြောမလဲ"

ညွန့်မောင်သည် ခင်ထွေးအဖြေကို ကြောက်နေဘိ အ လား သူ့အမေးကို မမေးဝံ့သေးဘဲနေဘိ၏။ နောက်မှ ကဲ လေ ပြီးပြီးပြတ်ပြတ်ပေါ့ဟု အားယူကာ မေးရလေ၏။

"ညီမလေးက အကိုကြီးကို မချစ်နိုင်ဘူးလို့ ပြောတယ်ဆို"

"ဟုတ်တယ်"

"ဟုတ်တယ်၊ ဟုတ်တယ်" ညွန့်မောင်၏ ပါးစပ်သည် တယ်လီဖုံး စကားခံခွက်မှ ဘေးချော်ထွက်သွား၏။

"ဟုတ်တယ်၊ ဟုတ်တယ်။ အထွေး ဒီလို ပြောတယ်။ ကောင်း ပါပေ့ အထွေးရယ်" ပျဉ်းမနားဘက်မှ အထွေးသည် သူ့ ညည်းညူသံကို သဲ့သဲ့ကြားရ၏။

"ဟား ဟား။ အကိုကြီး ငိုအုံးမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အထွေး၊ ရိစရာ မဟုတ်ဖူး အထွေးရဲ့။ အထွေး အကို
ကြီးကို မချစ်ဖူးလား"

"မချစ်ဖူး"

"ဘာလို့ မချစ်တာလဲ"

"မချစ်နိုင်လို့ မချစ်တာပေါ့ ဟီဟီ"

"အထွေး အတည်ပြောစမ်းပါ"

"အတည်ပြောတာ၊ အထွေးမှာ ချစ်တဲ့လူ ရှိနေပြီ"

"ဘယ်သူလဲ ပြောပါအုံး၊ ဘယ်လိုလူလဲ။ အကိုကြီးတို့ထက်
ဘယ်လို သာသလဲ။ အကိုကြီးယက် သာတာရရင် သဘော
တူပါတယ်။ ကျေနပ်ပါတယ်။ အကိုကြီးကတော့ ညီမလေးကို
တသက်လုံး ချစ်နေမှာဘဲ။ ဘယ်သူတုန်း ညီမလေးရဲ့"

"ဟား ဟား။ အလကားပြောတာ။ ချစ်တဲ့လူ မရှိဘူး။
ဒါပေမယ့် အကိုကြီးကိုလဲ မချစ်နိုင်ဘူး"

"ဘာလို့ မချစ်နိုင်တာလဲ အထွေးရဲ့၊ ပြောပါအုံး"

"ဘာလို့ မချစ်မှန်း မသိဘူး။ ချစ်လို့ကို မရဘူး"

"အကိုကြီးအကြောင်း ဘာများ မဟုတ်တာတွေ ကြား
နေလို့ အထွေးမချစ်တာလဲ ဟင်။ ပြောပါအုံး အထွေးရယ်"

"ဘယ်သူပြောတာမှ အထွေးက ယုံတာမဟုတ်ဖူး။ အ
ထွေး ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချိန်စဉ်းစားပြီးမှ ပြောတဲ့စကား
အထွေး မချစ်နိုင်ဘူး။ အထွေးမချစ်ဖူးဆိုလို့လဲ အကိုကြီး
ဝမ်းမနည်းပါဘူး။ အထွေး သိပါတယ်။

"နို့ ဟိုတုန်းက ဖေဖေ့သဘောတခုပါဘဲလို့ ဘာလို့
ပြောသလဲ"





"ဖေဖေ့သဘောမတူဘူးထင်လို့ အမင်းရေမှုလာ လျှာလို့
ပြောတာဘဲ"

ညွန့်မောင်မှာ ဘာပြန်ပြောရမည်မသိ၍ ကြောင်နေစဉ်
တွင် ခင်ထွေးလည်း တယ်လီဖုံးကို ပိတ်လိုက်လေ၏။ တယ်လီ
ဖုံး ဖြတ်လိုက်သံကြားရလျှင် ညွန့်မောင်သည် မူးသွားသည်
ထင်မိ၏။ နောက် အတန်ကြာမှ တယ်လီဖုံးကို ချထားလိုက်
၏။ ဦးလေးသောင်းဆီသို့ လှည့်ကြည့်လိုက်၏။ တော်ပါသေး
၏။ ဦးလေးသောင်း အိပ်လျက်ပင်။ တယ်လီဖုံးတွင် ဘာပြော
ကြသည်ကို ဦးလေးသောင်း မကြား။ ဦးဘဆင်တို့နှင့် တွေ့က
တည်းက အပျက်ကို ဘယ်တုန်းကမျှ မတွေး၊ အဖြစ်ကိုသာ
တဖက်သတ် တွေးခဲ့သော ညွန့်မောင်သည် အပျက်၏
အကြောင်းရင်း၊ အပျက်၏ အဖြစ်သနစ်၊ အပျက်၏ အကျိုး
တို့ကို ဉာဏ်မင့်မိနိုင်ချေ။ သူ တည်ဆောက်ခဲ့သော မြှော်လင့်
ချက်တောင်ကြီးသည် အက်ကွဲပြိုလဲသွားရုံမျှမက သဲဖြစ်၍
ရေတွင် မျောပါသွားခဲ့ပြီ။ ညွန့်မောင်ရှေ့တွင် ဟာလာဟင်း
ဖြစ်သော လွင်တီးခေါင်သာ ရှိတော့သည်။

၄

ညွန့်မောင်သည် စိတ်ပြေလက်ပျောက် ရုပ်ရှင်ဝင်ကြည့်၏။ အ
ရုပ်တွေကိုသာ မြင်ရ၍ အသံတွေကိုသာ ကြားရ၏။ ဘာလုပ်
နေကြသည်၊ ဘာပြော ဘာဆို နေကြသည်ကို နားလည်အောင်
စိတ်စူးစိုက်၍ မရနိုင်ချေ။ မျက်စိထဲ၌ ခင်ထွေး၏ မျက်နှာသာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်နေလျက် နားထဲတွင် 'ဖေဖေသဘောမတူဘူးထင်လို့ ထမင်းရေဗူးလာ လျှာလွှဲပြောတာ' ဟူသောစကားကိုသာ ကြားနေ၏။ ရုပ်ရှင်ထဲမှ စကားပြောသံတွင်၎င်း၊ သီချင်းသံ အတီးအမှုတ်သံ၌၎င်း ခင်ထွေး၏ နောက်ဆုံးစကားသည် နစ်မသွားချေ။ ညွန့်မောင်သည် ရုပ်ရှင်ကြည့်ရင်း စိတ်ညစ်လာပြန်၏။ ရုပ်ရှင်ကြည့်ရသည်မှာ မျက်စိနောက်သည်၊ နားရှုပ်သည်ဟု ထင်မိ၏။ ကြာရှည်စွာ အောင့်အည်းမနေနိုင်တော့ဘဲ ရုပ်ရှင် တဝက်မကျိုးမီ ရုံအပြင် ထွက်ခဲ့လေ၏။ ရုံရှေ့ရောက်သောအခါ အိမ်သို့လည်း မပြန်ချင်။ စိတ်ပျော်အောင် ဘာလုပ်ရမည်နည်းဟု စဉ်းစားနေစဉ် "ဟေ့၊ ညွန့်မောင်" ဟု အော်ခေါ်လိုက်သောအသံကို ကြားရလေ၏၊ အသံရှင်ကိုကြည့်လိုက်သောအခါ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ မာဖလာ ခေါင်းစည်းထား၍ ဖရေဇာကုတ်နှင့် လူတယောက်ကို တွေ့ရလေ၏။ ထိုသူ၏ မျက်မှန်ကား မီးရောင်ဖြင့် တဝင်းဝင်းနေ၏။ သူကား ညွန့်မောင်၏ ကျောင်းနေဘက်သူငယ်ချင်း စံဖေဖြစ်လေသည်။ စံဖေက ပြုံးပြီး "ဟေ့၊ သူဌေးသမက်။ ဘယ်သွားမလို့လဲကွ" ဟု မေး၏။

"ငါပျင်းတာနဲ့ ရုပ်ရှင်ကြည့်တာဘဲ။ ပိုပျင်းလာတာနဲ့ ထွက်လာတာဘဲ။ ဘယ်သွားရမယ် မသိပါဘူးကွာ"

"ဒါဖြင့် ငါနဲ့ လိုက်ခဲ့။ မင်း ပျော်ရစေ့မယ်"

"သွားမယ်လေ ဒါဖြင့်"

"ခဏစောင့်အုံး"

သူတို့နှစ်ယောက်သည် ရုံရှေ့ ခပ်မှောင်မှောင်တွင် စောင့်နေကြ၏။ မကြာမီ ရုံတွင်းမှ ၂၂ နှစ်ခန့်ရှိသော မိန်းမပျိုတဦး





ထွက်လာ၏။ မိန်းမပျိုမှာ မီးရောင်ထွင် ဝင်းလဲ့လဲ့ အသားရှိ၏။ မျက်နှာ လှပ၏။ ကိုယ်လုံး စိုပြည်၍၊ ခပ်ပြတ်ပြတ် အရပ်ရှိ၏။ ပုသည်ဟုကား မဆိုနိုင်။ သူသည် ကတ္တီပါကွက် အင်္ကျီကလေးကို လက်မှပိုက်ထား၏။ ပိတ်ပါးအင်္ကျီတို လက်ကြပ်နှင့် ဖြစ်၏။ စံဖေက ထိုမိန်းမပျိုရှေ့တွင် ကိုယ်ရောင် သွားပြ၏။ ထိုမိန်းမပျိုသည် တောင်မြောက်လေးပါး ကြည့်ခြင်း မရှိဘဲ စံဖေ့နောက်သို့ လိုက်သွားလေ၏။ စံဖေသည် ညွန့်မောင်ကို လက်ဆွဲခေါ်ပြီး ကားတစီးပေါ်သို့ တက်လေ၏။ ညွန့်မောင်၊ စံဖေတို့၏ကြားတွင် ထိုမိန်းမပျိုက တက်ထိုင်လိုက်၏။ ကားသည် တပြိုင်နက် ထွက်လေ၏။

အတန်ကြာ သွားမိလျှင် စံဖေက မိန်းမပျို၏ မေးကိုကိုင်လျက်

"အလှ၊ ဟောဒါက သူဌေးသမက်လောင်း ကိုညွန့်မောင်တဲ့ကွ" ဟု မိတ်ဆက်လေလျှင် လှလှက ပြောင်ချော်ချော် မျက်နှာထားဖြင့် ခေါင်းငဲ့ကာ

"ဟုတ်တယ်လားကိုကို" ဟု မေးလေ၏။

ညွန့်မောင်ကား မြွေပူရာကင်းမှောင့်ဆိုသကဲ့သို့ တကိုယ်လုံး ဒေါသငွေ့ဖြင့် ပူထူသွားလေ၏။ သူငယ်ချင်းကိုကား ဘာမျှ မပြောတော့ဘဲ

"ဟေ့ ဒရိုင်ဘာ၊ ကားရပ်စမ်း" ဟု အမိန့်ပေးလိုက်လေ၏။ ကားသည် ဘရိတ်အုပ်လိုက်ရာ ကျွိကနဲ မြည်သွားလေ၏။

"ဟေ့ ညွန့်မောင်၊ ဘာလုပ်မလို့လဲ။ မင်းမျက်နှာကြည့်ရတာ မသက်သာလိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



လှလှသည် ညွန့်မောင်ကို ငေးကြည့်နေလေ၏။

"ဟာကွာ၊ မင်းသိပ်လျှောင်တဲ့ကောင်။ ငါ မင်းနဲ့မလိုက်ချင်တော့ဘူး"

"အဆန်းလိုက်လို့ ငါလျှောင်တာ ပြောင်တာ။ မင်း ခါတိုင်း ခံနိုင်ရက်သားနဲ့၊ ခု ဘာဖြစ်လာသလဲ။ ဒရိုင်ဘာ ဆက်သာမောင်း"

"သူငယ်ချင်း၊ ငါ စိတ်မကောင်းလာဘူး၊ စိတ်ညစ်တယ်။ ငါ့ကို မလျှောင်နဲ့နော်၊ ငါစိတ်ညစ်နေတယ်"

"ဘာလို့လဲကွ"

"နောက်မှ ပြောမယ်ကွာ"

"ကဲ၊ ဒီနေ့ညတော့ စိတ်မညစ်နဲ့ ငါ့လူ။ ကဲ၊ အလှ။ အလှ ကိုကိုစိတ်ညစ်နေတယ်။ သီချင်းကလေးတပုဒ် လုပ်ပါအုံး"

လှလှသည် သီချင်းဆိုရန် မရဲသကဲ့သို့ ရှိ၏။ ညွန့်မောင်သည် တကယ်စိတ်ညစ်နေပုံရ၏။ ထို့ကြောင့် ညွန့်မောင်ကို သနားသွား၏။ စံဖေ၏ နားနားသို့ကပ်လျက် တစုံတရာကို ပြော၏။

"ကိစ္စမရှိပါဘူး။ သူစိတ်ညစ်တာ ဒို့က ရှော်ပစ်ဖို့ဟာ သူငယ်ချင်းကောင်းတို့ တာဝန်ဘဲ အလှရဲ့"

လှလှသည် သီချင်းဆို၏။

ညွန့်မောင်ကား များစွာ စိတ်မဝင်စားပေ။ မော်တော်ကားသည် အင်းလျားကန်စောင်းသို့ ရောက်ခဲ့ပြီ။ ဘေးပတ်လည် လှပသောမြစ်ကွင်း၊ ကြည်လင်ချမ်းမြေ့သော လရောင်၊





ကားအပြေးမြန်သလောက် အဏလိ သန့်သော လေဟုန်တို့ကြောင့် ညွန့်မောင်သည် အနည်းငယ် သက်သာရာရလေ၏။

အကင်းပါးသော အလှမှာ ညွန့်မောင် တကယ်ပင် စိတ်ညစ်နေရှာသည်ကို သိသဖြင့် သနားမိ၏။ အထူးငဲ့ညှာစွာ ဂရုစိုက်၏။

ဟော်တယ်သို့ ရောက်သောအခါ၊ ရှေ့ဝရံတာတွင် ဆိုးယောက်သားထိုင်ပြီး အစားအသောက် မှာကြလေ၏။ လှလှသည် ညွန့်မောင်ကို နောက်ခြင်း၊ ပြောင်ခြင်း မပြုဘဲ၊ တည်တည်ကြည်ကြည် ပြောဆို၏။ ယုယုယယ ပြုစု၏။ ညွန့်မောင်သည် မည်မျှပင် ခင်ထွေးကိစ္စ၌ စိတ်ဝင်နေသော်လည်း လှလှ၏ တည်ကြည်မှု၊ ယုယမှု၊ အခြား မိန်းမ ရှင်တို့နှင့် မတူမှုကို ဂရုပြုမိလေသည်။ ညွန့်မောင်သည် ပတ်ဝန်းကျင်ရှိ လရောင်ပက်ဖျန်းလျက်ရှိသော သစ်ပင်များဆီသို့သာ ငေးနေလေရာ လှလှက

"ကိုကို ဘာတွေများ ငေးငေးပြီး တွေးနေတာလဲ ကိုကိုရဲ့"

ဟု မေး၏။ ညွန့်မောင်သည် ဘာမျှမဖြေ။ သက်ပြင်းကြီးချပြီး ငိုင်၍သာနေလေ၏။

"ကိုကို။ ကျမတို့အလုပ်ဟာ သူများကို ဖျော်ဖြေရတဲ့အလုပ်ပါ။ စိတ်ဒုက္ခရောက်နေတဲ့ လူတွေကို ကြည်လင် ပျော်ရွှင်လာအောင် ဖျော်ဖြေပေးရတဲ့ အလုပ်ပါ။ အလုပ်ကိုက ဒီလိုဆိုတော့ လွယ်လွယ်နဲ့ ဖျော်ဖြေပေးနိုင်မယ် ထင်တာဘဲ"

"မလှလှရယ်၊ ကိစ္စမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အို ကိစ္စမရှိဘဲ နေပါ့မလားရှင်။ ကိုကိုတို့က ကျမကို အဖိုးအခ ပေးပြီး ဖျော်ဖြေဖို့ ခေါ်လာတာ၊ ဖျော်ဖြေတဲ့ အလုပ်ကို မလုပ်ရရင် ကျမ အဖိုးအခကို လက်ခံလို့ ဘယ်ဖြစ်မလဲ။ ကျမ ပြန်ပါရစေတော့ရှင်"

ညွန့်မောင်သည် အံ့အားသင့်သွားလေ၏။ တသက်နှင့် တကိုယ် ဤစကားမျိုးကို ဤအရပ်မျိုးမှ တခါမျှ မကြားဘူးချေ။ မိန်းမရှင်တို့မည်သည် ပိုက်ဆံကို လွန်စွာမက်၏။ သူတို့သည် အမဲဖမ်း၍ ပိုက်ဆံကို ညှစ်ထုတ် မြှူထုတ်ကြ၏ဟု သူ နားလည်ခဲ့၏။ ယခုကား ဤမိန်းမသည် သူယူပြီးပိုက်ဆံကိုပင် ပြန်၍ ပေးမည်ဟု ပြောချေပြီ။ တကယ့် အကောင်းဆိုသော မိန်းမများစွာ တို့သည်ပင် တန်ဘိုး တန်ရာကို မပေးဘဲ ပိုက်ဆံကို အလကား လိုချင်တတ်ကြသည်။ သူသည် ဤ မိန်းမငယ်ကို ကြည်ညိုသလိုလို ဖြစ်လာလေ၏။

"ကဲ၊ ပြောပါ ကိုကိုရဲ့။ လှလှတို့က ကိုကို့အကြောင်း သိပါရစေနော်။ သိတော့မှ ကိုကို စိတ်ပျော်လာအောင် လုပ်နိုင်မယ်။ ကိုကို ခုလို ငေးငေးမှိုင်မှိုင် ဖြစ်နေတာတော့ လှရော၊ ကိုကိုစ်တို့ရော မပျော်နိုင် မရွှင်နိုင်တော့ဘူးပေါ့။ ပိုက်ဆံတွေ အများကြီး အကုန်ခံပြီး ပျော်ရွှင်ဖို့ လာကြတာ မဟုတ်ဖူးလား"

"ဟုတ်တယ်ညွန့်မောင်။ မင်း ခုလို လင်းတကြီးလို မှိုင်နေတော့ ငါတို့ အနေရခက်တာပေါ့ကွ"

"ကဲကွာ၊ ပြောပါ့မယ်။ ငါတကယ် စိတ်ညစ်တာကွ"





ထရုတ်သည် ကြာဆံကြော်၊ ကြက်ဥကြော်၊ ဝက်အူချောင်း၊ ဘီယာတွေကို ယူ၍လာလေ၏။

"ဒီလိုကွ။ အင်း၊ ငါက အလုပ်ကထွက်ပြီး ဦးဘဆင်ဆီမှာ လုပ်ကတဲက ဘယ်သူငယ်ချင်းမဆို ဦးဘဆင့်သမီးကို ရမှာမို့ ဒီလို လုပ်တာဘဲလို့ ထင်ကြတာချည်းဘဲ။ ဟင့်အင်း၊ ငါ ကြာဆံကြော် မစားချင်ဘူး။ ကြက်ဥကြော်လောက်ဘဲ စားမယ်။ ငါ ဘာမှ ကောင်းကောင်း စားမရဘူး။ ငါကလဲ မငြင်းခဲ့ဘူးကွ။ ဘာလို့လဲဆိုတော့ ငါက သေချာပေါက် ရမယ် ထင်တာကွ။ သမီးလိုချင်လို့လဲ ဒီအလုပ်က ထွက်တာပေါ့ကွာ။ ကောင်မကလေးကလဲ အဖေသဘောတူရင် ပြီးရောတဲ့။ ရှော်ကောင်းမှန့် တောင်းလိုက်မယ်ပါအုံးကွာ။ အဖေလုပ်တဲ့ သူကလဲ ပေးစားမယ့်လက္ခဏာ အမျိုးမျိုးပြတယ်။ ဒါနဲ့ တနေ့က စေ စပ်ဖို့ လူလွှတ်လိုက်တယ်။ ခုနစ်ရက်တိုင်တိုင် စဉ်းစားပြီးမှ အဖိုးကြီးက အကြောင်းမညီညွတ်လို့ မပေးစားနိုင်ဘူးလို့ ပြောလိုက်တယ်။ သမီးကလဲ မချစ်ဖူးတဲ့ကွ"

"မိန်းမဆိုတာ မူလကျီလုပ်တာလဲ ဖြစ်ချင်ဖြစ်မှာ ကိုကို"

"မူလကျီလုပ်တာ မဟုတ်ဖူး။ သူများပြောစကား မယုံလို့ တယ်လီဖုံး ဆက်မေးတယ်"

"အော်၊ သူတို့က ရန်ကုန်ကလား ကိုကို"

"မဟုတ်ဖူး၊ ပျဉ်းမနားက။ ပျဉ်းမနားကို တယ်လီဖုံး ဆက်မေးတော့ တကယ် မချစ်ဖူးတဲ့ လှရဲ့။ ဟိုတုန်းက ဖေဖေ သဘောတခုပါဘဲလို့ ပြောတာဟာ ထမင်းရှည်ပူလာ လျှာလို့ ပြောတာတဲ့။ သိပ် ရက်ရက်စက်စက် ပြောတာဘဲ။ ချုပ်အ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာဒီလောက် ရက်စက်လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ဘူး။ ကျုပ် တနှစ်ကျော်ကျော် အမျိုးမျိုးချစ်ခဲ့တယ်။ ဒီအချစ်ဟာ တဖက်သတ် အချစ်၊ နောက်ပိုးရှုးအချစ် ဖြစ်နေတာ ခုမှ သိရတယ်။ တခုက ဒီမိန်းခလေးဟာ အင်မတန် ရိုးတယ်၊ စကားတည်တယ်လို့ အထင်ကြီး ထင်စားလာခဲ့တာ ခုတော့ ချတ်ချင်း စကားကို ပြောင်းပစ်လိုက်တာဘဲ။ ကျုပ်စိတ်ဟာ သူ့ကို ချစ်လျက်နဲ့ မချစ်ရလို့ နာတာက တမျိုး၊ ဒီလောက် စောင့်အောင့်ပြီး ချစ်ခဲ့ရပြီးမှ အချစ်ခံရသူက တုံ့ပြန်ခြင်း မပြုလို့ အားမလို အားမရ ခက်တာက တမျိုး၊ စကားပျက်လို့ ကရုဏာဒေါသတွေ ထွက်မိတာကတမျိုး၊ မြှော်လင့်ချက်ဟာ ပျက်တော့ မောတာကတမျိုး ဖြစ်ချင်တိုင်းဖြစ်၊ ညစ်ချင်တိုင်းညစ်နေတာဗျ”

ညွန့်မောင်သည် ကြေကွဲသောအသံကို ရပ်ထားပြီး ခရင်းတွင် စိုက်လျက်ပါလာသော ဝက်အူချောင်းကို ကြည့်နေ၏။ စားကား မစား။ စံဖေ၊ လှလှတို့ကား ညွန့်မောင်ကို မျှားစွာ သနားကြ၏။ လှလှသည် ဝီစကီကို ဆိုဒါဖြင့် ရောစပ်ပြီး ညွန့်မောင်ကို ပေး၏။

“သောက်လိုက်ကိုကို၊ သောက်လိုက်။ ကိုကို့ ကြည့်ရတာ သွေးအားနဲ့နေတယ် ထင်တယ်။ ဒါသောက်ရင် အားတင်းလာမယ်၊ အမောပြေမယ်လို့ အလှထင်တယ်”

ညွန့်မောင်သည် ဘာမျှမပြောဘဲ ယူကာ အမြန်သောက်ချလိုက်လေ၏။ စံဖေကား အနည်းငယ် ပီတိဖြစ်သွား၏။

“ကိုကို၊ အလှ တခု မေးမယ်။ ဖြေမလား”





“ဖြေမယ်”

“ကောင်းဘီ။ ကိုကို့ ရည်းစားကလေးကို ထိထိ ရောက်ရောက် တွေ့ပြီးပြီလား”

“အို ဒီလိုမဟုတ်ဖူး။ လက်ဖျားနဲ့တောင် မတွေ့ဘူးဘူး”

“ဒါကြောင့် သိပ်ချစ်နေတာ။ မရမနေနိုင် ဖြစ်နေတာ။ ထိထိရောက်ရောက် တွေ့ပြီးရင် ဒီလောက်ချစ်မှာ မဟုတ်ဖူး။ အလှတို့ ကိုယ်တွေ့ပါ။ သူတို့အချစ်ကို ယုံလို့ ပုံပြီး ထိထိရောက်ရောက် အတွေ့ခံလိုက်တယ်၊ ဘသားချောတို့ အချစ်ပေါ့ပြီး စွန့်ပစ်သွားကြတာဘဲ။ အလှဖြင့် ဒါနဲ့ ဒီဘဝကို ရောက်လာခဲ့ရတယ်”

စံဖေကား ဝီစကီကို တခွက်ပြီးတခွက် သောက်နေလေ၏။ ညွန့်မောင်ကား ရှေးက မိန်းမရှင်ဆိုသည်မှာ အအ၊ အထိုင်း၊ စာမတတ် ပေမတတ် အောက်တန်းစား မိန်းကလေးတွေ ထင်မိခဲ့၏။ ယခုကား ထိုအထင်တို့ ပျောက်လေပြီ။

“ဒါက တချို့ယောက်ျားတွေတော့ ဟုတ်မှာပေါ့။ ကိုကိုတို့ကတော့ ဒီလိုအစားထဲက မဟုတ်ဖူး။ တယောက်က ချစ်လိုက်တယ်ဆိုရင်ဘယ်အဆင့်အတန်းရောက်အောင် ချစ်ရ ချစ်ရ ပျက်သွားတယ်တော့ မရှိဘူး။ အမြဲတမ်း တိုးပြီးသာ ချစ်နေတာဘဲ”

“မယုံပေါင်”

“ယုံပါလှရယ်”

“မယုံပေါင်။ စမ်းကြည့်ပါလား”



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ဝါးကနဲ ရယ်ကြလေ၏။ ဦးလေးသောင်းဗျိုးမနားသို့ သွားသောနေ့မှ ယနေ့တိုင် ညွှန့်မောင်သည် ဤအကြိမ် ပထမရယ်ခြင်း ဖြစ်လေသည်။ ရယ်ခြင်းသည် ညွှန့်မောင်အဖို့ များစွာ အသုံးဝင်လေသည်။ ရယ်ခြင်းကြောင့် ဆွေးခြင်းဖြင့် လေးအပ်သော ရင်သည် ပေါ့သွားလေ၏။ အရက်၏တန်ခိုးကြောင့် အနည်းငယ် ထူပူလာသော်လည်း ခင်ထွေးက ထိုးသွင်းလိုက်သော လုံဖျား၏ စူးရှမှုကို ခံနိုင်ရည် ရှိလာလေ၏။ လှလှ၏ ပျူငှာယဉ်ယခြင်းနှင့် ထိုညဉ့်၏ သာယာခြင်းတို့သည် ခင်ထွေးက ထိုးလိုက်သောလုံတံကို ဆွဲနုတ်ကြလေပြီ။

ညွှန့်မောင်သည် စပ်ဖြီးဖြီးနှင့် လှလှကို ကြည့်လိုက်၏။ လှလှက ထိုင်ရာမှထပြီး ညွှန့်မောင်၏ ပခုံးကို ကိုင်လျက်

"ထ သွားကြစို့"ဟု ခေါ်၏။

ညွှန့်မောင်သည် ထ လိုက်မည် ရှိသောအခါ စံဖေက အကာအကွယ်အဖြစ်ဖြင့် တစ်စုံတခုကို ပေးလိုက်၏။ အခန်းတွင်းသို့ရောက်သောအခါ ညွှန့်မောင်သည် ထိုအကာအကွယ်ကို လွှင့်ပစ်၏။ အကြောင်းကား ဤသို့တည်း။ လှလှသည် ရည်းစားနှစ်ယောက် ဆက်တိုက် စွန့်ပစ်ခြင်းကိုခံရပြီးနောက် ကော်မရှင်နာမင်းကြီးတယောက်၏ မယားငယ် ဖြစ်လာသည်။ မင်းကြီးက အိမ်နှင့် ယာနှင့် ထားလေရာ လှလှက ညီမလေး မြမြကို အိမ်သို့ ခေါ်ထားလေသည်။ မင်းကြီးက မြမြကို သိမ်းပိုက်ပြန်သဖြင့် လှလှနှင့် ကွဲကြသည်မှာ တလမျှသာ ရှိသေးသည်ဟု ညွှန့်မောင် သိရ၏။ တလအတွင်း ဤဘဝသို့ ရောက်လာရပါသည်ဟု လှလှက သနားစရာ အစီရင် ခံ၏။ လှလှကား





အင်္ဂလိပ်-မြန်မာ ခုနစ်တန်း အောင်၏။ အလှ၊ အို အလှ။ မင်း အဖြစ်အပျက်ကား ဆိုးရွားလှပါ၏။ မင်းကို မောင် လိုက်လိုက်လဲလဲ သနားပါဘိ၏။ ချစ်မိ၏။ ယခု လှလှ၏ အဖြစ်အပျက်ကို နားသောတဆင်မိသောအခါ လှလှ၏ ဖြူစင်လတ်ဆတ်ခြင်းကို မောင် ယုံမိ၏။ စံဖေ ကမ်းလှမ်းလိုက်သော အကာအကွယ်ကိုသုံးခြင်းသည်လှလှ၏ ဖြူစင်လတ်ဆတ်ခြင်းကို မယုံရာ ရောက်၏။ ထို့ကြောင့် ညွှန့်မောင်သည် အကာအကွယ်ကို မသုံးတော့ပြီ။

သူများစကားကိုယုံတတ်သောညွှန့်မောင်သည်ဖွာသည်မ၏ စကားကိုပင် ယုံကြည်ပြန်တော့သတည်း။

အေးမြသောလေသည် တဟူးဟူးတိုက်လျက် နေလေ၏။ ညွှန့်မောင်သည် အိပ်ရာမှနိုးသောအခါ ယခင်က စားကြသောက်ကြသော ဝရံတာရှိ ပက်လက်ကုလားထိုင်တခုတွင် မိမိ အိပ်ပျော်နေခဲ့သည်ကို သိရလေ၏။ ဝရံတာတွင် လှလှနှင့် စံဖေတို့ကား မရှိ။ အခန်းတွင်းမှာ ရှိလေသလော။ ညွှန့်မောင်သည် အခန်းဆီသို့ ကြည့်လိုက်ရာ တံခါးပိတ်ထားသည်ကို တွေ့ရ၏။ တလောကလုံး ဆိတ်ငြိမ်လျက်ရှိ၏။ အေးမြသော လေကား ထက်မြက်စူးရှစွာ တိုက်ခတ်လျက်ရှိ၏။ ညွှန့်မောင်သည် မိမိရင်ပပ် ဟောင်းလောင်းဖြစ်နေသည်ကို သတိရပြီး အင်္ကျီကြယ်သီးများ တပ်လေ၏။

'ငါ ဘာတွေလုပ်ခဲ့သလဲ'ဟု စဉ်းစား၏။ ယခုကား သူ့ဦးနှောက်သည် အေးနေပြီဖြစ်ရကား သူ လုပ်ခဲ့သော လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်သည် ရထားတွဲကြီး ဆိုက်လာသလို တခုပြီးတခု ပေါ်လာလေ၏။ ‘ငါမနေ့က တနေ့လုံးစိတ်ညစ်တယ်။ ညနေလဲ စိတ်ညစ်တယ်။ ရုပ်ရှင်ကြည့်တယ်။ ကြည့်မရလို့ ထွက်လာတယ်။ စံဖေတို့နဲ့တွေ့ပြီး ပါလာတယ်။ ငါ သောက်တောင် သောက်မိသေးတယ်။ လှလှနဲ့ ပျော်တယ်။ ပျော်ပြီး ငါ ချက်ချင်း အိပ်ပျော်သွားတာဘဲ။ တန်တော့ ဖိုးစံဖေ ငါ့ကို အခန်းထဲက ဆွဲထုတ်ပြီး ဒီမှာ သိပ်ထားတာဘဲ’ ညွန့်မောင်သည်စားပွဲပေါ်ရှိ တဝက်မျှရှိသောရေကို သောက်၏။ နောက် စီးကရက်သောက်၏။ လေကား တဟူးဟူးတိုက်လျက်ပင်။

‘အို၊ အထွေးကလေး၊ အကိုကြီးရဲ့ ညီမကလေး’ အရက်နှင့် မိန်းတို့၏ အကူအညီကိုယူပြီး အထွေးစိတ်ကို တဆိတ်စာ အေးအောင် ကြံပေမယ့် အကြံပက်လက် စောက်မနက် ဖြစ်ခဲ့ပြီ။ ‘ဘိုးဘိုးအောင်ဟာ ၀ တလုံးက နှစ်လုံးဖြစ်အောင် တန်ခိုးရှိပေမယ့် အထွေးကလေးကို အကိုကြီး အချစ် တဆက နှစ်ဆ၊ နှစ်ဆက လေးဆဖြစ်အောင်လုပ်နိုင်တဲ့ တန်ခိုးတော့ မရှိပါဘူး။ အထွေးက မဖြစ်နိုင် တအားကုန်ညင်းခါမှ အကိုကြီးက အချစ်ပိုင် စကားစုံ ခင်းချင်ပြီ။ အို ကျွန်ုပ်အား ညဉ်းဆဲသော လမင်း၊ အထွေး၏ ချစ်ငွေ့ကင်းသဖြင့် ထိုမျှ ချမ်းအေးခြင်း ဖြစ်ပါသလော။ အို အသင် လေမင်း၊ အသင်လေမင်းသည် ပျဉ်းမနားမြို့ မှိုင်းညို့ညို့သို့ ရောက်လို ရောက်ငြား သွားစမ်းပါ။ အသားပါပါနှင့် စကားမာသူ မခင်ထွေးအား ကျွန်ုပ်၏ချစ်ငွေ့ ကြိုက်ငွေ့ဖြင့် တစေ့စေ့ နွေး၍ တမြေ့မြေ့ မွေးပါစေ’





ညဉ့်အချိန် တိတ်ဆိတ်သောကာလတွင် အိပ်မပျော်သူသည် မိမိ အသက်ရှူသံကို စွဲစွဲမြဲမြဲ ကြားနေရသကဲ့သို့ ငြိမ်းချမ်းတိတ်ဆိတ်သော ဤညတွင် ညွန့်မောင်၏ အသက်နှင့်ကိုယ်မြဲနေသမျှ၊ အသက်ရှူခြင်းနှင့်အတူ အမြဲတမ်းလုပ်ငန်းတခုရှိလိမ့်မည်။ ထိုလုပ်ငန်းကား ညွန့်မောင်၏ အသဲနှလုံးသည် အထွေးနှင့် ချစ်ထင်းပြောသောလုပ်ငန်း ဖြစ်အံ့ထင်သည်။

ညွန့်မောင်သည် တွေးလေတွေးလေ ဆွေးမပြေ၊ တွေးသမျှ အထွေး တလျက်ရှိ၏။ အထွေးကို တတိုင်း မရတော့ဘူး ဟူသော ဘီလူးသည် သူ့သွေးသားကို သောက်၏။ အသည်းနှလုံးကို ဖွဲ့စား၏။

‘ငါ ဖျောက်ပစ်မယ်။ အထွေးအကြောင်း တွေးတာဟာ မကောင်းဘူး။ ငါ ပင်ပန်းတယ်။ ခု ဖျောက်မယ်။ အထွေး ကလဲကွယ် ချစ်လိုက်ပါတော့လား။ ဘာလို့ ဒီလောက် မချစ်တာလဲ။ ကြည့်စမ်း၊ ဘာလို့ မချစ်ဖူးလို့လဲ မပြောဘူး။ ဟော ပြောပြောဆိုဆိုရောက်လာပြန်ပြီ။ အထွေး။ ကဲ ဖျောက်မယ်’

ညွန့်မောင်သည် စံဖေတို့ကို နှိုးလေ၏။ လှလှက အရင် ထ လာ၏။

“ကိုကို အိပ်မပျော်ဘူးလား”

“နိုးလာတာဘဲ။ စောစောက အိပ်ပျော်တာ ဘယ်လို ပျော်သွားတယ်တောင် မသိလိုက်ဖူး”

“ကိုကို အအိပ် တော်တော်ပျက်နေတယ် ထင်တယ်” ဟု ကရုဏာသံဖြင့် ပြောပြီး ညွန့်မောင်၏ အနားတွင် ဒူးထောက်၍



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လျက် ညွန့်မောင်ကို ဖက်ထား၏။ ခေါင်းကို ညွန့်မောင်၏ ရင်ခွင်တွင် ချထား၏။

"ကိုကို ကြည့်ရတာ ခုထက်ထိ စိတ်ညစ်မပြေသေးဘူး ထင်တယ်။ ဘာ့ကြောင့်ညိုးနေရတာလဲ ကိုကိုရဲ့။ ကိုကိုညိုးရင် လှ ငိုပစ်လိုက်မယ်နော်"

"ကဲဗျာ ပြုံးပါမယ်။ ပြုံးမယ် ရွှင်မယ်။ ကဲ"

ညွန့်မောင်သည် ပြုံးပြ၏။ ပန်းငုံကို လက်နှင့် ပွင့်စေသကဲ့သို့သာ ဖြစ်၏။ လှလှသည် ညွန့်မောင်၏ မေးကိုကိုင်လျက်

"ကိုကိုဟာ ရုပ်ဒီလောက်ချောရက်နဲ့ မိန်းမတယောက်ထဲ စွဲနေရသလား။ ကိုကို ရုပ်ချောပါတယ်။ သူက မချစ်ဖူးဆိုရင် ဒီ့ပြင်တယောက် ရှာယူပေါ့ ကိုကိုရဲ့။ ကြိုက်မယ့်သူတွေ ပြည့်နေမှာဘဲ"ဟု မသိမသာ မြှောက်ပေးလေ၏။

"ကဲ အလှ။ စားစရာ သောက်စရာတွေ မှာပါအုံး" လှလှသည် ညွန့်မောင်၏ ပခုံးကို ကိုင်ပြီး တဝက်တပျက် ထ၏။ နောက် ပြုံးပြုံးကလေးကြည့်ပြီး ညွန့်မောင်၏နဖူးကို နမ်းလေ၏။ လှလှသည် တရုတ်ထံသို့သွားပြီး အစားအသောက်များ မှာလေ၏။ ညွန့်မောင်ကား အလှကို နောက်ကကြည့်ပြီး 'ဒီဟာမကလေးကြည့်ရတာ ငါ့ကို တကယ်ချစ်နေသလိုဘဲ'ဟု တွေး၏။

မကြာမီ စားပွဲပေါ်တွင် အစား အသောက် အများအပြားရောက်လာလေ၏။လှလှသည်စံဖေကို နှိုးခဲ့၏။စံဖေသည်





စလျှင် စချင်း ပုလင်းဖြင့် စ၏။ဖန်ခွက်တွင် ဝီစကီနှင့် ဆိုဒါကို ထည့်ပြီးသောအခါ

"ဟော့ လူ၊ ရော့ သောက်လိုက်"ဟု ညွန့်မောင်ကို ပေး၏။

"ကိုယ့်လူ၊ ငါအရက်သောက်ရတာ ဇိမ်မတွေ့ဘူးကွာ။ မသောက်ပါရစေနဲ့"

"ဇိမ်ဆိုတာ ခုတော့ ဘယ်တွေ့အုံးမလဲ။ အသစ်ဆိုတာ ဘယ်တော့ကောင်းဘူးသလဲ။ ဖိနပ်အသစ်ဝယ်စီးရင် ပေါက်တာဘဲကွ။ အတော်ကြာစီးမှ ကောင်းတယ်။ ဒါကြောင့်လဲ တချို့လူတွေဟာ တခုလပ်တို့၊မုတ်ဆိုးမတို့ကို ကြိုက်ကြတာပေါ့။ ဟား ဟား"

"ကြုံကြုံဖန်ဖန်ပြောတဲ့ကောင်" သုံးယောက်သား ရယ်ကြ၏။ ညွန့်မောင်ကား စံဖေ၏ အလင်္ကာစကားကို များစွာ သဘောကျသွားလေ၏။

"လုပ်လကွာ၊ သောက်ပါ"

"မသောက်ပါရစေနဲ့ကွာ"

"ကျမတို့ကိုကိုက ဒါမသောက်ဖူး။ ကိုကိုနဲ့တော်တာကို ကျမပေးမယ်"

လှလှသည် ဘရန်ဒီ၊ နွားနို့၊ ကြက်ဥများကို ရော၍ မွှေကာ ညွန့်မောင်အား ပေး၏။ ညွန့်မောင်သည် ထိုအရသာကို များစွာ သဘောကျ၏။ ခေါင်းထဲတွင် ရီတီတီ ဖြစ်တစ်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာ၏။ ဤသည် ဤသည်တို့ကား ငါ့အရှိုင်းနှင့် တော်ပေ၏ဟု လှလှ သိသည်။ တကယ့် လှလှပါတကား။ အသိဥာဏ် ထက်မြက်ပြီး ကျွမ်းကျင်တဲ့ လှလှပါတကား။

"ညွန့်မောင်တို့မျာ း သိပ်မကောင်းတဲ့အကောင်ဘဲ၊ ငါနဲ့ တသက်လုံး ပေါင်းလာခဲ့တယ်။ ငါနဲ့ အင်မတန် ရင်းနှီးတယ်။ လှလှဆိုတာ ဒီနေ့ညမှ တွေ့ရတယ်။ ခုမှ ရင်းနှီးရတယ်။ ငါက တိုက်တော့ မသောက်ဘဲ အလှ တိုက်တော့ သောက်တယ်။ တော်ကွာ၊ ငါမှားတာဘဲ"ဟု စံဖေက တကယ်ဝမ်းနည်းချင်ယောင် ဆောင်၍ ပြောလေ၏။ လှလှက ညွန့်မောင်၏ လက်တဖက်ကိုဆွဲ၍ မိမိ၏ ရင်ခွင်သို့ ကပ်ထားရင်း

"ကဲ ကိုကို၊ သူ့ဟာသောက်လိုက်ပါအုံး။ တော်တော်ကြာ အလှနဲ့ သမုတ်နေပါအုံးမယ်"ဟု တောင်းပန်၏။ ညွန့်မောင်သည် ဝီစကီနှင့် ဆော်ဒါကို မျိုချလိုက်ရပြန်လေ၏။

"လှလှက ကိုကိုစံကိုတော့ ဂရုမစိုက်ဖူး။ သူ့ ကိုကိုညွန့်ကို ချည်း ယုယနေတာဘဲ။ အမယ်လေး ငါးစိမ်းမြင် ငါးကင် ပစ် သူ့ရဲ့ တကိန်းထွင် ကြင် မချစ်ဘော့ဘူးတဲ့လား။ တောက် တောက်။ အမယ်လေး ငါမနာလိုလှချည်ရဲ့လေး"

စံဖေက သီချင်းသံလိုလို မင်းသားကြီး ငိုချင်းလိုလို သီဆိုပြီး နောက်လိုက်သောအခါ ညွန့်မောင်သည် တဟားဟား ရယ်လေ၏။ သို့ဖြင့် သောက်ကြ၊ စားကြ၊ ရယ်ကြဖြင့် ဆူနေ၏။ ညွန့်မောင်နှင့် စံဖေသည် ပြိုင်တူ သောက်ကြလေပြီ။





စတုတ္ထခွက်သို့ ရောက်မည်ရှိသောအခါ လှလှက ညွန့်မောင် အခြေပျက် အနေပျက် ဖြစ်တော့မည်ကို သိသဖြင့်

"တန်ဆေး လွန်ဘေးတဲ့ ကိုကို။ လှ တိုက်တာ တခွက်ရယ်၊ ကိုကိုစံတိုက်တာ သုံးခွက်ရယ်။ ပေါင်း လေးခွက် ရှိသွားပြီ။ တော်တော့နော်။ ဟို သစ်ခေါင်းကြီးနဲ့ မတုနဲ့"ဟု ဆွဲထား၏။

"ဟုတ်တယ်။ ငါ့မယားပြောတာ မှန်တယ်။ ငါ့မယား၊ ဟောဒီက မယားအလှက အနားက ဆုံးမတာကို ခံမယ်။ ကဲ ဘာလုပ်ရမလဲ"

"ဟော့ မင်းတို့ လင်မယား ရှုတ်တယ်။ ငါ ကိုယ်တော် မြတ် သောက်ရာမှာ ဇိမ်ပျက်တယ်။ ငါ့အနား မနေကြနဲ့"

"သွားမယ်ကွ။ သွားတော့မယ်ဆိုသလေ၊ နေတယ်လို့ ဖြစ်ဖူး။ အလှ၊ မယား အလှရေ။ မယား အထွေးရေ၊ အထွေး ရေ"

"ဘာလဲ ကိုကို"

"သွားတော့မယ် ဆိုသလေ၊ နေတယ်လို့ ဖြစ်ဖူး။ ဟောဒီ အရက်သမား စံဖေ့ အနားမှာ နေတယ်လို့ဖြစ်ဖူး။ ရွှေဟသ်ာ ဖို မကူ၊ ငွေဟသ်ာ ဖို့ မကာ၊ အလို ဆရာရယ်၊ ငိုတ ယောင်ကြူး။ အထွေး အထွေး။ ကဲ ကိုကို့ ကို ခေါ် သွားတော့လေ။ ဟိုထဲ သွားမယ် အထွေးရဲ့"လိမ်မာသော လှလှသည် အထွေးယောင် ဆောင်ကာ ဖေးမ ယုယစွာဖြင့် ညွန့်မောင်ကို အခန်းတွင်းသို့ ခေါ်သွင်းသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## ၅

နောက်တနေ့တွင် ညွန့်မောင်သည် နံနက်စာ မစား။ နေ့လယ်စာ မစား။ တနေ့လုံး သူ့အိပ်ခန်းတွင်း၌ အိပ်၍ နေ၏။ နှစ်နှစ်ခြိုက်ခြိုက်ကား အိပ်၍မပျော်။ မိုးအလင်း ပွဲကြည့်ထားသူသည် ဆိုင်းသံ၊ ဗုံသံ၊ သီချင်းသံတို့ကို ကြားယောင်ယောင် ရှိနေသကဲ့သို့ ယမန်နေ့ညက ဟော်တယ်တွင် ပျော်ပါးသံ၊ လှလှ၏ အသံတို့ကို ကြားနေလေ၏။ ခဏတဖြုတ် အိပ်ပျော်သွားပါသော်လည်း အတန်ကြာလျှင် တဝက်တပျက် နိုးလာပြန်၍ ထိုအသံတို့ကိုသာ ကြားနေရလေသည်။ မျက်စိမှိတ်ထားလျှင် အိပ်ချင်၏၊ စပ်၏။ ပိတ်ထားလျှင် မအိပ်ချင်။ အတော်ဂွတိုက်သော မျက်စိပေတည်း။ မှေးကနဲ ပျော်သွားရာ၌လည်း ထူးဆန်းသော အိပ်မက်တို့သည် နှောင့်ယှက်သေး၏။ ခင်ထွေးသည် ဘီလူးမကြီး အဖြစ်ဖြင့် သူ့ကို လိုက်၏။ သူသည် ပြေးရသည်မှာ မောနေ၏။ မောလျှက် အိပ်ရာမှ နိုးပြန်၏။ နိုးလျှင် လှလှ၏အသံကို ကြားရပြန်၏။ ဇွတ်မှိတ်၍ အိပ်ပြန်၏။ ခင်ထွေးသည် ဘိုမလို ဝတ်ပြီး မှူးနေသော စံဖေနှင့် လက်တွဲ၍ လျှောက်သွား၏။ ခင်ထွေးနှင့် ဦးဘဆင်တို့သည် လေယာဉ်ပျံဖြင့် ကောင်းကင်သို့ တက်ကြပြန်၏။ ညွန့်မောင်သည် လေယာဉ်ပျံကို နောက်မြီးခိုလျှက် တန်းလန်း တန်းလန်းနှင့်လိုက်၏။ မကြာခင် ညွန့်မောင် ပြုတ်ကျ၏။ လေထီးကြီး တခုကိုဆွဲခိုမိ၏။ မြေကြီးသို့ ရောက်သောအခါ လေထီးကြီးမှာ





လှလှ၏ ထမီဖြစ်နေ၍ လေထီးရိုးကြီးမှာ လှလှ၏ကိုယ် ဖြစ်နေသည်ကို တွေ့ရလေ၏။ နှစ်ယောက်သား ဝါးကနဲ ရယ်ကြ၏။

ညနေစောင်းတွင် ညွန့်မောင်သည် ရေမိုးချိုးပြီး အိမ်ရှေ့သို့ ထွက်ထိုင်၏။ ဦးလေးသောင်းလည်း ရှိနှင့်၏။

"မင်း မနေ့ညက ဘယ်သွားသလဲ"

"ပျင်းတာနဲ့ ရှောက်လည်တာဘဲ"

နှစ်ယောက်သား ဤတွင် စကား ရပ်သွားလေသည်။ ညွန့်မောင်သည် တယ်လီဖုံးဆီသို့ ကြည့်လိုက်၏။ သူ့အား များစွာ အသုံးဝင်စေသော တယ်လီဖုံးကြီးသည် ယခုအခါ အမင်္ဂလာ ဖြစ်လေပြီ။ အမင်္ဂလာ စက်ဆုပ်ဖွယ်ရာသော စကားတို့ကို မျဉ်းမနားမှုပင် တမင်္ဂလာ ယူဆောင်လာသော တယ်လီဖုံးကြီးတည်း။ 'အထွေးရယ် မင်း ဒီလောက် အကိုကြီး အပေါ်မှာ ရက်စက်တာ ဘာ့ကြောင့်လဲကွယ်။ ဒီလောက် လိမ်လည်ပြီး ဒီလောက် ရက်စက်တာ ဘာ့ကြောင့်လဲ။ ဘာအပြိုးနဲ့များ လုပ်လိုက်တာလဲ။ အကိုကြီးမှာ အပြစ်ရှိရင် ပြောပါလား။ အကိုကြီးမှာ ဒီအပြစ်၊ ဒီအပြစ် ရှိတယ်လို့ အထွေးက ပြောပြရင် အကိုကြီးက ဒီဟာ ဘယ်လို ဘယ်သို့လို့ ဖြေနိုင်တယ်။ အပြစ်မှန်ရင် အကိုကြီး ပြင်နိုင်ပါတယ်။ အထွေး အလိုကျ ဖြစ်လာအောင် အကိုကြီး နေနိုင်တာဘဲ။ ဘာလို့ မချစ်တာလဲ အထွေး' ညွန့်မောင်၏ လန်းဆတ်သော မျက်နှာသည် ညှိုးသွားပြန်၏။ ဦးလေးသောင်းသည် ညွန့်မောင်၏ မျက်နှာအပြောင်းအလဲကို သတိပြုမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေက ဘာလို့မပေးစားနိုင်တာလဲဦးလေးသောင်း"

"အကြောင်းမပြ၊ ဘာမပြနဲ့ ငြင်းတယ်ဆိုတာ အခက်ဆုံးပေါ့ကွာ။ သူတို့ဆီကို မင့်အကြောင်း ဘယ်သူ ဂုံးချောကြလို့ မုန်းမှ မသိဘဲ"

"ဂုံးချောမယ့်လူ မရှိဘူးထင်တယ် ဦးလေးသောင်းရယ်။ ကျွန်တော့်ကို မုန်းတဲ့လူ မရှိနိုင်ပါဘူး။ ကျွန်တော်က ဘယ်သူ့ကိုမှ မမုန်းဘူး။ ဘယ်သူ့ အကျိုးပျက်ပြားအောင်မှ မလုပ်ဖူးတဲ့အပြင် သူများတွေ အကျိုးရှိတို့ အမြဲလုပ်နေတဲ့ လူဘဲ။ ဘယ်သူ့အပေါ်မှလဲ စေတနာ မယုတ်မာခဲ့ပါဘူး ဦးလေးသောင်းရဲ။ ဒီတော့ ကျွန်တော့်ကို မုန်းမယ့်သူ မရှိပါဘူး"

"အေး၊မင်းက မင်းကောင်းတိုင်း ထင်လိုက်။ လူတိုင်း မင်းလိုချည်းများ ထင်နေသလား။ အကြောင်းရှိရှိ မရှိရှိ မုန်းတဲ့လူတွေ မုန်းတတ်တယ်။ မနာလိုတဲ့လူတွေ မနာလိုတတ်တယ်။ အကျိုးပျက်အောင် လုပ်တတ်တယ်။ မင်းမှာ ခက်နေတာက သူများကို သိပ်ယုံတာ ခက်နေတာဘဲ။ ငါတော့ တယောက်ယောက် ဝင်ဖျက်တယ် ထင်တာဘဲ"

"ကျွန်တော်တော့ ထင်လို့ကိုမရဘူး။ ထင်ရမယ့်လူလဲ မရှိ၊ အကြောင်းလဲ မရှိဘူး ဦးလေးသောင်းရဲ"

ညွန့်မောင်သည် တွေဝေနေလေ၏။ နောက် သည်းထန်စွာ သမ်းလိုက်၏။ မျက်ရည်များပင် ဝေလာ၏။ ဦးလေးသောင်းကား ညွန့်မောင်ကို ကြည့်လျက် အကဲခပ်နေ၏။ ညွန့်မောင်၏ ခန္ဓာကိုယ်တွင်း၌ ခင်ထွေး၏ အရေးကြောင့် ဗလောင်းဗလ





ကွဲကွဲပြဲပြဲ ဖြစ်နေသည်မှာ ညွန့်မောင်၏ မျက်နှာ၌ အရိပ်နိမိတ် ပေါ်နေ၏။

"မင်းဟာ ယောကျ်ား။ ဒီလို ကိစ္စကလေးမှာ စိတ်တုန်လှုပ်ခြင်းဖြစ်ဖို့ မကောင်းဘူး။ မာနထားစမ်းပါ။ မိန်းမဆိုတာ ဘယ်လို မိန်းမမျိုးရရ ကိုယ်က လုပ်ကျွေးရမှာဘဲ။ ဒီတော့ တယောက်မရ တယောက်ပေါ့ကွ။ ဘာ။ ဒါမဖြစ်နိုင်ဘူး။ ဘာလို့မဖြစ်နိုင်ရမလဲ။ လူရေးလူရာကို ကျွမ်းကျင်တဲ့ လူတိုင်း ဒီလို ဖြစ်နိုင်ရမယ်။ ပြီးတော့ ဦးဘဆင်ကိုယ်တိုင်က အားကိုးရာ ဖြစ်မယ့် လူတယောက်ကို စွန့်လွှတ်နိုင်သေးရင် မင်းက ဘာလို့ မစွန့်လွှတ်နိုင်ရမလဲ။ မင်းက သူတို့ကို အားကိုးရမှာထက် သူတို့က မင်းကို အားကိုးရမှာက များတာဘဲကွ။ မင်း အခု လုပ်ဖို့က သောက်ဖို့၊ စားဘို့၊ မိန်းမလိုက်စားဘို့ မဟုတ်ဖူး။ အလုပ်ကို ဆက်လက်ပြီး သူတို့နဲ့ဘာမှ မဖြစ်သလို လုပ်သွားရမယ်။ ဒါ အရေးအကြီးဆုံးဘဲ။ မင်းက သဘောကြီးကြောင်း ပြရမယ်"

"ကျွန်တော် သူတို့ အလုပ်ကို မလုပ်ချင်တော့ဘူး။ ကျွန်တော် ထွက်မယ်"

"အို၊ ဒီလိုဆိုရင် ရှက်စရာ ဖြစ်ကုန်မှာပေါ့။ အလုပ်ကို ဝါသနာပါလို့၊ စိတ်ရှိလို့ လုပ်တာ မဟုတ်ဖူး။ သမီးလိုချင်လို့ လုပ်တာလို့ ထင်စရာ ဖြစ်မှာပေါ့"

"ထင်ချင်ထင်ပါစေ ဦးလေးသောင်းရယ်။ အမှန်ကတော့ အလုပ်ကို ဝါသနာပါတာရယ်၊ သမီးကိုလိုချင်တာရယ်။ အကြောင်းနှစ်ခုကြောင့် လုပ်တာအမှန်ဘဲ။ ဒီနှစ်ခုမှာ ချစ်တာကို မရတာ သာပြီး အရေးကြီးတယ်။ ဝါသနာပါတာ မပါတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကတော့ အကြောင်းသိပ်မဟုတ်ပါဘူး။ ခုကာလမှာ ဘယ်သူများ ဝါသနာရှိတာကို လုပ်နိုင်ကြလို့လဲ။ အကြောင်းသင့်တာကိုသာ လုပ်ကြရတာ များတယ် မဟုတ်လား။ ဝါသနာမပါဘဲလဲ အကြောင်းရှိတော့ လုပ်ကြရတယ်။ ဘုရားလောင်းတောင် ယသော်ဓရာကို လိုချင်တာနဲ့ ဝါသနာမပါတဲ့ လေးတင်တဲ့ အလုပ်ကို လုပ်ရသေးတယ် မဟုတ်လား"

ဦးလေးသောင်းကား ဆိတ်ဆိတ် နေလိုက်၏။ ယခု လောလောဆယ်ကား ညွန့်မောင်အား ဘာမျှပြောမရသေးသည်ကို သိလေသည်။ ညွန့်မောင်သည် ထိုင်ရာမှ ထပြီး လက်ပိုက်လျက် ဖြည်းဖြည်း လျှောက်ကာ အသံဝါကြီးဖြင့်

"မဟုတ်ပါဘူး။ အဖိုးကြီးက ဘာလို့ မပေးစားချင်ရတာတဲ့တုန်း" ဟု မေးလေသည်။

"ဒါတော့ သူ့သမီးကို သူပေးစားချင်မှ ပေးစားတော့မပေါ့"

"ဘာလို့ မပေးစားချင်ရမလဲ။ ပေးစားရမယ်၊ ပေးစားရမယ်။ ကျုပ်ကို မပေးစားဘူးဆိုတာ မခံနိုင်ဘူး။ အဖိုးကြီးကို ကျုပ်သတ်မယ်" ဦးလေးသောင်းကား အံ့အားသင့်ကာ ကြည့်လိုက်၏။ ညွန့်မောင်၏မျက်စိတွင် မျက်ရည်များ ဝေလျက်ရှိ၏။ မျက်နှာကား နီမြန်းနေ၏။ "ပေးစားရမယ်။ မပေးစားရင် အဖိုးကြီးကို သတ်ပစ်မယ်" ဟု ပြောရင်း အခန်းထဲသို့ ဝင်သွားလေ၏။ အိပ်ရာတွင် ပစ်လှဲလိုက်ပြီး အိပ်လိုက်ပြန်၏။ အိပ်ပျော်နေဟန်ရှိသော ညွန့်မောင်ကို ဝင်၍ကြည့်ပြီး ဦးလေးသောင်းသည် 'အော် ညွန့်မောင် ညွန့်မောင်၊ သနားစရာဘဲ





စိတ်အားပျော့လှပါကလား။ ဒီဒဏ်ကို မခံနိုင်ရှာဘူး' ဟု သနားလေ၏။

ည ရှစ်နာရီထိုးလျှင် ညွန့်မောင်သည် သူ့ကား သုမောင်းပြီး လှလှတို့အိမ်သို့ ထွက်ခဲ့၏။ လှလှအား ဟော်တယ်သို့ စံဖေနှင့်အတူ ခေါ်၍ ယမန်နေ့ညကကဲ့သို့ အချိန် ဖြုန်းလေ၏။ နောက်ဆုံးညတွင်လည်း လှလှနှင့်ပင် အချိန်ဖြုန်း၏။ စံဖေကား ထိုနေ့ညတွင် မလိုက်ပါတော့ပေ။ "စံဖေက ဒီဟာကြီးတော့ ထပ်မခေါ်ချင်တော့ဘူး" ဟု ပြော၏။ "ငါက အပြောင်း အလဲ ကြိုက်တယ်ကွ။ တခါလာ မဲပြာပုဆိုးမျိုး မကြိုက်ဖူး" ဟူသော ဆင်ခြေဖြင့် ကျန်ရစ်ခဲ့၏။ ညွန့်မောင်ကား လှလှ၏ အမူအရာ အပြုအစုများတွင် ဖျော်ဖြေမှု၊ သာယာမှု တွေ့နေလေပြီ။ လှလှသည် သူ့အား တကယ်ချစ်နေသည်ဟု ထင်စပြုလေပြီ။ လှလှ၏ သီချင်းသံကလေးများကို နားထောင်နေရခြင်းအားဖြင့် စိတ်ညစ်ခြင်း၊ မယားတရုံးခြင်းတို့၏ဘေးမှ ကင်းလွတ်နေသည်ဟု ထင်သည်။ လှလှသည် အလိမ်မာ အပါး အနပ်ဖြစ်သဖြင့် ညွန့်မောင် စိတ်ပျော်ရွှင်နေအောင် ဖျော်ဖြေတတ်၏။ ညွန့်မောင်သည် အရက်အရသာအမှန်ကို ခံစားနိုင်အောင် စီမံတတ်၏။ အရက်မှာ အရမ်းကာရော ဒလဟော သောက်လျှင် မကောင်း။ စည်းနှင့် ကမ်းနှင့် အနည်းငယ် မူးရုံ သောက်လျှင်အရသာရှိ၏။ ဇိမ်ရှိ၏။ စား၍ ကောင်း၊ သောက်၍ ကောင်း၊ ပျော်၍ ကောင်း၊ မေ့၍ ကောင်းရုံသာ ဖြစ်၏။ လှလှသည် ညွန့်မောင် ပိုမသွားအောင် ထိန်းနိုင်၍ လိုမသွားအောင် ဖြည့်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ညတို့တွင် စံဖေမပါသဖြင့် ပျင်းရိဘွယ် ကောင်းသည်ဟု ညွန့်မောင်ထင်၏။ တယောက်ချင်း မိန်းမလိုက်ခြင်းသည် ခြောက်ကပ်ကပ်နှင့် ငြီးငွေ့ဘွယ် ကောင်းသည်ထင်၏။ ထို့ကြောင့် မိန်းမလိုက်စားခြင်း ဝါသနာပါသော မိတ်ဆွေတို့ကို ရှာလေ၏။ မိတ်ဆွေ အမျိုးမျိုးတို့တွင် မိန်းမလိုက်စားခြင်း၌ ရည်ရွယ်ချက် အမျိုးမျိုးရှိကြ၏။ စံဖေကား မိန်းမ မယူတော့ဘဲ အပျော်လိုက်ရင်း လူပျိုကြီးလုပ်မည် ဖြစ်သည်။

"ငါ့ဝါဒက မိန်းမယူရင် ဒုက္ခများမယ်။ ဒါကြောင့် မိန်းမလိုက်တာဘဲ။ မိန်းမယူရင် တယောက်ထဲနဲ့ ကျေနပ်နေရမှာ ပျင်းစရာကြီးကွာ။ ခု မယူဘဲနေတော့ အမျိုးမျိုး တွေ့ကြုံနေရတာပေါ့။ မိန်းမယူထားပြီး တယောက်ထဲ ငြိမ်နေတဲ့လူ အရူးသားဘဲ။ အဲဒီတော့ မိန်းမ မယူတဲ့လူမှာ မိန်းမ ဒုက္ခကင်းတယ်။ ပြီးတော့ ရောဂါဥပါဒ် ရအုံးတော့ မိန်းမကို ကူးဘို့ မရှိဘူး။ ခလေးတွေကို ရောဂါအမွေ ပေးဘို့မလိုဘူး။ ကိုယ်တယောက်ထဲခံရုံဘဲ။ ငါ့လိုလူတော့ ထိဘို့ခဲယဉ်းပါတယ်။ ငါက သိပ်ဂရုစိုက်တာ။ အကာအကွယ် အမျိုးမျိုး အမြဲဆောင်တာဘဲ"

ကိုမြသောင်းကား လိုက်စားမှု၌ ကျူးလွန်သူဖြစ်၏။ မိန်းမအတည်လည်း ရှိ၏။ မယားငယ်တွေလည်း အများ အပြားထား၏။ အပျော်သည်း လိုက်သေး၏။ "ကျုပ်ဝါဒကတော့ လောကဟာ ကာမလောက၊ ကာမဘောင်။ ဒါကြောင့် ကာမဂုဏ်အရသာကို ခံစားနိုင်သမျှ ခံစားရမယ်"ဟု ပြောသူ ဖြစ်၏။





စန်းအောင်ကား ဆိုရှယ်လစ်ခေါ်သော နိုင်ငံရေးသမားဖြစ်သည်။ သူ့အယူအဆအားဖြင့် နိုင်ငံရေး တကယ်လုပ်မည့်သူကို ကြိုက်သောမိန်းမ ဗမာပြည်၌ မရှိ။ ထို့ကြောင့် သူ မိန်းမ မရနိုင်။ ကိလေသာစိတ်ဆိုသည်မှာ ချိုးနှိမ်၍ မရ။ ခန္ဓာကိုယ်၏ ဓမ္မတာတရားတခု၊ လိုလားမှုတခု ဖြစ်သည်။ သို့ကြောင့် ထိုဓမ္မတာတရားအတွက် ထွက်ပေါက်ရှိရမည်။ မိန်းမရှင်များသည် လွယ်လင့်တကူ ကြောင့်ကြမဲ့ဖြင့် ထိုဓမ္မတာတရား၏ စီးဆင်းရာ ဖြစ်ကြသည်။

စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ ထွန်းမြင့်ကား မိန်းမလည်း မရနိုင်သေး။ သူ့ကို ယူလိုသောမိန်းမ နည်းသည့်ပြင် သူကိုယ်တိုင်ကလည်း ဇီဇာကြောင်၏။ သူလည်း ဆိုရှယ်လစ် စန်းအောင်နှင့်အတူ ကိလေသာစိတ်သည် ခန္ဓာကိုယ်၏ဓမ္မတာတရားတခုဟု ယုံကြည်၏။ ရုပ်ရှင်ဒါရိုက်တာအဖြစ်ဖြင့် အချောင်ဖျော်ဖြေစရာ အများအပြား တွေ့နိုင်သည်ကို သိသော်လည်း ထိုသို့ဖျော်ဖြေစရာ ရှာမှုသည် အလုပ်ကို များစွာ အနှောင့်အယှက်ဖြစ်သောကြောင့် ရုပ်ရှင်ဒါရိုက်တာအလုပ်ကို အခြေပြု၍ ကိုယ်ကျိုးမရှာပေ။ မိန်းမပျိုများကို ပိုးပန်း၍ ခန္ဓာကိုယ်အလိုကိုဖြည့်ရန်လည်း နောက်ဆံငင်လျက် ရှိ၏။ မိမိ အပျိုရည် ဖျက်ဆီးခဲ့သော မိန်းမပျိုသည် ဖာသည်မဘဝတိုင် ပျက်စီးသွားမည်ဆိုက သွားနိုင်သည်။ သူတို့ အတိုက်အလျောက် လင်ကောင်း သားကောင်း မရအောင် အကျိုးပျက်စေနိုင်သည်။ တခါတရံ မိမိကိုယ်တိုင် မယူမနေရသောအခြေသို့ ဆိုက်မည်ဆိုက ဆိုက်နိုင်သည်။ "မိန်းမရှင်တွေနှင့် ဆက်ဆံရတာကရော့



www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြား၊ ရှောနုဂ ါးဆိုတာလို အင်မတန် ရှင်းတယ်။ ဘာမှ တွေးပူနေဘို့ မလိုဘူး။ ငါ့မြား အတင်းဖမ်းမှာလားလို့လဲ တွေးဘို့မလိုဘူး။ ခင်လေးမွေးမှာလားလို့လဲ စိုးရိမ်ဘို့ မလိုဘူး။ ဒီတော့ ဒီအကြောင့်အကြ တွေ့ရမှာထက် ရောဂါ ရချင်ရပြီး ပြည့်တန်ဆာမတွေ့ဆီ သွားရတာက ပိုကောင်းတယ်။ ဒုက္ခအေးတယ် ထင်တာဘဲ”ဟု တရားဟောလေ့ရှိသည်။

အသီးသီးသော အပျော်လိုက် ခေါင်းဆောင်ကြီးတို့က အသီးသီးသော ဝါဒများကို ရှင်းပြသောအခါ ညွန့်မောင်ကား သူ့ ဝါဒကို ရှင်းမပြရဲချေ။ အကြောင်းမူကား ခင်ထွေးအတွက် စိတ်သောကရောက်မှုကို မေ့ပျောက်စေ၍ စိတ်ပျော်ရွှင်ခြင်း ရဘို့ ရည်ရွယ်ချက်ဖြင့် မိန်းမလိုက်စားခြင်းကြောင့် ဖြစ်ပေသည်။ မိန်းမကြီးရှိပြီး အိမ်ထောင်သည်ဖြစ်ပါလျက် အပျော်အပါး ကြူးခြင်းကိုကား ညွန့်မောင် သဘောမတူနေချေ။

သူတို့၏ရည်ရွယ်ချက်တွင် ခိုင်မာဖူလုံခြင်းကို မတွေ့ချေ။ “ကျွန်တော်တို့တော့ မိန်းမများရရင် ဒီဟာမျိုးမလုပ်ပေါင်” ဟု ပြောသောအခါ မိန်းမရှိပြီးသားသူငယ်ချင်းများက ပညာရှိပြုံးလျက် “ဟာ၊ မိန်းမ မရခင်တော့ ပြောသေးတာပေါ့။ ရတော့သိမှာဘဲ”ဟူသော ချေပချက်ကိုလည်း ညွန့်မောင် နားမလည်။ မိန်းမ မရသူ၊မိန်းမ မယူသူတို့၏ ဝါဒကိုကား သဘောမတွေ့၏။သူလည်း မိန်းမ မယူတော့ဘဲ နောင်တော့် နောင်တော်များထံး နည်းလုံးပိုက်၍ ပြုံးကြိုက် ချမ်းမြေ့ ပျော်မွေ့နေတော့အံ့ဟူ၍ကြံလေ၏။





ညွန့်မောင်သည် လုလု၏ဖောက်သည်ဖြစ်နေ၏။ ညွန့်မောင်ကား လုလု၏ ညှို့ခံမှု၊ ပျော်ဖြေမှု၊ ယုယမှု၊တီတာမှု၊ ပြောမှုဆိုမှုတို့တွင် ရိုးခြင်း၊ ငြိုးငွေ့ဘွယ် ကောင်းခြင်းတို့ကို မတွေ့။ အကြောင်းမူကား လုလုသည် အသစ် အသစ် ဖြစ်သော မာယာအပလီတို့ကို အခါခါ အလီလီ သုံးနိုင်သောကြောင့်တည်း။ လောကကြီးသည် အမြဲအားဖြင့် လှည့်စား၏။ ကောင်းမှုသည် ပျော်ရွှင်စရာ၊ ချမ်းမြေ့စရာဖြစ်သည်ဟု လောကကြီးက လှည့်စားလေ့ရှိ၏။ ဖဲရိုက်ဘတ်စ၊ မြင်းလောင်းတတ်စလူကို နိုင်အောင်၊ နိုင်သဖြင့် ပျော်ပါးလေအောင် လှည့်စားပေးလေ့ရှိ၏။ လောကသည် ယခု ညွန့်မောင်အား လှည့်စားပြန်ပြီ။ အတွေ့အကြုံများသော၊ မာယာဥာဏ် အကောင်းဝါးသော၊ လှပ ချိုပြည်သော လုလုနှင့် ညွန့်မောင်တို့ တွေ့အောင် ဖန်တီးပေးပြီး ညွန့်မောင်သည် လုလုကို စွဲနေစေပြီ။ညွန့်မောင်သည် အပျော်လိုက်ခြင်းဟူသော စကား၏ အဓိပ္ပါယ် အမြဲမြဲသော အရသာ အနှစ်သာရတို့ကို သိစေ၊ ထိစေ၊ ငြိစေလေပြီ။

“ဦးလေးသောင်းရယ်၊ အချစ်ဆိုတာ ပိုက်ဆံပေးဝယ်ရင် ရနိုင်တာဘဲ”

“ညွန့်မောင်၊ မင်းတော့မှားကုန်ပြီ။ မင့်စိတ်ဟာ အင်မတန် ပျော့ပါလား”

“ကျွန်တော့်စိတ် မပျော့ဘူး။ ကျွန်တော်ဟာ အခုမှ အမှန်သိရလို့ စိတ် မာလာပြီ။ မိန်းမတွေကို ပိုက်ဆံပေးပြီး အချစ်ခိုင်းရင် သိပ်ချစ်ကြတာဘဲ။ သူတို့ချစ်တာကို ခံရတာဟာ အင်မတန် အရသာရှိတယ်။ အင်မတန် ပျော်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်၊ ပျော်ရင်လဲ ပျော်နေပေါ့။ အလုပ်ကို ဆက်လက်ပြီး ကောင်းကောင်း လုပ်စေချင်တယ်။ အလုပ် လုပ်ရင် ပျော်နိုင်တာဘဲ"

"ကျွန်တော် သူ့ အလုပ် မလုပ်တော့ဘူး ဦးလေးသောင်း။ ကျွန်တော့်ကို မဆုံးမပါနဲ့နော်။ သူ့ အလုပ်ကို ကျွန်တော် မလုပ်တော့ဘူး။ ကျွန်တော် အလုပ် လုပ်လို့ သူ့ မှာ ငွေတွေဝင်မယ်။ ဒီငွေတွေ ဘယ်သူသုံးမလဲ။ အထွေးယူမယ့်လင်က သုံးမယ်။ ကျွန်တော့် လုပ်စာကို ကျွန်တော့်ချစ်သူကို ယူသူက သုံးမယ်။ ကျွန်တော်မခံနိုင်ဘူး။ ကျွန်တော် စိတ်သဘော မကြီးနိုင်ဘူး။ အထွေး၊ သိပ်မိုက်တဲ့ အထွေးကလေးဘဲနော်။ ကျွန်တော့် အနီးအနားမှာများ ရှိရင်လေ၊ အထွေးကို လည်စေ့ညှစ်ပြီး ကျွန်တော့်ကို ချစ်တယ်ဆိုတဲ့စကားကို ထုတ်ယူချင်တယ်။ အထွေး၊ အထွေးကို ကျွန်တော်တကယ်ချစ်တာ"

ဦးလေးသောင်းသည် လက်လျှော့လိုက်ရလေ၏။ ညွန့်မောင်လုပ်ချင်တာလုပ်အောင် ခွင့်ပြုထားလျှင် ကောင်းဦးမည်ထင်၏။ ညွန့်မောင်သည် လုပ်ချင်တာ လုပ်နေရက သူ့ အသည်းနှလုံးကို မီးဖိုထိုး၍ မီးရှို့၍နေသော အထွေးပြဿနာကို မေ့ကောင်းမေ့ သွားလိမ့်မည်။

ညွန့်မောင်သည် ထိုနေ့အဖို့ တနေ့လုံး ခင်ထွေးနှင့် ဦးဘဆင်တို့အကြောင်းကို သတိရနေပြန်၏။ ဖျောက်၍မရသဖြင့် လှလှတို့ထံသို့ ထွက်လာခဲ့၏။ လှလှကား အော်ဒါလိုက်သွားသည်ဟု သိရ၏။ ညွန့်မောင်သည် ဒေါသအမျက် ချောင်းချောင်းထွက်၏။ 'ဒီကောင်မက ဘာ့ကြောင့် တခြား လိုက်





သွားရတာလဲ။ ငါ့ကိုဒင်းက ချစ်တယ်ဆို။ ခုတော့ တွေ့ကရာလူတွေနဲ့ လိုက်သွားပြီး။ ဒင်းဟာ တကယ့်ဖာသည်မကြီး ပါလား' ဟု ဆင်ခြင် သုံးသပ်မိပြီးနောက် ကိုမြဆောင်ထံသို့ သွားလေ၏။

ကိုမြဆောင်နှင့် ညွန့်မောင်တို့သည် ထိုနေ့ညအဖို့ အတင်ဆိုသော မိန်းကလေးတယောက်နှင့် ပျော်ကြ၏။ အတင်ကား စကားမတတ်၊ သီချင်းမဆိုတတ်။ မေးတခွန်း၊ ပြောတခွန်းဖြင့်သာ ဖျော်ဖြေတတ်၏။ ကိုမြဆောင်ကား အထင်ကို များစွာ သဘောကျ၏။ အကြောင်းမူကား အတင်၏ မသိ မလိမ်မာခြင်းသည် အတင်၏ ဖာသည် ဝါနုခြင်း၊ လတ်ဆတ်ခြင်းကို သက်သေ ထူသောကြောင့်တည်း။ ညွန့်မောင်ကား လှလှကိုသာ သတိရနေ၏။ လှလှသာ သူ့ စိတ်ပျော်အောင် တတ်နိုင်သည်ဟု ယူဆလေ၏။ လှလှ သူများနောက် မလိုက်အောင် စီမံလို၏။

"ကိုညွန့်မောင် မလုပ်နဲ့။ လှလှက ဝါရင့်လှပြီ။ တော်တော်ကြာ ခင်ဗျားထိနေအုံးမယ်။ ခင်ဗျား 'ကို' လုပ်ထားချင်ရင် ကျွန်တော် ရှာပေးမယ်"

ထိုအတောအတွင်း ညွန့်မောင်သည် မိန်းမ အမျိုးမျိုးကို တွေ့၏။ အချို့ကား အလုပ်ဝတ္တရားကို နားလည်ပြီး ဖြစ်သဖြင့် အမျိုးမျိုး ဖြေဖျော်စွမ်းနိုင်၏။ အချို့ကား ငှက်ပျောတုံးကြီးနှင့် ဆက်ဆံရသည်နှင့်တူ၏။ အချို့ကား ဓါးရေ လိုက်လာပြီး ငိုယိုကာ ၎င်းတို့၏ဒုက္ခကို တိုင်တန်း ပြောဆိုသဖြင့် မိမိကပင် ချော့လိုက်ရသေး၏။ တွေ့သမျှ မိန်းမရှင်တို့၏ ရာဇဝင်ကို လှန်ကြည့်လိုက်က တခုသောအကြောင်းသည် ထင်ရှား၏။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးလိုလို ငွေရေး ကြေးရေး ကြပ်တည်းသဖြင့် ထိုအလုပ်ကို လုပ်ကြခြင်းဖြစ်သည်။ ဖာအလုပ်၏ ရေသောက်မြစ်မှာ ဆင်းရဲခြင်းဖြစ်၏။

မိန်းမရှင်တို့သည် များသောအားဖြင့် သူတို့၏ လတ်ဆတ်ကြောင်းကို နည်းအမျိုးမျိုးဖြင့် လိမ်လည် ပြောဆိုကြ၏။ အကြည်ဆိုသော မိန်းကလေးကား အပျိုအစစ်ဘဝမှ ချက်ချင်း မိန်းမရှင်ဖြစ်လာသည်ဟုဆို၏။ သူ့ကို မိဘများက သူ မကြိုက်သော ယောကျ်ားနှင့် ပေးစားလေသည်။ မင်္ဂလာဆောင်သောညတွင် ထိုယောကျ်ားအား ပေါင်ကိုဓားနှင့်ထိုးပြီး ရန်ကုန်သို့ထွက်ပြေးလာသည်။ ရန်ကုန်တွင် အရိုးအေတယောက်နှင့်နေ ... များစွာချို့တဲ့ ဆင်းရဲသည်။ လွှတ်တော်အတွင်းဝန်တယောက်နှင့် ဖာညလိုက်သွားလျှင် ငွေခြောက်ဆယ်ရမည်ဆိုသည်။ ငွေလိုချင်သဖြင့် လွှတ်တော်အတွင်းဝန်အိပ်ခန်းတွင် ဒုတဆက်ဆက် တုန်အောင် ကြောက်လန့်နေခဲ့သေးသည်။ အတွင်းဝန်နှင့် သုံးလေးခါလိုက်ဖူးသည်။ ဒုတိယတွေ့ဘူးသူကား ညွန့်မောင်ဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် ညွန့်မောင်သည် အကြည်၏ သန့်စင်လတ်ဆတ်ခြင်းကို ယုံကြည်ပြန်လေ၏။ အကြည်ကား အယုအယတွင် လုလုလောက်နီးနီး တော်လေ၏။ ထို့ကြောင့် ညွန့်မောင်သည် အကြည်ကို လခပေး၍ အမြဲတမ်းငှားရမ်းထားလိုက်လေ၏။ဆက်ဆံသောအခါ၌ အကာအကွယ်မသုံးဘဲ မိန်းမကောင်းကို ဆက်ဆံသကဲ့သို့ ဆက်ဆံလေ၏။ ညွန့်မောင် အကြည်ထံမှ ယူထားသော ကတိမှာ သူတပါးနှင့် မလိုက်ပါဟူသော ကတိဖြစ်၏။ အကြည် ညွန့်မောင်ထံမှ ယူ





ထားသောကတိမှာ လစဉ် ငွေမှန်မှန်ပေးပါမည်ဟူသော ကတိဖြစ်၏။ ညွန့်မောင်ကား ကတိတည်၍ အကြည်ကား ကတိမတည်။ ညွန့်မောင်သည် တညသော် အကြည်ထံ သွား၏။ အကြည်ကိုမတွေ့။အကြိမ်ကြိမ်ထိုညတွင်ဆက်သွား၏။အကြည်ကို မတွေ့။ ညွန့်မောင်သည် လှလှအိမ်သို့ သွားလေတော့၏။ လှလှကား စိတ်ပါလက်ပါကြိုဆို၏။ ညွန့်မောင် သူ့ထံ မလာသည်ကို အပြစ်ဆို၏။ ညွန့်မောင်အား မည်သို့သတိရကြောင်း သက်သေ သက္ကာယ ထုတ်၍ပြ၏။ ညွန့်မောင်ကို တွေ့သဖြင့် လှလှသည်များစွာပျော်သွားပုံရလေ၏။ညွန့်မောင်လည်း လှလှအား သတိအမြဲရကြောင်း၊ ချစ်ကြောင်းပြောပြီး ထိုနေ့ညလှလှတို့အိမ်တွင် အိပ်လေ၏။ လှလှထံမှ အကြည့်အကြော င်းသိရလေသည်။ အကြည်သည် နာမည်ကျော် မိန်းမရှင်ကလေးဖြစ်ကြောင်း၊ ညွန့်မောင် သူ့အား လခပေးထားသည်ကို အရပ်ထဲတွင် လျှောက်ကြွားကြောင်း၊ ညွန့်မောင်မသိအောင် အခြားလူများနှင့် အော်ဒါလိုက်ကြောင်း၊ လှလှပင် အကြည်ကို ခေါ်၍ ထည့်ရသေးကြောင်းများကို စုံလင်စွာ သိရလေသည်။ ညွန့်မောင်သည် ထိုသို့ဖြင့် လှလှနှင့် ပြန်ပေါင်းထုပ်ရလေသည်။ လှလှကို လခပေး၍ အပျော်မယားအဖြစ်ဖြင့် ထားပြန်လေသည်။

သို့ဖြင့် ဦးဘဆင်ထံမှ အလုပ်ထွက်ခဲ့ပြီး ညွန့်မောင်သည် ပြည့်တန်ဆာတို့ လက်တွင်း မိမိ၏ ပျော်ရှင် ချမ်းသာရေးကို အပ်ထားလေ၏။ သို့သော် ရှုံညွန်နှင့်တူသော ပြည့်တန်ဆာမတို့နှင့် ချစ်ရေး၊ ကြိုက်ရေး၊ ပျော်မြူးရေးကြားမှ ပွင့်ရှက် ဝေ



www.burmeseclassic.com

www.burmeseclassic.com



ဆာသည့် ကြာပန်းပွင့်သကဲ့သို့ အထွေးကိုချစ်သော ဖြူစင်စွဲမြဲသည့် အချစ်ပန်းသည် ပွင့်လန်းမြဲ ပွင့်လန်းလျက် ရှိပေသည်။ အို အထွေး။ အသားပါပါနှင့် စကားမာသော အထွေးကလေး။ ဖေဖေသဘောတူပါလျှင် ကြည်ဖြူနိုင်ပါသည်ဟု ပိုင်ပိုင်ညာလျက် ထမင်းရည်ပူလာ လျှာလွှဲသော အထွေး။ ပြည့်တန်ဆာ ပင်လယ်ကြောတွင် နစ်မျောလျက်ရှိသော မောင့်ကို သဘောဖြောင့် ကရုဏာဖြင့် ယူပါ၊ ယပါ၊ ကယ်တင်ပါ

၆

ညွန့်မောင်သည် ကိုယ့်ကိုယ်ကို ပဲ့မကိုင်နိုင်ဘဲ ပြည့်တန်ဆာ ပင်လယ်ကြောတွင် နစ်မျော၍နေသည်မှာ ခြောက်လတိုင်ခဲ့ပြီ။ ဂရုဏာဖြင့် ယုယကယ်တင် ဆင်ခြင်ဉာဏ်ပေး ချစ်ရေးဖြင့် ပဲ့ပြင်မည့်သူကား မပေါ်လာ။

ပေါ်လာသည်မှာကား ဆစ်ဖလစ်ပိုးတို့သာဖြစ်၏။ ဆစ်ဖလစ်ပိုးများသည် ပြည့်တန်ဆာမတို့ကဲ့သို့ပင် မာယာဉာဏ်အကင်းပါးကုန်၏။ ရှေးဦးစွာ မထင်ရှားလှသော ရှန်ကာအနာအသွင်ကိုဆောင်၍ ပေါ်လာ၏။ ကာလသားရောဂါနှင့် ဘာမျှမဆိုင်သောအပွန်းအပဲ့၊ပရွက်ဆိတ်ကိုက်ရာစသည်တို့နှင့် သာတူသဖြင့် ပစ်ထား၏။ ပထမသော် သူ့ဖာသာသူ ပျောက်၏။ နောက် ပြန်ပေါ်လာ၏။ သို့သော် ရှန်ကာသည် ဆေးမြီးတို အမှုန့်ကလေးတို့ကို မြင်လျှင်ပင် ကြက်ပျောက် ငှက်ပျောက် လွင့်ပြေး၏။ ၎င်းနောက် သြောင်းကျဟူသော ဂန္ဓီ





ယာသည် စစ်သည် တပ်သား အလုံးအရင်းနှင့် ကျဆင်းလာပြန်လေ၏။ သို့သော် ဆီးဆေး ကောင်းကောင်း သုံးခွက်လောက်ဖြင့် ခုခံလိုက်သည်၌ တပ်တောင်တာ ဗိုလ်ထုနှင့် လူစု၍ နောက်ဆုတ်သွားကြလေ၏။

ညွန့်မောင်သည် ဆစ်ဖလစ် ရောဂါကား ကြောက်ဖွယ်ဘာမျှမရှိ။ ဤသည် ဤမည်သော ဆေးကလေးတို့ကို သုံးလိုက်လျှင်ပင် ဒင်းတို့ ရန်ကိုတော်လှန်နိုင်သည်ဟု ထင်မှတ်လျက်ရှိ၏။ သြောင်းကျခြင်း ရပ်စဲလေလျှင် သူ့ကိုယ်သူ စင်ကြယ်ပြီဟု ထင်နေလေ၏။

သို့သော် ညွန့်မောင်တွင် ဝေဒနာတခုကား ကပ်လာ၏။ သူ့အဆစ်အရင်းတို့သည် ကိုက်၏။ နာ၏။ ခဏခဏထိုး၍ကိုက်ဖတ်၏။ သြောင်းညာခြင်း၊ သွေးမလျှောက်ခြင်းကြောင့် ဖြစ်သည်ဟု ဆရာယောင် တယောက်ကပြောသဖြင့် လမ်းလျှောက်ခြင်းဖြင့် ထိုဝေဒနာကို ကုနေရ၏။

တညနေစောင်းတွင် ညွန့်မောင်နှင့် ဒါရိုက်တာထွန်းမြင့်တို့သည် လမ်းလျှောက်နေကြ၏။ ညွန့်မောင်ကား မလျှောက်နိုင်လျှောက်နိုင် အားခဲ၍ ချည့်နည့်စွာလျှောက်နေ၏။ သူတို့သည် လမ်း၏ ဗယ်ဘက်မှ ညာဘက်သို့ ကူးကြ၏။ နောက်မှ ကားတစင်း ပြေးလာသဖြင့် ညွန့်မောင်သည် လမ်းကို အပြေးကူးလိုက်ရာ လမ်း၏ညာဘက်တွင် ဒူးထောက်၍ လဲလေ၏။ ထွန်းမြင့်ကား ညွန့်မောင်၏အဖြစ်ကိုကြည့်၍ ရယ်လေ၏။ ညွန့်မောင်ကား ရှုံ့မဲ့ကာ မြေတွင် လက်ထောက်လျက်နေ၏။ ထွန်းမြင့်ကား ညွန့်မောင်သည် သူ့ဖာသာသူ မတ်မတ် ရပ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်လိမ့်မည်အထင်နှင့် မကူညီဘဲ ရယ်၍သာ နေလေ၏။ ညွန့်မောင်သည်စုပ်တသပ်သပ်ဖြင့် လက်ဖြင့်ပင် မထောက်နိုင်တော့ဘဲ ပုံလျက်လဲသွား၏။ ထိုတွင်မှ ထွန်းမြင့်သည် ပြေးပွေ့ရာ ညွန့်မောင်က

"နာလိုက်ထာ ကိုထွန်းမြင့်ရာ၊ ကျွန်တော်ဖြင့် မျက်စိထဲ မီးပွင့်သွားတယ်မှတ်တယ်။ ကျွတ် ကျွတ်။ ကျွန်တော် မထနိုင်တော့ဘူး" ဟု ပြောလျှင် ထွန်းမြင့်ကား အံ့အားသင့်သွား၏။ ညွန့်မောင်၏ ရုပ်ကိုကြည့်သဖြင့် တကယ်မထနိုင်သည်ကို တွေ့လေ၏။ ညွန့်မောင်သည် တချက် တချက် မီးစနှင့် အထိုးခံရသူကဲ့သို့ မဲ့ကာ ရွဲ့ကာ ကော့၍ ကော့၍ ထိုးလေ၏။ ဒူးဆစ်ထဲမှ ကိုက်သည်ဟု ညည်းရှာ၏။ ထိုအခိုက် လူတယောက် မော်တော်ကား အတိုက်ခံရပြီဟုပြောပြီး လူအများ ဝိုင်းလာလေ၏။ "တိုက်တဲ့ကား ဘယ်မှာလဲ" ဟု မေးသူက မေးကြ၏။

တချို့ကား "မော်တော်ကားတိုက်တာမဟုတ်ဖူး။ သူ့ဖာသာသူ လဲသွားတာ" ဟု ရှင်းလင်းရင်း ရှုတ်ရှက်ခတ်နေကြပြန်၏။

ထွန်းမြင့်သည် လူများကိုရှင်းပြီး ညွန့်မောင်ကို ဆိုက်ကား တစီးပေါ်သို့ ပွေ့တင်၍ အိမ်သို့ပြန်၏။ ဆိုက်ကားသမားက အကျိုးအကြောင်း မေးပြီးနောက် "ဟာ လဲရုံဖြင့် ဒီလောက် ဘယ်နာမလဲဆရာ။ မြေကိုင်သွားတာဘဲဆရာ" ဟု ထင်မြင်ချက်ပေးလေ၏။ မြေကိုင်လျှင် မြေနတ်ကို မည်သို့မည်ပုံ ပူဇော်က ပျောက်မည်ဟု ဆိုက်ကား သမားက





အကြံပေးလျှင် စိတ်အား ငယ်နေရှာသော ညွန့်မောင်လည်း ယုံရှာ၏။

"ကိုထွန်းမြင့်၊ မြေနတ်ကို ပသပေးပါလားဗျာ။ အမယ်လေး သိပ်နာတာဘဲ။ဆိုက်ကား ဖြေးဖြေးနင်းဗျာ။ဆောင့်ရင် မခံနိုင်ဘူး"

"ပူဇော်တာပေါ့။ ဒါပေမယ့် ခင်ဗျားကို ကျွန်တော့်ဆရာ ဆေးရုံခေါ်ရမယ်"

ထွန်းမြင့်သည် ညွန့်မောင် ကျေနပ်စေရန် ဆိုက်ကားသမားကို ငွေတမတ်ပေးပြီး မြေနတ်ပူဇော်ပေးပါဟု တောင်းပန် လေ၏။

အိမ်သို့ ရောက်သောအခါ ထွန်းမြင့်သည် ညွန့်မောင်အား ကားပေါ် ပွေ့တင်၍ ဆေးဆိုင်သို့ မောင်းသွားလေ၏။ ဦးလေး သောင်းလည်း ပါလာ၏။ တလမ်းလုံး ညွန့်မောင်အား ကိုက်တယ် ကိုက်တယ်နှင့် ညည်းလာလေ၏။ ဆေးဆိုင်ရောက်သော် ညွန့်မောင်၏ဒူးမှာ အတော် ရောင်၍ နေလေပြီ။ ဆရာဝန်မလာခင် အနည်းငယ် သက်သာရာရအောင် ရေနွေးချပ်ထုပ် ထိုးပေးကြရ၏။ ဒူးမှာ ကြည့်ရင်းကြည့်ရင်း ရောင်လာရာ ခြေသလုံးသို့ပင် ကူးပြန့်သွား၏။

ဆရာဝန် ရောက်လာသောအခါ ညွန့်မောင်ကို စမ်းသပ်ကြည့်လေ၏။ ဆရာဝန်တို့၏ အဆောင်အယောင် နားကျပ်ဖြင့်၎င်း၊ ခေါက်တံကလေးဖြင့်၎င်း စမ်းသပ်ကြည့်ရှု၏။ ဆရာဝန်သည် ၎င်းနည်းနေက ညွန့်မောင်တို့ အဖြစ်အပျက်ကို မေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေ၏။ ဆရာဝန်သည် နားမလည်နိုင်ဟန်ဖြင့် အတန်ကြာ တွေဝေ စဉ်းစားပြီးနောက်

"ညောင်းကျဘူး သလား" ဟု မေး၏။

"ကျဘူးတယ်" ဟု ထွန်းမြင့်က ဝင်၍ဖြေ၏။

"ဆေးထိုးသလား"

"မထိုးဘူးဆရာ" ဟု ညွန့်မောင်က ဖြေ၏။

နောက်ဆုံးတွင် ဆရာဝန်က ညွန့်မောင်၏ ရောဂါသည် ကာလသား ရောဂါဖြစ်သည်ဟု စီရင်ချက် ချမှတ်လေ၏။ ဆေးရုံတက်မှ ရောဂါ ကင်းကင်းရှင်းရှင်း ပျောက်မည်၊ သွက်ချာပါဒ လိုက်မသွားလေမည်ဟု သိရလေ၏။ ဦးလေးသောင်း၊ ထွန်းမြင့်နှင့် ညွန့်မောင်တို့သည် အံ့အားသင့်လျက်ပင် အိမ်သို့ပြန်ကြလေ၏။ သုံးဦးသား ညွန့်မောင်၏ ရောဂါ အခြေအနေကို လေးအက်လေးတန် ဆွေးနွေး ငြင်းခုံကြပြီးနောက် ဦးလေးသောင်းက ရောဂါဖြစ်သည့်အတွက် ဘယ်သူ့မျှ အပြစ်မတင်ရ၊ မိမိကိုယ်ကိုသာ မိမိ အပြစ်တင်ရမည်ဟု ညွန့်မောင်အား ဆုံးမလေ၏။

"ပထမဆုံး အကြီးဆုံး အပြစ်ကတော့ မင့်စိတ်ဟာ ပျော့တာဘဲ။ အားငယ်တတ်တယ်။ စိတ်ပျော့တယ်။ ဦးဘဆင်ရဲ့ သမက် မတော်ရဘူး၊ ခင်တွေးနဲ့ မညားရဘူးဆိုတဲ့ စိတ်ဒုက္ခကို ယောက်ျားပီပီ တင်းမခံနိုင်ဘူး။ ဒင်းမရ ဒင်းထက်သာတာ ရှာယူမယ်ဆိုတဲ့ မာနမရှိဘူး။ ဒါဟာ ဘယ်သူ့ အပြစ်မှ မဟုတ်ဖူး။ မင့်အပြစ်။ မဟုတ်ဖူးလား မောင်ထွန်းမြင့်"





"ဟုတ်ပါတယ်။ မရလဲ ဘာအရေးလဲဗျာ။ မိန်းမဆိုတာ ဘယ်လိုဟာရရ ကိုယ်က လုပ်ကျွေးရတာချည်းဘဲ။ သူဌေးသမီးရတော့ သူဌေးလောဘနဲ့ ပိုပြီး အလုပ် လုပ်ရပြန်တာဘဲ"

"ကျွန်တော်က ချစ်တာကို လိုချင်တာကိုးဗျ"

"အေး၊ မင်း ချစ်နေချစ်နေ။ ဟိုကမှ မချစ်ပါဘူးဆိုနေတာဘဲ။ မင်း ဒီလိုရူးလို့ ခုလို လာဖြစ်ရတာ" ဦးလေးသောင်းတွင် မဖြစ်စဖူးဒေါသဖြစ်လာသည်ကိုတွေ့သဖြင့် ညွန့်မောင် ညှိုးငယ်စွာ ဘာမျှ မပြောဘဲ ကြည့်နေ၏။

"နောက်တချက်က ဦးလေးသောင်းရဲ့ ကိုညွန့်မောင်ဟာ ဖာသယ်မတွေပြောတဲ့ စကားတွေကို သိပ် ယုံစားတာဘဲဗျ။ အကောင်းတွေ၊ စင်စင်ကြယ်ကြယ်တွေ ထင်ပြီး အကာအကွယ် ဘာမှ မလုပ်ဖူး။ ကိုယ်ပိုင်မယား ဆက်ဆံတာလို ဆက်ဆံတယ်ဗျ"

"ပြီးတော့ မောင်ထွန်းမြင့်ရဲ့ မောင့် သူငယ်ချင်းက ခေတ်ပညာတတ်ဆိုပြီး ပရုတ်သုတ်ခဆေးတွေ သိပ်ယုံတာဘဲ။ စောစောက ရောဂါနုစဉ်က ဆရာဝန်ဆီ မသွားဘူး။ ရောဂါ ဖြစ်တာကို ဖုံးလို့ ကွယ်လို့တောင် ထားသေးတယ်။ ခု သူ့ ကြည့်ပါအုံး။ အရင်တုန်းကနဲ့ များမကွာလား။ ပိန်ချုံးလို့။ ဒီစိတ်ချည်း စွဲနေတော့ ကောင်းကောင်း မအိပ်၊ မှန်မှန် မအိပ်၊ ကောင်းကောင်းမစား၊ မှန်မှန်မစားနဲ့ နေလာတာ ခြောက်လကျော်ပြီ။ ဒီတော့ ပိန်တာပေါ့။ ပိန်ပြီဆိုတော့ ကိုယ်တွင်းမှာရှိတဲ့ ရောဂါပိုးတွေရဲ့ ဒဏ်ကို ခံနိုင် ဖြိုဖျက်နိုင်တဲ့အား မရှိတော့ဘူးပေါ့။ ကဲ ခု လာဖြစ်ပြီ။ ဒီပြင်ဟာ ဘာပျက်ပျက် ကိစ္စမရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးပျက်တော့ခက်ပြီ။ မောင်ထွန်းမြင့် ဘယ့်နှယ်လုပ်မလဲ"

"ဆေးရုံကို ပို့တာပေါ့။ ကျွန်တော်လဲ လိုက်တက်နေမယ်"

"ဆေးရုံတက်ရင် ရှက်စရာကြီး ကိုထွန်းမြင့်ရယ်"

"ရှက်တာနဲ့ သွက်ချာပါဒဖမ်းပြီး နာတာရှည် ကိုယ်တပိုင်းသေသွားမယ်။ လုပ်တုန်းက မရှက်၊ ခုမှ မရှက်နဲ့ ကိုညွန့်မောင်။ ကျုပ်ရော ဆေးရုံ တက်ပါမယ်"

စာရေးဆရာ ထွန်းမြင့်တွင် အယ်လဆာခေါ် အနာကြီး တခု ရင်ပပ်တွင် ရှိ၏။ သေမသန့်ရှင်းသဖြင့် ထိုအနာသည် နာတာရှည်ဖြစ်နေ၏။ ဆေးရုံတွင် အနားယူ၍ ကုသပါလျှင် မကြာမီပျောက်မည်ကို သိလျက် ဆေးရုံမတက်ဘဲ နေခဲ့သည်။ ယခုမူ မိတ်ဆွေ ညွန့်မောင် အားရှိစေခြင်းငှာရင်း၊ အဖော်အလျော်နှင့် ဆေးရုံတွင် ပျော်ရွှင်စွာ နေနိုင်မည်ကို တွေးထင်မိသဖြင့်ရင်း ဆေးရုံတက်ရန် ဆုံးဖြတ်လေ၏။

"ကိုထွန်းမြင့်၊ ခင်ဗျား မရှက်ဖူးလား"

"ဘာရှက်ရမလဲဗျ။ သူများ သားပျို သမီးပျိုတွေ၊ သူများ သား မယားတွေကို ကျူးလွန်ပြီး အချောင်စံနေတဲ့ လူတွေထက်တော့ ကျုပ်တို့ အပြစ်က သက်သာပါသေးတယ်။ ပြီးတော့ ခင်ဗျားတွေ့တဲ့ လူတိုင်း မေးကြည့်။ တရာမှာ ၉၀ ဟာ ဒီရောဂါ ရှိသူ ရှိဘူးသူများဖြစ်တာ တွေ့ရမယ်။ တချို့က ပုန်းကုတယ်။ တချို့က ပြောင်ကုတယ်။ ပြောင်ကုတာက ပိုပြီး ပျောက်လွယ်တယ်။တက်ရမယ်၊ နက်ဖြန် ဆေးရုံတက်ရ





မယ်။ကိုညွန့်မောင် ခင်ဗျား မှားခဲ့လို့ပြီ။ ဒီတခါ မမှားရဘူး။ မိန်းမဆိုရင် ဘယ်မိန်းမကိုမှ မယုံနဲ့။ ဘယ်သူမှ စကားအမှန် မပြောဘူး။ မိန်းမကောင်းဖြစ်ဖြစ်၊ ဖာသယ်မဖြစ်ဖြစ် အမှန် မပြောဘူး။ ဒါမှတ်ထား။ ဒါစွဲထား"

နောက်တနေ့တွင် ညွန့်မောင်တို့သည် ရန်ကုန်ဆေးရုံကြီး၏ ဆာကူလာဝဒ် ခေါ် ကာလသားရောဂါ ရပ်ကွက်သို့ ရောက်ကြလေ၏။ ညွန့်မောင်သည် ဆေးရုံတက်ရသော အချိန်ကစ၍ အသိဉာဏ်သစ်တခုကို ရထားလေ၏။ ထိုအသိဉာဏ်ကား မိန်းမတို့၏ စကားကို မယုံထိုက် ဟူသော အသိဉာဏ် ဖြစ်သတည်း။

၇

မိုးဖွဲကလေးသည် အဆက်မပြတ် ရွာသွန်းလျက်ရှိ၏။ လောကဓာတ် တခုလုံးသည် မှောင်မဲလျက် ရှိခဲ့၏၊ နေမင်းသည် နေ့ခင်း ကြောင်တောင်၌ပင် အရောင်ထွက်ပြု မျက်နှာမူ၍ ကမ္ဘာသူ ကမ္ဘာသားတို့အား ပြစားခြင်း မပြုနိုင်ရှာ။မိုးအုံ့သည်။မိုးဖွဲကျသည်။ မိုးပြင်းထန်စွာ ရွာသည်။ မိုးသည် အသွင်သုံးမျိုးဖြင့် အဆက်မပြတ် ကြီးစိုးနေခဲ့သည်။ အေးမြစိုထိုင်းသော လေသည်လည်း ဖြည်းစွာ ဆော်သွင်းလျက် ရှိခဲ့သည်။

ထိုနေ့၏ရာသီဥတုသည် ဆာကူလာဝဒ် ခေါ် ဆောင်ဝိုင်းသား လူနာများအား အပျင်းဓာတ်ကို ပေးလေ၏။ ဆေးရုံဆိုသည်မှာ နဂိုကပင် ပျင်းရိငြီးငွေ့ဘွယ် ကောင်း၏။ မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



သားချင်းတို့နှင့်လည်း ကွဲနေရသည်။ ဟိုဟို သည်သည်လည်း မသွားနိုင်။ ထိုအချိန် ထိုအချိန်တွင် ထိုအစာ ထိုအစာကို စားရ၍၊ ဤအချိန် ဤအချိန်တွင် ဤဆေး ဤဆေးကို သောက်ရသည်။ အပြောင်းအလဲမရှိ။ အထူးအဆန်းမရှိ။ တရောင်တသွေးတည်းသာ ရှိသော လောကတည်း။ လူတိုင်း လူတိုင်း ဖြူသောဖောင်းဘီ၊ ဖြူသော အင်္ကျီကို ဝတ်လျက် မဲသော စောင်ကို ခြုံသည်။ လူတိုင်း လူတိုင်း ပန်းကန်တူ ခွက်တူဖြင့် စားသောက်ကြရသည်။ လူနာများမှာ လောကဓာတ် ဥတု၏ အရှိန်နှင့် ဆေးရုံ၏ အရှိန် ဟပ်သဖြင့် နှစ်ထပ် နှစ်လီ အပျင်းဆိ ဝင်နေ၏။

လူသစ် ဖြစ်သော ညွန့်မောင်တို့အဖို့ သာ၍ ဆိုးလေ၏။ ညွန့်မောင်သည် စောင်ခြုံလျက် အိပ်ရာတွင် ကွေးရင်း စာအုပ်ထဲသို့ အပျင်းများ ထုတ်လေ၏။ အတန်ကြာသော် မျက်စိလေးလာပြီး မေးတာနဲ့ မှိန်းသွား၏။

ဇွဲဘိုယခေါ် မိန်းမတို့သည်၊ လေနှင့် မြင်းလို မယွင်းဘဲတူညီ၊ ပဲ့ကိုင်ရာ လူနောက် စီးရာကိုသာ ပါတတ်သည်၊ ရှေးအခါ တုန်းဝယ် တိုင်း မာရကာသီ၊ သုရောနန္ဒီဒေဝီ မိဖုယားတို့လို သူတို့ စိတ်မတည်၊ ချစ်သူတွေ့သော် ထင်ရာပြုလို့ ဒီလင်ကြီးကို ပစ်၍သာ စွန့်ကန် ထွက်သွားပြီ၊ စိမ်းကားရက်စက် ပါလှသည်။

ရုပ်ရှင်မင်းသား ခင်မောင်ရင် ကိုယ်တိုင် သီဆိုသလောက် သာယာကြည်လင် နစ်ပီယံ ဖြစ်လှသော သီချင်းသံသည်





ညွန့်မောင်အား မှိန်းရာမှ မှိုင်၊ မှိုင်ရာမှ ထိုင်၊ ထိုင်ရာမှ မြူး၊ မြူးရာမှ ချို၊ ချိုရာမှ အေး၊ အေးရာမှ ဆွေးတော့သည်။ ထနေခင်းပင်တွင် ချိုးညီနောင် ကူချွဲသံသည် လျှောက်ပတ်၏။ ရွက်ဟောင်းတွေကြွေ ရွက်သစ်တွေ ဝေသော တပေါင်း တန်ခူးတွင် ကျူးရင့်သော ဥဩသံသည် လျှောက်ပတ်၏။ မှိုင်းမှိုင်းညို့ညို့နှင့် တစိုစို့နေသော ဥတုတွင် ဤသီချင်းသံသည် လျှောက်ပတ်၏။

မိန်းမဆိုတာ ဆောင်းလေပမာညီ၊ အတွင်းသဘောတွေ မတည်၊ ပြောင်းလဲတတ်သည်၊ မောင့်အချစ်ဆုံးမြဟာ အဓိုးမထိုက်ပြီဖြစ်ဖြန်ရတော့သည်၊ ယခု ဘဝ အတည်၊ ခင်မောင်ရင် တကိုယ်တည်း အရှုံးကြီးပမာ ဖြစ်ကာ ဇာတ်သိမ်းမည်။

ထိုသီချင်းကို သီဆိုသူကား နံပတ်ရှစ် ကုတင်မှ အောင်ကင်းဖြစ်သည်။ အောင်ကင်းသည် သူ့ကုတင်တွင် ပက်လက်လှန်၍ လှဲရင်း ဆိုသည်။ သူသည် ခြေတဖက်ကို တွဲလွှဲချလျက် သံတလင်းတွင် ခြေဖျားဖြင့် တို့ကာ စည်းလိုက်သည်။ ညွန့်မောင်သည် သူ့အား ကြည့်နေရာ သူက သီချင်းအပြီးတွင် ပြုံးလိုက်သည်။ ညွန့်မောင်သည် စိတ်မပါဘဲ ပြုံးပြလိုက်ရင်း ညွန့်မောင်၏ စိတ်ကား သီချင်း၏ သဘောတွင် နစ်သွားလေပြီ။

'မိန်းမဆိုတာ ဆောင်းလေ ပမာညီ၊ အတွင်းသဘောတွေ မတည် ပြောင်းလဲ တတ်သည်။ ဟုတ်တယ်၊ ဟုတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းတွင်းလေများ ဟိုကလာချည်၊ ဒီက လာချည်နဲ့၊ တောင်က တိုက်မယ်ထင် မြောက်က လာ။ မြောက်ကတိုက်မယ်ထင် တောင်ကလာနဲ့။ ဇယ်ကောင်းတဲ့ ဥပမာ။ မိန်းမ ဆိုတာ ဒီသဘောဘဲပေါ့။ သူတို့ကို ယုံစားပြီး လုပ်ရင် လုပ်သူမှာ အရှုံး ဖြစ်တာဘဲ။ အထွေး။ ထမင်းရည် ပူလာ လျှာလွှဲတယ်ဆိုတဲ့ အထွေးရဲ့ အကိုကြီး အရှုံး ဖြစ်ပြီ။ အထွေးက ချစ်လိမ့်မယ်ဆိုတာ တထစ်ချ ယုံမိခဲ့လို့ အကိုကြီးရဲ့ အသည်းနှလုံးဟာ ကျွမ်းပြီ။ အထွေးရဲ့ ပြောပုံ၊ ဆိုပုံ၊ ရဲရင့်ပုံတွေကြောင့် အထွေးကို ဒီလောက်ယုံပြီး ဒီလောက် ချစ်မိတာ။ အကိုကြီးမှာ ရှိသမျှ အချစ်ဓာတ်၊ အကိုကြီး ထုတ်နိုင်သမျှ အချစ်အားနဲ့ အထွေးကို ချစ်မိတာဘဲ။ အချစ်ကြီးသလောက်၊ အယုံအကြည် ကြီးသလောက်၊ မြှော်လင့်ချက်ကြီးသလောက် အကျနာပြီ အထွေးရေ့'

ညွန့်မောင်သည် စောင်ကို ပြင်၍ ခြုံကာ ဘေးစောင်းအိပ်ပြန်၏။ တရွှဲ့ရွှဲ့ တဖျောက်ဖျောက် ကျနေသော မိုးသံနှင့်အတူတူ အထွေး၏ ငြင်းပယ်စကားတို့သည် သောတအကြည်ဓာတ်တွင်းသို့ တစိမ့်စိမ့် ဝင်နေလေ၏။

"နံပတ်ရှစ်၊ သူများတွေ အိပ်နေတယ်နော်၊ သီချင်း မဆိုနဲ့ အုံး။ ဟုတ်လားနော်။ ၂ နာရီထိုးတော့ ဆိုတာပေါ့။ ဟုတ်လားနော်"ဟု ကြည်လင်ငြင်သာသော အသံကို ကြားရသဖြင့် ညွန့်မောင်သည် နံပတ်ရှစ် ဆီသို့ ကြည့်လိုက်၏။ ကိုယ်လုံးဆွတ်ဆွတ်ဖြူသော၊ နွဲ့နှောင်းကြော့ရှင်းသော ဆရာမကလေးတဦးကို တွေ့ရ၏။ ဆရာမသည် ဖြူသော ခေါင်းစည်း





ဖြူသော အင်္ကျီ၊ ဖြူသော ခြေအိပ်၊ ဖြူသော ဖိနပ်တို့ဖြင့် တန်ဆာဆင်ထား၏။ ဆရာမကလေးသည် ဝါဝင်းသော အသားရှိ၏။ များစွာသော ကပြားမ တို့၏ ဖြူနီသော အသားနှင့်မတူ။ နဖူးပြင်မှာ ရွှေလွင်ပြင်နှင့် တူ၏။ ကွေးကွေး ကလေး၊ ရေးရေး ကလေး မျက်ခုံးတို့မှာ မဟူရာ ကျောက်လမ်းကလေးများနှင့် တူ၏။ ဝိုင်းစက်ကြည်လင်လင်ဖြစ်သော မျက်လုံးများမှာ ပယင်းတွင်းများနှင့် တူ၏။ ပေါ်လွင်ဖြောင့်စင်းသော နှာတံနှင့်၊ ချွန်သည်ဟုလည်း မဆိုနိုင်၊ ငေါ့သည်ဟုလည်း မရေးနိုင်၊ ပွသည် ဟုလည်း မတွေးနိုင်ဘဲ အချိုးကျသည်၊ လှသည်ဟုသာ ဆိုနိုင်၊ ရေးနိုင်၊ တွေးနိုင်သော နှာဝတို့သည် ရွှေတောင်၊ ရွှေဂူတို့နှင့် တူ၏။ နီရဲသော နှုတ်ခမ်းဖြင့် ဖြူစင် ညီညွတ်သော သွားတို့သည် ပတ္တမြားတောင်ကြားတွင် ပုလဲတွေ စီထားသည်နှင့် တူ၏။ ဆရာမကလေးသည် နံပတ်ရှစ်ကို ချော့မော့၍ ငြိမ်စေပြီး ဖိနပ်သံ မပေါ်အောင် ဖြည်းဖြည်းကလေးလျှောက်၏။ အဖြူဝတ်သည့် ဒေဝစ္စရာ နတ်မယ်လှသည် ပန်းမျိုးစုံပေါ်သည့် ပန်းတောပန်းမွေ့ရာတွင် ရွှရွှကလေးလျှောက်ကာ ဝမ်းစာရှာနေကြသော လိပ်ပြာကလေးများကို တစောင်းတစေ့ ကြည့်နေဘိ သကဲ့သို့ ဆရာမကလေးသည် လူနာများအခြေအနေကို ကြည့်ရှုနေသည်။ ညွန့်မောင်သည် မျက်စိကို မှေးပြီး အတွေးနယ် ချဲ့ပြန်သည်။ 'သူများတွေ အိပ်နေတယ်တဲ့။ တယ် ထောက်ညာတဲ့ ဆရာမကလေးပါလား။ အင်းလေ၊ သူ့ ဝတ္တရားမို့ ပြောတာပေါ့။ မိန်းမတွေကို အပြောနဲ့ အထင်ကြီးလို့ မဖြစ် ပါဘူး။ သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်နဲ့ အကဲမခတ်နိုင်ဘူး။ သူတို့လို အမျိုး မမှန်တဲ့ ကပြားမတွေ မပြောနဲ့၊ အမျိုးစစ်တဲ့ အထွေးကိုတောင် မယုံရဘဲဟာ။ အထွေး၊ အထွေး၊ ဘယ်လိုလုပ်ပြီး ဖျောက်ရပါ့မလဲ။ အချက်ရတိုင်း သူကလေးဟာ ပေါ်ပေါ်လာတာဘဲ။ မလာနဲ့၊ မပေါ်နဲ့၊ ငါမစဉ်းစားတော့ဘူး” ညွန့်မောင်သည် မျက်စိကို တအားကုန် စုံမှိတ်ပြီး အိပ်လေ၏။

“နံပတ် သုံး၊ နံပတ် သုံး။ ရှင့် အပူဒီဂရီ တိုင်းမလို့” ဟုခေါ်သံကြောင့် ညွန့်မောင်သည် နိုးလာ၏။ ယခင် ဆရာမကလေးသည် ပြုံးပြုံး ကလေးဖြင့် သူ့ကို ကြည့်နေသည်။ ဆရာမသည် ညွန့်မောင်ပါးစပ်ထဲတွင် ပြဒါးတိုင်ကို ထည့်ပေးပြီး ညာဘက်လက်ကို ယူ၍ သွေးစမ်း၏။ ဆရာမသည် နာရီကို ကြည့်လျက် သွေးခုန်သည်ကို ရေတွက်၏။ ညွန့်မောင်ကား ဆရာမမျက်နှာကို ငေးကြည့်နေ၏။ ညွန့်မောင်သည် မိမိ၏ နှလုံးသွေးခုန်သံကို ကြားနေသည်ဟု ထင်၏။ တမိနစ်ကြာလျှင် ဆရာမလေးသည် နာရီမှ ညွန့်မောင်၏ မျက်နှာသို့ ကူးပြောင်း၍ ကြည့်လိုက်၏။ စိန်သည် လျှပ်ရှား သွားလျက် အလင်းရောင်ဖြင့် ဟပ်မိသောအခါ ဖျပ်ကနဲလက်သွား၏။ သို့လက်၍ ထွက်လာသော စိန်ရောင်ကြောင့်ပင် လူတို့သည် စိန်ကို အာရုံ တပ်မက်မောကြ၏။ ထို့အတူ ဆရာမကလေး၏ မျက်လုံးများသည် နာရီဆီမှ ညွန့်မောင့်မျက်နှာဆီသို့ ကူးပြောင်းသွားသော တခဏ၌ ဆရာမအား စိုက်၍ ကြည့်နေခဲ့သော ညွန့်မောင်၏ မျက်လုံး အရှိန်ဖြင့် ဟပ်မိသောကြောင့် လက်ကနဲ ဝင်းကနဲ အရောင်ထွက်လာ၏။ ထိုလျှပ်တပြက်သော





ခဏအတွင်း ဝင်းလက်၍ သွားသော မျက်လုံး အရှိန်ကြောင့် ညွန့်မောင်သည် ဆရာမ၏ အလှခေတ် ရူပါရုံတွင် အာရုံ ကျွန်းမြုပ်မိလေသည်။

ဆရာမကလေးကား အခြားဖြင့် တစုံတရာ မှုမပျက်ဘဲ ပြဒါးတိုင်ကို ယူ၍ကြည့်ပြီး ခုတင်ခြေရင်းရှိ ဇယားကွက်တွင် ရေးမှတ်ကာ ထွက်သွားလေ၏။

မကြာမီ သူ့ခုတင်သို့ ဒါရိုက်တာထွန်းမြင့် ရောက်လာပြီး “ကိုညွန့်မောင်၊ ခုနင်က ဆရာမလေး သိပ်ချောတာဘဲဗျ။ ရုပ်ရှင်ထဲ သုံးရရင် ဘယ်လောက်ကောင်းမလဲ”

“အို ခင်ဗျားကလဲ ရုပ်ရှင်ထဲ သွင်းပြီး ဖျက်ဆီးမလို့လား။ ခင်ဗျားတို့ ဒါရိုက်တာတွေဟာ သိပ် ဉာဏ်များတယ်”

“ကျုပ် ဒီလို မဖျက်ဆီးတတ်လို့ ဒီဆေးရုံရောက်တာပေါ့ဗျ။ အမှန်ကတော့ ရုပ်ရှင်ထဲမှာ ဒီအကျင့် ကျင့်ချင်တဲ့ သူတွေအဖို့ စားလမ်း သိပ်ကောင်းတာဘဲ။ တကယ်ပြောတာ၊ သိပ်ချောတာဘဲ။ ဗမာလို ဆင်လိုက်ရင် တော်တော်လှမယ့် ဟာကလေးဗျ။ ခုနင်က သီချင်းဆိုတဲ့ ကောင်လဲ အတော်ကောင်းတယ်။ အသံရော ရုပ်ရော”

“ဟုတ်တယ်။ ကျုပ်ဖြင့် သိပ်သဘော ကျတာဘဲ။ ခင်မောင်ရင့် အသံအတိုင်းဘဲဗျ”

“ကျုပ်သွားပြီး အသိဖွဲ့လိုက်အုံးမယ်”

ထွန်းမြင့်သည် နံပတ်ရှစ်မှ စောစောက သီချင်းဆိုသူထံသို့ သွားလေ၏။ ထိုသူနှင့် စကားအနည်းငယ် ပြောပြီး ထိုသူ



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ ခေါ်၍ ညွန့်မောင့် ခုတင်ဆီသို့ လာခဲ့ကြလေ၏။ နံပတ်ရှစ်သည် ခုံရှည်ကလေးပေါ်တွင် ထိုင်၏။ ထွန်းမြင့်ကား ညွန့်မောင်၏ ခုတင် ပေါ်တွင် ထိုင်၏။ ညွန့်မောင်က ခေါင်းရင်းတွင် မှီ၍ ထိုင်ရင်း

"ထိုင်ပါ ထိုင်ပါ။ ခင်ဗျားဆောက်တာ ဘယ်လောက်ကြာပြီလဲ"ဟု မေး၏။

"နှစ်လကြာပြီဗျ"

"ဟင်၊ ကြာလှချည်လား။ ခင်ဗျားရောဂါက ဘာလို့မို့ ဒီလောက်ကြာသလဲ"

"ဒီလိုကိုးခင်ဗျ။ ကျုပ်ဟာ ဖြတ်ပစ်ရတယ်"

"ဖြတ်ပစ်ရတယ်။ တယ်ခက်ထာဘဲ"ဟု ထွန်းမြင့်က ဝင်၍ အံ့ဩလိုက်၏။ ညွန့်မောင်ကား ခစ်ကနဲ ရယ်လိုက်၏။

"ဖြတ်ပစ်ရဆို ဒီလိုကိုးဗျ။ ကျုပ်ကိုက ရမ်းပါတယ်။ ကျုပ် မိန်းမသေတော့ စိတ်ညစ်ညစ် ရှိတာနဲ့ အပျော်လိုက်တာဘဲ"

"မိန်းမသေလို့ စိတ်ညစ်တယ်။ ဟုတ်လား"ဟု ညွန့်မောင်က မေး၏။

"ဟုတ်တယ်။ ကျုပ်တို့လင်မယား သိပ်ချစ်တာ။ ငယ်ငယ်က လေးက ခိုးပြေးပြီး အတင်းချစ်ကြတဲ့ လင်မယား။ သူ သေတော့ ကျုပ်မှာ မနေတတ် မထိုင်တတ် ဖြစ်ကျန်ရစ်တာကိုး။ ဒါနဲ့အပျော်လိုက်တာဘဲ။ မနားတမ်းဆိုသလိုကိုဗျ။ ပထမတော့ ရှန်ကာအနုကလေး နဲ့နဲ့ ရတာပါဘဲ။ ကျုပ်က ဂရုမစိုက်ဖူး။ ရှန်ကာရှိရက်နဲ့လဲ လိုက်တာဘဲ။ ဆေးမြီးတိုနဲ့ ပျောက်အောင်





ကုပြီး လိုက်မြဲ လိုက်ပြန်တာကိုးဗျ။ ဒါနဲ့ ရှန်ကာ အကြမ်း ဆိုတာ ရတာဘဲဗျ"

"ဘာဆေး ထဲ့သလဲ"

"လဖက်ရည်နဲ့ ဖန်ရေဆေး၊ တရုတ် ဖဆောင်းချက်တွေထဲ့။ ပျောက်ဘဲ မပျောက်နိုင်ဘူး။ ကြီးကြီးသာ လာလိုက်တာ အားလုံး စားကုန်ရောဗျာ။ တခြမ်းကုန်အောင် စားတော့ ဆေးရုံ လာတာဘဲ။ ဆရာဝန်က ဆေးရုံတက်ရမယ်ဆိုတာ မတက်ချင်တာနဲ့ အိမ်ပြန် ကုပြန်ရော။ ကုလို့ မပျောက်ဖူး။ ဆိုးသာ လာတယ်။ ဒါနဲ့ ဆီးတောင် သွားလို့မရတဲ့ ဘဝ ရောက်တာ ဘဲဗျ။ ကန်တော့ပါရဲ့၊ ယောကျ်ား ကိုယ်ပေါ်မှာ ခြစားထား သလိုဘဲ။ အပေါက် အပေါက် ဖြစ်နေတာဟာ ကျုပ်ဖြင့် ကြည့်မိရင် ခေါင်းကြီးကြီး သွားတာဘဲ။ ဆေးရုံပြေးလာတော့ ဘယ်နည်းနဲ့မှ ကုမရတော့ဘူး။ ဆေးထိုးရုံနဲ့လဲ မရ၊ ဆေး ထဲ့ရုံနဲ့လဲ မရ။ ဆီးပိတ်ပြီး သေမှာစိုးရလို့ မြန်မြန် ဖြတ်ပစ်ရ တော့တာဘဲ"

ညွန့်မောင်နှင့် ထွန်းမြင့်တို့သည် ဖိန်း ရှိန်း သွားကြလေ၏။ သူတို့မှာ ထိုသို့ မဖြစ်သဖြင့် တော်ပါသေး၏။ ဘုရား ဘုရား ဟု မြည်တမ်းကြ၏။

"တနည်းအားဖြင့်တော့ ကောင်းတာပေါ့ဗျ။ ဒီအမှု အတွက် နောက်ထပ် ကိစ္စမများရတော့တာပေါ့"ဟု ထွန်းမြင့် က နှစ်သိမ့်စေ၏။

"ခင်ဗျား ရုပ်ရှင်အလုပ်နဲ့တော့ သိပ်လိုက်တာဘဲ။ ခင်ဗျား ဒီပြင် မင်းသားတွေတော့ ထိန်းမရဘူး၊ ဒီလို မင်းသားမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ထိန်းရမှာဘဲ”ဟု ညွန့်မောင်က ပြောလိုက်၏။ ထွန်းမြင့်လည်း ပြုံးလျက် ရှိ၏။

“ခက်တယ်။ ရုတ်တရက် စဉ်းစားလိုက်တော့ ပြတ်နေတာဘဲ ကောင်းသလိုလိုဘဲပေါ့ဗျာ။ ဒါပေမယ့် တဏှာ ဆိုတာ ဒီနေရာကချည်း စဖြစ်ပွားတာ မဟုတ်ဖူးဗျ။ အပြင်လောကက ရူပါရုံ သဒ္ဒါရုံ စတဲ့ အာရုံတွေနဲ့၊ အာရမ္မဏ ပစ္စည်းတွေနဲ့၊ ကျွန်တော်တို့ ခန္ဓာကိုယ်တွင်းက စက္ခုသောတ စတဲ့ အကြည်ဓာတ်တို့ တွေ့ထိမှုက စပြီး ပေါ်လာတာ ကလား။ အသက်နဲ့ကိုယ် မြဲနေသ၍ ဒွါရ ငါးဖြာကနေပြီး အာရုံ ငါးပါးကို ဖမ်းယူမယ်။ ဖမ်းယူတာနဲ့ တပြိုင်နက် တဏှာဆိုတဲ့ဟာ ပေါ်မယ်။ ဒီတော့ ကျွန်တော့် အဖြစ်က စိတ်ကတော့ သောင်းကျန်းချင်တိုင်း သောင်းကျန်းပြီး ကိုယ်ထိလက်ရောက် မလုပ်နိုင်ဘဲ နေမှာဘဲ။ မကြာခင်က ဆင်းသွားတဲ့ လူတယောက်ဟာ ပါးစပ်ထဲမှာ အနာပေါက်တယ်။ အစာစားလို့ မရဘူး။ ဝမ်းကတော့ သိပ်ဆာတယ်။ သိပ် ခက်တာပေါ့။ ဒါပေမယ့် အာခေါင်ထဲကနေပြီး၊ ကြက်ပေါင်ပြွန်သွင်းပြီး အစာကို သွန်းချတယ်။ ဒီတော့ အာဟာရဆိုတာ ပြည့်တင်းတယ်။ ကျုပ်အဖို့ ဒီလို အစားထိုးပြီး သောင်းကျန်းတဲ့ စိတ်ကို ဖြေလို့လဲ ရမှာ မဟုတ်ဖူး။ ကျုပ်ထင်တာ စိတ်ကို နှိမ်ရင်း နှိမ်ရင်းနဲ့ ပိန်ချုံးပြီး ဘဝတုံးရမှာပါဘဲ။ စိတ်ဆိုတာကလဲ ထားရာမှာ နေတာ မျိုးမဟုတ်ဖူး။ တွန်းကန် ဘောလုန်တတ်တယ်” ညွန့်မောင်နှင့် ထွန်းမြင့်တို့ကား ထိုသူကို သနားသွားကြလေ၏။ ငိုင်သွားကြ၏။





“ခုနင်က ပါးစပ်မှာ အနာပေါက်တယ် ဆိုတာက ဘာဖြစ်တာလဲ”ဟု ညွန့်မောင်က ကြားဝင်၍ မေးၡ၏။

“အဲဒါလဲ ဖာကျိုးတာ တမျိုးဘဲဗျ။ အဲဒီဟာမျိုးက တတိယ အဆင့် ရောက်သွားပြီ။ တကိုယ်လုံးကို ရှောက် လည်ပတ်နေတဲ့ ဆစ်ဖလစ်ဟာ တခါတခါ အထော်ယုတ်မှာတယ်။ ဂျာမန် ရေငုပ်သင်းဘောတွေထက် ဆိုးသေးတယ်။ သွေးထဲ သားထဲမှာ ငုပ်သွားနေပြီး ပေါ်ချင်တဲ့နေရာ ပေါ်တာဘဲ။ တခါတခါ လည်ပင်းမှာ ပေါ်တယ်။ တခါတခါ ချိုင်းကြားမှာ ပေါ်တယ်။ ခုနင်က လူမှာတော့ အာခေါင်ထဲမှာ ပေါ်တာဘဲဗျ”

“အို ဖြစ်မှ ဖြစ်ရလေဗျာ”

“မစားနိုင် မသောက်နိုင်နဲ့ စကားလဲ ကောင်းကောင်း မပြောနိုင်ဘူး။ အော်ချည်းနေရတာ။ ကျုပ်ဖြင့် သနားလို့ မဆုံးဘူး။ ရေသောက်ရင်လဲ ကြက်ပေါင်ပိုက်နဲ့ဘဲ သွင်းရတာဘဲ။ ဆေးသောက်ရင်လဲ ဒီလိုဘဲ။ ပြီးတော့ ဆေးတို့ ရေတို့ကို ဒီအတိုင်း သောက်ချရင် ဝင်တော့ဝင်တယ်။ ဒါပေမယ့် အနာကို ဖြတ်သွားရတော့ ဆေးထဲ ရေထဲမှာ အနာက ပြည်တွေ ပိုးတွေ ပါသွားရော။ ပါသွားရင် အစာအိမ်ကို ချက်ချင်း ဥပါဒ်ပေးမယ်။ ဆေးရုံမှာသာ မကုရင် သေဘို့များတာပေါ့။ အပြင်မှာတော့ ကြက်ပေါင်ပိုက်တွေ ဘာတွေနဲ့ သောက်မှာ မဟုတ်ဖူး။ ဒီအတိုင်း သောက်ချကြမှာ”



www.burmeseclassic.com

www.burmeseclassic.com



"နို့ နေစမ်းပါအုံး။ ဟိုဘက်က သူငယ်ကလေးက ငယ်ငယ်ကလေးနဲ့ ဘာဖြစ်တာလဲ။ အသက် ဆဲ့သုံးနှစ် ဆဲ့လေးနှစ် လောက် ရှိအုံးမယ်"

"ဒီသူငယ်က သူ့အဖေဆီက အမွေရတဲ့ အနာပေါ့ဗျာ။ မွေးကတဲက ဆစ်ဖလစ်ပိုးဟာ ပါလာတာဘဲ။ ငယ်ငယ် မွေးစကလဲ အနာကြီးပေါက်ဖူးသတဲ့။ အနာပျောက်သွားလို့ ကင်းပြီ ရှင်းပြီ ထင်နေရှာတယ်။ ခုလူပျိုဖြစ်မယ် ကြံခါ ရှိသေး၊ ရင်ပပ် နို့အုံကြားမှာ အနာကြီး ပေါက်လာပြန်တယ်။ လက်သီးဆုပ်လောက် မကဘူး။ ငါးလရှိပြီ၊ မပျောက်သေးဘူး။ သူငယ်ကလေးဟာ အနာကကိစ္စမရှိဘူး၊ လူတကာမြင်လို့ ဖာကျိုးတယ် ထင်မှာစိုးလို့ သိပ်ရှက်နေတယ်။ ဘယ်သူနဲ့မှ စကားမပြောရဲဘူး။ ရှက်တာက အလွန်ဘဲဗျာ။ သနားစရာဘဲ" သို့ဖြင့် စကားပြောနေကြရာ ညွန့်မောင်၏ ဒူးဆစ် အနာမှာ ကိုက်ခဲ၍ လာပြန်လေသည်။ မိုးလည်း သည်းထန်စွာ ရွာကျလာ၏။ မိုးသည်းထန်သဖြင့် မှောင်မဲ၍လာလေရာ ဓာတ်မီးများကို ဖွင့်ကြရလေ၏။ မိုးသံက ပြင်းလွန်းသဖြင့် သူတို့သည် အချင်းချင်း စကားပြောသည်ကို မကြားနိုင် ဖြစ်လာကြ၏။ ထို့ကြောင့် စကားရပ်ပြီး လူစုခွဲကြသည်။ ညွန့်မောင်သည် စာဖတ်ရင်း အချိန်ဖြုန်းလေ၏။ သို့ရာတွင် စာဖတ်၍ မဖြောင့်နိုင်ရှာပေ။ အနာသည် ထိုး၍ ထိုး၍ ကိုက်နေလေသည်။ ထို့ကြောင့် "ဆရာမ၊ ဆရာမ" ဟု အော်ခေါ်၏။





အတန်ကြာသော် ကရင်မကလေးတယောက် ရောက်လာလေ၏။ သူသည် အင်္ကျီဖြူ၊ လုံချည်နီ၊ ပဝါဖြူတို့ဖြင့် ဆင်ထားသည်။ မျက်နှာမှာ စူအောင့်လျက်ရှိ၏။

"ဘာလဲ။ ဘာလို့ သိပ်အော်တာလဲ"

"သိပ်ကိုက်တယ်"

"ကျမတို့ မလုပ်တတ်ဖူး။ ဆရာဝန်လာမှ ဆရာဝန်ကို ပြော"

ထိုဆရာမသည် ပြန်သွားလေ၏။ ညွန့်မောင်သည် မခံချိ မခံသာဖြစ် ကျန်ရစ်ခဲ့လေ၏။ အတန်ကြာသော် "ဆရာမ၊ ဆရာမ" ဟု အော်ဟစ် ခေါ်ပြန်၏။ ပထမဦး ဆုံးတွေ့ခဲ့သော ဆရာမကလေး ခပ်သုတ်သုတ် ပြေးလာ၏။ မျက်နှာမှာ ပြုံးရွှင် ပျူငှာရှိ၏။

"ဘာအလိုရှိသလဲ နံပတ်သုံး။ ကိုယ့်ကို မလှုပ်နဲ့လေ။ ငြိမ်ငြိမ်ထား"

"ကျွန်တော် ကိုက်တယ်"

"ကိုက်တယ်။ နေလေ၊ လုပ်ပေးမယ်။ အေးလာရင် ကိုက်တာပေါ့။ ငြိမ်ငြိမ်နေနော်" ဟု ချော့မော့ကာ ပြောလိုက်သံကို ကြားရုံဖြင့်ပင် ညွန့်မောင်တွင် များစွာ သက်သာရာ ရလေ၏။ မကြာမီ ညွန့်မောင်၏ဒူးကို ရေဒီယန်ဟိတ်ခေါ် အပူဓာတ်ဖြင့် သက်သာအောင် လုပ်ပေး၏။

သို့ဖြင့် သုံးနာရီခဲ့လေ၏။ အစားအစာ ကျွေးလေ၏။ ညွန့်မောင်နှင့် ထွန်းမြင့်ကား တနေ့တကျပ်ပေးသဖြင့် ဥရောပတိုက်သား အစားအစာကို ရလေ၏။ ထိုနေ့အဖို့ သူတို့သည်



www.burmeseclassic.com

www.burmeseclassic.com



စားသောက်၍ မြိန်ရှက်ကြ၏။ လေးနာရီခွဲလောက်တွင် ကရင်ဆရာမနှင့် အခြား ကပြားဆရာမကလေး တယောက်တို့သည် ဆေးလိုက်၍ တိုက်ကြ၏။ ညနေ ငါးနာရီထိုးလျှင် ဧည့်သည်များ လာရောက်၍ ကြည့်ရှုကြလေ၏။

စံဖေသည် သစ်သီးအိတ်ကလေးကိုင်၍ ရောက်လာ၏။

"အိုင်ဆေး၊ ကိုယ့်ကောင်းမှုကြောင့် ယူတော့ ဆေးရုံရောက်လာတာဘဲကွ။ မင်းအပြစ်လဲပါသေးတယ်။ မင်းကတယ်ပြီး အတင့်ရဲတာဘဲ။ ဖာကောင်မတွေကို မိန်းမကောင်းကြီးတွေ ထင်တာကိုးကွ"

"အေးကွာ၊ ယုံမိတာ ထားပါတော့။ နောက်များဆိုရင် ဘယ်မိန်းမကိုမှ မယုံဘူး"

"လှလှက ဆေးရုံလိုက်မေးချင်ပါတယ်တဲ့ ကိုယ့်လူ။ ခေါ်ခဲ့ရမလား"

"ဒါထက် လှလှဟာ ငါ့ကို တကယ်ချစ်နေတယ် ထင်တယ် ကိုယ့်လူ"

"မင်းတော့ သိပ်နတဲ့လူဘဲ။ လှလှတို့လို လည်တဲ့မိန်းမမျိုးဟာ မင်းကလဲ [illegible]ကို အချစ်ဆုံး၊ ငါကလဲ ငါ့ကို ငါ့အချစ်ဆုံးထင်အောင် လုပ်တတ်တယ်။ မင်းကျတော့ မင်းတမျိုး၊ ငါ့ကျတော့ ငါ့တမျိုး၊ မှတ်ထား"

သူတို့ထံသို့ ထွန်းမြင့်လည်း ကူးလာ၏။

"ကိုစံဖေ၊ ကျုပ်တို့ဆီကို ဘယ်တော့လာမလဲ" ဟု ထွန်းမြင့်က မေးရာ စံဖေက

"အခုလာတာဘဲဗျ" ဟု ဖြေ၏။





"မဟုတ်ဖူး။ ကျုပ်တို့နဲ့ အတူနေတဲ့ ပြောတာ"

သုံးယောက်သား ဝါးကနဲ ရယ်ကြ၏။ ရယ်သံကြောင့် နံပတ်ခြောက်တွင် လူနာမေးနေကြသော မိန်းမများက လှည့်ကြည့်ကြလေ၏။ ခပ်ချောချော မိန်းကလေးတယောက် ပါ၏။

"ဟော၊ ဟိုကောင်မလေးက ခပ်နိုပ်နိုပ်ဘဲ။ ဘယ့်နှယ်လဲဗျ။ မိန်းကလေးတွေက အကျိုးတွေ့ လာမေးနေတယ်။ ရှက်စရာကြီးဗျာ" ဟု စံဖေက ညွန့်မောင်နှင့် ထွန်းမြင့်တို့အား မေးလေ၏။

"ဟုတ်တယ်။ တစိမ်းဆိုရင်ဖြင့် ရှက်စရာကြီးဘဲ။ ဟာ၊ အဲဒီ ခုတင်က လူနာကလဲ အဖိုးကြီးပါလားဗျ။ ကောင်မကလေးက မယားကလေးများလား၊ ကြည့်ကြပါအုံးဗျာ"

ညွန့်မောင်ကြည့်ရာဘက်သို့ သုံးယောက်လုံး လိုက်၍ကြည့်ကြ၏။ ထွန်းမြင့် ပြုံးပြီး

"မဟုတ်ဖူး၊ သမီးထင်တယ်။ အရမ်းလဲ မပြောကြနဲ့လေဗျာ။ ကျုပ်တို့ ငရဲကြီးနေအုံးမယ်" ဟု ပြောလေ၏။

"ကြံကြံစည်စည် အဖိုးကြီးကဲ ဘာဖြစ်လို့ ဒီအရွယ်ကျမှ ကျိုးနေပါလိမ့်မလဲ။ ကျိုးရင်လဲ သမီးတွေကို အသိပေးဘို့ ကောင်းတာ မဟုတ်ဖူး။ သမီးတွေကိုလဲ ရှက်အုံးမှပေါ့" ဟု ညွန့်မောင်က မှတ်ချက်ချလေ၏။

"ကျုပ်စောစောက မေးထားလို့ ဒီအဖိုးကြီးအကြောင်း သိပြီဗျ။ အဖိုးကြီး ပေါင်ချန်မှာ ကျုပ် တွေ့နေတာကိုဗျ။ ဆရာဝန်တွေကတော့ လူပျိုနာဘဲလို့ ပြောတာပေါ့။ အဖိုး



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ခုထက်ထိ ငြင်းနေတုန်း။ သူ့ဟာ စက်တန့်ပါတဲ့။ သူ ဘယ်တုန်းကမှ မကောင်းတဲ့မိန်းမ မသွား မလာဘူးပါဘူးလို့ သာ အဖိုးကြီးက တွင်တွင်ငြင်းနေတယ်။ ရှက်လို့ထင်ပါရဲ့ဗျာ။ ကျုပ်တို့ အဖိုးကြီး အမှန်ဖွင့်ပြောအောင် ညကျမှ ညှစ်ထုတ်မယ်"

နောက် ဦးလေးသောင်း ရောက်လာလေ၏။ စံဖေ ပြန်သွား၏။ ထွန်းမြင့်သည် သူ့အိပ်ရာသို့ သူ ပြန်လေ၏။

"မျဉ်းမနားက ဘာသတင်းများ ရသေးသလဲ ဦးလေးသောင်း"

"ဘာသတင်းမှ မရဘူး။ မင်း အလုပ်ထွက်ကတဲက ဦးဘဆင်ကြီးမှာ ရန်ကုန်တိုက်ခွဲဖွင့်ပြီး ရန်ကုန်မှာ လုပ်စရာရှိသမျှကို လုပ်ဖို့ ဘိုဘောဘားမားကို လွှဲလိုက်တယ်။ သမီးကို လင်ပေးစားမယ်၊ ဘာမယ်ဆိုတဲ့ စကားမျိုးလဲ ဘာမှ မကြားရဘူး။ အစဉ်းစားတော့ အကြပ်သားဘဲ ညွန့်မောင်ရာ"

"ဟုတ်တယ်။ သို့ပေမယ့် ကျွန်တော့်ကို မပေးစားမှာကတော့ သေချာပြီဘဲ။ နောက် သူတို့ ဘာလုပ်လုပ် ကျုပ်တို့နဲ့ မဆိုင်ဘူးပေါ့။ သိတောင် မသိချင်တော့ဘူး"

"ဟော့ ဒီလိုစိတ်ဖြစ်ရင်ငါက သိပ်သဘောကျပေါ့ကွယ်"

"ဖြစ်တယ်။ ဘာမပြတ်နိုင်စရာရှိသလဲ။ သူ့မပြတ်နိုင်လို့ ဒီလောက် ဒုက္ခတွေ ရောက်ရပြီ။ ဒါမှ မပြတ်ရင် ကျုပ် လူ မဟုတ်တော့ဘူးပေါ့"

ဦးလေးသောင်းသည် များစွာ ဝမ်းမြောက်သွားလေ၏။ ကြမ်းကြုတ်ပြင်းထန်သော လေမုန်တိုင်းနောက်မှ ငြိမ်သက်





သာယာသော ဥတုသည် ဝင်လာတော့မည်။ ညွန့်မောင်၏ အတွင်းဓာတ် ဂဏှာငြိမ်သော အချိန်အခါသည် ညွန့်မောင် ကြီးပွားထွန်းကားမည့် အချိန်တည်း။

"သူတို့ကို မင်းစိတ်က ပြတ်ရင် သူတို့လောက်ဟန်ကျတဲ့ မိန်းမ ရှာယူတာပေါ့ကွာ"

"ဦးလေးသောင်း၊ ကျွန်တော် မိန်းမ မရှာတော့ဘူး။ မိန်းမ ရှာတာ ရှုတ်ပါတယ်ဗျာ။ အချိန်စေ့ပြီ၊ ဦးလေးသောင်းပြန်တော့"

ဦးလေးသောင်း ပြန်သွားလေသည်။ မိုးသည် သည်းထန်စွာ ရွာလာပြန်သည်။ 'ဟုတ်တယ်။ ငါ မိန်းမ မရှာတော့ဘူး။ ငါ မိန်းမရှာမိလို့ အခုလို ဒုက္ခရောက်ရတာ။ သစ်တောဝန်ထောက် လုပ်နေတုန်းက မိန်းမ မရှာဘူးလို့ စိတ်ပိုင်းထားတော့ ချမ်းသာလိုတဲ့ အတွေးတို့နဲ့ တွေ့လို့ မိန်းမရှာချင်စိတ် ပေါက်ကတဲက ငါ ဒုက္ခရောက်ရတာဘဲ။ အတွေး၊ မင်းဟာ ငါ့ကို သိပ်ဒုက္ခပေးတဲ့ ဟာမကလေးဘဲနော်။ သံယောဇဉ်မီး၊ အချစ်မီး၊ မယားမီးဆိုတာတွေ တယ်မှန်ပါကလား။ ဒီမီးတွေ လောင်ကျွမ်းလို့ ကိုယ်တွေဘဲ ရောင်ရမ်းကုန်ပြီ' ညွန့်မောင်သည် စာအုပ်ဖွင့်၍ အတွေးကလေးနှင့် ပတ်သက်သော တွေးရေး၊ တောရေးများကို ဖြတ်တောက်၏။ အတွေးပျောက်၍ စာအုပ်တွင်စိတ် ရောက်လျှင် မျက်စိမှေးလာ၏။ နောက် အိပ်ပျော်၍ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## ၈

ညတွင် ညွန့်မောင်သည် အမယ်လေး ဟူသော စူးရှသံနှင့် တဖျတ်ဖျတ်နှင့် ခပ်သုတ်သုတ် ပြေးသံတို့ကြောင့် လန့်နိုးလေသည်။ ကြည့်လိုက်သောအခါ ည သူနာပြုရသော ကရင်ဆရာမကလေး နှစ်ယောက်သည် ခပ်သုတ်သုတ် ညွန့်မောင်တို့အခန်းမှ ရုံးခန်းသို့ ပြေးသွားသည်ကို မြင်လိုက်ရလေသည်။ ဆရာမကလေးတို့သည် မေတ္တာကုလား၊ ဘဲ့ငြိမ်း ကုလားများကို ခေါ်နေသံ ကြားရသည်။ သူ့ အခန်းတွင်းသို့ ဟိုဟို သည်သည် ရှာဖွေလိုက်ရာ နံပတ်ကိုးရှိ သူနာသည် မတ်တပ်ရပ်လျက် ရှိသည်ကို တွေ့ရသည်။ ကြည့်လိုက်ပါဦး။ သူသည် ဗလာရှင်းရှင်း ဝတ်လစ်စလစ်ကျင်းလျက် နေသည်။ သူ၏ မဖီးမလိမ်း မကိုက်မညှပ်ဘဲ ပစ်ထားသော ဆံပင်တို့သည် လူရိုင်းများ၏ ဆံပင်ကဲ့သို့ ထောင်၍နေသည်။ ဖွာ၍နေသည်။ သည်လူ ဆရာမများကို ဘာလုပ်သနည်း။ သည်လူ ကုလားလော၊ ဗမာလော။

ချက်ချင်းပင် မေတ္တာကုလားနှင့် ဘဲ့ငြိမ်း ကုလားများတို့သည် နံပတ်ကိုးသို့ ပြေးလာကြသည်။ ထွန်းမြင့်လည်း နိုးသဖြင့် အိပ်ရာမှ ထ၍ နံပတ်ကိုးဆီသို့ လာလေသည်။ ဘဲ့ငြိမ်း ကုလားက "ဟေ့၊ နင်ဘာလို့ အဝတ်ချွတ်ပစ်သလဲ" ဟု အော်ငေါက်ကာ မေးလေသည်။ မေတ္တာကုလားက "ပတ်ကလား ဆာလား၊ ဖောင်းဗီဝတ်လိုက်" ဟု အမိန့်ပေးရင်း ခုတင်ပေါ်ရှိ ဖောင်းဗီကို ဆွဲလိုက်သည်။ ဆွဲလိုက်သော် ဖောင်းဗီတွင်းမှ မစင်များသည် ခုတင်ပေါ်သို့ တစွပ်စွပ် ကျလာလေ၏။





"နင်၊ ဘာလို့ ဖောင်းဗီထဲ ချီးယိုသလဲ ဟင်"

ထွန်းမြင့်သည် နှာခေါင်းပိတ်လျက် အဖြစ်အပျက်ကို ကြည့်နေလေသည်။ ထိုသူ၏ တကိုယ်လုံးတွင် ဆစ်ဖလစ် အနာများသည် ပွနေလေ၏။ အမြုပ်တစီစီနှင့် အချဉ်ပေါက်၍ နေသော နှမ်းပတ်ချဉ်၏ မျက်နှာပြင်ကဲ့သို့ ထိုသူ၏ ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးသည် အဖောင်းအဖု၊ အထစ်အငေါ့၊ အတွန့်အရှုံ့ တို့ဖြင့် ပိန်းနေလေ၏။ ပေါင်တွင် မစင်တွေ လူးနေသေး၏။ ထွန်းမြင့်ကား ကြည့်၍ မသတီလှသဖြင့် ညွန့်မောင်ခုတင်ဆီသို့ လာခဲ့၏။ သူတို့နှစ်ယောက်သည် နံပတ် ကိုး ကို စောင့်ကြည့်နေကြလေ၏။

ကရင်ဆရာမကြီးသည် တယ်လီဖုံးဖြင့် ဆိုင်ရာသို့ တိုင်ကြားနေသည်။ "နံပတ်ကိုးဟာ သိပ်ဆိုးနေတယ်။ အဝတ်အစားလဲ မဝတ်၊ အိပ်လဲ မအိပ်ဖူး။ စကားတွေ တောင်ပြော မြောက်ပြောနဲ့။ ကျမတို့သွားကြည့်တော့ သူ အိပ်ရာက ဗြုန်းကနဲ ထတာဘဲ။ ဒီတော့ အဝတ်အစားဘာမှ မပါဘူး။ ကျမတို့ ထွက်ပြေးရတယ်။ ရိုမနေနဲ့ဆရာ၊ ကျမတို့ အသဲတုန်လှပြီ။ မြန်မြန်လာပါ"

မေတ္တာကုလားသည် ဖောင်းဗီအသစ်တခုကို ယူပြီး ထိုသူအား ပေး၏။ ထိုသူသည် ကိုင်ပြီးကြည့်နေ၏။ မတ်တတ်ရပ်နေ၏။

"ဝတ်လေ၊ ဖောင်းဗီကို ဝတ်ထားရမယ်"

"ငါပူတယ်ကွ၊ မဝတ်ဖူး။ ရှိုး ရှိုး ပူလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ပူပေမယ့် ဝတ်ရမယ်၊ လာဝတ်" ဟု မေတာသည် ဖောင်းဗီ ဇွတ်ဝတ်၍ ပေးလေ၏။ နံပတ် ကိုး သည် အမယ်လေးဟု အော်၏။ အကြောင်းမူကား အနာတို့နှင့် ဖောင်းဘီထိရာ များစွာ စပ်သောကြောင့် ဖြစ်သည်။ ဘွိုင်ကုလားသည် အိပ်ရာကို လဲပေးရသည်။ နောက် ဘွိုင်နှင့် မေတာသည် ထိုသူကို အတင်း အိပ်ရာပေါ် လှဲ၍ သိပ်ရသည်။ အိပ်ရာပေါ် လှဲမိလျှင်ပင် သူသည် ငန်းဖမ်းတော့၏။

"ဟဲ့" ဖမ်း။ "ဟဲ့" ဖမ်း၊ ဖမ်း။

နောက်ခဏတွင် "ကြောက်ပါပြီဘုရား၊ ကြောက်ပါပြီ"

နောက်အချီတွင် "မြင်းထုတ်ခဲ့ဟေ့"

နောက်အတန်ကြာတွင် "သောက်လိုက်ရင်ချို၊ မျိုလိုက်ရင်ခါး"

ဆရာဝန်ရောက်လာ၏။ ဆရာဝန်သည် ထိုလူကို အိပ်ဆေး ထိုးပေးလိုက်၏။ နောက်မကြာမီ ကျယ်စွာသော ဟောက်သံသည် ပေါ်လာ၏။ ဆရာဝန်ကရယ်ပြီး ထွန်းမြင့်ထိုင်နေသော ညွန့်မောင်ခုတင်သို့ လာ၏။

"ခင်ဗျားတို့တတွေတော့ အအိပ် ပျက်ကုန်ကြတော့မှာဘဲ"

"ဟုတ်တယ်ဆရာ၊ လန့်နိုးတာဘဲ။ ဆရာမလေးတွေလဲ ကြောက်အားလန့်အားနဲ့ ငယ်သံပါအောင်အော်ပြီး ပြေးကြတာဘဲ။ ဘာဖြစ်တာလဲ ဆရာရဲ့"

"ဆစ်ဖလစ်ဖြစ်တာဘဲ။ အတော်ကြာပြီထင်တယ်ဗျ။ အနာတွေက အားကြီးတော့ အဖျားကလဲ သိပ်တက်နေတာဘဲ။ ၁၀၃၊ ၁၀၄ တောင် ရှိတယ်။ ငန်းလဲ ဖမ်းတာပေါ့"





"သိပ်ဖျားလို့ထင်ပါရဲ့ဆရာ၊ ပူတယ်တဲ့။ ဖောင်းဗီလဲ မဝတ်ချင်ဘူးတဲ့"

"ဖျားရုံတင်မကဘူး၊ နဲ့နဲ့လဲ ရူးနေပြီ။ သူ့ ကြည့်ရတာ အကဲမလှဘူး။ ဆစ်ဖလစ်ပိုးဟာ ကြာရင် ကြောမှာရှိတဲ့ အကြောမကြီးတွေ အတွင်း ဝင်မိတယ်။ အဲဒီကနေပြီး ဦးနှောက်ကို သူတို့ ဝင်နိုင်ကြရင် ရူးတာဘဲ။ ကုလို့ခက်တယ်"

"တယ်ကြောက်ဖို့ ကောင်းတာဘဲဆရာ"

"ကြောက်ဖို့ကောင်းတာတော့ မပြောနဲ့တော့။ ခဏဖြစ်လာပြီး ချက်ချင်းသေသွားရင် ကောင်းတယ်။ ခက်တာက ဖာကျိုးလို့ ချက်ချင်းမသေဘူး။ နာတာရှည် ရောဂါ ဝင်လာပြီး ဖြေးဖြေးသေတာက ခက်တယ်။ ကျုပ်တို့တော့ ဖားတယ်ဗျ။ ည ဆရာဝန်ကလဲ နှစ်ယောက်ထဲ ရှိတယ်။ ဆေးရုံကြီး တဝင်းလုံး ဟိုအဆောင်ကခေါ်၊ ဒီအဆောင်ကခေါ်နဲ့ ပြေးနေကြရတာဘဲ။ ဆောင်းအခါတောင် ချွေး ကျလောက်အောင် ဖြစ်တယ်။ ခုနင်ကဘဲ ဟိုအဆောင် ရှစ်မှာ လူနာ တယောက် လုပ်ခဲ့ရသေးတယ်။ စဖြစ်တာက သွေးကျတာဘဲ။ နောက် သွေးကျတာပျောက်အောင် ဒီအဆောင်မှာ ကုတယ်။ သွေးကျပျောက်တော့ ဟောဒီက သွေးကြော ပြတ်ကျန်ရစ်လို့ သွေးဒလဟောဆင်းတယ်။ သွေးဆင်းလွန်ပြီး အိပ်မပျော် ကိုက်ခဲ။ အားနဲ့သေမှာထင်ပါရဲ့ဗျာ။ ကဲအိပ်ကြဗျ"

ဆရာဝန်သည် ထွက်သွားလေ၏။ နံပတ် ကိုးမှ ဟောက်သံသည် ကျယ်လောင်စွာ ဟိန်းနေ၏။ ထွန်းမြင့်နှင့် ညွန့်မောင် တို့၏ ရင်များသည် တဒိတ်ဒိတ် ခုန်နေလေ၏။ ကာလသား



www.burmeseclassic.com

www.burmeseclassic.com



ရောဂါမှာ နာမည်ယဉ်သလောက် အဖြစ်ကြမ်းတမ်းသည်။ နံပတ်ရှစ်ကား ကြီးစွာသောဒဏ်ကို အပြင်းအထန် ခံရပြီး နောက် ယောကျ်ားအဖြစ် ရှုံးရပြီ။ ဤနံပတ်ကိုးကား ရှုံး၍ လူဖြစ်ရှုံးတော့မည်။ ဟုတ်သည်။ ချက်ချင်းသေလျှင် တော်ပါသေး၏။ ချက်ချင်းကား မသေ။ တပေပေခံစားပြီးမှ သေကြရသည်။

ထွန်းမြင့်သည် ညှိုးငယ်စွာဖြင့် အိပ်ရာသို့ ပြန်၍ အိပ်၏။ ညွန့်မောင်ကား တုန်လှုပ်ချောက်ချားလျက်ရှိ၏။ သူ့ရဲတကောင်ကို လူလယ်ခေါင်တွေ့လျှင် သင်ကြောက်သည်ထက် လူသူမရှိ ဆိတ်ငြိမ်သော အခန်းကြီးထဲတွင် သူ့ရဲကိုတွေ့လျှင် သင် ကြက်သီးတဖြန်းဖြန်းနှင့် ကြောက်ခြင်းက ပိုလိမ့်မည်။ ထို့အတူ ဤမျှ တိတ်ဆိတ်သော ညအချိန်တွင် ကာလသားရောဂါတည်း ဟူသော သူ့ရဲကို တွေ့ရသော ညွန့်မောင်သည် ကြော စိမ့်၍ စိမ့်၍ တဖိန့်ဖိန့် တုန်အောင် ကြောက်လာလေ၏။ သူသည် အိပ်၍ မပျော်။

'သူ့ခမျာတော့ ရှုံးရတော့မယ်။ ငါတော့ကော မရှုံးနိုင်ဘူးလား။ ငါ့သွေးထဲမှာလဲ ဆစ်ဖလစ်ပိုးတွေဟာ ဝင်နေပြီ။ အော် အထွေးမရရင် ရှုံးမှာဘဲလို့ ပြောမိခဲ့တဲ့ စကားဟာ မှန်ချင် မှန်နေမှာပါလား။ ချစ်သူကို မရရင် ရှုံးမှာဘဲ ဆိုတာဟာ မှန်တယ်။ ချစ်သူမရရင်စိတ်မှန်ပြီး မှန်တာမလုပ်တတ်တော့ဘူး။ စဉ်းစားဉာဏ်တွေ ဖောက်ပြီး ဖေါက်ကရတွေ လုပ်တော့တာဘဲ။ အဲဒါဟာ ရှုံးတာပေါ့။ စိတ်ညစ်လို့ အရက်သောက်သူ သောက်၊ အပျော် လိုက်သူ လိုက်။ အရက် အလွန် အကျူး





သောက်တော့လဲ ရှုံးသွားတာဘဲ။ အပျော် အလွန်အကျူး လိုက်တော့လဲ ရှုံးသွားတာဘဲ။ အချစ်နဲ့အရှုံးဟာ တဆက်ထဲဘဲ နော်။ အထွေး၊ အထွေးကိုမချစ်ရလို့ အကိုကြီး အရှုံးတို့သွားရာ ခရီးကို တဝက်ကျော်ကျော် နင်းခဲ့ပြီ။ ဒါပေမယ့်လေ ရှေ့တော့ ဆက်မရှုံးတော့ဘူး၊ အကိုကြီးရှုံးတာကို အကိုကြီးသိပြီ။ ဒီတွင်ဘဲ စခန်းရပ်ပြီး ရှုံးတာတွေ ပြင်တော့မယ်။ အထွေးက မချစ်သော်လဲ အကိုကြီးရဲ့ အကျင့်စာရိတ္တနဲ့ ကျန်းမာရေးကို ပျက်စီးခွင့် မပေးတော့ဘူး။ အထွေးကိုလေ ခုနေအခါ အထွေးက မချစ်ဖူးဆိုလို့ အကိုကြီးရှုံးပြီဆိုရင် အထွေးယုံမှာ မဟုတ်ဖူး။ ယုံပါနဲ့လေ၊ မယုံပါနဲ့။ ယုံရင် အထွေးမှာ စိတ်အနှောင့်အရှက် ဖြစ်နေအုံးမယ်။ အထွေးဟာ အမြဲတမ်း စိတ်ချမ်းသာစွာ နေချင်တယ်လို့ အကိုကြီးကို ပြောခဲ့တယ်နော်။ နေရစေမယ်'

ညွန့်မောင်ကား တော်တော်နှင့်အိပ်မပျော်။ အထွေးကလေးကိုသာ တစိမ့်စိမ့်လွမ်းဆွတ်သတိရနေ၏။ တစိမ့်စိမ့်လွမ်းဆွတ် သတိရပြီး အထွေးကို ချစ်နေမိပြန်၏။ တရေးရေး သတိရ၍ တစိမ့်စိမ့်လွမ်းဆွတ်ပြီး တနွေးနွေးချစ်ရသည်မှာ အချစ်သမားများအဖို့ စည်းစိမ်အရသာတခု ဖြစ်သည်။ ညွန့်မောင်သည် ထို စည်းစိမ်အရသာကို ခံစားနေခိုက် အခန်းမီးအားလုံး လင်းလာလေရာ စိတ်ပျက်၊ အရသာပျက် ဖြစ်သွားသည်ကို တွေ့ရ၏။

နံနက် ၄ နာရီခွဲသဖြင့် အခန်းမီးများ လင်းလာခြင်းဖြစ်သည်။ ည သူနာပြုဆရာမတို့သည် လူနာများကို အပူချိန်ရိ တိုင်းကြလေသည်။ ဆရာမတို့ အပူတိုင်းခြင်း၊ သွေးစမ်းခြင်း



www.burmeseclassic.com

များကို သုတ်ချီတင်ကြ၏။ အခြားအခန်းဘက်သို့ ၎င်းတို့ ကူး သွားသောအခါ ထွန်းမြင့်က

"ကိုညွန့်မောင်၊ သူတို့လုပ်သွားပုံ သတိထားသလား။ လူ တယောက်ကို တမိနစ် အပူတိုင်းရ၊ သွေးစမ်းရတယ်။ ခုတော့ လူနာအားလုံးကို တမိနစ်နဲ့အပြီး နှံသွားတာယ်"ဟု ညွန့်မောင် အား လှမ်းပြောလိုက်လေ၏။ ထိုတွင်မှ သူသည် မနေ့က ဆရာမ ချောကလေး ဒီဂရီတိုင်းပုံကို အမှတ်ရလာ၏။ ထိုဆရာမက လေးသည် သူ့ကို တမိနစ်တိုင်အောင် သွေးစမ်းခဲ့၏။ ညွန့် မောင်သည် စိန်ရောင်လက်သကဲ့သို့ လက်သွားသော ဆရာမ၏ မျက်လုံးကလေးများကို သတိရလာလေ၏။ 'လူများတွေ အိပ် နေတယ်။ သီချင်းမဆိုနဲ့အုံး'ဟု ထိုဆရာမလေးပြောစကားကို အခုမှ ဆင်ခြင်မိ၏။ ဆရာမလေးသည် အများအတွက် သက် ညှာလှပေ၏။ ယနေ့ညာ အဖြစ်အပျက်မျိုးတွင် ဆရာမကလေး ရှိပါက အသို့ ပြုမူမည်နည်း။ ကိုယ်တုံးလုံးနှင့် ကိုတုံးတာကို ကြောက်ခြင်းနှင့် လူအများ အအိပ်မပျက်အောင် ထောက် ထားခြင်းတို့ကြားတွင် အသို့ ပြုမူရှာအံ့နည်း။ ညွန့်မောင်သည် ဆရာမကလေး၏ ရုပ်နှင့်သဘောကို မနေ့အာရုံ ဇော်ဆွေနှင့် သဘောတွေ့ ချီးကျူးနေစဉ် ကုလားလူနာတယောက်က ဆေး လာတိုက်သဖြင့် ဆေးသောက်လိုက်ရလေသည်။ ကပြားဆရာမ ကလေးတယောက်သည် လူနာများကို ကိုယ်တိုင်ဆေးမတိုက် ဘဲ ဆေးကို ဖန်ခွက်တွင်ထည့်ခြင်းကိုသာပြုလျက် ကုလားလူ နာအချို့ကို အတိုက်ခိုင်းနေသည်ကို တွေ့ရ၏။ ၎င်းနောက် ဘွိုင်ကုလားလာ၍ပေးသော လက်ဖက်ရည်နှင့် ပေါင်မုန့်ကို





စားသောက်ပြီးသော် ညွန့်မောင်သည် စာကို ဖတ်ပြန်လေ၏။ သို့ဖြင့် မိုးထိန်ထိန်လင်းခဲ့၏။ နေမင်းကား မပေါ်လာ။ တိမ် လွှာတိမ်လိပ်တို့က ဖုံးပိတ်လျက် ရှိသေးသည်။

မကြာမီ စတပ်နာ့စ် ခေါ် ပထမဆရာမသည် ရောက်လာ လျက် မေတာများ၊ ဘွိုင်များကို တညံညံ တစာစာနှင့် ညွှန်ကြားပေးလျက် ရှိသည်။ ပထမ ဆရာမသည် လူနာများကို လျှောက်ကြည့်ရန် အခန်းတွင်းသို့ ဝင်လာသည်ကို မြင်သော အခါ ညွန့်မောင်က လက်ပြ၍ခေါ်သည်။ ဆရာမက သူ့ထံ လာပြီး

"ဘာ အလိုရှိသလဲ"ဟု လက်ပိုက်ကာ ရပ်၍ မေး၏။

"မျက်နှာ သစ်ချင်တယ်"

"ဒီအဆောင် နံပတ် ၂၀ မှာ လူနာတွေကို ဆရာမတွေက မျက်နှာ သစ်မပေးဘူး"

"ကျုပ် လမ်းမှ မလျှောက်နိုင်ဘဲ။ ဘယ်လို လုပ်မလဲ"

"မေတာကုလားကို ခိုင်းရုံဘဲ"

"မေတာကုလားက ရွံ့စရာကြီး"

"ဆရာမတွေ မလုပ်ရဘူး။ ကုလားဘဲ ခိုင်းရမယ်"

ဆေးရုံအရာရှိ ဂေဇက်ဝင် စတပ်နာ့စ်ခေါ် ဆရာမသည် ညွန့်မောင်ထံမှ ခွဲခွာခဲ့၏။ ညွန့်မောင်ကား မေတာကုလား အား မျက်နှာအသစ်ခိုင်းရမည်ကို ရွံ့ရှာစက်ဆုပ်လျက် နေ၏။ စိတ်ညစ်နေစဉ် ထွန်းမြင့်သည် မျက်နှာသုတ်ပဝါ လည်ပင်း

www.burmeseclassic.com



စည်းလျက်သူ့ထံ ခပ်သုတ်သုတ်လာလေ၏။ ထွန်းမြင့် မျက်နှာသည် ကြောက်သွေး အနည်းငယ် သန်းနေသည် ထင်ရ၏။ နှာခေါင်းသည်း ရှုံ့လျက်၊ ပါးစပ်လည်း ရှုံ့လျက်။

"ဘာဖြစ်တာလဲ"

"လူတယောက်ရဲ့ အနာကို မြင်ခဲ့လို့ ကျုပ်တော့ အော့ချင်သလို အန်ချင်သလို ဖြစ်နေပြီ။ ကြက်သီးကို ထလာတာဘဲ" ဟု ထွန်းမြင့်က ခေါင်းတခါခါနှင့် ပြောလေသည်။ ထိုအတွင်း နံ့ပတ် ရှစ် ရောက်လာလေသည်။

"ဘယ်လို အနာလဲ ကိုထွန်းမြင့်ရဲ့" ဟု ညွန့်မောင်က မေး၏။

"မပြောပါနဲ့တော့ဗျာ။ ကျုပ်က ရေချိုးမယ်လို့ ရေချိုးခန်း ဝင်တာဘဲဗျ။ တံခါးကလဲ စေ့ရုံ စေ့ထားတော့ ဝင်မိတာပေါ့ဗျာ။ လားလား၊ အထဲမှာ အဲဒီလူကြီးက တုံးလုံးချွတ်ပြီး အနာရေဆေးနေတာကိုးဗျ။ အနာက ဗိုက်တဗိုက်လုံး အပြည့်ဘဲဗျ။ အပြည့်ဆိုတာ အနာတလုံးထဲနဲ့ ပြည့်နေတာ ပြောတာ။ သေးသေး ကလေးတွေ ပြည့်နေတာ ပြောတာ မဟုတ်ဖူး။ ညာဘက်ဘေးက ဗယ်ဘက်ဘေးအထိ ရှေတယ်။ ချက်အထက် ဟောဒီလို နေရာကနေပြီး အောက်ပေါင်ကြား နှစ်ဖက်အထိ ကျယ်တယ်။ ဟာ၊ တပြင်လုံး သွေးတွေ ပြည်တွေ ရွဲနေတဲ့ အနာကြီးဘဲ။ မီးလောင်တဲ့ အနာက ဘယ်လောက်ဘဲကြီးကြီး အရည် လောက်သာ လန်တာဘဲ။ ပြီးတော့ချောက်ပြီး မဲနေတယ်။ ခုသူ့ အနာကြီးက ကြီးလဲကြီး၊





အသားတွေ အဆီတွေလဲ လန်၊ ရဲလဲရဲ၊ စိုလဲစို။ ဟာ၊ ဘယ်လိုများ ဖြစ်တယ်လို့"

ထွန်းမြင့်ကား ခေါင်း တခါခါ၊ ပါးစပ် တရှုံ့ရှုံ့ဖြစ်နေ၏။ ညွန့်မောင်သည် ကြက်သီး မွေးညှင်း ဖြင်းကနဲ ဖြင်းကနဲ ထလာ၏။

နံ့ပတ်ရှစ်က

"ဖြစ်ပုံက ဒီလိုကိုးဗျ။ ပထမဆုံး ဒီလူမှာ ဗျူတိုခေါ်တဲ့ ကျပ်ပေါင်ချန်မှာ ပေါက်သတဲ့။ တရုတ်ဖယောင်းချက်ကို ကပ်သတဲ့။ ကပ်တော့ နဲနဲပေါက်ပြီး သွေးလေး၊ ပြည်လေး ထွက်တာပေါ့။ အကျိပ်ကတော့ ကျန်နေတယ်တဲ့။ ဒါနဲ့ဗမာနည်းဖြစ်တဲ့ မှိုင်းခံရောတဲ့ဗျာ။ ပေါင်ချန် နှစ်ဖက်စလုံးမှာ အနာဖြစ်လာရော။ ဂရုသိပ်မစိုက်ဘဲကိုး။ ဆေးရုံလဲ မတက်ဖူး။ အနာတွေဟာ ကြီးသထက် ကြီးလာတာ ဗိုက်ဘက်ပေါင်ချန်နဲ့ ဒီဘက်ပေါင်ချန် ဆက်မိ လာသတဲ့။ အနာနဖေးတွေက အထူကြီးတွေ ဆိုဘဲ။ အဲဒီ အနာ နဖေးတွေဟာ ပက်ကျိကောင်တွေလို တွန့်တွန့်ပြီး အထက်တက်၊ အေးချွန့်သိပ်ကြီးလာတာဘဲတဲ့။ ကြီးလာမှ ဆေးရုံတက်တာ ကိုးဗျ။ လေးလရှိပြီ။ မသက်သာသေးဘူး။ ဆေးထိုးဘို့ ဆိုတာကလဲ ခက်တယ်ဗျ။ ကာလသားရောဂါ ပျောက်မယ့်ဆေးကို ရိုးရိုးထိုးလိုက်ရင်လဲ မခံနိုင်ဘူး။ ဘာ့ကြောင့်လဲ ဆိုတော့ သူ့အနာက သိပ်ကြီးတော့ သူ့မှာ သွေးအားနဲ၊ ခံနိုင်ရည် နဲနေတာ ကိုး။ ဒါကြောင့် အားဖြစ်စေတဲ့ဆေး နှစ်ခါလောက် ထိုးပြီးမှ ပိုးသေတဲ့ဆေး တခါသာထိုးနိုင်တယ်။ ဒီတော့ တနေ့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပတ်မှ ဆေးတခါလောက် ထိုးရရာ ကျတာပေါ့။ ဒါထက် ခက်ပုံက ဒီလောက်ကြီးသည့် အနာက ဆစ်ဖလစ်ပိုးတွေကို ဆထက်တပိုး တိုးတိုးနေအောင် မွေးပေးတော့ အသစ်ဖြစ်တဲ့ ပိုးနဲ့ သတ်တဲ့ ဆေး၊ သတ်တဲ့ ဆေးက ရှုံးရတော့တာကိုး။ ပြီးတော့ အနာပေါ်မှာ မီးရောင်တမျိုး ထိုးနိုင်ရင်တော့ ပျောက်စရာလမ်း ရှိသတဲ့။ ခု စစ်ကြီးဖြစ်နေတော့ ဒီမီးရောင်ကို ဖြစ်စေတဲ့ ကရိယာတန်ဆာကို ရန်ကုန်မှာ မရနိုင်လို့ ခု သူ့ကို ဘယ်လိုမှ မကုနိုင်ဘူး။ ဖန်ဆေးရုံဘဲ လုပ်နိုင်တယ်။ ဆရာဝန်ကပြောတော့ ဒီအနာဟာ ကုလို့မရတော့ဘူးတဲ့။ ဒီလိုနဲ့ နာပြီး သေမှာဘဲတဲ့။ လူနာကတော့ မသိဘူးပေါ့ဗျာ။ ဆရာဝန်ကြီးကတော့ သူ့ကို နာတာရှည် အခန်း ပို့ချင်တယ်ဆိုဘဲ”

“နာတာရှည် အခန်းဆိုတာ ဘယ်မှာလဲ” ဟု ထွန်းမြင့်က မေး၏။

“ဟိုဘက် ဟာလေ”ဟု နံပတ်ရှစ်က ညွှန်ရာ အားလုံး လှည့်ကြည့်ကြသည်။ နာတာရှည် အခန်းကား ဆာကူလာဝဒ်ခေါ် တိုက်ဝိုင်းကြီး၏ ဝိုင်းသော အဆောင်တဆောင် ဖြစ်သည်။ ညွန့်မောင်တို့၏ အကျိုးဆောင်နှင့် ကပ်လျက် ဖြစ်သည်။

“ဒီလူဟာ အသက်ဘယ်လောက်ရှိပြီလဲ”ဟု ညွန့်မောင်က မေးလေသည်။

“ဘာ ကြီးအိုးမှာလဲ၊ သုံးဆဲ့ ခြောက်နှစ် လောက် ရှိအုံးမှာဘဲ”





ခက်လေပြီ။ သုံးဆဲ့ခြောက်နှစ် ဟူသော အရွယ်ကား သူတပါးအား မှီခို၍ နေသော အရွယ်မဟုတ်။ သူတပါးတို့ကသာ သူ့အား မှီခိုရသော အရွယ် ဖြစ်သည်။ သားသမီးက သူ့ဆည်းကပ်မည်။ မယား၊ ခယ်မ၊ နှမတို့က သူ့အား အားထားမည်။ မိအို၊ ဖအို၊ ဖိုးအို၊ ဖွားအိုတို့က သူ့အား မှီခိုမည်။ ယခုကြည့်ပါလော့။ အများတကာ အားထားစရာဖြစ်သော သူသည် ရောဂါဆိုးကြောင့် အလုပ်အကိုင် မလုပ်နိုင် ဖြစ်ခဲ့ချေပြီ။ အညွန့်တုံး၍ လူဖြစ် ရှုံးလေပြီ။ မှီခို အားထားသူ အများအား ဖရိုဖရဲ လိမ့်လဲစေလေပြီ။ သူ့ကိုယ်တိုင် တသွေ့သွေ့ကြေ၍ တရွေ့ရွေ့သေတော့မည်။

သူတို့သုံးယောက်သည် မှိုင်တွေ ကျသွားလျက် အဖော်ခဲ့ကာ မိမိတို့ အိပ်ရာတွင် အသီးသီးလဲ၍ ဆစ်ဖလစ်၏ နှိပ်စက်ပုံကို အနှလုံးပင့်လုံ စိပ်နေကြပေ၏။ ညွန့်မောင်သည် မျက်နှာမသစ်ရသည်နှင့် စိတ်ညစ်နေလေ၏။ ထိုအခိုက် အချောအလှကပြားမကလေးသည် စာရင်းစာအုပ်တခုကို ကိုင်လျက် အခန်းတွင်းသို့ ဝင်လာလေ၏။ သူ့ကို မြင်ရသောအခါ လမ်းပြတိုင်ကို မြင်ရသော လမ်းမှားနေသူကဲ့သို့ ညွန့်မောင်သည် အားရှိသွား၏။ ‘ငါ၏ အားထားမှီခိုစရာ ဆရာမကြီး လာပြီ။ ထောက်ထားညှာတာ ကရုဏာ ရှေ့ထားသော သူတော်ကောင်း မကြီး လာပြီ’

“ဆရာမ”

“ရှင်။ ကျမ ရှင့်အတွက် ဘာများ ဆောင်ရွက် ပေးနိုင်ပါသလဲ” ဟု ပြောကာ ဆရာမသည် ညွန့်မောင်၏ခုတင်ဆီသို့

www.burmeseclassic.com



လာ၍ ရပ်ပြီး ဇယ်ဘက်လက်ဖြင့် စာအုပ်ကို ပိုက်ထား၏။ ညာဘက် လက်မှာ ခဲတံကလေးကို ကိုင်ကာ ယိုးဒယားအက ဟန်ချီသလို ခပ်မမကလေးထား၏။

"မျက်နှာသစ်ချင်တယ်။ ထဲလဲ မထနိုင်ဘူး"

"ခက်တာဘဲ၊ ကျမ ကိုယ်တိုင်တော့ မျက်နှာသစ်ပေးချင်ပါရဲ့။ ဒါပေမယ့် ဒီအဆောင်မှာ လုပ်မပေးရဘူး။ မေတာကိုသာ ခိုင်းရတယ်"

"အို၊ ရှံစရာကြီး"

"ဒါလောက်တော့ သည်းညည်း ခံမှပေါ့ နံပတ်သုံးရယ်။ ဒီလိုလုပ်၊ ရှံစရာ မရှိအောင်လေ။ မေတာကို ကျမကိုယ်တိုင် လက်ဆေးခိုင်းမယ်။ ဟိုအခန်းက ဆပ်ပြာယူပြီး အဆေးခိုင်းမယ်။ ဇလုံတို့ ဘာတို့လဲ အဆေးခိုင်းမယ်။ ပြီးတော့မှ မျက်နှာသစ်စေမယ်။ မကောင်းဘူးလား"ဟု ပြုံးကာ ရှင်ကာ သွက်လက်စွာဖြင့် အကြံပေး၏။ ညွန့်မောင်ကား မျက်စိသူငယ်ကလေးဖြင့် ပြုံးကြည့်ရင်း ဘာမှ မပြောဘဲနေ၏။ ဆရာမသည် မျက်စကိုပေါ့ပေါ့ကလေးချီ၍ မေးကိုငြိမ့်ငြိမ့်ကလေးငေါ့ကာ ခဲတံကိုင်ထားသော လက်ကို သာသာကလေး ဆတ်တဲ့ပြီး

"ကြည့်စမ်းပါလား၊ မေးတာပြောလေ။ ဆရာမ ပြောတာ မကောင်းဘူးလား။ ဒီလိုသစ်နော်။ မျက်နှာကြီး ညစ်ပတ်နေရင် အရုပ်ဆိုးတယ်။ အဲဒီလို သစ်နော်။ နော် နော်။ ဟုတ်လား"ဟု ပြောလေ၏။ ညွန့်မောင်ကား ငယ်စဉ်က မိခင်ရင်ခွင်တွင် အချော့ခံရသည့် အရသာမျိုး တွေ့မိလေ၏။

"ဆရာမ နာမယ် ဘယ်သူတဲ့တုန်း"





"အို၊ နာမယ်ကို ဆေးရုံမှာ မမေးရဘူး။ နာမယ်ကို မခေါ်ရဘူး။ ဒုတိယ ဆရာမလို့ ခေါ်ရင် ကျမဘဲ။ မျက်နှာသစ်မှာသာ သစ်ပါ"

ဆရာမကလေးသည် ပြုံးလျက် အဆောင်မှ ထွက်သွား၏။ ညွန့်မောင်သည် နာမည်ကို မသိသောကြောင့် မချင့်မရဲဖြစ်ကျန်ရစ်ခဲ့လေ၏။ မကြာမီ မန်းကီးဟု ခေါ်တွင်သော မေတာကုလားသည် ညွန့်မောင်ကို မျက်နှာသစ်ပေးလေ၏။ နံနက်ဝိုင်းတွင် သတင်းစာဖတ်ခြင်းဖြင့် အချိန်ကုန်သွားလေ၏။ ဆယ်နာရီခွဲသောအခါ ဆရာဝန်ကြီး ရောက်လာ၏။ လူနာများကို လှည့်လည်ကြည့်ရှု၏။ ရောဂါသက်သာသူများကို အိမ်ပြန်ရန် တိုက်တွန်း၏။ အချို့ကား အလွယ်တကူ ပြန်ကြသော်လည်း အချို့ကား မပြန်ချင်ကြပေ။ အနာ လုံးဝပျောက်မှ ပြန်လိုကြသည်။ အချို့ ကုလားလူနာများကား ပျောက်သလောက်ရှိပြီ ဖြစ်သော်လည်း မှန်မှန်စား၊ မှန်မှန်အိပ်၊ စင်စင်ကြယ်ကြယ် ဝတ်၍နေရသော ဆေးရုံတွင် ဆက်လက်နေလိုကြသေးသည်။ မပြန်နိုင်သေးဟု ငြင်းဆန် နေကြ၏။ ဆရာဝန်ကြီးသည် သက်သာပြီ ဖြစ်လျှင် ပြန်ရမည်။ ရှင်းရှင်းပျောက်ရန် ပြင်ပလူနာဌာနသို့ လာ၍ ဆေးထိုးကြရမည်။ ဆေးထည့်ကြရမည် စသည်ဖြင့် ပြောပြီး အတင်း တိုက်တွန်း၏။ အကြောင်းမူကား ခုတင်အားများ မရှိသဖြင့် ခုတင်လိုလေသည်။ အပြင်တွင် ခုတင် မရ သဖြင့် စောင့်နေသူ အများအပြား ရှိနေသည်။ ရောဂါသည်းထန်ပါလျက် ခုတင် မရသဖြင့် စောင့်ရသူတွေ အများအပြား အမြဲတမ်း ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်မြေပြင်ရှိ ဆေးရုံများတွင် ခုတင် အမြဲလိုနေသဖြင့် မြေ... လင့်ချက်မရှိအောင် အသက်ငွေ့ငွေ့ကျန်နေသော ဒဏ်ရာရသူ... များအား အတင်း ဖယ်၍ သင်းချိုင်း ပို့ရသည်နှင့် များစွာ မခြားတော့ပေ။ ငွေ လိုလောက်စွာ မရသော ဆေးရုံတွင် ခုတင် အများအပြား မထားနိုင်။

ထိုနေ့တွင် ညွန့်မောင်သည် လက်မောင်းကြောတွင် ဆေး... ထိုးရမည်ဖြစ်၏။ ဒုတိယ ဆရာမနှင့် ဆရာဝန်ကလေးသည် ... လာကြ၏။ ဆရာဝန်ကလေးကား ကြောက်စရာ ကောင်းလှ... သည်။ သူ့လက်တွင် ဆေးထိုးသောအပ် ပါလာသည်။ အပ်... ဖျားကား ရှည်လှ၏။ အပ်နောက်က ဖန်ပြွန်တွင် ဆေးတော... များလှသည်။ အပ်နှင့် အကြောကို ဖောက်၍ ထိုးကာ ထိုး... ဆေးကို သွင်းရမည်မှာ မည်မျှ ကြာမည်နည်း။ မည်မျှ နာမည်နည်း။ ညွန့်မောင်သည် ရင်ဖိုလာ၏။ ကြောချမ်းလာ၏။ ဒုတိယ ဆရာမကလေး ပါလာသေး၍ တော်သေးသည်။ ဒုတိယဆရာမကလေးသည် ကြက်ပေါင်ကြိုးနီကြီးကို ကိုင်ထားသည်။ လက်မောင်းရင်းကို ထိုကြက်ပေါင်ကြိုးဖြင့် စည်းလိုက်သည်။ လက်မှာ ထုံသွားသဖြင့် နာသည်ကို ကောင်းကောင်းသိမည်မဟုတ်။ ထောင်ထလာသော အကြောတွင် ဆေးကလေး တို့လိုက်ရာ အေးကနဲဖြစ်သွားသည်။ ထိုးလိုက်သော အပ်သွား၏ ရှမှုကို တုန်းသွားအောင် ဖန်တီးပေးခြင်းဖြစ်၏။ ဆေးထိုးလိုက်သော အခါ ညွန့်မောင်သည် အနံ့တမျိုးကို နှာဝတွင် ခံစားမိ၏။ မှန်လာ၏။ မျက်စိလည်း ဝေကနဲ ဖြစ်သွား၏။ ဆရာမကလေးသည် ဆေးထိုးတံအနှုတ်လိုက်တွင် အပ်စိုက်သော နေရာ...





...တည့်တည့် ဂွမ်းဖြင့် ပိတ်လိုက်၏။ ညွန့်မောင်၏ လက်ကို ကိုင်ပြီး ...ကွေးခေါက်ထားလိုက်၏။

"မဆန့်နဲ့နော်။ လှုပ်လဲ မလှုပ်နဲ့။ မူးနေအုံးမယ်"

ဆရာဝန်ကား နှလုံးတုန်စရာ့လူ။ ဆရာမကား နှလုံးအေး ...ရော့လူ။ ညွန့်မောင်သည် ခပ်ဆာဆာ ရှိသဖြင့် ... ပေးခဲ့ ...သော ပန်းသီးများကို စားလေ၏။ စားပြီး၍ မကြာမီ ပျို့၍ ...ပျို့၍ လာပြီး ရင်ထဲတွင် တလှိုက်လှိုက်နှင့် ဖြစ်လာ၏။ နောက် ...အန်ချ၏။ ဒုတိယ ဆရာမကလေးသည် ပြေးလာပြီး

"အို၊ အန်ကုန်ပြီ။ ဆေးထိုးရမှာ အစာမစားရဘူး နံပတ် ...တုံးရဲ့။ ကျမအပြစ်ပါလေ၊ ခုနင်က မပြောခဲ့မိဘူး။ ကဲ ကဲ ...လုပ်ကျင်းလိုက်။ ရော့၊ ပေး။ မောသလား ခေါင်းကြီး သိပ် ...ချမ်းပါနဲ့ လေ။ မမောဘူးလို ပါးစပ်က ပြောပါလား။ ...ကြည့်ပါလား ရမ်းပြန်ပြီ။ ခေါင်းမူးနေတတ်တယ်။ အော်ဒီ ...လုံး ရေမွှေးကလေး ရှူနိုင်ရင် ကောင်းမယ်။ ပါသလား။ အို ...ခေါင်းရမ်းပြန်ပြီ။ ရော့ ကျမလက်ကိုင် ပဝါမှာ ပါတယ်။ ...လက်ကိုင်ပဝါကို ဖျောက်မပြစ်နဲ့နော်"

"လက်ကိုင် ပဝါကို ဖျောက်ပစ်ရင် ဆရာမက ရိုက်မှာ ...လား" ဆရာမကလေးသည် ခစ်ကနဲ ရယ်လျက် ချာကနဲ ထွက် ...သွားသည်။ ညွန့်မောင်သည် လက်ကိုင်ပဝါကလေးကို တရှုပ် ...ရှုပ် နမ်းကာ ကျန်ရစ်၏။

နေ့လယ်တွင် လူနာသစ် သုံးယောက် ရောက်လာလေ၏။ ...ယောက်မှာ ဗမာ ဖြစ်၏။ ထိုသူသည် ထောင်ထော... ...ချောင်းမောင်း အရပ်ရှိ၍ ဝဖြိုးသော ကိုယ်ရှိသည်။ မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



တွင် တိမ်ကျလျက် ရှိသည်။ တိမ်ကွယ်သော နေရာများတွ ရဲရဲနီနေသည်။ မျက်ရည် အမြဲ စီးကျ၍ နေသည်။ မျက်စိ ခဏသာဖွင့်နိုင်၍ ဖွင့်သောတခဏတွင် မခံမရပ်အောင် ကျိန် စပ်သည်။ အေးမြသော လေ မျက်စိကို ထိသည်ကိုပင် ငရဲ ရည်ဖြင့် ပက်သကဲ့သို့ ထင်ရလေသည်။ ထိုသူသည် မျက်စိ ဆေးအမျိုးမျိုးဖြင့် ကုခဲ့လေသည်။ တိမ်မှာ အမြဲတမ်း ကိန် အောင်းနေ၍ မျက်စိကျိန်းခြင်းမှာကား ပေါ်လိုက် ပျော လိုက်နှင့် နေခဲ့သည်မှာ ငါးနှစ်ရှိပြီ။ ကုလား၊အင်္ဂလိပ်၊တရုတ် ဗမာ ဆေးမျိုးစုံနှင့် ကုပါသော်လည်း မပျောက်ဘဲ နေသည် အကြောင်းမှုကား မျက်စိမှာ ရိုးရိုးနာခြင်း မဟုတ်၊ ကာလ သားရောဂါ(ခေတ်ခံကြောင့်) နာခြင်း၊ ဖြစ်သော ကြော တည်း။

ကုလားနှစ်ယောက်တွင် တယောက်မှာ ဂနိုရိယာကြော ဆီးအိမ်ရောဂါ ဖြစ်နေသည်။ ကပ်ပယ်အိတ်လည်း ရောင်ရ သည်။ လမ်းပင် မလျှောက်နိုင်။ ကျန်တယောက်မှာ အသ ငါးဆယ်ကျော်လေပြီ။ အက်စ် သမာခေါ် ပန်းနာ စွဲလျ ရှိ၏။ ညောင်းကျရောဂါမှာ နှစ်ပေါင်းများစွာ စွဲကပ်လျ ရှိရာ၊ ခဏပျောက် ခဏပေါ်ဖြင့် ခံစားနေခဲ့ရ၏။ နောက်ဆုံ တွင် ပန်းနာ ဖြစ်လာလေ၏။

ယနေ့ နေ့လယ်တွင် နေ အနည်းငယ် ပွင့်လျက် ရှိ၏ အဆောင်ဝိုင်းတို့၏ ဘေးဘီရှိ မြက်ခင်းများသည် နေရောင်တွ တမြမြနှင့် လှနေကြ၏။ သည်းထန်သော မိုးတွင် ထုံကုပ်က





နေခဲ့ကြသော ပန်းချုံများမှာလည်း နေရောင်တွင် အညောင်း ဆန့်ကာ လှုပ်ရှားနေကြလေ၏။

ညွန့်မောင်သည် စာဖတ်လိုက်၊ သာယာ ကြည်နူးဘွယ် ကောင်းသော မြက်ခင်းနှင့် ပန်းချုံများကို မျှော်ကြည့်လိုက် ဖြင့် စိတ်နှလုံးချမ်းမြေ့နေ၏။ ထိုအခိုက် ထွန်းမြင့် လာလေရာ

"ဒါထက် ဒုတိယ ဆရာမကလေး နာမယ်က ဘယ်သူတဲ့ လဲဗျ" ဟု ညွန့်မောင်က ဆီး၍ မေးလေ၏။

"နံပတ် ရှစ် ဆီက ကျုပ်လဲ သိရတာဘဲ၊ မစွဝိုက်တဲ့"

"သိပ်ပန်ရတဲ့ နာမယ်ဘဲဗျို့။ ဗမာလိုတော့ အဖြူလို့ ခေါ်နိုင် တာပေါ့။ မနက်က ကျွန်တော်က နာမယ်မေးတယ်။ ဒီတော့ သူက ဆေးရုံမှာ နာမယ် မခေါ်ရဘူးတဲ့"

"ဒီဆရာမကလေးက သဘော ဖြူပုံရတယ်"

"ဟာ သိပ်တော်တဲ့ ဆရာမကလေးဘဲ။ လူ တဖက်သားကို ထောက်ထားသက်ညှာရမှာဖြင့် သူ့မြင် မရှိတော့ဘူး။ ရုပ် ကလေးကလဲ ချောပါဗျာ။ ကြားဘူးတော့ ဆေးရုံ ဆရာမ ကလေးတွေဟာ ပုံ့တန်တန် ပျက်တက်တက်တဲ့။ ခု သူ့မြင်ရ တော့ တမျိုးကြီးဘဲ။ ဂုဏ်ရှိရသေးဘဲ။ ဂုဏ်ရှိဆိုတာလဲ မျက်နှာ ကြီး စူပြီးထားတာမျိုး မဟုတ်ဖူး။ ပြုံးပြုံး ချိုချိုနဲ့ တည်တာ မျိုးဗျ"

"ကိုယ့်လူသိပ်ချီးကျူးနေပါလား၊သဒ္ဒါလွန်တော့ တဏှာ ဖြစ် ဆိုတာလိုလားဗျ"

"ဟာ ဒီလိုမဟုတ်ဖူးဗျ။ စိတ်သဘော မြင့်မြတ်ရင် အဆိ လို ဇာတ်နွယ်ဘဲ ဖြစ်ဖြစ် ကြည်ညိုပါတယ်။ မစွဝိုက်တဲ့ သား



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကလေးက ကောင်း ကောင်းသေးတော့။ ကျွန်တော် ပျို့ပျို့ တက်ပြီး မူးတူးတူး နေတယ် ပြောတာနဲ့ သူ့ လက်ကိုင်ပဝါကလေးပေးခဲ့တယ်။ဟောဒီမှာ”ညွန့်မောင်သည်လက်ကိုင်ပဝါကို ထုတ်ပြပြီး နမ်းလိုက်လေ၏။ ထွန်းမြင့်က ပြုံးပြီး

“အေးလေ၊ ခင်ဗျားက ကြည်ညိုတော့ သူက ဆည်းကပ်တာပါဘဲ။ ခေတ်ကြီးနှင့်နတ်တိုက် ဆိုတာလိုပေါ့။ကျွန်တော်က အကဲခပ်မိသွားဘဲ။သူမျှားတကာထက် ထူးပြီး ခင်ဗျားကို ဂရုစိုက်တယ်။ဘာလေးဖြစ်ဖြစ် ချော့လိုက်ရတာ အမောသားထင်ပါရဲ့။ ခင်ဗျားကို ကျနေတာ အမှန်ဘဲ”

“ဒီလို မဟုတ်ပါဘူး ထင်ပါရဲဗျာ။ ဒီလို အမူအရာကလေးမျိုးပြရုံနဲ့ ကျုပ်က ချစ်တယ်လို့ အဓိပ္ပာယ်မယူချင်ဘူး။ယူရင်လဲ မှားမှာဘဲ။ မိန်းမဆိုတာ ငါးစာနဲ့မျှားတဲ့ နေရာမှာဖြင့် အမျိုးမျိုးတတ်နိုင်ကြတယ်။ ဒီလို မျှားရတာကိုက သူတို့အဖို့ အပျင်းပြေစရာ၊ ကစားစရာ တမျိုးပေါ့ဗျ။ အမှန်က ကျုပ်တို့လိုကောင်တွေကို ကစားပြီး အပျင်းဖြေတာပါဘဲ။ ဒီဆရာမကလေးဟာ ကျုပ်ကို ကစားပြီး အပျင်းဖြေတာရင်လဲ ဖြစ်ရမယ်။ဒါမှမဟုတ် သူ့ မူလ ခေတ်ခံကိုက ချိုလို့ ညွှာလို့၊ သူ့ အလုပ်သဘောကိုက ချိုမှု ညွှာမှု ဖြစ်လို့၊ ဒီလို အမူအရာတွေ ပြတာရင်လဲ ဖြစ်ရမယ်။ ကျုပ်က ကျုပ်ကို ပြုစုတဲ့ ကျေးဇူးရှင်မို့ မူလခေတ်ခံ သဘော ကောင်းသူလို့သာ အဓိပ္ပာယ်ကောက်လိုက်ပါတယ်။ အဆိုးဘက်ကနေပြီး မတွေးပါဘူး။”

ဒါထက် ခင်ဗျား ဟို အဖိုးကြီး အကြောင်း မေးပြီးပြီလား”





“ဘာလဲ စက်တန့်ပေါက်တယ်ဆိုတဲ့ အဖိုးကြီးလား။ မမေးရသေးဘူး။ အသိတော့ ဖွဲ့ပြီးပြီ။ ကဲ ကျုပ် သွားခေါ်မယ်။ဒီမှာ မေးကြတာပေါ့”

ထွန်းမြင့်သည် နံပတ်ခြောက်မှအဖိုးကြီးကိုသွား၍ ခေါ်လေ၏။ ညွန့်မောင်ကား လက်ကိုင်ပဝါကလေးကို သေသေ ချာချာ ဖြန့်ကြည့်၏။ ထောင့်တထောင့်တွင် ဖရီဒါဝှိုက် (Freda White) ဟု ပန်းရေးထိုးထား၏။ မှန်ပြီ။ သူ့ နာမည်ကား မစ္စဝှိုက် ဖြစ်၏။ ‘မနက်က နာမည်မေးတော့ ဆေးရုံမှာ နာမည်မမေးရဘူးတဲ့။ ခု နာမည်ပါတဲ့ လက်ကိုင် ပဝါကလေးကို ပေးခဲ့တယ်။ ကိုထွန်းမြင့်ပြောတာ မှန်နေပြီ ထင်တယ်။ သူတို့ကတော့ အကဲခပ် လွဲမယ် မဟုတ်ပါဘူး။ စာရေးဆရာလဲ ဖြစ်ပြန်၊ ဒါရိုက်တာလဲဖြစ်ပြန်၊ သူကလဲ လူလည်၊ ကိုထွန်းမြင့် ပြောတဲ့အတိုင်း မစ္စဝှိုက်ဆိုတဲ့ အဖြူကလေးက ငါ့ကို ချစ်နေပြီလား’ ညွန့်မောင်၏ တကိုယ်လုံးသည် နွေးကနဲ ဖြစ်သွားလေ၏။ ကျွဲလူတို့၏ ခန္ဓာကိုယ် လောကသည် အံ့သြဘွယ်ကောင်းလေစွ။ ဟဒယ ရုပ်ဝတ္ထု အိမ်တွင် စိတ်သစ်တခု ဖြစ်ပေါ်သည်နှင့် တပြိုင်နက် စိတ္တဇ လက္ခဏာ၊ စိတ္တဇ ရောဂါ ဝေဒနာတို့သည် ခန္ဓာကိုယ် တခုလုံးတွင် ချက်ချင်း ပြန့်နှံ့လေတော့သည်။ ညွန့်မောင်သည် နွေးကနဲ ဖြစ်သွားပြီးနောက် အေးကနဲ ခံစားရပြန်သည်။ နောက်တခဏ၌ ပြုံးမိလေသည်။

မကြာမီ ညွန့်မောင် ခုတင်ဘေး ပတ်လည်တွင် အစည်းအရုံးတခု ဖြစ်ပေါ်လာလေသည်။ ထွန်းမြင့်၊ နံပတ် ရှစ်နှင့် အဖိုးကြီးတို့ ဝိုင်းဖွဲ့ကြ၏။ သူတို့သည် ညွန့်မောင် ကျေးသော



www.burmeseclassic.com

www.burmeseclassic.com



သစ်သီးများ၊ မုန့်များကို စားကြ၏။ အတန်ကြာသောအခါ ထွန်းမြင့်က စတင်၍

"ဘကြီး၊ သူများလို ဖောင်းဘီ မဝတ်ဘဲနဲ့ ဘာလို့ ပိတ်လုံချည် ဝတ်ထားတာလဲ" ဟု မေးလိုက်၏။ စကားအလျင်းသင့်သဖြင့် ဤတွင် အဖိုးကြီး၏ အသွင်အပြင်ကို ဖော်ပြရပေတော့မည်။ အဖိုးကြီးသည် အသက် ၆၀ ကျော်ပြီ။ အသားဖြူသည်။ ခပ်ပိန်ပိန်၊ ခပ်ပုပု။ ခါးကိုင်းလျက်ရှိသည်။ မျက်နှာမှာ အရည်သန့် ဖြစ်သည်။ နှာခေါင်းမှာ ကုလားနှာခေါင်းကဲ့သို့ပင် ပေါ်လွင်ထင်ရှားသည်။ နှုတ်ခမ်းမွေး ကျဲတဲတဲ ရှိသည်။ သူသည် ပိတ်ဖြူနံ့ငယ်ကို ဝတ်လျက် ဗလာ ကလာ ဗာကပ်ကို စွပ်ထားသည်။ ဆွယ်တာကိုလည်း ချွတ်သည် မရှိ။ အဖိုးကြီးသည် ချောင်းဟန့်လျက်

"ပိတ်နံ့ငယ်နဲ့ ဆိုတော့ လွယ်ကူတာပေါ့ဗျာ" ဟု ပြောရာ အားလုံးက ရယ်ကြပြီး၊ ထွန်းမြင့်က

"ဘာ လွယ်ကူတာတုန်းဗျ။ ဘကြီးက နေရာတကာမှာ ရှင်းမှ မရှင်းဘဲ" ဟု မေးလေ၏။

"ရှင်းပါသကော မောင်။ ပေါင်ချန်မှာ စက်တန့်ဖြစ်တော့ ဖောင်းဘီနဲ့ ဆိုရင် ပေါင်ချန်ကို သိပ် နှောင့်ယှက်တာပေါ့။"

"ဒါနဲ့လဲ ဘကြီး မရှင်းသေးပါဘူး" ဟု နံပတ် ရှစ်က ဝင်စွက်၏။

"မောင် ဘယ်တုန်းက ချောင်းကြည့်လို့လဲ ဟဲ ဟဲ"

အားလုံး ရယ်ကြ၏။ အဖိုးကြီးသည် နှုတ်ခမ်းမွေးကို သပ်၍ နေ၏။ ထွန်းမြင့်က အဖိုးကြီးကို ဖမ်းလေပြီ။





"ဘကြီး သောမနေနဲ့အုံး။ မရှင်းတာက ဒီလို၊ ဘကြီးဟာ စက်တန့်ပေါက်တယ်ပြောတယ်။ ဆရာဝန်ကပြောတော့ ဗျူတိုဆိုတဲ့အကျိတ်တဲ့။ ဒါကတစ်နံပတ် မရှင်းတာ။ ဘကြီးက ရောဂါမရှိပါဘူးတဲ့။ ဆရာဝန်က ကာလသားရောဂါ ဘကြီးမှာ အမြစ်တွယ်နေသတဲ့။ ဒုတိယမရှင်းခြင်းဘဲ။ ဘကြီးက မကောင်းတဲ့ မိန်းမ မလိုက်စားဘူးပါဘူးတဲ့။ ဘကြီးရဲ့ နှာခေါင်းနဲ့ မျက်နှာက ပြောတော့ အတော်များသတဲ့" ဝါးကနဲ ပွဲကျသွားလေသည်။

အဖိုးကြီးလည်း မရယ်ဘဲ မနေနိုင်သောကြောင့် ခစ်ကနဲ ရယ်ပြီး "အတော် ပေါက်ပေါက် ရှာရှာနိုင်တဲ့ သူငယ်ဘဲ" ဟု ပြောလေ၏။

"မရှင်းဘူး မရှင်းဘူး၊ ဘကြီး ရှင်းရမယ်" ဟု ထွန်းမြင့်က လေမာမာဖြင့် နောက်သလို ပြောပြီး လေ ပျော့ပျော့ ဖြင့် ချော့၏။

"ဘကြီးရယ် ဖွက်နေဘို့ မလိုပါဘူး။ ကျွန်တော်တို့တတွေထဲမှာ လူကောင်းမပါကြပါဘူး။ အကုန် ကျိုးလို့ ပဲ့လို့ ဒီရောက်လာကြတာဘဲ။ ဘူဘူချင်း မစားချင်ပါနဲ့။ ပြီးတော့ ဘကြီးတို့လို သက်ကြီးရွယ်ရင့် ဗဟုသုတနဲ့ ပြည့်စုံသူတွေက ပြောတော့ မှတ်ရကြားရတာပေါ့၊ သင်ခန်းစာယူရတာပေါ့"

ညွန့်မောင်သည် ခုတင်ခေါင်းရင်းကို မှီ၍ ထိုင်ရင်း

"ဟုတ်ပါတယ် ဘကြီးရယ်၊ ပွင့်ပွင့်လင်းလင်း ပြောပြတာ ကောင်းပါတယ်။ ပြီးတော့ ဒီရောဂါမျိုးဟာ အမှန်အသိမပေးဘဲ ဖုံးဖိထားလေလေ ဆိုးလေဘဲ။ ဘကြီးအိမ်ကို ဒမြ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရင် ဘကြီးဖုံးထားမလား၊ ပုလိပ်ကို တိုင်မလား။ ပုလိပ်ကို ဘကြီးတိုင်မှာဘဲ။ ဒမြကာ ပုလိပ်တိုင်ရင် သတ်မယ်ဆိုတောင် တိုင်ကြမှာဘဲ။ ဘာ့ကြောင့်လဲ ဆိုတော့ ပုလိပ်ကို မတိုင်ဘဲ ငြိမ်ခံနေရင် နောက်ထပ် လာတိုက်မှာက သေချာသလို့။ ပုလိပ် တိုင်ရင် နောက်ထပ် တိုက်ဖို့ မရှိဘူး။ သတ်ပစ်မယ်ဆိုတဲ့ ရန်ကိုလဲ ပုလိပ်နဲ့ ခုခံနိုင်တာပေါ့။ ပြီးတော့ ပုလိပ်ကို ဒမြတိုက်ပုံအကြောင်း၊ ဒမြရဲ့ ပုံသဏ္ဍာန်၊ ဘယ်သူ့ကို ဒမြထင်ပုံ စသဖြင့်ပေါ့လေ၊ ဘကြီးအစုံ ပြောမှာဘဲ။ ဒါမှ ဒမြကို ဖမ်းနိုင်မှာကိုး။ ခု ဘကြီးကို လူပျိုနာဒမြက တိုက်ပြီ။ ပုလိပ်နဲ့ တူတဲ့ ဆရာဝန်ကိုတောင် ဖုံးထားတယ်။ ဒမြအကြောင်းမှန် မသိရတော့ ပုလိပ်ဟာ လုံလုံခြုံခြုံ မကာကွယ်နိုင်သလို၊ ဆရာဝန်လဲ ရောဂါအကြောင်း အစုံမသိရရင် အကုခက်မှာဘဲ”

အဖိုးကြီးသည် တွေနေ၏။ နောက် နှုတ်ခမ်းမွေးကို လက်ဖဝါးနှင့် ပွတ်ပြီး ပြုံး၏။

“ကောင်းပြီ၊ ကျုပ်ဆရာဝန်ကို ပြောမယ်။ မောင်တို့ကို ဘာလုပ် ပြောဘို့ လိုသေးသလဲ ဟဲ့ဟဲ” အားလုံး ရယ်ကြလေ၏။

“ဘကြီးက လူကြီးဆိုတော့ သက်ကြီးစကား သက်ငယ်ကြား မမှားအယူ ဖြောင့်ဖြောင့်ဖူ ဆိုတာလို၊ ကျွန်တော်တို့တတွေ အယူတိမ်းပြီး အစိမ်းမဖြစ်ရအောင်၊ ဟာ ယောင်လို့၊ အယူတိမ်းပြီး နောက်ထပ် မကျိုးရအောင် ကြားချင်တာပါ





ဘဲ”ဟု ထွန်းမြင့်က တောင်းပန်ပြန်၏။ ညွန့်မောင်က စာဖန်ကွန့်လိုက်ပြန်သည်မှာ

“ဘကြီးအိမ်ကို ဒမြတိုက်ရင် ပုလိပ်ကိုတင်မကာ အရပ်ကိုပါ ပြောပြတယ် မဟုတ်လား။ ဘာ့ကြောင့်လဲဆိုတော့ အရပ်က ဝိုင်းကူညီရင် ဒမြဘေးက ဝေးနိုင်လို့ပေါ့။ ကဲ ကျွန်တော်တို့ အရပ်သားများကို ဘကြီးရဲ့ ရောဂါအကြောင်း ပြောပြပါတော့”

အဖိုးကြီးသည် နှုတ်ခမ်းမွေးကို လက်ဖဝါးဖြင့် ပွတ်ပြီး ရယ်နေလေ၏။

“တော်တော်လာတဲ့ သူငယ်တွေဘဲ။ ကိုရင်တို့ ရှိလို့ လဲ ဘကြီးဆေးရုံမှာ ပျော်လာပြီ။ ဒီလိုကြွယ့်၊ ဘကြီးရဲ့ နောက်ဆုံး မိန်းမ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က သေတယ်”

“အို နောက်ဆုံးမိန်းမလို့ ပြောတော့ ဘယ်နှစ်ယောက် ရှိသလဲလို့ ကျွန်တော်တို့က မေးရလိမ့်မယ်”

“မိန်းမ ၄ ယောက် ရဘူးတယ်”

“ဟီးယား ဟီးယား။ ဒါမှ ဒို့ဘကြီးကွ”ဟု အားလုံးက ဝိုင်းအော်ကြ၏။ အခြား ခုတင်မှ လူနာများလည်း ခေါင်းမြီးခြုံထားသော စောင်များကို ဖွင့်လှပ်၍ ကြည့်နေကြလေ၏။ ညွန့်မောင်က လက်ကိုင် ပဝါကလေးကို နမ်းရင်း

“အဲဒီလို ဗဟုသုတတွေကို ဖြန့်ဖြူးမှ ကျွန်တော်တို့ တတွေမှာ အကျိုးကျေးဇူး ထူးတော့မပေါ့။ လောကမှာ ပညာဆိုတာ ရှေးအစဉ်အဆက်ဆက်က အမြော်အမြင်ရှိပြီး ရဲရဲခံ့ ထူးထူး ချွန်ချွန် ပြောရဲသူတွေက သူတို့တွေ့ကြုံဘူးတာတွေကို



www.burmeseclassic.com

www.burmeseclassic.com



အမှား အမှန် ခွဲပြီး ပြောပြတဲ့ စကားအရပ်ရပ်ကို ရေးပြတဲ့ စာစောင်ကို ပညာလို့ခေါ်တာဘဲ။ ဘကြီးလဲ တွေ့ဘူး ကြုံဘူးတာကို အမှား အမှန် ခွဲပြီးပြောရင် ကျွန်တော်တို့ကို ပညာပေးတာပေါ့" ထိုအတောအတွင်း အဆောင်တွင်းသို့ ဆရာမအဖွဲ့ ရောက်လာသဖြင့် ငြိမ်သွားကြလေ၏။ ဆရာမ အဖွဲ့ကား ညွန့်မောင် စကားပြောသည်ကို ကြားခဲ့၏။ ပြုံးစိစိနှင့် အားလုံးကို ကြည့်ပြီး "နံပတ် သုံး၊ ဆေးထိုးတာ အောင့်မနေဘူးလားဟင်"ဟု မေးလေ၏။ ညွန့်မောင့်က မန်မန်ဆာတယ်ဟု မိခင်ကိုပြောသော ခလေး၏အမူအရာမျက်နှာဖြင့် "နဲနဲအောင့်တယ်။ ဘယ်လို လုပ်မလဲ"ဟု မေးလေ၏။

"အောင့်တယ်၊ ဟုတ်လား။ စောစောက ဆရာမကို ဘာလို့ မပြောသလဲ။ ခဏစောင့်အုံး၊ ရေနွေးအိတ် သွားလုပ်အုံးမယ်" ဆရာမသည် ကခြေသည် လှည့်လိုက်သကဲ့သို့ နွဲကနဲ နောက်လှည့်ပြီး အဆောင် ပြင်ဘက်မှ ထွက်သွားလေ၏။

"သူမျှားတကာတွေလဲ ဆေးထိုးတာပါဘဲ။ သူ့ကိုမှ လာမေးတယ်"ဟု ထွန်းမြင့်က မှတ်ချက်ချလေရာ နံပတ်ရှစ်က ပြုံး၍

"ကျုပ်လဲ ဆေးရုံသက်ရှေလှပြီ။ ဒီဆရာမကလေး သဘောကောင်းတာတော့ အမှန်ဘဲ။ ဘယ်သူ့အပေါ်မဆို ကြင်နာတတ်ထာတော့ သိပါရဲ့။ နို့ပေမယ့် ကျုပ် ကြည့်ကြည့် နေတယ်။ နံပတ် သုံးကျတော့မှ ထူးကိုထူးတယ်ဗျ"ဟု ပြောပြန်ရာ





ညွန့်မောင်ကား မျက်နှာပူလျက် "ကဲဗျာ ဘကြီး။ သူတို့ပြောတာ နားထောင်မနေနဲ့။ ဘကြီးပြောမယ့် စကားသာ ပြောပါ"

"အဟမ်း အဟမ်း။ ချောင်းက နဲနဲဆိုးတယ်။ မိန်းမ သေပြီးနောက် ငြိမ်ပါတယ်။ ဟိုအရင် ငယ်ငယ်တုံးကတော့ ကျုပ်လဲ လမ်းမတော်သားဘဲ၊ ဟဲ ဟဲ။ မညံ့ခဲ့ပါဘူး။ မကျော့တို့ ခေတ် မှီခဲ့တာပေါ့။ ရောဂါလဲ ရဘူးရဲ့။ ဒါပေမယ့် မှိုင်းတိုက်ကောင်းလို့ ပျောက်တာပါဘဲ။ ခုမလိုက်တာဆိုရင် ဆဲ့ငါးနှစ်ကျော်ပြီဘဲကွယ့်။ ဟောဗျာ၊ လိပ်ဥစားမိတာနဲ့ ခု ဖြစ်လာတာပါဘဲ။ ညောင်းကျလာတယ်။ ပြီးတော့ စက်တန့်ပေါက်လာတာပါဘဲ"

"လာပြန်ပြီ ဘကြီးစက်တန့်ကလဲ"

"အေးလေ၊ ဆရာဝန်တွေ အခေါ်တော့ ကျုပ်ပေါ့။ ဘကြီးတို့ ဗမာအခေါ်တော့ စက်တန့်ပေါ့။ တကယ်ဖြစ်လာတော့ လမ်းကောင်းကောင်း မလျှောက်နိုင်ဘူး။ ကိုက်လိုက်တာကလဲ လွန်ရောကွယ့်"

နံပတ်ရှစ်က တွေနေရာမှ ဖျပ်ကနဲဝင်၍

"မဟုတ်ဖူး။ ဆဲ့ငါးနှစ်လုံးလုံး ဘယ်ဟာမနဲ့မှ မတွေ့ဘဲ ငြိမ်နေသလား၊ ပြောပါဘကြီးရယ်။ စကားအရှိသားဘဲ။ မြက်တဆုပ်ကိုသယ်နိုင်ရင် ကာမဂုဏ်မှာ အစွမ်းထုတ်နိုင်သတဲ့"ဟု မေးပြန်၏။

"ဟဲ ဟဲ။ မကြာသေးဘူး ခလေးမကလေး တယောက်နဲ့တွေ့ပါသေးတယ်။ မိန်းခလေးက အကောင်းဘလေးပါ။ ရှေ့ရှည်က



www.burmeseclassic.com

www.burmeseclassic.com



သန့်သန့် အတွင်းဝန်ကလေးတဦးရဲ့ မယားငယ်ကလေးဘဲ။ ဖြစ်ပုံက သနားစရာဘဲ မောင်တို့ရေ့။ အတွင်းဝန်က ပစ်ပြေးတော့ ဘကြီးကလဲ နဲနဲ ယတြာလေးပေဒင်လေး တတ်တာကိုး။ သူငယ်မအတွက် ယတြာချေပေးရတယ်။ အတွင်းဝန်ကတော့ ပြန်မပေါင်းဘူး။ ရာဇဝတ်ဝန်ထောက် ဦးမောင်ကြီးဆိုတာရဲ့ မယားငယ် ဖြစ်ပြန်ရော။ ကျုပ်ယတြာက သိပ်စွမ်းလို့လား မဆိုနိုင်ဘူး၊ ဦးမောင်ကြီးရဲ့ မယားငယ်အဖြစ်နဲ့ နေတုန်းဘဲ ပွဲစား ဦးစောဖေရဲ့ မယားအမြောင်အဖြစ်နဲ့လဲ နေသေးတယ်။ ဒါတင်မကဘူး။ ကျုပ်နဲ့လဲ ညားသေးတယ်"

ထွန်းမြင့်က "ဘကြီး အခုလိုဖြစ်တာဟာ သူ့ဆီက ရတာဘဲ"ဟု ပြော၏။

"ဟာ၊ မဟုတ်နိုင်တာဘဲ။ သူ့ခမျာ သန့်သန့်ပြန့်ပြန့်လေးဘဲ"

"ဘကြီး။ သူဟာ အဖျင်းဆုံး အတွင်းဝန်ကလေး၊ ဦးမောင်ကြီး၊ ဦးစောဖေဆိုတဲ့ လူသုံးယောက်နဲ့ တွေ့ပြီးပြီ။ အဲဒီ သုံးယောက်ထဲမှာ တယောက်ယောက်ဆီက ရောဂါရထားမယ်။ ခင်ဗျားကောင်းမလေးက အစက မရှိသေးရင် ပြောတာနော်။ ရှိပြီးရင်ဖြင့် ခုနင်က လူသုံးယောက်ကို ကူးမှာဘဲ။ အဲဒီ ကောင်မလေးဆီက ဘကြီးဆီ ရောက်တာဘဲ။ ကျွန်တော့်သူငယ်ချင်း တယောက်ဟာ မိန်းမဆိုလို့ အကောင်းရော အဆိုးရော မတွေ့ဘူးရှာဘူး။ သူဟာ မကြာခင်က စော်ဘွားရဲ့ခယ်မနဲ့ ရည်းစားဖြစ်တယ်။ ရည်းစားမို့ သွားလာတာဘဲဗျ။ ကဲ ကျွန်တော့် သူငယ်ချင်းမှာ အခု ညောင်းကျလာပြီး ဆေးထိုးနေရပြီ။





ရှက်လို့ ဆေးရုံတော့ မတက်ဖူး။ ကျွန်တော့် သူငယ်ချင်းမှာ အံ့အားသင့်ပြီး ဖြစ်ရတဲ့အကြောင်း ရှာတာပေါ့လေ။ မတွေ့ဘူး။ နောက် အထပ်ထပ် စုံစမ်းတော့ ရည်းစားသယ်မှာ ရောဂါရနေတဲ့အကြောင်း သိရတယ်။ ဘယ်လိုရနိုင်သလဲလို့ အထပ်ထပ်စုံစမ်းတော့ သူ့ရည်းစားသယ်ဟာ အရင်က စော်ဘွားရဲ့ သားတော်မောင် ကောလိပ်ပြန်နဲ့ ဖြစ်ဖူးတာကို တွေ့ရတယ်။ စော်ဘွားရဲ့ သားတော်မောင် ကောလိပ်ပြန်ဟာ အကြီးအကျယ် ရောဂါရနေသူဖြစ်တာကို သိရတယ်။ ကဲ၊ မီးခိုးမဆုံး မိုးမဆုံး ဆစ်ဖလစ်ဆိုတဲ့ ဒီရောဂါဟာ သွားလာကျက်စားနေပုံ ကြည့်ပေတော့။ ဗမာပြည်မှာ လင်ကနေပြီး မယားကို ကူးတဲ့ကိစ္စတွေလဲ များလှပါဗျား"

ညွန့်မောင်သည် သက်ပြင်းကြီး ချမိ၏။ ငေးမှိုင်မှိုင် ဖြစ်သွား၏၊ သူ့ကို ယခု ဖိစီးနေသော ရောဂါကား ပုဂံပြည်ကို ဗုံးပင်ဖျက်သလို ဗမာပြည်ကို ဖျက်မည့် ရောဂါပါတကား။ လောကတွင် အဖြစ်မြန်လျှင် အပျက်မြန်၏ဟူသော သဘောတရားသည် ရှိ၏။ ဤရောဂါကား ထိုသဘောတရားကို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်၏။ အဖြစ်မြန်၍ အပျက်နှေးသည်၊ ဝါ၊ ရောဂါ ဖြစ်လွယ်၍၊ ရောဂါ အမြစ်တွယ်လွယ်၍ ရောဂါ အပျောက်နှေးသည်။ အမြစ်ပြတ်ရေး နှေးလှသည်။ ညွန့်မောင်က စဉ်းစားတွေးတောရင်း

"ကျုပ်တို့တော့ နောက်ထပ်မိုက်လို့ မဖြစ်ဖူး။ ဒီရောဂါကို အမြစ်ပြတ်အောင်ကုပြီး ကောင်းကောင်းနေကြဘို့ လိုတယ်။ စိတ်ညစ်လို့ လုပ်မိတာ စိတ်ညစ်ပြေသလိုလိုနဲ့ ခုတော့ ဖိုဆိုး



www.burmeseclassic.com

www.burmeseclassic.com



မှာကို တွေ့ရတယ်။ ညစ်တဲ့စိတ်ကို ဒီ့ပြင်နည်းနဲ့ ခဝါချပြီး ဒီရောဂါနဲ့ဝေးအောင်ကြံတော့မယ်”ဟု သတိသံဝေဂ အပြည့် အလျှံ ဝေကျသောစိတ်ဖြင့် ပြောလေ၏။ ထိုသို့ပြောနေခိုက် ဆရာမ အဖြူကလေးသည် ရေနွေးအိတ်ကိုကိုင်လျက် လာနေ လေ၏။ အခြားသူများသည် ၎င်းတို့ ခုတင်အသီးသီးသို့ ပြန် ကြလေ၏။ ဆရာမက မျက်နှာချိုလျက်

“ကဲ၊ ကြော မှီမထားနဲ့။ ခေါင်းအုံးပေါ်မှာ အိပ်။ ယက်စ် ဟုတ်ပြီ။ ခြေထောက်ရွှေ့ရတာ နာသလား။ အို ခေါင်းကြီး ရမ်းရတာကလဲ ဘာအကျင့်တုံး။ စကား မပြောတတ်တာလ ဘဲ။ ကဲ မပါအုံး”

“အဖြူ့ရှေ့ကျရင် စကားကိုပြောလို့ မတတ်ဖူး။ ဒါကြောင့် ခေါင်းရမ်းတာဘဲ”

“အို၊ လူများကို အဖြူတဲ့။ ဘယ်သူက ပြောသလဲ။ ဒါမေ ခေါ်တဲ့ နာမယ်။ ရှင့်ကို ဘယ်သူ ပြောသလဲ။ ရေနွေးပူ နေရာရွှေ့ရွှေ့ပေး။ ပြောပါအုံး၊ ဒီနာမယ်ကို ဘယ်သူကပြော သလဲ”

“အဖြူ့အမေက ဗမာလား။ ဟုတ်လား”

“ဟုတ်ပါတယ်။ နာမယ် ဘယ်သူပြောသလဲ”ဆရာမသည် သားကို မိခင်က သရဲလုပ်ပြသကဲ့သို့ ညွန့်မောင်ကို မျက်စောင်း ထိုးလျက် ကြည့်နေသည်။ မျက်လုံးကို ညွန့်မောင်၏ တကိုယ် လုံးအား လှည့်ပတ်ကာ လှုတ်နေသည်။ ဟန်တချီချီနှင့် လှ လဲ့ လှုပ်လီနေသော စိန်ပန်းခိုင် အရောင်လျှပ်သကဲ့သို့ အဖြူ မျက်လုံးတို့သည် အရောင် လျှပ်နေလေသည်။ လက်သော





အရောင်ကြောင့် စိန်ကို မက်သလို ညွန့်မောင်သည်လည်း အချစ်ရောင်လက်သော မျက်လုံးတို့ကြောင့် အဖြူကို မက်စ ပြုလေပြီ။ အဖြူမှာ ရေနွေးအိတ်ကိုနေရာတကျထားပေးပြီး၍ အလုပ်မရှိတော့ရာ ခွာသွားရမည် ဖြစ်လေသည်။ သို့သော် ညွန့်မောင်၏အနားက မခွာနိုင်သေးပေ။ ထို့ကြောင့်တစုံတရာ လုပ်ရန် ရှိလေဟန်ဖြင့် ဟန်ဆောင်ရလေ၏။ တွန့်နေသော အိပ် ရာခင်းကိုပင် ပြင်ပေးရင်း

“ကဲပါ၊ ပြောပါ။ နာမယ်ကို ဘယ်သူက ပြောသလဲ”ဟု ဒေါသံလိုလို ဖမာသံလိုလိုကလေးနှင့် မေး၏။

“လက်ကိုင်ပဝါမှာ မစ္စဝှိုက်လို့ ပါတယ်။ အဲဒါကို ဗမာ လိုပြန်ပြီး အဖြူလို့ ခေါ်လိုက်တာဘဲ။ မှားသွားသလား။ စိတ် ဆိုးသလား”

“မမှားပါဘူး။ မေမေက ဒီလိုဘဲခေါ်တယ်။ စိတ်လဲ မဆိုး ပါဘူး။ ဒါပေမယ့် နာမယ်ကို သူများကြားအောင် မခေါ်နဲ့ နော်။ စစ္စတာကြားသွားရင် အဖြူ အကြိမ်းခံထိမယ်။ နာမယ် ခေါ်ရင် သိပ်ပြီးရင်နှီးရာ ရောက်တယ်တဲ့”

“ဒီလိုဆိုရင် ခေါ်မှာဘဲ။ အဖြူ”

“ခေါ်ချင်ရင် နှစ်ကိုယ်ကြား ခေါ်ရမယ်”

“အို၊ ကျယ်ကျယ်ခေါ်ရင် ဆရာမက ရိုက်မှာလား”

“ဟာ ဟာ”ဟု မထိတထိဖြင့် ကလိတိတိရယ်ပြီး ဆရာမသည် ဘာလုပ်ရမည်မသိသဖြင့် ခုတင်ခြေရင်းရှိ မှတ်တမ်းစာရွက် များကို လှန်ကြည့်နေလေ၏။ အဖြူသည် အတန်ကြာ ပီတိ



www.burmeseclassic.com

www.burmeseclassic.com



အဟုန်ဖြင့် ဘဝင်တုန်နေပြီးနောက် ပျောက်နေသောလျှာကို ရှာ၍ တွေ့သည့်အလား

"စောစောက နံပတ်သုံးပြောနေတာကို အဖူ ဝင်လာရင်း ကြားပါတယ်။ ကျုပ်တို့တော့ နောက်ထပ်မိုက်လို့ မဖြစ်တော့ဘူးဆို။ နောက်ထပ်မိုက်ရင် ဟိုဘက်အဆောင် ဆဲ့ကိုးကို ရောက်မယ်။ သိရဲ့လား"

"အဲဒါ မသိဘဲနဲ့ကို ကြောက်နေပြီ။ အဆောင် ဆဲ့ကိုးမှာ ဘာတွေရှိသလဲ"

"တသက်လုံး လူစင်မမှီတဲ့လူတွေ၊ နာတာရှည်ရောဂါကပ်ပြီးနေတဲ့လူတွေ၊ ကိုယ်တပိုင်းသေတို့၊ တခြမ်းသေတို့၊ သွက်ချာပါဒတို့၊ မျက်မမြင်တို့နေတဲ့ အဆောင်ကို ဆဲ့ကိုးလို့ ခေါ်တယ်။ နောက် ကောင်းကောင်းနေနော်"

"နေမှာပေါ့ အဖူရယ်။ မှားတယ်ဆိုတာ တသက်တခါ မှားစမြဲဘဲ။ ဒါပေမယ့် တခါသာ မှားရမယ်။ နှစ်ခါ မမှားရဘူးပေါ့။ ခလေးတွေတောင်မှ မီးကို တခါကိုင်လို့ ပူမှန်းသိရင် နောက်ထပ် မကိုင်ကြဘူး။ အခု မောင်တို့လို ပညာတွေ အများကြီးသင်ဘူးတဲ့လူက ခလေးလောက်မှ အမှတ်သည်းခြေ မရှိဘူးဆိုရင် ကမ္ဘာကြီး မှောက်ဖို့ရှိတော့တယ်"

"နံပတ်သုံး ဘယ်အတန်းအောင်သလဲ"

"ဘီ အက် စီ အောင်ဘူးတယ်။ လူကို နာမယ်ခေါ်ပါ။ နံပတ်သုံးလို့ မခေါ်စေချင်ဘူး"





"ဟာ ဟ"ဟု လက်သံ့ညို့သော စောင်းဆရာလို မထိတထိ ရယ်ပြီး ငါးမိသည့်ဗျိုင်းဖြူလို ခပ်မော့်မော့်၊ ခပ်ကြော့ကြော့၊ ခပ်ပျံ့ပျံ့၊ ခပ်မြန်မြန် ဟန်အမူတမျိုးဖျက်ကာ ထွက်သွားလေ၏။

ထိုနေ့ညတွင်လည်း နံပတ်ကိုးမှ လူနာသည် ကောင်းစွာ မအိပ်။ အဝတ်အစားကိုချွတ်ကာ နေပြန်သဖြင့် ဆူဆူညံညံ ဖြစ်လေသေးသည်။ ညဆရာမကလေးများကား သူ့အနီးသို့ပင် မကပ်ရဲပေ။ စစ္စတာခေါ် ဆရာမကြီးသည် လာရောက်ကာ "မင်း အဝတ်အစား ဝတ်ထားရမယ်။ နောက်ထပ်ချွတ်ရင် အရှုးထောင် ပို့ပစ်မယ်။ ဆေးရုံက နှင်ထုတ်ပစ်မယ်။ မင်းဟာ ဒီလိုနေရင် ဆရာမကလေးတွေကို မရိုသေတာနဲ့အတူတူဘဲ။ မင်း ကောင်းကောင်းနေပါ။ နားလည်သလား" ဟု ကြိမ်းမောင်းသွားလေ၏။ ထိုတွင်မက ညဆရာဝန်ကလည်း စောစောစီးစီးလာ၍ အိပ်ဆေးထိုးပေးလိုက်၏။

သူ့ထက် အနှောင့်အရှက်ပေးသူမှာ ယနေ့မှ ရောက်လာသော မျက်စိတွင် တိမ်ကျနေသူ ဖြစ်လေသည်။ ညဆဲ့တစ်နာရီလောက်တွင် သူသည် ကျယ်လောင်စွာ ဘုရား ရှိခိုးလေသည်။ နှုတ်တိုက် ရသမျှတွေကို ဆူညံနေအောင် ရွတ်ဖတ်လေရာ ဆရာမတို့သည် လာ၍ ငြိမ်စေရပြန်သည်။

"ဒီအချိန်ဟာ အိပ်ချိန်။ စောစောက ဘုရားရှိခိုးရတယ်။ အိပ်နေပါ" ဟု ဆရာမကြီးကပြောလေရာ ထိုသူသည် မျက်စိကို နာနာပိတ်၍အိပ်လေသည်။ အိပ်ပျော်ပြီအထင်နှင့် ဆရာမသည် ပြန်သွားလေရာ မကြာမီ ထိုသူသည် သီချင်းဆိုပြန်လေ၏။ ဆရာမနှင့် ဘုဂ်ကုလားတို့သည် အပြေးလာပြီး တားဆီး



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ပင် ရ ပြန်လေ၏။ "စိတ်ညစ်တယ်ဗျာ။ အိပ်လို့လဲ မရဘူး"ဟု ထိုသူက ညည်း၏။ ဆရာမသည် ထိုသူကို အိပ်ဆေး များ တိုက်ပေးရလေ၏။

ညွန့်မောင်သည် အိပ်၍ မပျော်။ ထိုသူနှစ်ယောက်တို့ တယောက်ပြီးတယောက် ဆူကြ ပူကြ လုပ်သည်ကိုကြားနေရရင်း ရင်တွင်း၌ ဗလောင်ဆန်၍ နေလေသည်။ 'ငါလဲဘဲ အရူး စာရင်း အကန်းစာရင်း ဝင်နေပြီ။ ဆရာဝန် လက်မဦးရင် ရူးမှာ ကန်းမှာဘဲ။ အော် ခုနေများ အထွေးမြင်ရင် ဘယ်လိုနေလိမ့်မည်နည်း။ အထွေး ငါ့အကြောင်းများသိရင် အကန်းစာရင်း အရူးစာရင်းဝင်မို့ လို့ ပိုပြီး ချစ်ရေးနဲ့ ဝေးသထက် ဝေးတော့မှာပေါ့နော်။ ငါ့ကို ဘယ်ယောက်ရှုမည်နည်း။ တံတွေး ထွီထွီ နှင့်မသတီဖြစ်လိုက်မှာဘဲ။ အထွေးကလေးအမြင်မှာဖြင့် မကောင်းသည့် မိန်းမ၊ စက်ဆုပ်ဖွယ်ကောင်းသည့် မိန်းမ၊ စာရိတ္တပျက်ပြား အကျင့်တရားမဲ့ပြီး ကိုယ့်ကိုယ်ကို ရောင်းစားတဲ့မိန်းမတွေနဲ့ ရောနှောဆက်ဆံလာခဲ့တဲ့ ငါဟာ နူနာရောဂါ ကပ်စွဲဘူးတဲ့လူနဲ့ တူမှာပါဘဲ။ အထွေးရှိမှာလိုဘဲ အကိုကြီးလဲ အကိုကြီးအဖြစ်ကို ရှံရှာခဲ့ပြီ၊ မုန်းခဲ့ပြီ။ အေး၊ သူ ရှိလဲဘယ်တတ်နိုင်မလဲ။ သူက အရင်ကတဲက ရှံလို့စွန့်ပစ်လိုက်တဲ့ပစ္စည်းဘဲ။ မစင်ထဲကျကျ၊ အမှုပ်အစပ်ထဲနေနေ သူ ဘာ ဂရုစိုက်တော့မှာလဲ။ သူ မလိုလားလို့ စွန့်ပစ်တဲ့ပစ္စည်း မီးဘဲ လောင်လောင် သူ့ အပူ မပါပေဘူးပေါ့။ ဒါတွေသိရက်နဲ့ ငါက ဘာများ စိုးရိမ်နေရတာလဲ' စသည်ဖြင့် တွေးတောမိကာ အိပ်မပျော်နိုင်သည်နှင့် ဆရာမကိုခေါ်၍ အိပ်ဆေးတောင်း





သောက်ရပြန်သည်။ အိပ်ဆေးသောက်ပြီး အိပ်ပါတော့မည်ဟု အားခဲသော်လည်း ကဆုန်ချ၍ စိုင်းနေသော ဦးနှောက်သည် စဥ်းစားဥာဏ် အာရုံကြောများကို အနားမပေးဘဲ စီး နေလေသည်။

'ဆရာမကလေးတွေ ယုယ ပြုစုကြသလို အထွေးကလေး ပြုစုတာဆိုရင် ဘယ်လောက်ကောင်းမလဲ။ အထွေးရဲ့ အယုအယကိုသာခံရမယ်ဆိုရင် ဘယ်လိုရောဂါကိုမဆို မကြောက်ပါဘူး။ ပျော်ပျော်ကြီး ခံစားပံ့ပါရဲ့။ အော် ဒါထက် သစ်တောလိုင်စင်တွေ နှစ်စေ့ကုန်လို့ အသစ်လုပ်ရတော့မယ်တဲ့။ အင်္ဂလိပ်ကုမ္ပဏီကြီးတွေက အစိုးရနဲ့ စကားဆိုနေကြရဆိုဘဲ။ ဒီလိုအခါမှာ ငါတို့ဝင်ပြီး ယူလိုက်ရရင် သေချာပေါက် ပွမှာဘဲ။ ဒီလိုအချက်မှာဝင်ပြီး အင်္ဂလိပ်တွေနဲ့ ပြိုင်ယူစမ်းချင်တယ်။ ဒီလိုချက်သာ ဖမ်းလိုက်ရရင် ဗမာပြည်မှာ သစ်တောဘုရင်ဖြစ်မှာဘဲ။ ဒီလို အကြီးအကျယ်ဖြစ်အောင် လုပ်ချင်လို့ ဦးဘဆင်ဆီဝင်တာ။ ခုတော့ အချက်ကောင်းတွေ လွတ်ကုန်ပြီ။ ဟိုတုန်းကများ ဒီလိုအလုပ်တွေ ဦးစီးလုပ်လို့ အောင်မြင်လာတဲ့အခါ စစ်နိုင်သောဗိုလ်ဟာ အောင်လံထူပြီး မြို့တော်ပြန်တော့ ဗိုလ်ကတော်ကဆီးပြီး အုန်းညွန့်နဲ့ သပြေညိုတို့ကို တပ်ဆင်လို့ ပေးတာလို အထွေးကလေးက အုန်းညွန့်နဲ့ သပြေညို တပ်ဆင်ပေးပြီး ချီးကျူးစကား ပြောကြားလိမ့်မယ်လို့ တွေးတွေးပြီး ဝမ်းသာခဲ့ရတယ်။ ကဲလေ၊ တော်ပြီ။ ဒါတွေ တွေးရင် စိတ်နာတယ်။ အိပ်မယ်၊ ကဲ အိပ်မယ်။ အို ဘာဘို့ အိပ်မပျော်နိုင်တာလဲ'



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ ဆရာမ။ အိပ်မပျော်သေးဘူး"

ဆရာမတို့သည် ညွန့်မောင်အား အိပ်မပျော် ပျော်အောင် ရမ်ခေါ် အရက်ပြင်းပြင်းတခွက်ကို တိုက်လေ၏။ သို့သော် အိပ်၍ကား မပျော်။ 'ငါ အိပ်မပျော်တာ ခင်ထွေးအကြောင်း စဉ်းစားမိလို့။ ခင်ထွေး နှိပ်စက်လှပါကလား။ ကဲ ငါ မစဉ်းစားတော့ဘူး။ ငါ့ကိုမုန်းတဲ့လူတွေအကြောင်း ဘယ်တော့မှ ငါ မစဉ်းစားဘူး။ ငါချစ်တဲ့လူတွေအကြောင်း စဉ်းစားမယ်။ ဘယ်သူတွေ ငါ့ကို ချစ်သလဲ။ ဦးလေးသောင်း ငါ့ကိုချစ်တယ်။ ကိုထွန်းမြင့် ငါ့ကို ချစ်တယ်။ စံဖေ ငါ့ကို ချစ်တယ်။ ပြီးတော့ ဆရာမအဖြူ ငါ့ကိုချစ်တယ်။ ငါ သေချာပေါက် ပြောနိုင်တယ်။ ငါ့ကို သူ ချစ်တယ်။ အဖြူဟာ ရုပ်ချောတယ်။ အထွေးထက် အများကြီးချောတယ်။ အေးလေ၊ ဘယ်သူ့ ထက် ချောချော ငါ ဘာဂရုစိုက်ရမလဲ။ အဖြူချောတာသာ လိုရင်းစွဲ။ ပြီးတော့ အဖြူဟာ သဘောဖြူတယ်၊ ချော့တတ်တယ်၊ ငါ့ကို ချော့တယ်။ ငါလိုလူဟာ ချော့တတ်တဲ့မိန်းမနဲ့ နေရာကျမယ်။ အို မိန်းမတွေ ဘာတွေ တွေးလို့။ ငါ မိန်းမ မယူဘူး၊ မိန်းမယူရင် ရှုတ်တယ်။ အဖြူ ငါ့ကို ချစ်တယ်။ ချစ်ချင်ချစ် ငါ မိန်းမ မယူဘူး။ ငါ့အမေက လွဲလို့ အဖြူလောက် ငါ့ ဂရုစိုက်တဲ့မိန်းမ မတွေ့ဘူးဘူး။ ငါ့အမေ သေသွားပြီ။ ငါ့အမေတခါ ငါဖျားတုန်းက ပြုစုတာလိုဘဲ၊ အဖြူ ပြုစုပုံက။ အဖြူဟာ သိပ် တော်တာဘဲ။ နို့ ပေမယ့် ငါကတော့ ပြန်ချစ်လိမ့်မယ် မထင်နဲ့။ ငါ မိန်းမတွေကို မချစ်တော့ဘူး။ အဖြူဟာ တကယ့် နာမည်နဲ့လိုက်အောင် ရုပ်ဖြူတယ်။ စိတ်ဖြူတယ်။





စပယ်ဖြူဆိုတာ ဒါမျိုးခေါ်တာ ထင်ပါရဲ့။ စပယ်ဖြူ ပန်ချင်သူတွေက များတယ်တဲ့။ ဟင် အဖြူမှာ ရည်းစားရှိလေသလား။ ငါ မေးမယ်၊ ငါ မေးကြည့်မယ်။ ရည်းစားရှိရင် ဒီကောင် ငါ ရှာမယ်။ အဖြူက ဘာလို့ သူများကို ချစ်ရမှာလဲ၊ ငါ့ကိုသာ ချစ်ရမယ်။ ငါကတော့ ပြန်ချစ်ချင်မှ ချစ်မှာပေါ့လေ။ အို အဖြူ့ ကို စဉ်းစားပြန်တော့လဲ အိပ်မပျော်ပါလား။ အိပ်မယ်၊ အို အိပ်လို့ကို မရဘူး'

"ဆရာမ၊ အိပ်လို့မရဘူး"

ဆရာမသည် ပြေးလာပြီး

"ခက်တာဘဲ နိုပတ်သုံးရယ်။ ဘာလို့ အိပ်မပျော်သလဲ"

"မသိဘူး။ အိပ်လို့မပျော်တာတော့ အမှန်ဘဲ"

"ခက်တာဘဲ။ ဆရာဝန်ခေါ်ပြီး အိပ်ဆေးထိုးမယ်။ အနာကိုက်လို့လား"

"ဟုတ်တယ်။ ဒါကြောင့် အိပ်မပျော်တာဘဲ"

ဆရာမသည် တယ်လီဖုံးဆီသို့ သွားပြီး ဆရာဝန်ကို ခေါ်ယူရလေသည်။ ညွန့်မောင်ကား သူ လိမ်တတ်သွားသည်ကိုပင် တွေးပြီး ရယ်မိလေ၏။ 'ဒီလို လိမ်တာကို အဖြူ့ ကို ပြောပြရမယ်။ သူကတော့ တခစ်ခစ်နဲ့ ရီမှာဘဲ။ အေးလေ၊ သူ့ ကို တွေးနေလို့ အိပ်မပျော်ဘူးဆိုရင် ငါက သူ့ ချစ်နေပြီလို့ သူက ထင်သွားတော့မှာ။ ငါ ဒါကို မပြောဘူး။ ငါက ချစ်တာမှ မဟုတ်ဘဲ။ အို အိပ်မပျော်တာနဲ့ ငါ အလုပ်များချင်နေပြန်ပြီ'

www.burmeseclassic.com



"မေတာ မေတာ။ ဘော်တယ် ယူခဲ့စမ်း" မေတာကုလားသည် ဆီးပုလင်းကိုယူ၍ ညွန့်မောင်အား ပေးလေ၏။ နောက် ၁၅ မိနစ်ခန့် ကြာသောအခါ ဆရာဝန်သည် ရောက်လာလေ၏။ ဆရာဝန်မှာ ချေးတဒီးဒီးနှင့် မောပန်းလာရှာ၏။

"ခင်ဗျားတို့ အကျိုးဆောင်ကဖြင့် မအိပ်တဲ့လူတွေ သိပ်ပေါတာဘဲ" ညွန့်မောင်က ရယ်၍သာ နေလေသည်။

"ခင်ဗျားတို့အဆောင်ကို လာရတာ သိပ်ဝေးတယ်။ ဘာလဲ၊ အနာက ကိုက်သလား။ ဟိုဘက်လှည့်၊ အင်း ဗောင်းဗီဖယ်စမ်း။ ဆစ်ဖလစ်ပိုးထနေလို့ ရောဂါရနေတဲ့ လူတွေဟာ အအိပ်မပျက်ရဘူး၊ အအိပ်ပျက်မခံရဘူး။ ဆစ်ဖလစ်ပိုးက သွေးတို့ သားတို့ကို စားတယ်။ အအိပ်ပျက်တော့ သွေးသားအားနဲ့တယ်။ အအိပ်ပျက်တာရော၊ ဆစ်ဖလစ်ပိုးရော။ နားသလား။ အို ပြီးပြီ။ နှစ်ခု ရောနှိပ်စက်ရင် ဘယ် သိပ်ခံနိုင်မလဲ။ ပြီးတော့ အအိပ်ပျက်ခံရင် ရူးတတ်တယ်။ ကဲ အိပ်၊ ခင်ဗျား တန်တားကလေး မကြောက်ဖူးလား။ တန်တားကလေးရောက်တဲ့ အရူး ၁၀၀ မှာ ၇၅ ယောက်ဟာ ကာလသားရောဂါ အရင်းခံ အကြောင်းကြောင့်ဘဲ၊ မှတ်ထား။ ကဲ ဂွမ်းကို ဖယ်ထားတော့။ ဗောင်းဗီ အုပ်လိုက်ပါတော့။ မိုးအုံ့ပြီး အိုက်လိုက်တာ"

"ဆရာ၊ ကျွန်တော် ရူးမှာကို သိပ်ကြောက်တယ်။ အိပ်မယ် ဆရာ" ညွန့်မောင်သည် မကြာမီ အိပ်ပျော်သွားလေ၏။



# ၉

နောက်တနေ့နံနက်တွင် ညွန့်မောင်သည် ၄ နာရီခွဲ၌ ဆရာမများက ဆေးတိုက်ခြင်း၊ အပူတိုင်းခြင်းတို့ကြောင့် ခဏမျှနိုး၏။ နောက် ဆက်၍အိပ်ပြန်ရာ ၇ နာရီခွဲမှ နိုးလေသည်။ နိုးသည်မှာလည်း အလိုအလျောက် နိုးခြင်းမဟုတ်ပေ။ ထွန်းမြင့်သည် သတင်းစာကို ကိုင်၍ သူ့ထံ လာ၍နှိုး ခြင်းကြောင့် နိုးရလေသည်။

"ကဲ မျက်စိပွတ်အုံး။ ပြီးတော့ ဟောဒါလေး ကြည့်စမ်း"

ထွန်းမြင့်သည် သတင်းစာကို ညွန့်မောင်အား လှမ်းပေးလေ၏။

**စာရေးဆရာနှင့် ဒါရိုက်တာ ဦးထွန်းမြင့်**
**ဆေးရုံတက်ရခြင်း**

နာမည်ကျော် စာရေးဆရာနှင့် ဒါရိုက်တာ ဦးထွန်းမြင့်သည် အနာကြီးပေါက်သဖြင့် ဆေးရုံတက်နေရကြောင်း။ ရောဂါမှာ အသည်းအသန် မဟုတ်သော်လည်း အမြောက်မြန်မည် မထင်ဟုဆိုကြောင်း။ သွားရောက် မေးမြန်းလိုသူတို့သည် ဆေးရုံ အဆောင်ပိုင်းများသို့ သွားရောက် မေးမြန်းနိုင်ကြကြောင်း။

ညွန့်မောင်သည် သတင်းစာကိုဖတ်ပြီး ဆတ်ခနဲ ခေါင်းမော့ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်၊ ခင်ဗျားတော့ ကျုပ်အတွက်နဲ့ အရှက်ကွဲတော့မှာဘဲ။ ကျုပ်အဖော်ရအောင်ရယ်လို့ ဆေးရုံတက်တာ မှားကုန်ပြီ" ဟု ပြောလေ၏။

"မမှားပါဘူး။ အရှက်ကွဲလဲ ဂရုမစိုက်ပါဘူး။ ကျုပ်က သူ့အထင်ကို လိုက်နေတာ မဟုတ်ပါဘူး။ ကျုပ်အထင်ကို လိုက်နေတာ"

"ဪ၊ ခင်ဗျားတို့လို အများသိနေတဲ့ လူတယောက်အတွက် နဲနဲရှက်စရာကောင်းတယ် ထင်တာဘဲ။ အဆောင်ဝိုင်းဆိုတာလဲ အကျိုးတွေအတွက် သီးသန့်အခန်းတွေလို့ လူတွေက သိနေကြတာကိုးဗျ"

"ကျုပ် ကျိုးတယ်ဆိုတာ လူတွေသိကြတာပေါ့ဗျ။ သိလဲ ဘာကိစ္စရှိသလဲ။ ကျုပ်က မဖုံးချင်ပါဘူး။ ဒီရောဂါဟာ ဖုံးကွယ်ပြီးထားလို့ မကောင်းဘူး။ ပုံးရှိုး ကွယ်ရှိုးလုပ်လေ၊ ဒီရောဂါရဲ့အမြစ်ဟာ သန်သန်မာမာနဲ့ စွဲလေလေဆိုတာ ခင်ဗျားသိသား မဟုတ်လား။ ဒီရောဂါကို ဖုံးတဲ့လူဟာ ဘာနဲ့တူသလဲဆိုရင်တော့ ကြွက်တွင်းကို တူးမပြစ်ဘဲ တွင်းဝ ပိတ်သူနဲ့တူတယ်။ ရောဂါကိုဖုံးပြီး တိတ်တိတ်ဆေးမီးတိုကလေးတွေနဲ့ကုကြရော။ အနာပျောက်သွားရော။ စင်စစ်တော့အနာပျောက်တာမဟုတ်ဖူး။ ဝင်သွားတဲ့ သဘောဘဲ။ အပြင်မှာ အနာပျောက်ပြီး ပိုးတွေကတော့ ရှောက်သောင်းကျန်းတော့တာဘဲ။ အဲဒီတော့ ရင့်သထက် ရင့်တဲ့ ရောဂါတွေ ဖြစ်လာတော့တယ်။ သွက်ချာပါဒ၊ မျက်စိကန်း၊ ရူး။ အို၊ အလွန်ခံရ





ခက်တဲ့ ရောဂါဆိုးတွေ ရတာဘဲဗျ။ ဒီတော့ ဒီရောဂါဖြစ်ရင် အရှင်ဆုံး အရေးကြီးတာက မရှက်ဖို့ဘဲ။ မကွယ်ဘို့ဘဲ"

"ဟုတ်တယ်။ အလင်းခေတ်နဲ့ အမှောင်ခေတ်မှာ အလင်းခေတ်ဟာ လူတွေကို အသက်တို့၊ အားတို့၊ အမှန်တရားတို့ကို ပေးတာလို၊ အမှောင်ခေတ်ဟာ လူတွေကို ပျက်စီးစေတတ်တဲ့ ရောဂါတို့၊ အမှားတရားတို့ကို ပေးတာဘဲဗျ။ အဲဒီတော့ ဒီရောဂါဖြစ်လာရင် အမှောင်ခေတ်ဆိုတဲ့ ကွယ်ဝှက်မှုနဲ့ ကုမယ်ဆိုရင် သူခိုး ခေါးရိုးကမ်း ဆိုတာလို ဖြစ်မှာပေါ့နော်။ အေးဗျာ၊ လူတွေကို ခင်ဗျားတို့ စာရေးဆရာတွေက သင်ပေးရင် ကောင်းမှာဘဲ"

ထွန်းမြင့်သည် သတင်းစာကိုယူပြီး လှန်လှောကာနေ၏။ ညွှန့်မောင်သည် ရှေ့ကို တည့်တည့်ကြည့်ကာ တယောက်တည်း ပြောနေသကဲ့သို့ ပြောနေပြန်၏။

"ဟုတ်တယ်။ ဝမ်းထဲ အသားထဲ သွေးထဲမှာရှိတဲ့ ပိုးတွေကို သတ်တာတောင်မှ အလင်းခေတ်ကိုပေးပြီးသတ်ကြရတယ်။ နေရောင်နဲ့ ပေးသတ်တာလဲ ရှိရဲ့။ အိပ်စ်ရေးတို့၊ အာတရာဗိုင်အို လက်ရေးတို့ ဘာတို့နဲ့ သတ်တာလဲ ရှိတယ်။ အဆုပ်နာရောဂါပိုးများကို အလင်းခေတ်နဲ့ သတ်ရတယ်ဆိုတာ ကြားဘူးသားဘဲဗျ။ နေစမ်းပါအုံး။ ကျုပ်တို့ဒီကာလသားရောဂါကနေပြီး အဆုပ်နာ တီဘီလဲ ဖြစ်တတ်တယ်ဆို"

ထွန်းမြင့်ကား သတင်းစာတွင် တနေရာကိုလှန်ပြီး ညွှန့်မောင်အား ပြရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တယ်ဆိုတာက ဒီလိုကိုးဗျ။ အဆုပ်နာ တီဘီပိုးဟာ လူတိုင်းမှာရှိနေတာဘဲ။ ဒါပေမယ့် နဲနဲသာ ရှိနေကြတယ်။ ဒီတော့ လူ့ရဲသွေးအား မာတ်အားပေးပြီး အထောက်အခံပြုနေကြတဲ့ တခြားပိုးတွေက အသင့်အသင့်ဖြစ်လာတဲ့ တီဘီပိုးတွေကို အမြဲတမ်း နိုင်နိုင်နင်းနင်း သတ်ပစ်တာဘဲ။ အဲဒီ အထောက်အခံပြုတဲ့ပိုး အင်အားကောင်းလေ၊ တီဘီပိုးတွေ မှုန့်မှုန့်ညက်လေဘဲ။ အဲ၊ ကာလသား ရောဂါပိုးဆိုတဲ့ ဆစ်ဖလစ်ပိုးက အထောက်အခံ ပြုတဲ့ပိုးကို ရန်မူတယ်။ အထောက်အခံပြုတဲ့ပိုးကို အားနဲစေတယ်။ ဒီတော့ လဲရာဖိထောင်းဆိုတာလို အမြဲ အလစ်ချောင်းနေတဲ့ တီဘီပိုးက ဆစ်ဖလစ်ပိုးရဲ့ အကူအညီကို ယူပြီး လူကို တီဘီဖြစ်စေတာဘဲ။ ကဲ၊ ဒါလေး ဖတ်စမ်းပါအုံး"

ညွန့်မောင်သည် သတင်းစာတွင်ပါသော ဆောင်းပါးတခုကို ဖတ်နေ၏။ ထွန်းမြင့်က ထိုင်လျက် ညွန့်မောင်ကို ကြည့်နေ၏။ အတန်ကြာသော် ညွန့်မောင်က လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းသံဖြင့်

"ဖြစ်နိုင်ပါ့မလားဗျာ။ ဗမာပြည်မှာ လူဦးရေခြောက်သန်းကျော်ဟာ ကာလသားရောဂါ ဖြစ်နေဆဲရင် ဖြစ်ရမယ်၊ ရှိဘူးပြီးရင် ဖြစ်ရမယ်ဆိုပါကလား။ များလှချီလား။ ကျုပ်တို့ပြည်မှာ လူမှ ဆဲ့လေးသန်းကျော်ကျော်လောက် ရှိတာဘဲ။ ဟာဗျာ"

"အို ဖြစ်နိုင်တာပေါ့ဗျ။ လောကကြီးဟာ အမခေါတ်နဲ့ အဖိုခေါတ်နှစ်ခု ပေါင်းစပ်လို့သာ တည်မြဲနေတာဘဲ။ သစ်ပင်၊





တိရစ္ဆာန်၊ လူ၊ အားလုံးဟာ ဒီခေါတ်နှစ်ခု ပေါင်းစပ်မှုကြောင့် ပေါ်ပေါက် လာတာဘဲ။ အမခေါတ်နဲ့ အဖိုခေါတ် ပေါင်းစပ်မိတိုင်း ဒီရောဂါ ဖြစ်နိုင်တဲ့ ခေတ်မျိုး ရောက်နေပြီ"

"ဟာ၊ အတည်မပြောစမ်းပါဗျာ။ ကျွန်တော် သိပ် သိချင်တယ်"

"ကျုပ် အတည် ပြောနေတာဘဲ။ ခုခေတ်ကြီးမှာ ယောကျ်ားသန့်သန့်၊ မိန်းမသန့်သန့် သိပ်ရှားနေပြီဗျ။ ပြီးတော့ ခုခေတ်ကြီးမှာ သမီးရည်းစားဆိုတာလဲ ချစ်ကြတယ်ဆိုရင် ကျူးကျူးလွန်လွန် ဘဝရောက်တာ များတာဘဲ။ ပြီးတော့ လင်တော်မောင် တွေကလဲ မယားရှိပေမယ့် တယောက်နဲ့ အားမရလို့ အငယ်အနှောင်းရှာ၊ အပျော်အပါး လိုက်နေကြတယ်။ မြို့ကြီးများမှာဖြင့် ကလပ်ကြီးတွေ၊ အသင်းကြီးတွေ ထောင်ပြီး သူ့မယားနဲ့ ငါ၊ ငါ့မယားနဲ့ သူ ဆိုတာလို အပြန်အလှန် ပြေးတမ်း လိုက်တမ်း ကစားနေကြတာဘဲ။ ပြီးတော့ မြို့ကြီး များမှာဖြင့် အုပ်ရောရော ကျောက်ရောရော ဆိုတာလို နေကြလို့ ဘယ်ဟာမိန်းမရှင်၊ ဘယ်ဟာ မိန်းမတည် ဆိုတာ မသိနိုင်ကြဘူး။ အကျိုးလိုလို့ ညောင်ရေလောင်း ပတ်ထမ်းတွေ ဆိုတာလို ဖြစ်တာတွေက အများကြီးဘဲ။ အဲဒီလို မေထုန်မှုမှာ စည်းမဲ့ ကမ်းမဲ့ ဖြစ်နေလေတော့ ကာလသားရောဂါဟာ ကူးဘို့ သန်းဘို့ဟာ သိပ်ချက်ကောင်းပိုင်နေတာပေါ့ဗျ။ ဟိုလူ့ ဆီက ဒီလူ့ ဆီရောက်၊ ဒီလူ့ ဆီက ဟိုဘက်က လူ့ ဆီသွား ဖြစ်နေတာပေါ့။ ပြီးတော့ ခင်ဗျားက ကာလသားရောဂါပိုးဟာ ဒီလူ့ ဆီက ဟိုလူ့ ဆီရောက်သွားရုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီလူမှာ ပျောက်သွားတာ မဟုတ်ဖူး။ သူ့ ဆီမှာလဲ ကျန်ရစ်ခဲ့တယ်။ ဟိုလူ့ ဆီလဲ ပေးလိုက်သေးတယ်"

"ကဲ၊ မြို့များမှာတော့ ဟုတ်ပါပြီတဲ့ဗျာ။ တောတွေမှာတော့ ဒီလိုမှမဟုတ်ဘဲကလားဗျ။ လူဦးရေ ခြောက်သန်းဆိုတာမဖြစ်နိုင်ဘူးဗျာ။ မြို့တွေမှာ လူတရာမှာ ခုနစ်ဆယ် ဖြစ်နိုင်ပေမယ့် တောမှာ လူတရာမှာ နှစ်ဆယ်ဖြစ်ဖို့ ခဲယဉ်းသားဘဲ"

ထွန်းမြင့်သည် ထိုင်ခုံမှထပြီး ရေသောက်၏။ ဆေးလိပ်ကို မီးညှိပြီးသောက်ကာ အနားယူသေး၏။နောက် ဆက်ပြန်သည်။

"မြို့မှာတော့ ကာလသားရောဂါကို မကြောက်ကြလို့ ကူးစက်ကုန်တာဘဲ။ တောမှာတော့ ကာလသားရောဂါကို မသိကြလို့ ကူးကုန်တာဘဲ။ တောကလူတွေဟာ ကာလသားရောဂါဟာ ဒီလိုသဘော ဒီလိုလက္ခဏာ ရှိပါလားလို့ မသိကြဘူး။ သိပြန်ရင်လဲ ဒီလို ဒီကနေပြီး အဆင့်တွေတက်ပြီး နာတာရှည်တွေ ဖြစ်တတ်ပါကလားလို့လဲ မသိကြဘူး။ ရူးရင် ရှေးအတိတ်ဘဝက မကောင်းမှုကျူးခဲ့လို့ ရူးတယ်လို့ ထင်ကြတယ်။ ဒီဘဝမှာ အပျော်လိုက်လို့ ဆစ်ဖလစ် ရောဂါရလို့ ရူးတာပါလားလို့ မသိကြဘူး။ သက်ချာပါဒ ဖမ်းပြီး ကိုယ် တဖက်သေတာကို မြေကိုင်လို့ဖြစ်တာလို့ ထင်တတ်ကြတယ်။ နတ်ကိုင်လို့ ဖြစ်တာလို့ ထင်တတ်ကြတယ်။ မွေးကတဲက ခလေးကိုယ်မှာ ဆစ်ဖလစ်နာတွေ ပါလာမယ်။ မျက်စိပျက်လာမယ်ဆိုရင် စုန်းကိုင်တာ ပြုစားတာလို့ ထင်ကြတယ်။ သူတို့ကိုယ်မှာ ရောဂါရှိနေတာကို ရှိမှန်းမသိတော့ သန့်ရှင်းတဲ့ မိန်းမ





များနဲ့ သွားလာမြဲ သွားလာနေကြတယ်။ ဒီတော့ သန့်ရှင်းတဲ့ မိန်းမတွေဆီကို ကူးစက်သွားတော့တာပေါ့။ အဲဒီလို မသိမှုတွေကြောင့် ရောဂါဟာ ပြန့်သထက်ပြန့်ပြီး ကျုပ်တို့အမျိုးကို မီးရှို့နေပြီ။ အမျိုးအညွန့်ကုံး ဖြစ်နေပြီ"

ထိုအတွင်း အဖြူရောက်လာသဖြင့် ညွန့်မောင်က

"ဂွတ်မောနင်း ဆရာမ" ဟု နှုတ်ဆက်၏။ ထွန်းမြင့်ကလည်း ညွန့်မောင်၏ နောက်ယောင်ခံလိုက်၏။ အဖြူက ပြုံးလျက်

"ဂွတ်မောနင်း ဘွိုအောဲယူ" ဟု ပြန်လည်နှုတ်ဆက်ပြီးနောက်၊ ညွန့်မောင်ကို ကြည့်ကာ

"အိုး၊ကြည့်စမ်းပါအုန်း။မျက်နှာ ကြောင်ချီးအိုးနဲ့။ခုထက်ထိ မျက်နှာမသစ်ဖူး။ မေတာ မေတာ၊ ဆပ်ကို စပန့်ချွေး [illegible] ဒိုးမင်း။ ဒီမေတာဟာ ခေါ်ရင်ဖြင့် ပျာပျာသလဲဘဲ။ အလိုက်တသိတော့ ဘာမှမလုပ်ဖူး။ ဟင် မျက်တွင်းဟောက်လို့။ ညက မအိပ်ဖူးလား" ဟု မေးလေ၏။ နောက် မှတ်တမ်း[illegible]များ သွားကြည့်လေ၏။ ထွန်းမြင့်က ရှောင်ထွက် သွား[illegible]၏။ အဖြူသည် ထိတ်လန့်သော အမူအရာနှင့်

"ဟင်၊ ဘာကြောင့်တုံး။ ဆေးတောင်ထိုးရတယ်။ [illegible] စမ်းဘာလို့၊အိပ်မပျော်သလဲ။အနာနာလို့လား။ကြည့်ပါ[illegible] မေးရင် တော်တော်နဲ့ ပါးစပ် မဟတော်မူဘူး။ ပြောပါ[illegible] နာလို့လား။ အို ဒီလိုကြီးကြောင်ပြီး ကြည့်မနေပါနဲ့" [illegible] မလို ပေါက် မလို ဟန်ဖြင့် မေးရှာလေ၏။ ညွန့်မောင်[illegible] မျက်တောင်စင်းကာ မိမိပါးစပ်ကို ဇွတ် အတင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

"အနာ နာလို့မဟုတ်ဖူး။ ဘာလို အိပ်မဖြစ်တယ်ဆိုတာ နောက်မှ ပြောမယ် အဖြူ"ဟု ချိုချိုသဲ့သဲ့ ခေါ်လိုက်၏။

"ဘာလဲ နံပတ်သုံး"

"အို လုပ်ပြန်ပြီ၊ ဒီလို မခေါ်ရဘူး"

"ဒါဖြင့် ဘာလဲ မောင်ညွန့်မောင်"

"ဟင့်အင်း မကြိုက်ဖူး။ ဒီလိုမခေါ်ရဘူး"ဟု ဆိုကာ ခြေကိုမရှ ဆောင့်လိုက်ရာ၊ ဒူးဆစ်မှာ ပြုတ်စင် ထွက်တော့ မဒလာကနောကျင်၍သွားသဖြင့်"အား"ကနဲ အော်လိုက်မိလေ၏။ တကိုယ်လုံးမှာလည်း တုန်သွား၏။ အဖြူသည် ရှုံ့လျက် ကော့ထိုး၍ အော်ရှာသော ညွန့်မောင်ကို မြင်ရသောအခါ များစွာ သနားမိလေ၏။ မှတ်တမ်း သံပြားကြီးကို ဘုန်းကန် ပစ်ချပြီး ညွန့်မောင်၏ဒူးကို လက်ဖြင့် ကိုင်မိလေ၏။

"အို သိပ်နာသွားသလား။ ကြည့်ပါအုန်း၊ မျက်ရည်တွေ များတောင် လည်လို့"

"မောင့်အကြိုက်ကိုခေါ်ရင် နာမှာမဟုတ်ဖူး"

"ကဲ ခေါ်မယ် ခေါ်မယ်။ ဘယ်လို ခေါ်ရမလဲ"

"မောင် လို့ခေါ်"

အဖြူမှာ အနီကလေးဖြစ်၍ နေ၏။ ရှက်သွေး ချစ်သွေး များက သူ့ပါးကို ဆေးနီခြယ်သည်။ ချစ်သွေး၊ သနားသွေး များက သူ့မျက်လုံးကို ဆေးနီခြယ်သည်။ "မောင်"ဟု နှုတ် ဖျားက မထွက်ရဲခင် နှုတ်ခမ်းကို ကိုက်ကာ အားယူလိုက်ခြင်း က နှုတ်ခမ်းကို နီစေလေ၏။

"မောင်"





"အဖြူ"ညွန့်မောင်၏ အသံကား နစ်သွားလေ၏။ 'အဖြူ့ အကြောင်း စဉ်းစားနေလို့ မနေ့ညက မအိပ်နိုင်တာ။ အဖြူ ကတော့ မောင့်အကြောင်း စဉ်းစားမှာ မဟုတ်ပါဘူး။ မောင် ဖြင့် အဖြူကိုချည်း အမှတ်ရနေတာဘဲ။ အဖြူကတော့ ရည်း စားတွေနဲ့ ပျော်နေမယ်။ အဖြူ့မှာ ရည်းစားရှိသလား၊ ပြော စမ်း ပြောစမ်း။ ရည်းစားရှိရင်တော့ သိကြရော့ပေါ့အဖြူရာ။ ပြောစမ်း ရည်းစားရှိသလား'ဟု ညွန့်မောင်သည် စိတ်ထဲက ကြိတ်၍မေးနေလေ၏။အဖြူကား တွေတွေကြီး ကြည့်နေသော ညွန့်မောင်၏မျက်စိတွင် ဝေ့ကာဝေ့ကာ ကြည်လင်နေသော အချစ်မျက်ရည်ကို မြင်ရလေ၏။

အဖြူသည် ညွန့်မောင်၏ မျက်စိနှင့် ဂဟေဆက်နေမိသော သူ့မျက်စိကို အားခဲ၍ခွဲယူပြီး သူတို့အခန်းဆီသို့ ပြေးလေ၏။ နောက်တခဏ၌ ဆေးခွက်ကလေးကိုကိုင်၍ ပြန်ရောက်လာလေ ၏။ နောက်တခဏ၌ညွန့်မောင်၏ ဒူးဆစ်ကို ဆေးလိမ်းလေ၏။ သူတို့နှစ်ယောက်သည် ဘာမျှမပြောကြ။ညွန့်မောင်က အဖြူကို မျက်စိသူငယ်ဖြင့်ကြည့်၍ အပြုံ အစုံ အယုအယ ခံနေ၏။ အဖြူ ကား သက်ညှာသော မျက်စိဖြင့်ကြည့်၍ အပြုံအစုံ အယုအယ ပေးနေ၏။

ထိုအခိုက် ခက်ကုန်ပြီ။ စတာပ်နာ့စ်ခေါ် ပထမ ဆရာမ သည် ဝင်ရောက်လာလေသည်။ပထမဆရာမသည် ခါးထောက် ကာ မျက်စောင်းခဲ့ချိတ်လျက် မေးငေါ့ကာဖြင့်

"နာ့စ်ဝိုက်။ ဒီအဆောင်က လူနာတွေကို ဆရာမတွေ ကိုယ်တိုင် ဆေးထဲ့မပေးရဘူး။ ဆေးထည့်မပေးရဘူးဆိုတာ


www.burmeseclassic.com

www.burmeseclassic.com



သိသလား”ဟု ခပ်ထုန်ထန် မေးလိုက်၏။ အဖြူသည် ကျိုးကန်း လူမိုက်ကဲ့သို့ ပျာပျာသလဲဖြစ်သွား၏။ ရှက်လည်း ရှက်၊ ကြောက်လည်းကြောက်၊ တယောက်ကိုလည်း သနား။ အဖြူသည်အမဲ့တဝက် အဖြူးတဝက် မသွက်လက်သော မျက်နှာထားဖြင့်

“သိတော့ သိပါတယ် ဆရာမရဲ့”ဟု ပြောလေ၏။

“သိရင် ဘာလို့ မဆင်ခြင်သလဲ”

“လူနာမှာ အသဲအသန် ဖြစ်လာရင် မဆင်ခြင် နိုင်ဘူး၊ မရှောင်နိုင်ဘူး”

“ရှောင်ရမယ်၊ဆင်ခြင်ရမယ်၊ ဒီကလူနာတွေဟာ သေသွားအောင် အသဲအသန်မရှိဘူး”

“သေတော့မသေဘူး။ သေတာထက် ဆိုးအောင် ဖြစ်တတ်ကြတယ်။ ဥပမာဆိုရင် ဒီလူနာဟာ သွက်ချာပါဒ ဖမ်းသွားနိုင်တယ်”

သူတို့သည် အရှိန်ပြင်းသော စကားများဖြင့် တယောက်နှင့်တယောက် ပစ်ခတ်နေကြသည်။ အားလုံးသော လူနာများသည် သူတို့လုပ်နေသော ကိစ္စအသီးသီးကို ရပ်ကာ တစေ့တစောင်း ကြည့်နေကြသည်။ ပထမဆရာမသည် မလိုတမာပြုံး ပြုံးလျက်

“ကျမ သိတယ်။ ရှင်ဟာ ဒီလူနာအတွက် စေတနာ ရေစီးကမ်းပြိုလိုက်ပြီး အစိုးရိမ် ကြီးနေတာ”

“ရှင် ဒီလိုမပြောနဲ့”





“ပြောတယ်။ အစိုးရိမ် လွန်ပြီး မှန်ခနေတယ်။ အခု ရပ်ပါ။ မလိမ်းပါနဲ့”

“နှုတ်မစောင့်စည်းဘဲ ပြောတဲ့ ဆရာမ စကားကို နားမထောင်ဘူး။ ကျမလူနာကို ဆေးလိမ်းမြဲ လိမ်းပေးမယ်”

“စစ္စတာဆီကို တိုင်ရုံဘဲ။ ရှင် ကျမအကြောင်းကို သိစေမယ်”

ပထမဆရာမသည် ဒေါသဖြင့် ဆော့ဆော့ ခုန်ပြီး ထွက်သွားလေ၏။ အဖြူသည် “အောရိုက်”ဟု ပြောရင်း ညွန့်မောင်အား ဆေးလိမ်းပေးမြဲ ပေးနေလေ၏။

“အဖြူ လိမ်းမပေးပါနဲ့တော့ အဖြူရယ်။ ရပ်တော့လေ၊ အို ဘာသို့မရပ်တာလဲ။ မောင့်ကြောင့် အဖြူမှာ အစောင်းအချိတ် ခံနေရပြီ”

“အို ပြောချင်တာ ပြောပစေ၊ ကျမမှန်တယ်ထင်တယ်။ ကျမ မှန်တယ်ထင်တာကိုလုပ်လို့ အလုပ်ပြုတ်သွားချင် သွားပစေ”

“အဖြူ၊ စစ္စတာကို တိုင်ရင် အဖြူ ဒုက္ခတွေတော့မှာဘဲ”

“စစ္စတာကိုလဲ ဒီအတိုင်း ပြန်ပြောမှာဘဲ။ ဖြစ်ချင်တာ ဖြစ်ပစေ၊ မကြောက်ပါဘူး။ အလုပ်ပြုတ်လို့ ထမင်းမငတ်နိုင်ပါဘူး”

“အဖြူ၊မောင်တောင်းပန်ပါတယ်အဖြူရယ်။မောင့်အတွက် အဖြူ့မှာ အခက်အခဲ မတွေ့ပါစေနဲ့”

အဖြူ၏မျက်နှာတွင် ဒေါသရောင် မရှိတော့ချေ။ မျက်နှာသည် ပျော့ရွှဲသွားပြီး ဝမ်းနည်းသံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"အော်ဒီလိုလား။ မောင့်အတွက်တယောက်ဒုက္ခရောက်ရင် မောင်ရဲကြီးမှာကို ကြောက်ဟန်တူတယ်။ တာဝန်ရှိနေမှာကို ကြောက်ဟန် တူတယ်။ ဒုက္ခခံရတဲ့ လူက ခံခဲ့သေးတာ၊ ကြောက်သူက ကြောက်နေတယ်။ ကောင်းပါပြီလေ" ဟု ပြောကာ ဆေးလိမ်းရပ်၍ ဒူးကို စောင်နှင့်ခြုံပေးလေ၏။

"အဖြူ ဒီလိုတော့မပြောနဲ့။ မောင့်မှာ တာဝန်ရှိမှာကို မကြောက်ဖူး။ ကဲ ဖြစ်ချင်ရာဖြစ်၊ အဖြူလုပ်။ ရဲကြီးမှာလဲ မောင်မကြောက်ဖူး။ အဖြူက မောင့်ကိုအထင်မသေးနဲ့နော်။ ပြောပါ၊ ဟုတ်လား။ ကြည့်စမ်း၊ လူကိုတောင် အဖက်လုပ်ပြီး မကြည့်တော့ဘူး။ ပြောပါနော်"

အဖြူသည် ပါးစပ်ကဘာမျှမပြော။ မျက်စိဖြင့် ညွန့်မောင်၏ အသည်းနှလုံးကို ဆွဲယူပြီး မေ့လိုက်သည်။ အဖြူ့မျက်စိရှိ ဝေနေသော မျက်ရည်သည် ညွန့်မောင်၏ အသည်းနှလုံးကို အချစ်ဆေး လိမ်းကျံ၍ ပေးလိုက်သည်။

အဖြူကလေး သူ့အခန်းဆီသို့ ပြန်သွားလျှင် ပြန်သွားချင်း ထွန်းမြင့် ရောက်လာသည်။ ညွန့်မောင်ကား ထွန်းမြင့် လာသည်ကို မနှစ်မြို့နိုင်။ သူသည် အဖြူ၏သတ္တိ၊ အဖြူ၏ စေတနာ၊ အဖြူ၏မေတ္တာတို့ကို တယောက်ထည်း တစိမ့်စိမ့် သုံးသပ်ကာ အရသာခံနေလိုသည်။

"အိုင်ဆေး ကိုညွန့်မောင်။ ခင်ဗျားအတွက်နဲ့ ဘာဖြစ်ကုန်ကြတာလဲ။ ဆရာမတွေ ဂျောက်ကျကုန်ပြီထင်တယ်"

"နှစ်ဝိုက်က ကျုပ်ကို ဆေးလိမ်းပေးတယ်။ စတာပ်နှစ်ကာ ဒီဝဒ်မှာ လူနာကို ဆရာမများ ကိုယ်တိုင် ဆေးလိမ်း မပေး





ရဘူးလို့ ကြိမ်းတာဘဲ။ ကြိမ်းရုံမကဘူး။ ဒီလူနာကို မစ္စဝိုက်ဟာ စေတနာတွေ ရေစီးကမ်းပြိုလိုက်နေတယ်လို့ စောင်းပြောတာကိုးဗျ။ ဒီတော့၊ ကျုပ် ဆရာမ လေးက စိတ်ဆိုး တာပေါ့ဗျ"

ထိုသို့ပြောနေစဉ် နံပတ်ရှစ် ရောက်လာပြန်လေ၏။ ညွန့်မောင်၏ ခြေရင်းတွင် ဝင်၍ ထိုင်လေ၏။ ထွန်းမြင့်က ပြုံးလျက်

"ခင်ဗျာ့ဆရာမက အစစ်ပေါ့။ စေတနာ ရေစီကမ်းပြို လိုက်နေတယ်ဆိုတာလဲ အမှန်ဘဲ။ ကျုပ်တို့ ယုံတယ်" ဟု ထောက်ခံလိုက်၏။

နံပတ်ရှစ်က သူ့ဘိုကေကို လက်ဖြင့်သတ်ရင်း

"ဟုတ်တယ်၊ ယုံတယ်။ ကဲ နံပတ် သုံး ဘာမှပြောမနေနဲ့။ ဆရာမကလေးကတော့ ခင်ဗျားကို ချစ်နေပြီ။ လုပ်ဗျာ၊ စပေတော့" ဟု အကြံပေးလေ၏။

"ဟာ ကျုပ်မလုပ်ချင်ဘူးဗျာ။ အရင်က မိန်းမတယောက်အတွက်နဲ့ ကျုပ် အသဲနှလုံး ကျွမ်းခဲ့ပြီ။ အခု ထပ်ပြီး မိန်းမ တယောက်အပေါ်မှာ ကျုပ် အသဲ နှလုံးကို အသုံး မပြုချင်တော့ဘူး။ ဒီတခါ ထပ်ကျွမ်းရင်တော့ ကျုပ်သေဘို့သာရှိတယ်"

"အို၊ ဒါက ခင်ဗျားက အတည်သိပ်ချစ်ရင်တော့ ဟုတ်မှာပေါ့။ ဒီဆရာမကလေးတွေဆိုတာ အတည်ချစ်ဖို့ မဟုတ်ပါဘူး။ အပျော်ချစ် ချစ်ဖို့ ပြောနေတာ။ အတည် ချစ်ရင် ပူတယ်။ အပျော် ချစ်ရင် အေးတယ်၊ ပျော်တယ်။ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



အပျော်ချစ် ချစ်စမ်းပါ။ ခုလောက် ဟိုကပါနေပြီဘဲ။ ဒီလို အခွင့်မျိုးကို လက်မလွှတ်ထိုက်ဖူးဗျ"

"အိုဗျာ၊ ကျုပ်က သူ့ကို ချစ်မှ မချစ်ဘဲဟာ"

"အပျော်ချစ်ဆိုတာတော့ ချစ်နိုင်ရမှာပေါ့ဗျာ။ ခင်ဗျား အပျော်ချစ်တွေ ချစ်ခဲ့လို့ ခုဒီဆေးရုံရောက်လာတယ် မဟုတ်လား။ အပုပ်အသိုးတွေကိုတောင် အပျော်ချစ် ချစ်နိုင်သေးရင် ဒီလိုသန့်သန့်ရှင်းရှင်းကလေးတွေကို ဘာလို့ အပျော်ချစ် မချစ်နိုင်ရမလဲ။ လုပ် နောက်တခါလာရင် ချစ်တယ် ဆိုတာ ဖွင့်ပြော။ ရောက်လာတဲ့ အခါအခွင့်ကို လက်လွှတ်တဲ့ လူကို ပညာရှိ မချီးမွမ်းဘူးဗျ ဟဲ၊ ဟဲ"

နံပတ် ရှစ် ရယ်သလို ထွန်းမြင့်ကလည်း လိုက်ရယ်၏။ နောက် ညွန့်မောင်ကလည်း ပြုံးပြီးနေ၏။ နံပတ် ရှစ်၏ အကြံဉာဏ်ကို လက်ခံလိုပေ၏။ သို့သော် အပျော်ချစ်မှ အတည်ချစ်သို့ ကူးသွားမည်ကို စိုးရိမ်သဖြင့် နောက်ဆံငင်နေ၏။ အို ဘာဘဲဖြစ်ဖြစ်၊ ခု မတွေးသေးဘူး၊ခေါင်းရှုတ်တယ်။ နောက်မှတွေးမယ်။ နောက်မှ ဆုံးဖြတ်မယ်ဟု ကြံရွယ်ကာ ညွန့်မောင်က စကားပြောင်းလိုက်၏။

"နေပါအုံး၊ နံပတ် ရှစ်တို့၊ ကိုထွန်းမြင့်တို့ရဲ့။ ခုနင်က ပြောတဲ့ ကာလသားရောဂါအကြောင်း ဆက်စမ်းပါအုံး"

နံပတ် ရှစ်သည် ပြောင်နောက်နောက် မျက်နှာကို ချက်ချင်းအတည်ထားလိုက်ပြီး။





"ကာလသား ရောဂါအကြောင်း ပြောရတာ စိတ်ညစ်စရာနဲ့။ စိတ်နာစရာကြီးဗျာ" ဟု ညည်းညူ၏။ အားလုံး တွေနေ၏။

"နံပတ် ကိုးက ဗောင်းဗီ ခဏ ခဏ ချတ်တဲ့ လူဟာ အခု တန်တားကလေး အရူးထောင်ကို သွားရတော့မယ်။ ဟိုဘက်က ကုလားကြည့်စမ်း။ အဲဒီ ကုလား ခေါင်းခဏခဏ ကိုက်နေလို့ ဆေးရုံတက်ရတာ ၅ လရှိပြီ။ ခုထက်ထိမပျောက်ဖူး။ ပျောက်လဲ ပျောက်မယ် မထင်ပါဘူး။ ခေါင်းကိုက်တယ်ဆိုတာ ကျုပ်တို့တတွေ သာမန်သိနေတဲ့ ခေါင်းကိုက်တာမျိုး မဟုတ်ဖူး။ ကျုပ်တို့ခေါင်းကိုက်ပြီဆိုရင် ခေါင်းကိုက်လို့ ဂုဏ်ဝွေ မပျက်ဖူး။ သူတို့ခေါင်းကိုက်ပြီဆိုမှဖြင့် အငြိမ်မထိုင်နိုင်ဘူး။ အော်နေရတယ်။ ပြီးတော့ ဟောလို ဟောလို အကြောဆွဲတာလိုဘဲ။ ခေါင်းတုန်ပြီး မျက်နှာက ရှုံ့ရှုံ့ လာတယ်။ ဒါဘာကြောင့် ဖြစ်တာလဲဆိုတော့ ဦးနှောက်ထဲ ဆစ်ဖလစ်ပိုးကဝင်ပြီး ဦးနှောက်ကိုစားလို့ ဖြစ်ရတာဘဲ။ ဦးနှောက်ထဲ ဆေးထိုးသွင်းလို့လဲ မရဘူး။ မခက်ဖူးလား။ ပြီးတော့ ဟိုဘက်က ကုလားကိုကြည့်စမ်း။ ခါးမှာ အယ်လဆာ ဆိုတဲ့ အနာကြီး ပေါက်နေတယ်။ သိပ်အကြီးကြီး။ ကြာလဲ ကြာလှပြီ။ အိပ်ရင် မှောက်အိပ်ရတယ်။ ကြာရင် ခါးရိုးတွေကိုစားပြီး ခါးကျိုးသွားမှာဘဲ။ ခါးကျိုးသွားတော့ စောင်းလို့မရ ထိုင်လို့မရနဲ့ အမြဲနာနေပြီး သေမှာဘဲ။ ဟိုဘက်က အဆောင်ဆဲ့ကိုးမှာ ခါးကျိုးနေတဲ့ ကုလားကြီး တယောက်ရှိတယ်။ သူကတော့ ကားတိုက်လို့ ခါးကျိုးတာဗျ။ လေမွေ့ရာကြီးနဲ့ထားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲမှာ မလှုပ်မရှားနိုင် နေရတာပေါ့ဗျ။ ခင်ဗျားတို့ စဉ်းစားကြည့်စမ်း အိပ်ရာထဲမှာ အမြဲလှဲနေရတဲ့ ဒုက္ခ။ မလှုပ်ရှားနိုင်တဲ့ ဒုက္ခ။ တဆစ်ဆစ် နာနေတဲ့ ဒုက္ခ။ ကျုပ်ဖြင့် တွေးလေ ကြောက်လေဘဲ"

သူတို့သုံးယောက်သည် တစိမ့်စိမ့် ကြောချမ်းလာ၏။ ထိုအခိုက် ဘီးတပ်ကုလားထိုင်တခုသည် ညွန့်မောင်တို့အဆောင်တွင်းသို့ ဝင်လာလေသည်။ ကုလားထိုင်ကို မောင်းလာသူမှာ အဆောင်ဆဲ့ကိုးမှ လှတင်ဆိုသူဖြစ်သည်။ သူသည် လမ်းမသွားနိုင်။ ဆေးရုံ တက်နေသည်မှာ ဆဲ့လေးလ ရှိလေပြီ။ တနှစ်နှင့် နှစ်လ ရှိလေပြီ။ သူ့ ကိုယ်အောက်ပိုင်းသည် သေလျက်ရှိ၏။ နံပတ် ရှစ်က သူ့အား ဆီး၍ခေါ်သဖြင့် သူသည် ညွန့်မောင်၏ ကုတင်နားသို့ ကုလားထိုင်ကို မောင်းနှင်ခဲ့လေသည်။ ညွန့်မောင်က "ခင်ဗျား ပျောက်လုပြီလား" ဟု မေးရာ လှတင်က

"ဟုတ်တယ်။ ပျောက်လုပြီ။ နောက် ရှစ်လလောက် ဆိုရင် ကောင်းကောင်း ပျောက်မှာဘဲ" ဟု ပြောလေ၏။

"ဟယ်၊ ရှစ်လနေရအုံးမယ်။ ကြာလှပါလားဗျာ။ ခင်ဗျားတို့ ဆေးရုံမှာ ပျော်နေရောပေါ့နော်"

"ဘယ်မှာ ပျော်တယ်လို့ ဟုတ်မလဲဗျာ။ လူဆိုတာ အငြိမ်နေနိုင်တာမျိုးမှ မဟုတ်ဘဲ။ လှုပ်ရှားသွားလာ နေချင်တာပေါ့ဗျ။ ခုဟာက ကျုပ်တို့ ဘယ်မှ မသွား မလာနိုင်ဘူး။ အများဆုံး ဒီဘက်အဆောင်ကူးပြီး အလယ်လာနိုင်တယ်။ ဒီ့ပြင် စဉ်းစားမနေပါနဲ့ဗျာ။ ခင်ဗျားငါ ဒီနေ့ ဘယ်မှမသွားဘူး၊ ဒီနေရာမှာဘဲ ထိုင်မယ်လို့ ဆုံးဖြတ်ပြီး ထိုင်ကြည့်စမ်း။





...ယ်လောက် ခင်ဗျား သွားချင်စိတ် လာချင်စိတ် လှုပ်ရှား...င်စိတ် ပေါက်မလဲလို့။ သိပ်စိတ်ဆင်းရဲမှုကို ကျုပ်တို့က ...စဉ်နဲ့အမျှ ခံနေရတာဘဲ။ ထောင်ထဲကျရတာက ကောင်း...းမယ်။ ထောင်ထဲမှာ လှုပ်လှုပ်ရှားရှား သွားလာနေရသေး...ယ်။ ကချင် က၊ ခုန်ချင်ခုန် လုပ်နိုင်သေးတယ်။ အဖျင်းဆုံး ...ါက်တူး ပေါက်နေရတာကိုက ပျော်သေးတယ်ဗျ။ ခုလို ...ျပ်ကျိုးပြတ်လိုပုံလဲနေတာထက်တော့ ထောင်ထဲမှာ ပေါက်...းပေါက်၊ ရေခပ် လုပ်နေရတာက ပျော်စရာ ကောင်းသေး...ယ် ထင်တာဘဲ။ ပြီးတော့ ထောင်ထဲမှာဆိုရင် ဘယ်တော့...တ်မယ်။ လူကောင်း ပြန်ဖြစ်မယ်ဆိုတာ သေချာပေါက် ...ကြတယ်။ ခု ကျုပ်တို့မှာတော့ ဘယ်တော့ပျောက်မယ်၊ ...ယ်တော့ လူကောင်းဖြစ်မယ်လို့ မပြောနိုင်ကြဘူး"

"နို့ တက်စကထက်တော့ သက်သာလာရဲ့လား"

"သက်သာပါတယ်။ တက်စက ထိုင်မှ မထိုင်နိုင်ဘဲ။ ခု ထိုင်...ပြီ။ ပြီးတော့ ဟိုတုန်းက ခြေဖျားကို ဒုတ်နဲ့ရိုက်ရင် သိမှ ...သိဘဲ။ ခုတော့ ခြေဖျားကို လက်နဲ့ စမ်းရင်ဘဲ အတော်...သိလာပြီ။ ထုံတုန်တုန်တော့ နေသေးတာပေါ့။ ဒုက္ခအရောက်...းက ဆီးသွားရတာဘဲ။ အစက ကျုပ်တို့မှာ ဆီးသွားချင်...ယ်ဆိုတာ မသိဘူး။ သူ့ဖာသာသူ စီးဆင်းနေတာဘဲ။ စို...နေမှ သိတော့တာဘဲ။ အိပ်ရာ ခဏခဏ လဲရပေါ့ဗျာ။ တ...ယ့် ကလေးတွေ ဖြစ်နေတာဘဲ။ ခုတောင်မှ ဆီးကို ထိန်း...မရသေးဘူး။ သွားချင်တယ်ဆိုရင် ချက်ချင်းသွားရမယ်။ နို့...ုတ်ရင် တားမနိုင် ဆီးမရ စီးကျတော့တာဘဲ။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပုလင်းကို အမြဲဆောင်ထား ရတာပေါ့ဗျာ” ဟု လှတင်သည် သူ့ ကုလားထိုင်ပေါ်တွင် ပါလာသော ပုလင်းကို ပြလေ၏။

“နို့ ဘယ်လိုက စဖြစ်တာလဲ” ဟု ဖမေးလေ၏။

“အစက ရှန်ကာ ဖြစ်တာဘဲဗျ။ ရှန်ကာကလဲဗျာ သိပ်ကြာ တာဘဲ။ မပျောက်ဖူး။ ကျုပ် ဆေးဆိုင်မှာ ဆေးစားတာ ခြောက်လလောက် ကြာတယ်။ နောက်တော့ တရုတ်ဆေး တခုနဲ့ ပျောက်သွားတာဘဲဗျ။ ဒါပေမယ့် လူကတော့ညှောင်နာ နာဖြစ်လာတယ်။ ကိုယ်တွေလက်တွေကလဲ ခဏခဏ ကိုက်တာ ဘဲ။ ညှောင်းနဲ့နဲ့လဲ ကျတယ်။ ဒီလိုနေတုန်း တနေ့ သွားရင် လာရင်းနဲ့ ပုံလဲတာဘဲဗျ။ လူဟာလေ အကောင်း ပကတိက ချည့်ပြီးလဲသွားတာဗျ။ သိပ်ဆန်းတာဘဲ။ တခါထဲ မထနိုင် တော့ဘူး။ ကျုပ် ဆေးရုံ အပြင်ဘက်မှာ ခြောက်ရက်သာ ကြာခဲ့တယ်။ ဆေးရုံရောက်တော့ သွေးစမ်းကြည့်တော့ ရောဂါ ပိုးရှိနေတယ်ဗျ။ ဆရာဝန်တွေလဲ ဆေးထိုးပေးတာဘဲ။ ခင်ဗျား ဆေးရုံရောက်တော့ ကျုပ်မလှုပ်နိုင် မရှားနိုင် အိပ်ရာထဲမှာဘဲ လှဲနေရတယ်။ ဒီတော့ ဘက်ဆိုး ဆိုတဲ့ အိပ်ရာနာ ရလာတယ်။ ကြာနဲ့အိပ်ရာနဲ့အမြဲကပ်ထားရတော့ ပူပြီးအနာကြီးပေါက် လာတာပေါ့။ ကျုပ်က သိပ်ဂရုစိုက်လို့ ပျောက်တာ။ ကျုပ် တို့အခန်းထဲမှာ ခုလို သွက်ချာပါဒဖြစ်တဲ့ လူတွေဟာ များ သောအားဖြင့် အိပ်ရာနာ ရှိကြတာဘဲ။ နဲ့နဲ့နောနော မဟုတ် ဖူး။ အဖျင်းဆုံး ဟင်းပန်းကန်လုံးလောက်တော့ ကျယ်တာ ချည်းဘဲ။ ကျုပ်တို့ ကိုယ်တပိုင်း လက်တပိုင်းသေ ဆိုတာ အဲဒီ အိပ်ရာနာပေါက်ပြီးလာရင် ခက်တော့တာဘဲ သေတာ များတာဘဲ။ ကျုပ်တို့ဘက်မှာ ခုတင်သုံးဆယ်ကျော် ရှိတယ်။ အရင်ကဆိုရင် အပြည့်ဘဲ။ ဒီထဲက နှစ်ဆယ်ကျော်ဟာ ကာလ သား ရောဂါက စဖြစ်တာချည်းဘဲ”





“ခင်ဗျားတို့တော့ အပျော်လိုက်တာကို သိပ်ရှောင်တော့ မှာဘဲနော်”

“မပြောတတ်ဖူးလေ။ လူကောင်း ဖြစ်လာတော့ ဘယ်လို စိတ် ပေါက်လာမလဲ မသိဘူး”

ထိုနောက် လူစုကွဲသွားကြလေ၏။ ၁၁ နာရီခွဲတွင် လူနာ အထူးတယောက် ရောက်လာလေသည်။ ထိုသူသည် အိုင်ဘီ ဘလောက်ခေါ် ဝိုင်းပယ်အခန်းမှ ကူးလာလေသည်။ ၎င်း အခန်းရှိ လူနာတို့တွင် စွဲကပ်လျက်ရှိသောရောဂါသည် အခြား သူတို့အား အလွန်မြန်စွာ ကူးတတ်သဖြင့် ဝိုင်းပယ်၍ ထား ရသောကြောင့် ဝိုင်းပယ်ခန်းဟု ခေါ်လေသည်။ ညွန့်မောင် သည် ဆရာဝန်ကလေးအား ထိုလူနာ အကြောင်းကို မေး မြန်းလေ၏။

“ဒီလူက ဗျူဘိုအကျိပ် စဖြစ်တာဘဲ။ ဗျူဘိုကို ဆေးရုံမှာ ခွဲတာဘဲ။ ဆေးရုံကို နေ့စဉ်လာပြီး မဆေးဘူး။ ဆေးမထဲ့ ဘူး။ သူ့ဖာသာသူ ထဲ့ချင်ရာမှာ ထဲ့တယ်။ တခါတခါလဲ ဒီအတိုင်း ပစ်ထားတယ်။ အနာက မကျက်ဖူး။ သူ့လက်က ကိုင်ချင်ရာ ကိုင်ပြီး မဆေးမကြောဘဲနဲ့ အနာကြီးကို ကိုင်တယ်။ ဒီတော့ တိုက်တင်နာ့စ် ဆိုတဲ့ ပိုးဝင်တာဘဲ။ တိုက်တင်နာ့စ်ပိုး ဝင်တဲ့အခါ လူနာဟာ ၁၀၆ ဒီဂရီ နားဆီမှာ ဝဲပြီး ဖျားတာဘဲ။ ပြီးတော့ အကြောဆွဲသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

မေးခိုင်သွားပြီး ပါးစပ်ကို ဟလို့ မရဘူး။ ဆေးတိုက်ဖို့ ခက်
အစာကျွေးဘို့ ခက်ပေါ့ဗျာ။ မေးခိုင်တဲ့အပြင် အပြင်းတာ
တက်လာသေးတယ်။ ဆေးမဦးရင် သေတာက များတာ
ဆေးအလုံးပေါင်း ၁၀၀ လောက် ထိုးယူရတယ်။ ဒီလူ
သေမင်းလက်ထဲက ဆရာဝန်တွေ အတင်း ဆွဲခေါ်ထားရ
လူပေါ့။ ခုကြည့်ပါလား။ ဟိုမှာ စကား ကောင်းကော
မပြောနိုင်ဘူး။ ခုထိ မေးနဲနဲခိုင်တုန်းဘဲ။ အင်မတန်ကြေ
စရာကောင်းတယ်ဗျ။ လူလဲ ပိန်ချုံးကျသွားတာဘဲ”

“ဆရာ၊ ဆစ်ဖလစ်များ နေရာတကာ ဝင်ရှုပ်တာ
ဆရာရဲ့”

“ဟုတ်တယ်၊ နေရာတကာ ဝင်ရှုတ်တာဘဲ။ မြေနိမ့်ရာ
စိုက်ဆိုတာ လူတယောက်ရဲ့ ကျန်းမာရေး အနိမ့်ကို စောင့်
တာဘဲ။ နိမ့်လာရင် ဖိထောင်းတာဘဲ။ ခင်ဗျားတို့ နော
ရှောင်ကြပါဗျာ။ မိန်းမယူတော့လဲ မိန်းမကို သွားဒုက္ခ
သေးတယ်။ သားပျက်ကျတာဟာ များသောအားဖြင့် ဆ
ဖလစ်ရဲ့ လက်ချက်တွေပေါ့။ သားရိုးရိုးပျက်ကျရုံဆို တော
သေးရဲ့။ တခါတရံ သားပျက်တဲ့ကိစ္စကနေပြီး သွေးသိပ်သ
ထွက်တတ်တယ်။ မိန်းမတယောက် တွေ့ဘူးတယ်။ သားပျ
ကျပြီး သွေးလွန်လို့ တခါထဲ သေတာဘဲ။ သွေးတွေဗျာ ထွ
လိုက်တာ ဘာနဲ့ ဆို့ပိတ်လို့မှ မရဘူး။ ဆရာဝန်ကြီးေ
ဂွမ်းနဲ့ပိတ်၊ ကြက်ပေါင်နဲ့ဆို့ ဘာနဲ့မှ လုပ်မရဘူး။ သွေးေ
ထွက်တော့ တကိုယ်လုံးဖြူလာတာဘဲ။ ပဲကြီးရေစိမ်ပွရဲ့ အသွေ
အနေ အတိုင်းပါဘဲဗျာ။ သေရှာတာပါဘဲ။ တချို့ အသေ





မွေးတာ၊ အနာထပိဏ် ကလေး မွေးတာ၊ အင်္ဂါချို့တဲ့တာ
မွေးတာ ဆစ်ဖလစ်ရဲ့ လက်ချက်တွေ တရာမှာ ရှစ်ဆယ်
ပါတာပေါ့”

ညွန့်မောင်သည် ဘီလူးနှင့် ရင်ဆိုင် တွေ့နေရဘိအလား
ငေး၍ကြည့်နေ၏။ ဆရာဝန်ကလေးသည် ဆတ်ကနဲ ပြုံးပြီး
ထွက်သွားလေ၏။

ထိုနေ့တွင် အဖြူနှင့် နောက်ထပ်မတွေ့ရတော့ပေ။ တကြိမ်
သာမြင်လိုက်ရ၏။ ထိုအကြိမ်တွင် အဖြူသည် ထွန်းမြင့်ထံသို့
သွား၍ ဆေးလိပ်တောင်းသည်။ အဖြူသည် ထိုဆေးလိပ်ကို
အဆောင် ဆဲ့ ကိုးမှ လူနာအား သွားပေးမည်ဟု ထွန်းမြင့် ထံမှ
သိရ၏။ အဆောင် ဆဲ့ ကိုး မှ လူနာတယောက်မှာ မျက်နှာ မဲ့
ရှာသည်။ လာရောက် မေးမြန်းမည့်သူ မရှိ။ ပိုက်ဆံလည်း
မဆောင်နိုင်။ သို့ကြောင့် ဆေးလိပ်မသောက်ရ။ အဖြူသည်
ထိုအဖြစ်ကိုသနားသဖြင့်ဆေးလိပ်ရှာ၍ပေးခြင်းဖြစ်လေသည်။

နောက်တနေ့ကား အဖြူ လုံးလုံး မပေါ်လာ။ ၇ နာရီ
ထိုး၍ ညဆရာမတွေ ပြန်သွားပြီး နေ့ဆရာမတွေ လာသော
အခါ အဖြူ ပါမလာ။ နေ့လယ် ထမင်းစားချိန် ဆရာမ
အပြောင်းအလဲလုပ်သောအခါလည်းအဖြူ မပေါ်လာ။တဖန်
ညနေစောင်း ဆရာမ အပြောင်းအလဲတွင်လည်း အဖြူမပါ။
အဖြူ့ တွင် ကိစ္စတစုံတရာ ဖြစ်ပြီလော၊ ညွန့်မောင်သည် နံနက်
ကပင် မေးချင် မြန်းချင်၏။ သို့သော် သူ့ ကိုယ်သူ မလုံသဖြင့်
မမေးရဲပေ။လာလိမ့်နိုး၊ ပေါ်လာလိမ့်နိုးဖြင့်သာ စောင့်နေဘိ
၏။ ခက်လေပြီ။ ယမန်နေ့က ပထမဆရာမကို အာခံ၍ ပြော


www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အလုပ်မှ ထွက်ရပြီလော။ ဒုက္ခရောက်နေပြီလော။ အရှက်ကွဲနေပြီလော။ 'အို အဖြူ၊ မောင့်အတွက် အရှက်ကွဲကုန်ပြီ ထင်တယ်။ ဒုက္ခများကုန်ပြီထင်တယ်။ စစ္စတာကြီးရဲ့ အကြိမ်းခံနေရပြီ ထင်တယ်။ ဒဏ်ထိနေပြီ ထင်တယ်။ အို၊ အဖြူ။ မောင့်ကို ဘာလို့ အကြောင်းမကြားတာလဲ။ ဘာမှ မသိရဘူးလား။ အဖြူ့ကို ဒီအဆောင်က နေပြီး တခြားအဆောင်ကို ပို့လိုက်လေပြီလား။ ပို့ရင်တော့ အခက်ဘဲ။ မောင်ကလဲ လိုက်မလာနိုင်။ ဒီအဆောင်မှာ အဖြူမရှိရင် မှောင်အတိကျနေတဲ့ လောကဓာတ်ကြီးနဲ့ တူတော့မှာဘဲ။ အဖြူ၊ အို၊ ငွေသော်တာအဖြူရဲ့၊ ထွက်ခဲ့ပါ။ မျက်နှာလဝန်းနဲ့ ထွန်းလဲ့ ပါအုံး'

ညွန့်မောင်မှာ ကြံရာမရသဖြင့် မေတာကုလားကို ခေါ်ပြီး "မေတာ၊ ဒုတိယ ဆရာမလေး မလာဘူးလား" ဟု မေးရ၏။

"မလာဘူးဆပ်"

"ဘာဖြစ်နေသတဲ့လဲ"

"မသိဘူးဆပ်"

ညွန့်မောင်သည် အားမလို အားမရ ဖြစ်နေပြန်လေ၏။ စာကိုဖတ်ပြီး အဖြူ့ စိတ်ကို ဖျောက်ပြန်၏။ သို့သော် မသိရလျှင် ဂဏှာမငြိမ်နိုင်သော စိတ်ကြောင့် အရှက်တွေ ဘေးရောက်သွားပြီးလျှင် "ဆရာမ" ဟု သူနာပြုမကလေးတဦးအား လှမ်းခေါ်လိုက်၏။

"ဘာလိုချင်သလဲ နံပတ်သုံး"

"နှာစ် ဝိုက်ကော"





ဆရာမသည် ပြုံး၏။ နောက်မှ မျက်နှာထားတည်ပြီး "ဒီနေ့ သူ့နေ့အားလေ" ဟု ဖြေ၏။

"ဘယ်မှာလဲ သူ"

"လည်မှာပေါ့။ သူ့မှာ သူငယ်ချင်းတွေ အများသားဘဲ"

ညွန့်မောင်သည် စိတ်အေးသွား၏။ သို့သော် ဘယ်သူငယ်ချင်းတွေနဲ့ လည်သလဲဟု သိချင်ပြန်၏။ မေးအံ့ဟု ကြံသောအခါ ဆရာမ မရှိတော့ပေ။ 'ဟင် အဖြူ ဘယ်သူငယ်ချင်းတွေနဲ့ လည်တာလဲ။ ရည်းစားနဲ့လား။ ကားကြီးနဲ့ ထွက်သွားပြီလား။ မြင်းရထားနဲ့ အတူတူ စီးသွားသလား။ အဖြူ ခုနေပျော်နေမှာဘဲ နော်။ ဟင် အဖြူဟာ ရည်းစားမထားရဘူး။ မောင့်ကိုသာ ချစ်ရမယ်။ ဘယ်သူ့ကိုမှ မချစ်ရဘူး။ ကောင်းတယ်၊ နံပတ်ရှစ်ပြောတာလို ငါက ပြန်ချစ်ရမယ်။ ဒါပေမယ့် အတည်ချစ် မဟုတ်ဖူး။ အပျော်ချစ် ချစ်မယ်။ ဒါပေမယ့် အဖြူဟာ ငါ့ကိုစွဲပြီး ချစ်ရမယ်။ ဒီ့ပြင်လူ ဘယ်သူ့ကိုမှ အတည်ရော အပျော်ရော မချစ်ရဘူး၊ သိလား။ ငါ အပျော်ချစ် ချစ်မယ်။ အပျော်ချစ် အချစ်နဲ့ ချစ်ရင် အဖြူက လက်ခံမှာလား။ အို၊ အခက် တခု ရှိသေးတယ်။ ငါ့မှာ ဒီရောဂါက ရှိသေးတယ်။ သူရှိရင် အဖြူက လက်ခံမှာ မဟုတ်ဘူး။ အေးလေ လက်မခံ ထိုက်ပါဘူး။ အင်မတန် ဆိုးတဲ့ ရောဂါ။ ဒင်းဟာ ဘီလူး သရဲဘဲ။ ငါပျောက်အောင်ကုမယ်'

ညွန့်မောင်သည် အဖြူ ဗျာပါဖြင့် အပူ ရှာနေခိုက် ဆဲသံဆော်သံတခုကို ကြားရလေသည်။ ကြည့်လိုက်ရာ ထွန်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



နှင့် နံပတ်ရှစ်တို့သည် အဖိုးကြီးအား လှောင်နေသည်ကို တွေ့ရလေသည်။ ထွန်းမြင့်က တဟားဟား ရယ်ပြီး

"ဘကြီး ကဲ့မြီး တိုကုန်ပြီ ဟေ့။ သမီး တောင်းတာလောက်များ စိတ်ဆိုးရသေးသလား"ဟု မေးလေ၏။

"တယ်မိုက်တဲ့ ကောင်တွေ။ မိသားဖသား မစစ်ဖူးလားဟင်"

"စစ်တာပေါ့ ဘကြီးရဲ့။ ဘကြီးသမီးကို ဘသူအုပ်ထိန်းသလဲ"

"ငါပေါ့ကွ"

"ဒါဖြင့် ကျုပ်တို့ အခု အုပ်ထိန်းသူ လူကြီးမိဘ ဆီမှာ သမီးကို တောင်းတာ မိသား ဖသား မစစ်ဖူးလို့ ဆိုမလား။ ဒါဖြင့် ဘကြီးသမီးကို ကျွန်တော်တို့ ဘကြီးကွယ်ရာမှာ သွားပြီး သမီးရည်းစား စကား ပြောရ မှာလား၊ ပြောပါအုံး ဘကြီးရ"

"ဘယ်လိုမှ ငါ သဘောမတူဘူး"

နံပတ်ရှစ်က လက်ဖြင့် ဘကြီးပခုံးကို ကိုင်ပြီး

"ကဲ ကဲ၊ ဒေါ်မပူနဲ့။ ကျုပ်တို့ကို သဘောမတူရင် သတ္တိသား သွားခေါ်မယ်။ ဘကြီး အဲဒီလူကိုတော့ သဘောတူမှာဘဲ"ဟု ပြောရာ

"အခုခေါ်မလား"ဟု ထွန်းမြင့်က မေး၏။

"ညမှ ခေါ်တာပေါ့ဗျာ"





ထိုနေ့ညတွင် လူနာများကို ညွန့်မောင်က လိမ်မော်သီးကျွေး၏။ အဖိုးကြီးမှာ ညွန့်မောင် ခုတင်နားတွင် ထိုင်လျက်ရှိ၏။ မကြာမီ ထွန်းမြင့်က လက်နှစ်ဖက်ကို မြှောက်လျက်

"ကဲ၊ လူကြီးမင်းများ ခင်ဗျား။ ဒီက ဦးတုတ်ဖေါ်ရဲ့သမီးနဲ့ လက်ထပ်ဖို့ရာ သတ္တိသား သွင်းခဲ့ပါတော့မယ်"ဟု ခပ်ကျယ်ကျယ် ပြောလေ၏။ အဖိုးကြီးက ဒေါ်ဖောင်းလျက်ရှိ၏။

သတ္တိသား ဆိုသူမှာ ဘီးတပ်ကုလားထိုင်တွင် ထိုင်လျက်ရှိသည်။ အသက် ခြောက်ဆယ်ကျော်မျှ ရှိလေပြီ။ အရပ်ပုပု၊ ကိုယ်လုံးသေးသေး၊ အသားဖြူဖြူ ဖြစ်သည်။ ခေါင်းမှာ ဆံပင်မရှိ။ ကုလားအဖိုးအို ခေါင်းနှင့် တူသည်။ စွေစောင်းလျက် ဖြူရော်အရောင်မဲ့သော မျက်လုံးများမှာ ချိုင့်ရှိုင်းသော မျက်တွင်းများ၌ ကွဲအက် နေသော အခွံကြားတွင် ပြူတစ်နေသော ကာလိမ်စေ့နှင့် တူလှဘိ၏။ ဝမ်းဘဲနှုတ်သီးသည် ဝမ်းဘဲခေါင်းနှင့် မလိုက်ညီအောင် ကြီး၏။ သူ့နှာခေါင်းသည် သူ့ခေါင်းကလေးနှင့် မလိုက်ညီအောင် ကြီး၏။ သွား မပါသွားဖုံးချည်းသက်သက်သာ ရှိသော ပါးစပ်နှင့် လျော့ရဲရဲ၊ ပါးလွှာလွှာ နှုတ်ခမ်းတို့မှာ အစာသစ် သွင်းရာဌာနပင် ဖြစ်သော်လည်း အဟောင်းထုတ်ရာ ဌာနနှင့် တူနေလေတော့၏။ ချွန်၍ ရှေ့သို့ ကော့နေသော မေးကို ဘေးမှ ကြည့်လိုက်သော် ရကောက်အမြီးပိုင်းနှင့် တူနေလေ၏။

သူသည် အင်္ကျီကို ဗောင်းဘီအပြင်တွင် ချလျက် ဝတ်ထားသည်။ ဗယ်ဘက်လက်တွင် ဆေးတံကို ကိုင်လျက် ညာဘက်



www.burmeseclassic.com

www.burmeseclassic.com



လက်တွင် ဒုတ်ကောက်ကို ကိုင် ထားသည်။ တဖက်ကား သန်လျက်၊ တဖက်ကားသားမြီးယပ်ကို ကိုင်ကာ ရာဇပလ္လင်တွင် ထိုင်သော မင်းတို့၏ ဣန္ဒြေ သံပတ်ခွေဖြင့် ထိုင်လျက်ရှိသည်။ သူ့ ကုလားထိုင်ကို တွန်းလျက်လာသူမှာ ကိုယ်အောက်ပိုင်း သေသောကြောင့် ဆေးရုံတွင် တနှစ်ကျော်မျှ ကုခဲ့ရာ ယခုအခါတွင် လက်ကိုင်ရှိက အနည်းငယ်လျှောက်သွားနိုင်သူဖြစ်သည်။ သူသည် ခြေကို မချ မရသေး။ သမံတလင်းတွင် လျှောတိုက်၍သာ ခြေကို ရွှေ့နိုင်သေးသည်။ သို့ရွှေ့ရင်းလည်း ခြေမှာ ဝဲကုတ်သည့် ခွေးပမာ တဆတ်ဆတ်တုန်လျက် ရှိ၏။ သူ့နောက်တွင် တောင်ဝှေးရထားကို ကိုင်လျက် ကိုယ်တပိုင်းသေသူနှစ်ယောက်လိုက်ကြသည်။ သူတို့ကား မင်္ဂလာဆောင် သတို့သား၏ ကာလသား အဖော်များ ဖြစ်ကြသည်။

သတို့သမီး၏ ဖခင် ဦးတုတ်ပေါ်ကား ထိုလူစုကို မြင်သောအခါ ဒေါသများ လွင့်ပျောက်၍ တဟားဟား ရယ်မိတော့သည်။

"ကြုံကြုံစည်စည် နောက်တဲ့ကောင်တွေ"

ထွန်းမြင့်ကား အရယ်ရပ်၍

"ကဲ၊ သတို့သားလဲ ရောက်ပါပြီ။ လူကြီးစုံရာရှေ့မှာ သတို့သမီး အဖေကို ပြောဘို့ ဆိုဘို့ ရှိပါတော့တယ်"ဟု ပြောလေသည်။ အားလုံးဝါးကနဲရယ်ကြသည်။ နံပတ်ရှစ်က ဝင်၍

"ကျွန်တော်က သမီးရှင်များဘက်က ဝင်၍ ပြောပရစေ ခင်ဗျား။ ကျုပ်တို့ဘကြီးရဲ့ သမီးဟာ တကယ်လဲ ချောပါတယ်။ တကယ်လဲ သဘောကောင်းပါတယ်။ ချတိုင်းလဲ





ခံ၊ မ တိုင်းလဲခံတဲ့ ကျောက်ဆုံများနဲ့လဲ တူပါတယ်။ ထဲ တိုင်းလဲဝင်၊ ဆွဲတိုင်းလဲပါတဲ့ ဖာ၊ အိုးသံသယရှင်းအောင် ထန်းခေါက်ဖာနဲ့လဲ တူပါတယ်"

"ဟော့ ခွေးမသားတွေ တော်ကြ။ မောင်မောင် ဆိုလေ ထိုးရိုးရှေ့။ နှလုံးကောင်း စမ်းကြီး ဘယ်လိုဟာတွေလဲ" ဘကြီးသည် ဒေါမောင်းလာပြန်၏။ ကုလားထိုင်ပေါ်က သတို့သားက ဟဲဟဲ ရယ်ပြီး

"လူငယ်တွေကို စိတ်မဆိုးပါနဲ့တော့ ယောက္ခမကြီးရာ" ဟု ပြောလိုက်ရာ ဝါးကနဲ ရယ်ကြပြန်လေ၏။

"စိတ်တော့ မဆိုးပါဘူးဗျာ။ နဲနဲလွန်လာလို့ပါ"

"စိတ်မဆိုးဘူး၊ ကျွဲမြီးတိုတာပေါ့ ဘကြီး"

ထွန်းမြင့်က ရှုတည်တည် ထားပြန်ပြီး

"ကဲ စကားပြီးပြတ်အောင် ပြောကြပါ။ ကျုပ်တို့ သတို့သားကို သဘောတူပြီလား"ဟု မေးရာ နံပတ်ရှစ်က "တူပါပြီ။ ဘာတင်မလဲ ခင်ဗျား"ဟု ပြန်မေးလေ၏။

"ဟုတ်ကဲ့။ ခုကာလမှာ မိန်းမကသာ တင်ရမြဲထုံးစံပါ"

"ဘကြီး၊ မိန်းမဘက်က တင်ဘို့ သူတို့ တောင်းနေပြီ"

"မင်းတို့လူက မိန်းမရအုံးတော့ မျောက်အုန်းသီး ရသလို ဖြစ်မယ့် လူဘဲကွယ့်။ ခေါင်းကိုတောင် ဟိုဘက်ဒီဘက် မလှည့်နိုင်ဘူး"

"ဒါဖြင့် ဘကြီး သမီးကို ကျုပ်တို့နဲ့ ပေးစားမှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ အကျိုးတွေ။ ဘယ်သူနှင့်မှ မပေးစား နိုင်ဘူး" ဝါးကနဲ ရယ်ကြလေ၏။ သတို့သားက ပြုံးရွှင်စွာ ယောက္ခမ လောင်းကို ကြည့်လျက်

"ဒီက ဘာကိစ္စနဲ့ ဆေးရုံကို ရောက်လာပါသလဲ" ဟု မေး၏။ ဝါးကနဲ ရယ်ကြ ပြန်သည်။ အဖိုးကြီးက ရယ်ပြီး သတို့သားအား

"မိတ်ဆွေဘယ်တုံးက ရောက်လာသလဲ" ဟု မေးလိုက်၏။

"ကျုပ်တို့က နှစ်ကြီးသမားတွေဘဲ။ ၂ နှစ်တောင် ရှိပြီ။ အခု လမ်းနဲနဲတောင်လျှောက်နိုင်ပြီဗျ။ ဒါပေမယ့် ပျောက်မယ့် လက္ခဏာတော့ မရှိပါဘူးဗျာ။ ကြည့်မြင်တိုင်က ဘီဘီဟုမ်း ဆိုတဲ့ လူအို လူနာရုံကို ပြောင်းရတော့မယ်။ အဲဒီမှာ သေတဲ့ တိုင် ဒီလိုဘဲ နေရတော့မှာပေါ့"

"သားသမီးကော"

"သမီးကတော့ အညာမှာ အိမ်ထောင်ကျနေပြီ။ မယား သေသွားတယ်။ သမီးဆီ သွားနေဘို့ကလဲ အခက်သားဘဲဗျာ။ မိတ်ဆွေတွေဆီ သွားနေမယ် ကြံတော့လဲ မဖြစ်ဖူး။ ဒီလို အဖြစ်ရောက်တော့ ဘယ်သူမှ မကြည်ဖြူနိုင်တော့ဘူးဗျ။ ဒီတော့ ဆေးရုံတို့ ဘီဘီဟုမ်းတို့မှာ နေရတာက ကောင်း သေးတယ်။ ဆေးမှန်မှန်သောက်ဗျာ။ ထမင်းမှန်မှန်စားဗျာ။ အဝတ်ဆိုသန့်သန့်ရှင်းရှင်းနဲ့ တနင်္ဂနွေတပတ် နှစ်ခါလဲရတယ်။ သူများအိမ်ကပ်နေရင် ဘယ်မှာ ဒီလို နေရမလဲဗျာ။ ကျင်ကြီး ကျင်ငယ် စွန့်ချင်လဲ လွယ်တာပေါ့ဗျာ။ ကျုပ်တို့ကတော့ သေခါလဲနီးပြီ၊ ကိစ္စမရှိပါဘူး။ ဟောဒီ သူငယ် တွေသာ





ခက်တာ။အသက်အရွယ် ငယ်ငယ်နဲ့ ဒီလို ဖြစ်တော့ လူ့ဘဝ ရှုံးတာပေါ့"

"ဘယ်လိုက စဖြစ်တာလဲဗျ"

"ဟာ ကျုပ်က ရှင်းရှင်း ပြောမယ်။ ကျုပ် အလုပ်ကိုက ခေါင်းလုပ်တာဘဲ။ကျုပ်တို့ ရှေးက အတန်းတွေကို အစိုးရက မနိုပ်ကွပ်ခင်ကဘဲ ခေါင်းလုပ်လာခဲ့တာဘဲ။ အစိုးရ ခွင့်ပြု ထားတုန်းက လုပ်ရတာ ရှင်းတယ်ဗျ။ အဲဒီတုန်းကတော့ ငွေ သိပ်ဝင်တာပေါ့ဗျာ။ ကျုပ်တို့ ပြည်တော်ဝင်ကြီးနဲ့ ငါးမူး စေ့တွေဟာ တနေ့ နှစ်ပြည်လောက် ရတယ်။ အဲဒီတုန်းက ကောင်းတာကတော့ ရန်ကုန်မြို့မှာ ဘယ်ဟာ အကောင်း၊ ဘယ်ဟာအဆိုး ခွဲသိနိုင်တယ်။ အခုအတန်းတွေကို ပိတ်လိုက် တော့ ကောင်မတွေ တမြို့လုံး နှံ့ကုန်ရော။ ဒီတော့ ဘယ်သူ ဘာမှန်း မသိရဘူး။ ကျုပ်တို့ ခေတ်တုန်းက အကျိုးလဲ ဒီလောက်မများဘူးဗျ။ ဘာ့ကြောင့်လဲဆိုတော့ ကောင်မတွေ ရောဂါရှိရင် ချက်ချင်းဆေးရုံခေါ်သွားတာဘဲ။ကျုပ်တို့ကိုက ဂရုစိုက်တယ်။ အခုတော့ သိပ်ကျိုးကြတာဘဲဗျာ။ ကျုပ် ဖြစ်တာကတော့ဒီလို။ကျုပ်ကဆေးကောင်း လက်ကိုင် ရထား ရတာကိုး။ ဆီးရှင်ဝမ်းနုတ်ဆေးက သိပ်ကောင်းတယ်။ ကျုပ် အဲဒါ လက်ကိုင်ထားတဲ့အတွက် ရှန်ကာတို့ ညောင်းကျတို့ ဘာမှ မဖြစ်ဖူး။ နောက် ခုကြီးတော့မှ စုကိုင်လေသလား မပြောတတ်ဖူး။အားနဲ့ပြီး ခွေလဲတာဘဲ။ခွေလဲပြီး ကိုယ်တခြမ်း သေသွားတယ်။ ကိုယ်တခြမ်း သေတာ ပျောက်အောင် ကုတော့ ကိုယ်တပိုင်း သေသွားပြန်တာဘဲ"



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် သူတို့သည် ရှေးဟောင်း နှောင်းဖြစ် စကားများ ပြောကြပြီးနောက် လူစု ခွဲကြလေ၏။ ညွန့်မောင်သည် ဆစ်ဖလစ်၏ ကြောက်မက်ဖွယ် အဖြစ်ဆိုးများကို အပြန်အလှန် တွေးတောရင်း ကျန်ရစ်ခဲ့လေ၏။

'ဘုရားကို ညောင်ပင်ဖျက်သတဲ့။ သံကို သံချေး ဖျက်သတဲ့။ ဒီ့ိတတွေကို ဆစ်ဖလစ် ဖျက်နေပြီ။ ဒိုတတွေ ဆိုတာလဲ ဒီဆေးရုံကို ရောက် လာ တဲ့ လူ သုံးလေးဆယ်လောက်ကို ပြောတာ မဟုတ်ဖူး။ ဒီ့အမျိုး လူဦးရေခြောက်သန်းလောက်ကို ဒီရောဂါ ဖျက်ခဲ့ပြီတဲ့။ဖျက်ဆဲဘဲတဲ့။ နဲတဲ့လူတွေမဟုတ်ဖူးနော်။ ဒီရောဂါဟာ လူကို အသေသတ်တာ မဟုတ်ပေမယ့် ဆန်ကုန် မြေလေးဆိုတဲ့ ဘဝမျိုးရောက်အောင် လုပ်တာဘဲ။ လူလို့သာ ဆိုရတယ်၊ လူ့ဂုဏ် လူ့စွမ်းရည် မရှိအောင် လုပ်တာဘဲ။ ဗမာ ပြည်မှာ လူစစ်တွေနဲ့ပြီး လူတုတွေ လူယောင်တွေပေါ်အောင် လုပ်တာဘဲ။ စက်မပါတဲ့ နာရီအိမ်လို လူ့ဂုဏ် လူ့စွမ်းရည် မပါတဲ့ လူတွေ ပေါ်အောင် ဖန်တီးနေပြီ။ နာတာရှည်ရောဂါ ကပ်တဲ့ လူတွေဆိုတာတော့ မပြောနဲ့တော့။ ဒီရောဂါကပ် ဖူးပြီးသားလူဟာ အပင်ပန်း မခံနိုင်၊ အမော မခံနိုင်၊ ဇွဲ မရှိ၊ လုံ့လမရှိ ဖြစ်တော့တာဘဲ။ ပြီးတော့ ဒီရောဂါ ရှိဘူးပြီး သားသူဟာ မိုးမလုံသောအိမ် ပျက်စီးလွယ်တာလို တခြား ရောဂါတွေကို မတော်လှန် မကာကွယ်နိုင်လို့ လူပျက်စီးလွယ် တယ်၊ သေလွယ်တယ်၊ အသက်တိုတယ်၊ ရောဂါထူတယ်။ ပြီး တော့ ရူးတာနဲ့၊ မျက်စိကန်းတာနဲ့၊ နူတာနဲ့၊ ဘာမှ ရဇရာမရှိ အောင် ဖြစ်ရတာဘဲ။ တော်တော် ကြောက်စရာ ကောင်းတဲ့





ရောဂါ။ ခလေးတွေလဲ အသေအပျောက်များတယ်။ မွေး မွေးချင်း ခလေးတွေဟာ မျက်စိမှုန်လာရတာနဲ့၊ သွား ကောင်း ကောင်း မပေါက်လာရတာနဲ့၊ နားပင်းလာရတာနဲ့၊ အ ထိုင်း လာရတာနဲ့၊ အနာတွေဒလကြမ်းဖြစ်လာရတာနဲ့၊ ကန်း လာရ တာနဲ့၊ ကျိုးလာရတာနဲ့။ ဒီရောဂါရဲ့ စနက်မီးတွေဟာ ဘယ်လို လောင်ပါကလား။ ငါ ဒီရောဂါက ဝေးအောင် ရှောင် တော့မယ်။ အေးလေ ငါကိုယ်တိုင် ရှောင်ရုံမကဘူး၊ ဒီရော ဂါဆိုး ဗမာပြည်မှာ နဲသွားအောင်၊ မရှိအောင်၊ ငါလုပ်မယ်။ ငါကြိုးစားမယ်။ ဘယ်လို လုပ်မလဲ။ ဘယ်လိုနည်းနဲ့ ပျောက်ဖို့ ဆောင်ရွက်မလဲ။ အို ဒါက ခက်သေးတယ်။ ငါစဉ်းစားရအုံး မယ်။ နောက်မှ စဉ်းစားမယ်လေ။ ခု အိပ်အုံးမယ်'

၁၀

ဆေးရုံတွင် ရက်ကြာလေ၊ ညွန့်မောင်၏ဆုံးဖြတ်ချက်နှစ်ခုကား ရင့်မာလေ ဖြစ်၏။ ပထမ ဆုံးဖြတ်ချက်မှာ ဗမာပြည်တွင် ကာလသား ရောဂါ တော်လှန်ရေး ဖြစ်၍ ဒုတိယ ဆုံးဖြတ် ချက်မှာအဖြူ့အား အပျော်ချစ် ချစ်ရေးဖြစ်သည်။ ဒုတိယ ဆုံးဖြတ်ချက် အတွက် ညွန့်မောင်သည် သူ့ အသည်း နှလုံးနှင့် ဦးနှောက် စစ်တိုက်နေကြသည်ကို တွေ့ရလေသည်။ အဖြူ့ ကို အပျော်ချစ် ချစ်ရန်ကို သူ့ဦးနှောက် သူ့ဥာဏ်က စီမံ သော်လည်းသူ့ အသည်းနှလုံးက အဖြူ့ ကို အတည်ချစ်ချစ်နေ


www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ပါးစပ်ကမူကား အပျော် ချစ်တာပါဟု ပြော လျက် စိတ်ကမူ အတည်ချစ် ချစ်နေလေသည်။

ရက်ကြာလေ၊အဖြူ၏စိတ်ခေတ်မှာ ဖြူစင်မြင့်မြတ်ကြောင်း ထင်ရှားလေ ဖြစ်လာသည်။

အဖြူသည် လူနာများကို သနားသဖြင့် အရေးရှိက သက် သာနိုင်သော ဆေးများကို ပေးတတ်ရန် ဆေးကျမ်းများကို ဖတ်ရှုလေ့ ရှိသည်။ သူနာပြု ဆရာမများ တတ်အပ်သော ပညာကိုလည်း ကြိုးကြိုးစားစား လေ့လာသဖြင့် အဖြူသည် စာမေးပွဲများ၌ ပထမရရှိ၍ အောင်မြင်လေသည်။ သူသည် လူနာများကိုပြုစုရာ၌ ဂုဏ်ယူသည်။သူ့ကြောင့် သက်သာသည် ဟု သိရလျှင် ပျော်ရွှင်၍ မဆုံး၊ ပြောပ၍ မဆုံး။ အဖြူသည် ရသောလခကိုသိပ်မသုံးဘဲ ဆေးလိပ်၊လိမ်မော်သီး၊မုန့်စသည်တို့ ကို ဝယ်၍အဆောင်ဆဲ့ ကိုးမှ လူနာများကို ကျွေးလေ့ရှိသည်။ ညွန့်မောင်သည် တခါ ဘီစကွတ်မုန့် တသေတ္တာနှင့် ထောပတ် တဗူးကိုရ၍ လူနာများကို ဝေပေးရန် အဖြူအား ပေးအပ် လိုက်၏။ အဖြူမှာ ဆွေ့ဆွေ့ခုန် ပျော်မြူးလျက်

"အို၊ မောင်ဟာ သိပ်တော်တာဘဲ။ သိပ်ကောင်းတာဘဲ။ ဝေမယ်နော်။မောင်ခုလမ်းနဲ့နဲ့ရှောက်နိုင်ပီဘဲ၊လိုက်ခဲ့ပါလား။ သွားဝေမယ်"ဟု ပြောရှာ၏။

"နဲနဲ ရှောက်နိုင်ပေမယ့် မောတယ် အဖြူရယ်။ အဖြူဘဲ မောင့်ကိုယ်စား သွားဝေနော်"

"ဟာ ဟာ၊သိပ်ကောင်းတာဘဲ။ မောင့်ကို သိပ်ကျေးဇူးတင် တာဘဲ"





အဖြူသည် မုန့်များကို ထောပတသုတ်လျက် ဝေပြီးနောက် ငါးရသော ဗျိုင်းဖြူလို ခပ်မော့မော့ ခပ်ကြော့ကြော့ ခပ် ပျံ့ပျံ့ ခပ်မြန်မြန် ညွန့်မောင်ထံသို့ လာခဲ့၏။

"ဟာ သိပ်ကောင်းတာဘဲ မောင်ရယ်။ လူတွေ သိပ်ဝမ်း သာကြတာဘဲ"

"သူတို့ စားကြသလား"

"စားကြတယ်၊ဘယ်တုန်းကမှ ဒီ အရသာမျိုး မခံစားရဘူး တဲ့။ ထောပတ်နဲ့ ဂိုးလဒင်းပတ်ဆိုတာ ထူးတဲ့ အရသာကို မောင်ရဲ့။ အို သူတို့တတွေလေ သာဓုခေါ်လိုက်ကြတာ။ ဆု တောင်းလိုက်ကြတာ။ မောင် ကြားစေချင်တယ်"

"အို အဖြူကြားလို့ ပီတိဖြစ်ခဲ့ရင် ပြီးတာပေါ့"

"ဆုဆိုတာ တောင်းတိုင်းလဲ မပြည့်ဘူး။ အခု လူနာတွေက မောင့်အတွက် တောင်းတဲ့ ဆုကတော့ သေချာပေါက် ပြည့် မယ်။ ပိုရင် ပိုအုံးမယ်"

"သူတို့ တောင်းတဲ့ဆုဟာ၊ အဖြူ့ဘို့ရော မောင့်ဘို့ရော မဟုတ်ဖူးလား"

"ဟာ ဟ အဖြူတို့တော့ နဲနဲပါးပါး ရချင် ရမှာပေါ့"

"အို တဝက်စီ ရမယ်။ အဖြူ"

"ဘာလဲမောင်၊ အနာ နာသလား"

"အနာ မနာဘူး။ လည်ချောင်းနာတယ်"

"အို ဘာ့ကြောင့်လဲမောင်၊ ဆေးထဲ့ပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးထဲ့လို့မရဘူး။ မောင့်ရင်တွင်းက ထွက်ထွက်နေတဲ့ စကားတလုံးတာ လည်ချောင်းကို လာလာ ဆောင့်တယ်။ လည်မျိုကို ခြေနဲ့ ကန်တယ်"

"အို ဆန်းလှချည်လား၊ ဘာစကားလဲ မောင်"

"ဒီစကားဟာလေ အချိန်ရှိသ၍ လည်ချောင်းကို လာလာ ဆောင့်တယ်။ ထွက်လဲ မထွက်ရဲဘူး။ လာလိုက် ပြန်ဝင်လိုက်နဲ့ နေတယ်။ ဒီစကားကို မောင် အပြင်မထုတ်ရင် မောင့် လည်ချောင်းနာပြီး သေလိမ့်မယ်။ ဒါကြောင့် ထုတ်မယ်နော်"

"ဘာစကားမို့လဲ မောင်ရယ်။ ထုတ်ချင်ထုတ်တာပေါ့"

"အဖြူ"ဟု လေးလေး အေးအေးကြီးခေါ်၍ ကြည့်လိုက်သော ညွန့်မောင်၏ မျက်လုံးမှ မြရောင်သည် ထွက်လာ၏။ "မောင်"ဟု ချိုချိုကြည်ကြည်ထူး၍ ကြည့်လိုက်သော အဖြူ၏ မျက်လုံးမှ စိန်ရောင်သည် လက်လာ၏။

စိန်ရောင်နှင့် မြရောင်သည် ဟပ်ကြသဖြင့် ပြိုးပြိုး ပြက်ပြက် ဖြစ်သွား၏။ ထိုခဏ၌ လောကခေတ် တခုလုံးသည် အချစ်ပထမ၊ အချစ်တေဇော၊ အချစ်ဝါယော၊ အချစ်အာပေါ ဟူသော ဓာတ်ကြီးလေးပါး အဖြစ်သို့ ရောက်သွားလေ၏။

"အဖြူ"

"ပြောပါ မောင်"

"အဖြူ့ကို ချစ်တယ်"

"ဟာ ဟာ" ဟု အဖြူသည် မထိတထိ ရယ်လိုက်၏။

"အို၊ ရိုးရာ မဟုတ်ပါဘူး အဖြူရဲ့။ မောင့်ကို ချစ်ရဲ့လား။ စကား ပြန်ပါအုံး"





"အို၊ ဟောဒါကဆေးရုံမောင်ရဲ့။ မောင့်ဝတ္တရားကရောဂါပျောက်အောင် အကုခံဘို့။ အဖြူ့ဝတ္တရားက သူနာပြုဘို့။ အဲတော့"

"အဲတော့ ဘာဖြစ်သလဲ။ မချစ်နိုင်ဘူးလား"

"ဟာ ဟာ၊ ဆေးရုံမှာ ဒီစကား မပြောကြပါစို့နဲ့။ ဆေးရုံက မောင်ဆင်းတော့ အဖြူနဲ့ တွေ့မယ်ဆိုရင် ဒီစကား ပြောမယ် နော်"

"အခုပြောတော့ ဘာဖြစ်လို့လဲ အဖြူရယ်။ မောင်ချစ်လှပြီ။ မောင်အချစ် ခံချင်လှပြီ"

"အလုပ်ဝတ္တရားနဲ့ မအပ်စပ်သေးတဲ့ ကိုယ်ရေးဝတ္တရားကိစ္စမို့ သည်းညည်းခံပြီး အောင့်အုံးမောင်ရဲ့ နော်"

အဖြူသည် ထွက်သွား၏။ ညွန့်မောင်သည် ငေး ကျန်ရစ်ခဲ့၏။ သူသည် ဆေးရုံက ဆင်းရအံ့သော နေ့ကိုသာ မြော်လင့်စောင့်စားမိတော့၏။ အချစ်အကြောင်း အဖြူ့ကို နောက်ထပ် မမေးတော့ပေ၊ သူငယ်ချင်းများနှင့်လည်း အဖြူ့ အကြောင်း မပြောတော့ပေ။ သူသည် အဖြူ့ကို ကြိတ်၍သာ ချစ်နေလေတော့၏။ အဖြူကား သူ့ကို ယုယမြဲ ယုယ၊ ပြုစုမြဲ ပြုစုလျက် ရှိ၏။ အလုပ် စည်းကမ်းကြောင့် ချစ်ပါသည်ဟု ပါးစပ်က ဖွင့်မပြောသော်လည်း ချစ်ခြင်း၏ လက္ခဏာများကို ညွန့်မောင်အား ပြလျက် ရှိပေ၏။

ညွန့်မောင်သည် ဆေးရုံတွင် ကာလသား ရောဂါ တိုက်ဖျက်ရေးအတွက် အကြံဉာဏ် ထုတ်၏။ လူနာအားလုံးတို့ထံ



www.burmeseclassic.com

www.burmeseclassic.com



သွား၍ သူတို့အကြောင်း လေ့လာ၏။ သူငယ်ချင်းများနှင့် အကြံဉာဏ် ယူ၏။ ထွန်းမြင့်က

"ဒီရောဂါ ပျောက်စေချင်ရင် အစိုးရက ကျန်းမာရေး အတွက် ငွေအများအပြား အကုန်ခံဘို့ လိုတယ်။ ရုရှားပြည်မှာ ဖာပပျောက်ရေး အတွက် ငွေအများကြီး သုံးတယ်။ ဖာတွေကို လိုင်စင်နဲ့ အသိအမှတ် ပြုတယ်။ အဲဒီ ဖာတွေကို ဆေးဆရာဝန်များက အမြဲစစ်ဆေးတယ်။ ရောဂါ ရှိတာနဲ့ တပြိုင်နက် ဆေးရုံတက်ပြီး ဆေးကုရတယ်။ ပြီးတော့ တနှစ်မှာ လေးလလောက် ပြည့်တန်ဆာ အလုပ်ကို မလုပ်ရဘူး။ အနားယူရတယ်။ အနားယူတဲ့ အတွင်းမှာ အစိုးရက စက်မှုလက်မှုပညာ ဖာတွေကို သင်ပေးတယ်။ လေးလကျော်တော့ မင်းတို့ဟာ အလုပ်ဟောင်းကို ပြန်သွားမလား။ သို့မဟုတ် အခုတတ်တဲ့ ပညာနဲ့ အလုပ်လုပ်မလားလို့ မေးတယ်။ အများအားဖြင့် အလုပ်ရုံကို သွားပြီး အလုပ်လုပ်ကြတာဘဲ။ ဖာအဖြစ်ကို စွန့်သူ များပါတယ်။ ကျုပ်တို့ အစိုးရကတော့ ရုရှား အစိုးရလို လုပ်နိုင်မှာ မဟုတ်ပါဘူးဗျာ"

"ဒါဖြင့် ဘယ်လို လုပ်မလဲ။ ကျုပ်တို့ ပြည်မှာ လုပ်နိုင်အောင် ဘယ်လို လုပ်မလဲ"

"ကျုပ်တို့ပြည်ကို ရုရှားလို ဖြစ်အောင် တိုင်းပြည် ပြန်တည်ထောင်ဘို့ လိုတယ်"

"ဟာ ဒါက အများကြီး လိုသေးတယ်။ ခုလတ်တလော အတွက် ဘယ်လိုလုပ်မလဲ"





"ခုလတ်တလော၊ အသေးအဖွဲ့တွေ လုပ်နေရင် ကျုပ်တို့ ပြည်ကြီး ပြန်တည်ထောင်ဘို့ အလုပ်မှာ ခရီးမတွင်ဘူး"

"ရှုတ်တယ်၊ ခင်ဗျာ့ပြည်သစ် တည်ထောင်ဘို့ကို အတွေးလွှမ်းပြီး ခင်ဗျားတို့ လုပ်ကြ။ ကျုပ်တော့ လက်တွေ့ လတ်တလော လုပ်နိုင်တာ လုပ်အုံးမယ်"

"ဘယ်လို လုပ်မတုံး"

"ကျုပ်အမြင်ရောက်ရင် ရောက်ချင်း ကာလသားရောဂါ တိုက်ဖျက်ရေးအသင်းတခု တည်ထောင်မယ်။ အစိုးရဟာ ဒီ ပြဿနာကို စိတ်ဝင်စားလာပြီး ငွေများများသုံးအောင် ဆူပူလှုံ့ဆော်မယ်။ လူအများဟာလဲ ဒီရောဂါကို ကြောက်လာအောင်၊ ဒီရောဂါကို ကာကွယ် ချင်အောင်၊ ရှောင်ကြဉ်အောင် ဒီရောဂါနဲ့ ပတ်သက်ပြီး အသိဉာဏ်တွေ ဖြန့်ဖြူးမယ်"

"ခင်ဗျား အသင်းတည်ထောင်လို့တော့ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ခင်ဗျားက အမြဲတမ်း အလုပ်လုပ်ရမယ်။ ဒီအသင်း အလုပ်က လွဲလို့ တခြားဟာ မလုပ်ဘဲ နေနိုင်ရမယ်။ ဒီလို ဆိုရင် ဖြစ်မြောက်မှာဘဲ။ အချိန်အားသလောက်ဝိုင်းကူမယ့် သူတွေကတော့ ပေါပါလိမ့်မယ်။ ဆရာဝန်တိုင်း ဒီရောဂါဟာ ဗမာပြည်မှာ အရေးအကြီးဆုံးရောဂါလို့ သိကြတယ်။ သူတို့ အားလုံး ဒီရောဂါကို ဖျက်ချင် နေကြတယ်။ ပြီးတော့ လူကြီး လူကောင်း တော်တော်များများကလဲ ဒီရောဂါကို ဖြိုဖျက် ချင်နေကြတယ်။ သို့ပေမယ့် သူတို့ကို စုစည်း ပေးမယ့်လူ၊ သူတို့ကို နှိုးဆော်ပေးမယ့်လူ၊ သူတို့ပေးတဲ့ အကြံဉာဏ်နဲ့



www.burmeseclassic.com

www.burmeseclassic.com

အကူအညီ အထောက်အပံ့တွေကို ပေါင်းစုပြီး အလုပ်ကြီးတခု ဖြစ်အောင် အမြဲတမ်းလုပ်မယ့်လူ လိုနေတယ်။ ခင်ဗျား အဲဒီ လူအဖြစ်နဲ့ ဆောင်ရွက်ရမှာဘဲ။ ဒီအသင်း ဖြစ်လာတော့ ဒီရောဂါ တိုက်ဖျက်ရေးမှာ ကိုယ်ဖို့ရှင်ဖို့ နိုင်နိုင်နင်းနင်း ဝင်ရောက်ဆောင်ရွက်ဖို့ အစိုးရကို လှုံ့ဆော်ရမယ်။ ကျောင်းသားသမဂ္ဂအသင်းတွေ၊ လူငယ် အသင်းတွေ၊ ကျောင်းဆရာ အသင်းတွေ အားလုံးကို လှုံ့ဆော်ပေးရမယ်။ သူတို့ တတွေ ကိုယ်တိုင် ဒီရောဂါမဖြစ်အောင် ရှောင်ကြဉ်ဖို့၊ တခြားလူများလဲ ဒီရောဂါကို ရှောင်ကြဉ်အောင် သူတို့ကတဆင့် ဆော်ဩဖို့၊ အဲဒီအသင်းက ညွှန်ကြားပေးရမယ်။ အဲဒီလို အစိုးရကရော၊ တိုင်းပြည်ရှိ အသင်းတွေကပါ ပေါင်းစုပြီး တိုက်ဖျက်ကြရင် ကာလသားရောဂါဟာ အတော်တော့ သက်သာသွားမှာဘဲ။ ဒါပေမယ့် အမြစ်တော့ ပြတ်မှာ မဟုတ်ဖူး။ နိုင်ငံသစ်တည်ထောင်ပြီး လုပ်မှ ပြတ်မှာ”

“အေးလေဗျာ၊ အတော် ခေါင်းပါးသွားရင် တော်ပါပြီ။ ဖြစ်နိုင်သလောက် လုပ်သေး တာပေါ့။ ကျုပ် စဉ်းစားကြည့်တယ်။ ယောကျ်ားတယောက်ဟာ အပျော်လိုက်စားတာ ဘာကြောင့်လဲ။ ဆစ်ဖလစ်ရောဂါရဲ့ အပြစ်ဒဏ်ကို သေသေချာချာ မသိလို့ တကြောင်း၊ လူတွေရဲ့ စိတ်ဓာတ် ကို က ပျက်စီးနေတာက တကြောင်း၊ သီးချိန်တန်သီး ပွင့်ချိန်တန် ပွင့်ရအောင် မိန်းမ တယောက်ကို ကျွေးမွေး နိုင်လောက်အောင် ငွေဝင်အလုပ် လုပ်မရနိုင်တဲ့ ဆင်းရဲခြင်းတို့ကြောင့် တကြောင်း၊ မိန်းမနဲ့ ယောကျ်ား ပေါင်းသင်းဆက်ဆံရေးမှာ





ကျေနပ်မှု ရောင့်ရဲမှု မရနိုင်ခြင်းကြောင့် တကြောင်း ဖြစ်တယ်။ အဲဒီအထဲမှာ ဆစ်ဖလစ်ရောဂါရဲ့ အပြစ်ဒဏ် အဖြစ်ဆိုးတွေကို လူတွေက အများဆုံး သိအောင် သတင်းစာ၊ ဂျာနယ်စသည်တို့က ရေးကြရမယ်။ စာအုပ်စာတန်း ရေးသား ဝေငှရမယ်။ ရုပ်ရှင်ရိုက်ပြီး ပြရမယ်။ စင်မြင့်ကနေပြီး တရား ဟောရမယ်။ ကျောင်းတွေမှာ သင်ကြား ပေးရမယ်။ ဒီလို လုပ်ရုံနှင့် မပြီးသေးဘူး ဆိုတာ ကိုထွန်းမြင့်တော့ သိပြီးသား ဘဲ။ သိရုံနဲ့ လောကမှာ မပြီးဘူး။ အသိဉာဏ်ကို တော်လှန်ပြီး ဆွဲဆောင်တဲ့ အရာတွေက ရှိသေးတယ်။ လူတွေဟာ လူတွေဘဲဗျ။ လူတယောက်ယောက်က ထူးထူးချွန်ချွန် ဘုရား ဖြစ်နိုင်တော့လဲ လူအများဟာ လူဘဲ ဖြစ်ကျန်ရစ်မှာဘဲ။ အဲဒီတော့ လူအများဟာ အမိခေတ်၊ အဖိုခေတ်ပေါင်းသင်း ဆက်ဆံမှုဆိုတဲ့ အမှုကို မရှောင်နိုင်ကြဘူး။ အရွယ်ရောက်ရင် ကာမတဏှာ မှီဝဲချင်တဲ့ ချင်ခြင်းဟာ ပေါ်လာတာဘဲ။ ဒီလို ပေါ်လာတဲ့ သဘောကြောင့် လူလား မြောက်တဲ့ အရွယ်လို့ ခေါ်တာကိုး။ လူလားမြောက် မြောက်ချင်း အိမ်ထောင်သားမွေး ပြုချင်ကြတာဘဲ။ အိမ်ထောင်သားမွေး အလုပ်ဆိုတာကို က တရားမှန်ကြီး ဖြစ်တယ်။ ဘာကြောင့်လဲ ဆိုတော့ အိမ်ထောင်သားမွေးမှုဟာ လူ့လောကကြီး ဆက်လက် အသက်ရှည်ဖို့ ဖြစ်ပေါ်လာတဲ့ သဘာဝ ဓမ္မ တခု ဖြစ်လို့ပေါ့။

“အရွယ်ရောက်လို့ အိမ်ထောင် သားမွေး မပြုတော့ ပေါ် ပေါက်လာတဲ့ တဏှာ ချင်ခြင်းကို တနေရာရာမှာ ဖြေတာ ဘဲ။ အဲဒီ တနေရာရာဟာ ပြည့်တန်ဆာအိမ်ကြီး ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ကြောက်စရာကောင်းပြီး ဘေးဥပါဒ် ထူထပ်တဲ့ နေရာမှာ ချင်ခြင်းအာသာ မဖြေကြရအောင် အရှယ်ရောက်လာလို့ ထိန်းနိုင် ချိန်နိုင်ရင် အိမ်ထောင်ပြုဘို့ကို အားပေးရမယ်။ လင်ရယ် မယားရယ် ဖြစ်လာမြန်တော့ မယားကို အိမ်မှာထားပြီး အပျော်အပါး တခြား သွားလိုက်သူတွေ ရှိသေးတယ်။ အဲဒီမှာလဲ အကြောင်းအမျိုးမျိုးဘဲရှိတယ်။ လူတွေရဲ့စိတ်ခေတ်ဟာ ပျက်ပြား နေတယ်။ လောကကြီးမှာ တဏှာ ရာဂ သုခကို ခံစားဘို့ လူဖြစ်လာတယ်လို့ ထင်နေကြတဲ့ အထင်မှားကို လူဖြစ်လို့ တဏှာ ရာဂ သုခကို ခံစားရတယ်ဆိုတဲ့ အထင်မှန်နှင့် ချေဖျက် ပြောင်းလဲ ပစ်လိုက်ရင် အပုံကြီး ကောင်းသွားမယ်။ လူဖြစ်လို့ တဏှာ ရာဂ သုခကို ခံစားရတာ ဖြစ်တယ်လို့ သိနေရင် မလွှဲရှောင်သာလို့ ခံစားရတယ်။ သွေးက တောင်းလို့ စိတ်ကတောင်းလို့ လိုလာရင် တကယ်လိုတဲ့ အချိန်အခါမှ ခံစားပါမယ်လို့ ဆုံးဖြတ်လိမ့်မယ်။ တဏှာ ရာဂ သုခကို ခံစားဘို့ လူဖြစ်လာရတယ်လို့ ထင်သူတို့ အဖို့ကတော့ ဒီအလုပ်ကိုဘဲ အမြဲတမ်းတွေး၊ ဒီအလုပ်ကိုသာ အဓိကထား၊ ဒီအလုပ် အောင်မြင်အောင် အမျိုးမျိုးကြံ၊ သွေးက မတောင်း တောင်းအောင်၊ စိတ်က မတောင်းတောင်းအောင်သဘာဝမဟုတ်တဲ့နည်းတွေနဲ့ လုပ်ကြတယ်။ လင်နှင့်မယား စည်းကမ်း မထားဘဲနဲ့ များများကြီး သွားလာကြတဲ့အတွက် အချိန်အတန်ကြာတော့ လင်က မယားကို ငြီးစော်နံ၊ မယားက လင်ကို ငြီးစော်နံ၊ အပြန်အလှန် စက်ဆုပ် လာကြရော။ ဒီတော့ ယောကျ်ား လုပ်တဲ့လူက အပြင်ထွက် အပျော်အပါးရှာပါရော။ အပြင်ထွက် အပျော်





အပါး ရှာရမလားလို့ မယားကလဲ လင်ကို အပြစ်တင် ရန်ရှာ။ လင်ကလဲငါ့ကိုချုပ်ချယ်လှုပါကလားလို့ဒေါ်ပွ။ နောက်ဆုံးကျ ရန်တဖြစ်ထဲဖြစ်နေကြရော။ ဒီတော့ လင်တော်မောင်က ပြည့်တန်ဆာအိမ်မှာဘဲ အချိန်ဖြုန်းရော။ အဲဒါကတော့ လင့်အပြစ်ဘဲ။ တချို့ မယားအပြစ်တွေ အများကြီး ရှိသေးတယ်။ မယားဟာ လင်ယူပြီးရင် တကယ့်အအိုကြီး ဖြစ်သွားပြီး မပြုမပြင် ထင်သလို နေကြတယ်။ ကိုယ့်လင်ကို ကြည်လင် ရွှင်ပြအောင်၊ စိတ်ချမ်းမြေ့အောင် တကွက်မှ ဖန်တည်းလို့ မပေးဘူး။ ပြီးတော့ ရှေးပညာရှိများ ဆုံးမခဲ့တဲ့ မယားကောင်းတို့မည်သည် အိပ်ရာဝင်မှာ ပြည့်တန်ဆာလို ကျင့်ရမယ်ဆိုတဲ့ စကားကို မလိုက်နာကြဘူး။ လင်များမှာ ငှက်ပျောတုံးနဲ့ ဆက်ဆံရသလိုဘဲတဲ့"

"အလဲ့၊ ကိုညွန့်မောင် ဘယ်တုန်းက မိန်းမရဘူးလို့ ဒါတွေ သိနေရတာလဲ။ ကျုပ်တို့တော့ ဒါလောက် မသိဘူး"

"ဟား ဟား၊ သက်ကြီးစကား သက်ငယ်ကြား ဆိုတာလို မှတ်ထားရတာပေါ့ဗျ။ ဒီတော့ လင်များမှာ မကျေမနပ် ဖြစ်တော့တာဘဲ။ ငြီးငွေ့လာတာဘဲ။ ဒီတော့ ပြည့်တန်ဆာအိမ်သွားပြီးအပျော်မှုကိုရှာပြန်တာပေါ့။ ဒီတော့ လင်မယား ဆက်ဆံရေးမှာ လွန်မှု၊ ကျူးမှု၊ ပိုမှုကလဲ ပြည့်တန်ဆာဆီကို ပို့တယ်။ ဆက်ဆံရေး အစစ်ကို မသိနားမလည်တာကလဲ ပြည့်တန်ဆာအိမ်ကို ပို့တယ်။ ချေတာပြီး ထိန်းနိုင်သမျှ ထိန်းပြီးမှ ကျင်လည်စွာ လိမ္မာစွာ ဆက်ဆံကြရင် ပြည့်တန်ဆာ အိမ်ကို ရောက်မှု နဲလာမယ်။ ပြီးတော့ ရှိသေးတယ်။ လူအဟာ



www.burmeseclassic.com

www.burmeseclassic.com



အပြောင်းအလဲ အသစ် အဆန်း ကြိုက်မှု ထုပြောလာတယ်။ ဒီစိတ်ဓာတ်လဲ ပျောက်အောင် လုပ်ကြရမယ်။ အပြောင်းအလဲ ကြိုက်တယ် ဆိုတာ လောလီခြင်း တမျိုးဘဲဗျ။ ဒါကိုလဲ နှိမ်ကြဘို့လိုတယ်။ အပြောင်းအလဲ ကြိုက်တဲ့ စိတ်ကြောင့် လင်ရှိမယားကို အိမ်မှာထားခဲ့ပြီး တခြားမှာ ပျော်ပါးတာဘဲ။ ဒါတွေကိုအားလုံး ပပျောက်အောင်လုပ်မှ ကာလသား ရောဂါဟာ ပပျောက်မှာ”

ညွန့်မောင်သည် တွေ၍ နေလေ၏။ သူပြောခဲ့သမျှကို ပြန်လှန် ဆင်ခြင်၏။ ထွန်းမြင့်လည်း ညွန့်မောင်ကို ကြည့်ပြီး ပြုံးနေ၏။ နောက် သူက ဆက်ပြန်၏။

“ဟုတ်ပါပြီ။ကာလသားရောဂါတိုက်ဖျက်ရေးကို ဆေးကုတဲ့ဘက်ကနေ ကြည့်ရုံနဲ့ မပြီးဘူး။ လူ့ စိတ် ပြုပြင်ရေးဘက်၊ လူ့ကိုယ်ကာယ ပြုပြင်ရေးဘက်၊ လူတို့နေမှုစနစ် ပြုပြင်ရေးဘက်၊တိုင်းပြည် တည်ထောင်မှု ပြုပြင်ရေးဘက်စတဲ့ လေးဘက်လေးတန်ကနေပြီး ကြည့်မှ အမှန်ရောက်မယ်။ တိုက်ဖျက်ရေးအောင်မြင်မယ်။ ကျုပ်အကြိုက်တော့ ဗမာပြည်မှာ မိန်းမရှင်များကို ပြည့်တန်ဆာခွန်ကောက်။သူတို့ကိုရပ်ကွက်သီးသန့်ပေး။ ဆေးဆရာဝန်နဲ့ အမြဲစစ်ဆေးပြီး ရောဂါရှိရင် ချက်ချင်းကု။ ရောဂါရှိသူကို လိုင်စင်သိမ်းပစ်။လိုင်စင်မယူတဲ့ မိန်းမရှင်တွေ၊ မိန်းမထိန်းတွေကို ရဲရဲဝံ့ဝံ့ မှန်းမှန်းကြေအောင် သုတ်သင်ပစ်၊ အဲဒီလိုဆိုရင် အများကြီး အစ်ဖလစ်ရန် အေးသွားမယ်။

“ပြီးတော့ လူတွေရဲ့ ညစ်ပတ်မှုရှိသေးတယ် ကိုထွန်းမြင့်ရဲ့။ ရောဂါရှိတဲ့ မိန်းမက သူ့မှာ ရောဂါရှိတာ ဖုံးထားတယ်။





သန့်ရှင်းတဲ့ ယောကျ်ားကို လက်ခံလိုက်တာဘဲ။ ဒီတော့ သန့်ရှင်းတဲ့ ယောကျ်ားမှာ ရောဂါရတော့တာဘဲ။ တခါ သန့်ရှင်းတဲ့ မိန်းမဆီကို ရောဂါနဲ့ ယောကျ်ားကသွားတာဘဲ။ ရှောင်ကိုမရှောင်ဘူး။ကိုယ့်မှာ ရောဂါရှိရင် ကိုယ့်ရည်းစားကို ဖြစ်စေ၊ အခြား သန့်ရှင်းတဲ့ မိန်းမကိုဖြစ်စေ၊ ပြည့်တန်ဆာကိုဖြစ်စေ၊ ဘယ်သူ့ကိုမှ မသွားလာပါဘူးလို့ ယောကျ်ားတိုင်း သန္နိဋ္ဌာန်ချမယ်ဆိုရင် ဒီရောဂါဟာ ဒီလောက် မပြန့်ပွားနိုင်ဘူးဗျ။ မိန်းမတွေကလဲ ကိုယ့်မှာ ရောဂါရှိရင်ဖြစ်စေ၊ ယောကျ်ားမှာ ရောဂါရှိရင်ဖြစ်စေ၊ လက်မခံဘူးလို့ သန္နိဋ္ဌာန်ချရင် ဒီရောဂါဟာ ဆုတ်ယုတ်ဖို့ ရှိတယ်။ အယုတ်ဆုံး လူတွေကတော့ ရောဂါရှိရက်နဲ့ သန့်ရှင်းတဲ့ မိန်းမနဲ့ အပျိုကို ဆက်ဆံတဲ့ လင်နဲ့ လူပျိုတို့ဖြစ်တယ်”

“ခင်ဗျားဟာ တခုခက်တာရှိတယ်။ ကာမဂုဏ် ချမ်းသာကိုပေးပြီး စီးပွားရှာတဲ့ မိန်းမတွေဟာ ရောဂါရှိပေမယ့် ဖုံးရမှာဘဲ။ ရောဂါရှိတယ်ဆိုရင် လပ်တိတ်မှာမို့ လုံနိုင်သမျှ လုံအောင် ဖုံးရမှာဘဲ။ ဒီတော့ မနေနိုင် မထိုင်နိုင်အောင် မှတ်သိပ်လို့ သွားတဲ့လူများဟာ ကြိုတင်ပြီး ကာကွယ်ရမယ်။ ဆရာဝန်တွေဆီမှာ ဘယ်လိုကာကွယ်ရင် အကောင်းဆုံးလဲဆိုတာ မေးပြီး ကာကွယ်ရမယ်။ ပြည့်တန်ဆာမတွေကို အတိအလင်း အစိုးရက အသိအမှတ်ပြုပြီး ကာကွယ်ရေးတွေကို ဘိုင်ခလာထုတ်ပြီး ညွှန်ကြားထားရင် ဒီရောဂါဟာ အများကြီး ငြိမ်သွားမယ်။ ကျုပ်တို့ တခါတုန်းက ပြောဘူးတဲ့ အလင်းမအေဟာ မကောင်းမှုကို ပပျောက်စေတယ်ဆိုတဲ့ စကားဟာ ဒီနေ



www.burmeseclassic.com

www.burmeseclassic.com

ရာမှာ အများကြီးအသုံးဝင်တယ်။ အစိုးရ အသိအမှတ်ပြုခြင်း ဆိုတဲ့ အလင်းခါတ်ပေးခြင်း၊ တနည်းအားဖြင့်တော့ မှောင်ထဲမှာဖြစ်နေတဲ့ ပြည့်တန်ဆာကိစ္စကိုအလင်းရောင်ထဲ ဆွဲထုတ်ခြင်းကြောင့် ကာလသားရောဂါဟာ အများကြီး ခေါင်းပါးသွားလိမ့်မယ် ထင်တယ်”

“ဟုတ်တယ်။ ဒီလိုဖြစ်မြောက်သွားအောင် ကျုပ်တို့ ကြိုးစားကြမယ်။ ပြည့်တန်ဆာမဦးရေ နည်းသွားအောင်လဲ လုပ်ကြမယ်။ ပြည့်တန်ဆာမ ဖြစ်အောင် မိန်းခလေးတွေကို ဖျက်ဆီးဖြားယောင်းတဲ့ လူတွေကို နှိမ်နင်းရမယ်။ ဒီလို လူတွေရဲ့ ဖျက်ဆီးဖြားယောင်းပုံတွေကို မသိနားမလည်တဲ့ မိန်းကလေးတွေ သိအောင် လုပ်ပေးရမယ်။ မိန်းမပျိုတွေကို အပျော်ကြံပြီး ဖျက်ဆီးသွားသူတွေကို ကွပ်မျက်ရမယ်။ ဥပမာဗျာ၊ အပျိုရည်ဖျက်ပြီး ပစ်သွားတဲ့ ရည်းစားကို တရားစွဲပြီး လင်အဖြစ်ရောက်အောင် ယူနိုင်ရမယ်။ မိန်းမတွေဟာ သူတို့ရဲ့ အပျိုစစ်ဂုဏ်ကို လုံလုံခြုံခြုံ ထိန်းနိုင်အောင် စာရေးဆရာတို့၊ ရုပ်ရှင်ဒါရိုက်တာတို့က သင်ပေးရမယ်”

“ဟား ဟား၊ ခင်ဗျားက ကျုပ်ကို စေခိုင်းတာလား။ ကျုပ်တို့လဲ ကြိုးစားရေးပါမယ်ဗျာ။ ခင်ဗျား ပြောတာတွေလဲ အရေးကြီးပါရဲ့။ ဒါ့ထက်အရေးကြီးတာက ရှိသေးတယ်။ ဘာလဲဆိုတော့ အခု လောကသဘောက ကြီးနိုင်ငယ်ညှဉ်းဆဲ၊ ချမ်းသာရင် ဆင်းရဲသူကို ညှဉ်းဆဲတဲ့ သဘောဘဲ။ ဒီသဘောပပျောက်အောင် လက်ရှိ အရင်းရှင် စနစ်ကို အမြစ်ကတော်လှန်ပြီး ဘုံစနစ်တည်ထောင်ရမယ်။ ပြည့်တန်ဆာဖြစ်တဲ့





မိန်းမ တရာမှာ ကိုးဆယ်ဟာ ဆင်းရဲလို့ဖြစ်တာဘဲ။ ဆင်းရဲတော့ ငွေနဲ့ ဖြားယောင်းရင် ပါ။ ပိုက်ဆံရှိသူက ဆင်းရဲသူကို ငွေပေးပြီး ဖြားယောင်း၊ အပျိုရည်ကို ဖျက်၊ ပြီးတော့ ပစ်ထားခဲ့ရော။ ဒီအတွင်း အလုပ်အကိုင်ကလဲ ကောင်းကောင်း မရနိုင်။ နောက်ဆုံး ဖာဖြစ်ရတာဘဲ။ နင်တို့တွေကို အလုပ်အကိုင် ကောင်းကောင်းပေးထားမယ်။ ဖာမလုပ်ကြနဲ့ ဆိုရင် ဖာတရာမှာ ကိုးဆယ်ဟာ သူတို့အလုပ်ကို စွန့်လာကြမှာဘဲ။ ဝါသနာကြီးလွန်းလို့ လုပ်တဲ့ဖာဟာ အင်မတန် နဲပါတယ်ဗျာ။ ပိုက်ဆံရှိတဲ့လူရဲ့သားသမီးကို အဝတ်အစားပေး ဖြားယောင်းခေါ်လာပြီး ဖာအလုပ် ခိုင်းတာမျိုး ကြားဘူးသလား။ ဒီတော့ ဖာဖြစ်ခြင်းရဲ့ အရင်းအမြစ်က ဆင်းရဲမှု၊ ဆင်းရဲမှုရဲ့ အရင်းအမြစ်က အရင်းရှင်စနစ်။ ဒီစနစ်ကိုဖျက်ပြီး ဘုံစနစ်တည်ထောင်မှ ပြီးမယ့်အရေးတော်ပုံကြီးပါ ကိုညွန့်မောင်ရာ”

“ခင်ဗျားကတော့ လာပြန်ပြီ။ တခါလာ ဘုံစနစ်၊ ဘုံဝါဒ ချည်းဘဲ။ လက်ငင်းလုပ်ဖို့ စဉ်းစားပါ။ ကျုပ်နဲ့ ခင်ဗျားတော့ အတူတူလုပ်လို့ မရပါဘူး။ ခင်ဗျား ဘုံဝါဒကိုသာ ဟောနေ။ ဘုံဝါဒဟောနေတုန်း ဆစ်ဖလစ်ရောဂါ၊ ကာလသားရောဂါက ကျုပ်တို့ အမျိုးကို တမျိုးလုံး မျိုနေပြီ။ ဒီတော့ ခင်ဗျားဗုံနဲ့ ခင်ဗျားတီးရစ်။ ကျုပ်တော့ လက်ငင်းဖြစ်နိုင်တဲ့ ခုနင်က ပြောတဲ့နည်းတွေနဲ့ ဒီရောဂါကို တိုက်ဖျက်မယ်။ မဆင်းရဲဘဲနဲ့ အလုပ်ပင်ပင်ပန်းပန်း မလုပ်ချင်လို့ ဖာဖြစ်တဲ့ လူတွေ၊ ဖဲ ရိုက်လွန်းလို့ မြင်းလောင်းသန်လို့ ဖာဖြစ်တဲ့ လူတွေကို ဘယ်လိုလုပ်မလဲ။ စိတ်ကိုက ရှုနေလို့ ဆင်းရဲတာကလေးမှ အောင့်



www.burmeseclassic.com

www.burmeseclassic.com



မခံဘဲ ဖြားယောင်းရာ လူနောက်ကို လိုက်ပြေးတဲ့ ဟာတွေ ဘယ်ထားမလဲ”

“ဟား ဟား၊ ကဲ ကဲ၊ ငြင်းမနေပါနဲ့တော့ဗျာ။ ကျုပ်တို့ အလင်းဥာဏ် ပေါက်သလို လုပ်ကြတာပေါ့။ ခင်ဗျားလဲ တကယ့် စေတနာရှိုးနဲ့ လုပ်မှာဘဲ။ ကျုပ်လဲ စေတနာရှိုးနဲ့ လုပ်ချင်လို့ ပြောတယ်ဆိုတာ ခင်ဗျားယုံရဲ့ မဟုတ်လား။ စေတနာရှိုးကြရင် တနေ့ကျတော့ ပေါင်းမိမှာဘဲ။ ဒီတော့ ခင်ဗျား အမြင်အတိုင်း လုပ်ပါ”

ကောင်းပြီ။ညွန့်မောင်ကား စေတနာရှိုးဖြင့် ကာလသား ရောဂါကို တိုက်ဖျက်တော့မည်။ ညွန့်မောင်သည် ခင်ထွေးအား အားတက်သရော ချစ်ခဲ့၏။ ထိုစဉ်က အချစ်၏ အရှိန်မျိုး၊ အချစ်၏ အားမျိုးအတိုင်းပင် ကာလသားရောဂါ တိုက်ဖျက်ရေးကိုချစ်မိလေပြီ။ မည်သို့တိုက်ဖျက်မည်ကို အပြန်ပြန် အလှန်လှန် တွေးတော၏။ ဆွေးနွေး၏။ လေ့လာ၏။ တွေးတိုင်း၊ ဆွေးနွေးတိုင်း၊ လေ့လာတိုင်း ထိုအလုပ်အောင်မြင်မည်ဟု ယုံကြည်မိလေ၏။ ညွန့်မောင်သည် တောင်ကြီးတလုံးကို တည်မိပြန်ပြီ။ ကာလသားရောဂါ တိုက်ဖျက်ရေး၌ အောင်မြင်မည်ဟူသော မြော်လင့်ချက် တောင်ကြီးဖြစ်သတည်း။

၁၁

ညွန့်မောင်သည် ရောဂါ ရှင်းရှင်း လင်းလင်း ပျောက်၍ ဆေးရုံမှ ဆင်းပြီးသည်နှင့် တပြိုင်နက် အလုပ်နှစ်လုပ်ကို ချက်





ချင်း လုပ်လေသည်။ နေ့ခင်းတွင် ပင်စင်အငြိမ်းစား ဗမာ ဆရာဝန်ကြီးတဦးနှင့် သွားတွေ့၍ ကာလသားရောဂါ တိုက်ဖျက်ရေးကို ဆွေးနွေးလေသည်။ ထိုဆရာဝန်ကြီးသည် ညွန့်မောင် ပြောပြသည်များကို နားထောင်နေသည်။ သူ့ ထင်မြင်ချက်၊ သူ့ အကြံအစည်များကို ပြောပြသည်တွင် ပို၍ အားသန်သည်။ ဆရာဝန်ကြီးသည် ကာလသားရောဂါတိုက် ဖျက်ရေးတွင် များစွာ စိတ်ထက်သန်ပြီး အလုပ်ကို လုပ်မည်ဟု အာမခံလိုက်သည်။ ထို့ပြင် မနက်ဖြန်တွင် သတင်းစာတို့၌ ကာလသားရောဂါ တိုက်ဖျက်ရေးအသင်း တည်ထောင်ရန် နှိုးဆော်စာကို ၎င်း၏ နာမည်ဖြင့်ပင် ရေးမည်ဟု ထပ်၍ အာမခံလိုက်၏။

ညွန့်မောင်သည် တနေ့လုံးပျော်၍ နေလေသည်။ သူ့ လုပ်ငန်းအတွက် အားတက်နေသည်။ ထိုနေ့အဖို့ သူများအရေး တွေ အတော်လုပ်ပြီးပြီ၊ ကိုယ်ရေးကို လုပ်ရန် ကျန်နေသည်။ သူသည် သူနာပြုဆရာမကလေးများ နေထိုင်ရာ အဆောင်ရိပ် သာသို့ ညနေစောင်းတွင် သွားလေသည်။ မနက်က ဆေးရုံမှ အဆင်းတွင် အပြုနှင့် ချိန်းသားခဲ့ပြီး ဖြစ်လေသည်။

ညွန့်မောင်သည် ဧည့်ခန်းတွင်းသို့ ဝင်မထိုင်။ လှေကားဝ တွင်သာ ရပ်နေလေသည်။ ဒရဝမ်သည် အပြုကိုခေါ်ရန် တက်သွားပြီ။ တောက်ပြောင်သော လှေကား လက်ရမ်း များသည်၎င်း၊ တောက်ပြောင်သော ကြေးအိုးကြီးများနှင့် စိမ်းလန်းသော ပန်းပင်များသည်၎င်း၊ နံရံရှိ မြင်ကွင်းလှသော အရုပ်ကားများသည်၎င်း၊ ရှေ့တည့်တည့်ရှိ ခမ်းနားသပ်ယပ်



www.burmeseclassic.com

www.burmeseclassic.com



သောစစ္စတာတို့၏အစားစားခန်းသည်ဝင်း ညွန့်မောင်၏မျက်စိကိုမဆွဲနိုင်ကြကုန်။ ညွန့်မောင်၏မျက်စိသည် လှေကားပေါ်သို့သာ စိုက်စိုက်နှင့် စူးနေလေသည်။ မကြာမီ ကတ္တီပါဖိနပ်သံကလေးကို ကြားရသည်။ 'အို၊ အဖြူ ဆင်းမလာသေးဘူး။ ဒီပြင်ဆရာမတွေ ဆင်းလာတယ် ထင်တယ်။ အဖြူကလေးကတော့ ကာပြားမို့ ဖိနပ်သံဟာ တဒေါက်ဒေါက်နေမယ်။ ဟင် ဟုတ်တယ်၊ ဗမာဆရာမကလေးဘဲ။ တယ်လှပါကလား။ အို အဖြူနှင့် တူလိုက်တာ ဟယ်' ညွန့်မောင်၏ ဦးနှောက်သည် စက်ရပ်သွားလေ၏။ ညွန့်မောင်သည် ရုတ်တရက် တွေးလည်း မတွေးနိုင်၊ စကားလည်း မပြောနိုင်။ ပြူးကြောင်သောမျက်စိဖြင့် ကြည့်ရုံမှတပါး ဘာမျှ မလုပ်နိုင်။ သူ့ရှေ့သို့ ဒေါင်းမကလေးဟန်ဖြင့် ဆင်းလာသူကား အဖြူပင် ဖြစ်သည်။

သူနာပြုယူနီဖောင်းဖြင့် မြင်ရသော အဖြူနှင့် ယခု ဗမာအဝတ်အစားဖြင့်မြင်ရသော အဖြူမှာ များစွာ ကွာခြားနေလေသည်။ ရှေးက အဖြူမှာ ထူထဲသော အဝတ်ဖြူကြောင့် ရှင်းသော ကိုယ်လုံး မထင်ပေ။ အနက်ကျောခံလျက် အနီအပြာ ယန်းများ ခြယ်ထားသော ပိုးတွန့်လုံချည်သည် နွဲ့နှောင်းကြော့ရှင်းသည့် ကိုယ်လုံးကို ဖော်ပေးလိုက်သည်။ ဝါဝင်းသည့် အသားကို ထင်လင်းစေလေသည်။ အထူးမပြုပြင်ရဘဲ ကောက်လိမ်၍နေသော ဆံယဉ်၊ မဟာနှဖူးနှင့် နောက်တွဲ ဆံထုံးမှာ မျက်နှာ၏ အလှကို မကိုင်ရှိုဆောင်းပေးလိုက်သည်။ အဖြူကပြုံးလိုက်တော့မှ ညွန့်မောင် ပြန်ပြုံးရန်သတိရတော့၏။ ညွန့်မောင်သည် တွေးနိုင်တော့၏။ 'တကယ့် ဗမာမကလေးဘဲ။ ငါသိပ်ချစ်တာဘဲ' ထိုသို့တွေးလျက် တအောင့်လောက်ကြာအောင် ကြောင်၍ ကြည့်နေပြီးမှ စကားပြောနိုင်တော့၏။





"အဖြူဟာ ခုလိုဆိုတော့ တကယ့် ဗမာမကလေးဘဲနော်"

"အို၊ အမေတယောက်လုံးက ဗမာဘဲ။ ပြီးတော့ ဗမာပြည်မှာ မွေး၊ ဗမာပြည်မှာ ကြီး၊ ဗမာပြည်မှာ ပညာသင်၊ ဗမာပြည်မှာဘဲ အလုပ်လုပ်ဆိုတော့ ဗမာ မဖြစ်ရင် ဘာဖြစ်စေချင်သေးသလဲ မောင်"

"ဗမာလဲ ဖြစ်စေချင်တယ်။ ပြီးတော့ အင်း"

"ကြည့်ပါအုံး။ မျက်နှာကြီးကလဲ စပ်ဖြိုးဖြိုးနဲ့" အဖြူသည် ထိုသို့ပြောပြီး ညွန့်မောင်ကို လျှာထုတ်၍ မျက်စိမှိတ်ပြကာ နောက်လိုက်၏။

"ပြီးတော့ ညွန့်မောင်ရဲ့ အချစ်ဆုံးလဲ ဖြစ်စေချင်တယ်"

"လာ လာ၊ သွားကြစို့။ ဒီလှေကားအဆင်းဟာ ဒီစကားတွေ ပြောရမယ့်နေရာမဟုတ်ဖူး"

ထိုနေ့တွင် သူတို့သည် ရုပ်ရှင်သွားကြည့်ကြ၏။ သူတို့သည် ရုပ်ရှင်ရုံတွင် ရုပ်ရှင်ကားကို ဂရုထား၍ ကြည့်ကြသည်မဟုတ်။ ညွန့်မောင်သည် အဖြူ့မျက်နှာ၊ အဖြူ့ ကိုယ်လုံးတို့ကိုသာ ကြည့်၏။ အဖြူသည် ညွန့်မောင်၏မျက်နှာ၊ ညွန့်မောင်၏ ကိုယ်လုံးကိုသာ ကြည့်၏။ သူတို့သည် ရုပ်ရှင်ကားထဲမှတေးသံကို နားထောင်ကြသည်မဟုတ်။ သူတို့အသည်းနှလုံးမှသီဆိုနေသော ချစ်တေးသံကိုသာ နားခံနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ညွန့်မောင်၏စိတ်တွင် အဖြူကို ဗမာမကလေးအသွင် မြင်လိုက်ရသည့်အချိန်ကစ၍ ထူးခြားသော ပြောင်းလဲချက်သည် ပေါ်ပေါက်လာ၏။ ကပြားမကလေး အဖြူကို အပျော်ချစ် ချစ်၍ ဖြစ်နိုင်ခဲ့သေးသည်။ သူကလည်း ကလက်၊ ကိုယ်ကလည်း ကလက် သဘောထားနိုင်သည်။ ယခု ဗမာမလေးလို အဖြူကိုကား အပျော်ချစ် မချစ်နိုင်။ အပျော်ချစ်ဖြင့်မချစ်ရဲ။ သူကလည်း ကလက်၊ ကိုယ်ကလည်း ကလက်ဟု သဘော မထားနိုင်။ အတည်ချစ်ဖြင့်သာ ချစ်၍ ဖြစ်လေတော့မည်။ အဖြူသည် ထိုဒီ ပြောင်းအလဲကို ရိပ်မိသည် မရိပ်မိသည်ကို မပြောနိုင်။ ယနေ့ ညွန့်မောင်က ချစ်သည်ဟု ပြောလိုက်သောအခါ အဖြူကလည်း မောင့်လိုပါဘဲဟု ဖြေလိုက်လေသည်။

ထိုသို့ဖြင့် နောက်ရက် နောက်အပတ်များတွင် ညွန့်မောင်တို့သည် ရုပ်ရှင် အကြိမ်ကြိမ် ကြည့်ကြ၏။ တယောက်အနီး တယောက်ကပ်နေခြင်း တည်းဟူသော အကြောင်းကြောင့် ကြည်လင် ပျော်ရွှင်ကြ၏။ စကားထွေရာကို ပြောလျက် နှစ်သိမ့်ကြ၏။ ညွန့်မောင်ပြောသော စကားစုတို့တွင် ကာလသားရောဂါ တိုက်ဖျက်ရေး စကားများ ပါလေသည်။ တိုက်ဖျက်ရေးအသင်း တည်ထောင်ပြီးကြောင်း၊ သတင်းစာများက ဝိုင်းဝန်း ရေးသားနေကြကြောင်း၊ အသင်းဝင် လူကြီးများ အကြောင်း၊ သူ စက္ကရီထေရီ လုပ်သဖြင့်အလုပ်များကြောင်းတို့ ဖြစ်လေသည်။ အဖြူသည် ထိုစကားများကို စိတ်ရှည်လက်ရှည်





နားထောင်သည်။ ညွန့်မောင်ကို အားပေး၏။ သူလည်း တတ်နိုင်သောဘက်မှ ကူညီရန် ဝန်ခံလေသည်။

ညွန့်မောင်သည် ရုပ်ရှင်အတူကြည့်ရုံ၊ တဦးနှင့် တဦး ကပ်ထိုင်ရုံ၊ စကားအတူပြောပြီး နေရရုံဖြင့် မကျေနပ်နိုင်တော့သည်က တကြောင်း၊ မိတ်ဆွေများက တိုက်တွန်းကြသည်က တကြောင်း၊ အဖြူ၏ အချစ်ကို ယုံသည်က တကြောင်း၊ အကြောင်းကြောင်းတို့ကြောင့် အဖြူနှင့်လေးညွှင်းခံ ကားစီး ထွက်ရန် စီမံလေ၏။

သူတို့ကားသည် အင်းလျားကန်တလျှောက်တွင် မောင်းလာပြီးနောက် ခုနစ်မိုင်ထောင့်တွင် ထိုးရပ်လိုက်လေ၏။ ထိုလကား သီတင်းကျွတ်လဖြစ်သဖြင့် အထူးသာယာသောလ ဖြစ်ပေသည်။ လမင်းသည် မှုတ်မိကင်းစင်သော ကောင်းကင်မှ ထွန်းပလိုက်သေရာ လောကဓာတ်တခုလုံးသည် မြရောင်ဖြင့် ဝင်းနေသည်။

"လာ အဖြူ။ အောက်သွားထိုင်ရအောင်။ သန့်ရှင်းတဲ့ လေကလေးလဲ ရှူရအောင်။ ဆေးနံ့ လှောင်နေတဲ့ ဆေးရုံက လေတွေကိုလဲ ထုတ်ပစ်ရအောင်"

"ကြောက်စရာကြီး မောင်ရယ်။ လူဆိုး သူဆိုးတွေ လာမှဖြင့်"

"အို၊ ဒီနေရာဟာ လူဆိုး သူဆိုးတွေ မလာပါဘူး။ လူကြီး လူကောင်း သမီးရည်းစား ဇနီး မောင်နှံတွေလာတဲ့ နေရာပါ။ ထ"



www.burmeseclassic.com

www.burmeseclassic.com



ညွန့်မောင်သည် သင်ဖြူးငယ်ကလေးကိုဆွဲယူ၍ ထွက်၏။ အဖြူသည် ညွန့်မောင်၏ပခုံးတွင် လက်တဖက်တင်၍ လိုက်၏။ မြက်ပင်ရှည်ကြီးများနှင့်အင်းလျှားရေစပ်ကြားတွင်ထိုင်ကြ၏။

"ကြည့်စမ်း။ ရေပြင်ပေါ်မှာ အရိပ်ထင်နေတဲ့ လမင်းကြီးဟာ ဘယ်လောက် လှသလဲ"ဟု ညွန့်မောင်က မေးရာ အဖြူက ညွန့်မောင်ကို မော့ကာ ပြုံး၍ကြည့်ပြီး

"အို၊ မောင့်မျက်လုံးထဲမှာ အရိပ်ပေါ်နေတဲ့ လမင်းကြီးက သာလို့ လှပါတယ်"ဟု ပြောလိုက်၏။

ညွန့်မောင်သည် ပီတိဖြင့် တကိုယ်လုံး ဖိမ့်ဖိမ့်တုန်သွားပြီး အဖြူကို ဖက်ကာ နမ်းလိုက်လေ၏။

"အို၊ ချစ်လိုက်တာ"

"အဖြူ အစက မသိပါဘူးတဲ့ မောင်"

ညွန့်မောင်သည် ရွှေတလှမ်းတက်မည်ရှိသောအခါ အဖြူသည် ဆတ်ကနဲ ညွန့်မောင် လက်မောင်းပေါ်တွင် တင်ထားသော ခေါင်းကို ထောင်ပြီး

"အို၊ ဒါတော့မရဘူး။ ဒီဟာက လက်ထပ်ပြီးမှလုပ်ရမယ့် အရာပါ မောင်"ဟု ပြောလိုက်၏။

"အချစ်က ရင့်သထက် ရင့်လာလို့ - မစောင့်နိုင်တော့ဘူး အဖြူ"

"အို၊ ဒီလိုဆိုရင် မကောင်းဘူး၊ မလုပ်ပါနဲ့။ အဖြူ စိတ်ဆိုးမှာ။ ဖယ်ပါ မောင်ရယ်။ အဖြူ စိတ်ဆိုးတော့မယ်နော်။ အဖြူ့ကို တကယ်ချစ်ရင် ဒီလိုမလုပ်နဲ့"





ညွန့်မောင်က မချိတရိပြုံးပြီး "ချစ်တော့ ချစ်တာပေါ့။ ဒါပေမယ့်"ဟု ပြောပြီး ထပ်မံကြိုးစားပြန်လေရာ အဖြူသည် ထိုင်ရာမှ ထလေ၏။ ညွန့်မောင်လည်း ဒူးထောက်ကာ အဖြူ့ လက်ကို ဆွဲထား၏။

"မောင်၊ ဒီလိုဆိုရင် လက်ထပ်ကြစို့"

"လက်ထပ်မယ်လေ။ အဖြူ စာမေးပွဲမပြီးသေးလို့ စောင့်နေတာ"

"ပြီးတော့မှာဘဲ"

"မောင်နဲ့အဖြူ လက်ထပ်ရင် အဖြူ အလုပ်ပြုတ်မှာကို တွေးထားရဲ့လား"

"တွေးထားသားဘဲ။ အလုပ်ပြုတ်တာ ဘာအရေးကြီးသလဲ"

"နို့ မောင်က အခု ဘာအလုပ်မှ မရှိသေးတော့ ခက်သေးတယ် ထင်တယ်"

"အို၊ လက်ထပ်ပြီးမှ ရှာမှာပေါ့။ ဒီအတွင်း ထမင်းမငတ်နိုင်ပါဘူး"

ညွန့်မောင်သည် ဆောင့်ကြောင့်ထိုင်ပြန်၏။ အဖြူလည်း ညွန့်မောင်ဘေးတွင် ဝင်၍ ထိုင်ပြန်၏။

"ဟို ကိစ္စကို မောင်လုံးပန်းနေလို့ အလုပ်မရနိုင်သေးရင် မခက်ဖူးလား"

"အို ဘာခက်စရာရှိသလဲ။ အဖြူ အပြင်မှာ သူနာပြုဆရာမ အဖြစ်နဲ့ ကိုယ့်ဖာသာကိုယ် ဆိုင်ဖွင့်ထားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်၊ အဟုတ်လား။ ဒီလိုတော့ သဘောမတူနိုင်ဘူး။ ကိုယ့်မိန်းမဟာ သူများတွေဆီသွားပြီး သူနာပြု လုပ်တာ မကြည့်နိုင် မကြိုက်နိုင်ဘူး"

"အို ဒါတော့ ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွေ့ဘူး မဟုတ်လား မောင်။ အဲလေ၊ ဒီအလုပ်ကို မကြိုက်ရင် ဆိုင်တွေမှာဖြစ်စေ စာရေးအလုပ် ရှာလုပ်မယ်။ အဖြူဟာ ရုပ်လဲ ချောတယ်၊ စာလဲ တတ်တယ်။ အဖြူက ငွေရှာ၊ မောင်က မောင်လုပ်ချင်တဲ့ ကာလသားရောဂါကိစ္စကို လုပ်ပေါ့။ အဖြူ့မှာတောင် ကုသိုလ်ရအုံးမယ်"

ညွန့်မောင်သည် ကုသိုလ်ဆိုသော စကားကြောင့် တစုံတရာကို အမှတ်ရလာ၏။ ထိုရင်တွင်းမှ ပေါ်လာသော ကိစ္စကို မေးလို၏။ သို့သော် မေးရမှာ သနားသလိုလို ဖြစ်လာ၏။ နောက် ဇွတ်မှိတ်ကာ မေးလိုက်၏။

"နို့ မောင်က ဗုဒ္ဓဘာသာ၊ အဖြူက ခရစ်ယန်။ ဘယ်လို လုပ်မလဲ"

"ဒါတော့ အဖြူက ဗုဒ္ဓဘာသာအဖြစ်ကို ပြောင်းလာရမှာပေါ့"ဟု မဆိုင်းမတွ အထစ်အငေါ့မရှိဘဲ ပြောလိုက်၏။ ညွန့်မောင် အံ့အားသင့်သွား၏။

"တကယ်"

"တကယ်မှ တကယ်ပေါ့ မောင်"

"ဘာလို့လဲ"

"ဘာလို့မှ မဟုတ်ဖူး။ မောင့်ကို ချစ်မိပြီဟာကိုး"





ထိုစကားသည် ညွန့်မောင်၏ မေးခွန်းများကို ဆီးပြီး ဆိုလိုက်ပြီ။ ညွန့်မောင်၏စိတ်သည် အဖြာဖြာ အသွယ်သွယ် စီးဆင်းနေလေရာ ထိုစကားကြောင့် တစုတသွယ်တည်း ဒလဟော စီးဆင်းသွားလေပြီ။ ထိုတသွယ်တည်းစီးဆင်းရာ စိတ်ရေစီးကား အဖြူ့ကို လက်ထပ်မည် ဟူသော ဆုံးဖြတ်ချက်ပင် ဖြစ်သတည်း။

## ၁၂

အဖြူ့ကို ညွန့်မောင် လက်ထပ်ယူသောအချိန်ကား ညွန့်မောင် ဆေးရုံမှဆင်းပြီးနောက် ခြောက်လကြာသောအချိန် ဖြစ်လေသည်။ ခင်ထွေးက မချစ်နိုင်ဟု ပြန်ပြောပြီးနောက် တနှစ်ကြာသောအချိန် ဖြစ်လေသည်။ ဦးဘဆင်၏အလုပ်ကို ဝင်လုပ်ပြီးနောက် နှစ်နှစ်ကြာသောအချိန် ဖြစ်လေသည်။ ယခုအချိန်တွင် ခင်ထွေးသည် ညွန့်မောင်တယောက် ဤလောကတွင် ရှိသေးသည်ကို မေ့နေပြီလား မဆိုနိုင်ပေ။

လက်မထပ်ခင် ညွန့်မောင်သည် သွေးတတ်ကာ သွေးစမ်းစေ၏။ သွေးကား ကောင်းလေပြီ။ သို့သော် ဆရာဝန်က

"သွေးဆိုတာ တခါစမ်းရုံနဲ့ မသိသာဘူး။ ဆစ်ဖလစ်ပိုးဟာ ခုသေကုန်လို့ သွေးသန့်စင်နေတာတော့ဟုတ်ပြီ။ အကြွင်းအကျန် ပုန်းအောင်းနေတဲ့ ပိုးရှိတတ်တယ်။ အဲဒါတွေက ပြန်ထလာတတ်တယ်။ ခြောက်လကြာရင် သွေးထပ်စမ်း။ စင်ကြယ်ပြီဆိုမှ လက်ထပ်ဖို့ကောင်းတယ်"ဟု အကြံပေး၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ညွန့်မောင်တို့ကား မစောင့်နိုင်တော့ပြီ။ ညွန့်မောင်တို့သည် ရုံးသို့သွား၍ လက်ထပ်ကြ၏။ စံဖေနှင့် ထွန်းမြင့်မှာ သက်သေများ ဖြစ်ကြသည်။ ဦးလေးသောင်းကား ထိုလက်ထပ်ရေးကို သဘောမတူနိုင်ပေ။ သူ့သဘောအရ ညွန့်မောင်သည် သစ်တောဝန်ထောက်အလုပ် ပြန်လုပ်ပြီး ခင်ထွေးတို့ထက် ကဲလွန်၍ ပစ္စည်း ဥစ္စာ ကြွယ်ဝ ချမ်းသာသော ဇနီး တယောက်ကို အရယူထိုက်သည်။ စံဖေနှင့် ထွန်းမြင့်တို့ အမြင်အရ ညွန့်မောင်သည် အဖွဲ့ကိုလက်ထပ်ခြင်းအားဖြင့် ခင်ထွေးကိုမေ့ကာ ပျော်ရွှင်စွာ နေလေမည်။

စံဖေနှင့် ထွန်းမြင့်တို့ မှန်ပါသည်။ ညွန့်မောင်ကား အလွန်ပျော်၏။ လူအများအကျိုးကို ထိရောက်စွာ ဆောင်ရွက်ရန်ကိစ္စတခု သူ့တွင် ရှိပေပြီ။ ထိုကိစ္စတွင် အားပေးကူညီ ပါရမီဖက်မည့် ဇနီးသည်လည်း အနီးတွင် ရှိလေပြီ။

သူတို့သည် ငြိမ်သက်စွာ လက်ထပ်လိုက်ကြပြီးနောက် တလမျှ ဆိတ်ငြိမ်စွာ ဟန်းနီးမွန်း ထွက်ကြသည်။ သူတို့တွင် ယာဉ်နှစ်ယောက်မေါင်း ငွေလေးရာလောက်သာ ရှိတော့သည်။ ထို့ကြောင့် ထိုငွေဖြင့် ခရီးအရှည်ကြီးမထွက်နိုင်။ ပြည်မြို့သို့ သင်္ဘောဖြင့်သွား၍ ပြည်မြို့နှင့် မနီးမဝေး ခြံကလေးတခုတွင် သွား၍နေကြသည်။ ဟန်းနီးမွန်း တလလုံးလုံး ရှောဘာလုံမည်ကို မတွေးမိကြ။ တယောက်မျက်နှာ တယောက်ကြည့်၍ စကား တတွတ်တွတ်ပြောခြင်းဖြင့်သာ အချိန် ကုန်မှန်းမသိ ကုန်ကြလေသည်။





သင်္ဘောကုန်းပတ်ပေါ်တွင် နံနက်နေပူစာလှုံရင်း စကား တပြောပြော။ ဆီးနှင်းတို့ ခွဲသွားသည်ကို ကြည့်ကြရင်းစကား တပြောပြော။ သောင်ယံတွင် ဟသာ်မောင်နှံ အစာရှာနေကြသည်ကို ကြည့်စဉ်လည်း သူတို့စကားတပြောပြော။ နေမင်းမှုပြင်းလာသောအခါ တာလပတ်ကို ချလျက် ခုံရှည်တွင် ထိုင်လျက်လည်း စကားတပြောပြော။ နေ့လယ် အခန်းတွင်းဝင်၍ အိပ်ရာပေါ်တွင် အားလျားမှောက်ကာ လှဲ၍လည်း စကား တပြောပြော။ လက်ဖက်ရည် သောက်ချိန်တွင်လည်း စကား တပြောပြော။ ညနေ သင်္ဘောအဆိုက်တွင် ကမ်းရိုးအဆင်း လမ်းလျှောက်ရင်းလည်း စကားတပြောပြော။ ညအခါ ရေမျက်နှာပြင်တွင် အရေးထင်လျက်ရှိသော ကြယ်တာရာရိပ်၊ မဲသည့် အရိပ်နိမိတ်ဖြင့်သာ မြင်ရသော လှေများမှ ဆီးလိပ်မီးသာသာမျှသော မီးရောင်၊ ဟိုတဖက် တံငါတဲမှ တံငါသည်တို့ မီးလုံရာမီးဖိုမှ မီးရောင်တို့ကို ကြည့်ရင်းလည်း စကားတပြောပြော။ အိပ်ရာဝင်လည်း စကား တပြောပြော။ ပြောလည်း ပြောနိုင်ကြပါပေသည်။ မြစ်ပြင်တွင် လေပေါ်သည်မှန်သော်လည်း ညွန့်မောင်နှင့် အဖွဲ့တို့တွင် လေပို၍ ပေါပါလိမ့်မည်။ ထိုမျှ လေပေါမှ ထိုမျှ စကားထွက်နိုင်မည်။

"ဟော၊ ဒီဧရာဝတီမြစ်ရေဟာ မြစ်ဝကနေပြီး တောင်ပေါ် မြစ်ဖျားတွေရောက်အောင် ရေပြန်စီးတယ်ဆိုတာ ဖြစ်ချင်ဖြစ်မယ်။ မောင့်အချစ်ဟာ အဖွဲ့ ဆီကနေပြီး အရပ်တပါးကို စီးသွားမယ်ဆိုတာ မဖြစ်နိုင်ဘူး" စသော စကားများကို ပြော၍ ဤမျှစကားများများ ပြောနိုင်သည်ဟု အဆွေတို့ ထင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းထင်ကြမည်။ ထင့်လျှင် မှားလိမ့်မည်။ သူတို့သည် ထို စကားမျိုးကို မပြောကြ။ "မောင်ငယ်ငယ်တုန်းကလေ အမွှား သေဆော့ လုံချည်ကလေးချွတ်၊ ခုတင်တိုင်မှာတင်ပြီး ကလိုက် တာ ကွေးနေတာဘဲ" ဟု ပြောပြီး နှစ်ယောက်သား အားရ ပါးရ ရယ်ကြသည်။ "မောင့်မွှားမွှားက ဘယ်သူတဲ့တုန်း" "မအိမတဲ့ အဖြူရဲ့။ မောင်ဖြင့် အမွှားရုပ်တောင် မမှတ်မိတော့ ဘူး။ အမွှားက ရွှေ ဗမာဘုရင် လက်ထက်တုန်းက နန်းတွင်း အပျိုတော်ကြီး ဆိုဘဲ" "အို၊ ဟုတ်လားမောင်။ အဖြူ့ အဖွား လဲ ဒီလိုဘဲ။ နန်းတွင်း အပျိုတော်ကြီးဘဲတဲ့။ သူတို့ရာဇဝင်က အရှုတ်သားပါ မောင်ရယ်။ အထက်ဗမာပြည်ကိုသိမ်းတော့ အင် လိပ်စစ်ဗိုလ်တဦးက မွှားမွှားကို နန်းတွင်းကဘဲ ယူသွားပြီး လက်ထပ်သတဲ့။ အဖြူ့ အမေကို မွေးသတဲ့။ အဖြူတို့အဖေကလဲ ကပြားဘဲ" "ဒါဖြင့် အဖြူဟာ က ကတစ်ပေါ့နော်။ ဟား ဟား" ဟု ညွန့်မောင်က ရယ်၏။ အဖြူလည်း ရယ်ရင်း ညွန့် မောင်၏ကြောကို ဘုံးကနဲရိုက်လိုက်၏။ သို့ဖြင့် ဘေး ဘင် ဘောင်ဆက် ထန်းရည်မူးပြီး အိမ်ခါးပန်းချွတ်ယူကာ မေါင် စားသော တစမ်းကဲ့ အဖိုးကိုပင် မချန်မလှပ်ဘဲ အကြောင်းရှာ ၍ အဆက်ပြုနေကြ၏။ "မောင် အမှတ်ရသေးတယ်။ အင် လိပ်ကျောင်း စနေတော့ လေးတန်းက စနေရတယ်။ ဒါလဲ ကျောင်းသုံးလ နောက်ကျနေတယ်။ နောက်သုံးလကြာတော့ လေ စာမေးပွဲမှာ ငါးတန်းကို တက်ရတယ်။ အဲဒီတုန်းကလေ ဘုရားရှိခိုးခန်းမှာ ဆရာက မောင့်ကို အထခိုင်းတယ်။ ပြီးတော့ ဆရာက ချီးကျူးစကား ပြောတယ်။ လူလယ်ခေါင်မှာ ချီး





မွမ်းခံရတာ အဲဒီတုန်းက အစဘဲ။ မောင်ဖြင့် သိပ်ပျော်သွား ဘာဘဲ။ အဲဒီအချိန်လောက်ကဆိုရင် အဖြူကလေး ဘယ်မှာ နေမလဲမသိဘူးနော်" "အဖြူတော့ သူငယ်တန်းလောက်ရှိအုံး မှာပေါ့။ သူငယ်တန်းတုန်းက အဖြူဟာ ဖင်စီဒရက်ပြိုင်ပွဲမှာ ပထမဆုရတယ်။ ပြီးတော့ သီချင်းပြိုင်ပွဲမှာလဲ ပထမရတယ်" "အို ဟုတ်လား။ အဖြူ သိပ်တော်တာဘဲနော်။ ခုကော သီ ချင်းဆိုတတ်သေးလား။ ဆိုပြစမ်း" "အို၊ ရှက်စရာကြီး။ ဟာ ဟာ" အဖြူက ရယ်ပြီး ခေါင်းငုံ့ ခြေပေါက်ဖြင့် လှုပ်နေလေရာ "ဘာ၊ ရှက်တယ်။ ကိုယ့်လင်ကိုများ ရှက်သေးသလား။ လာ စမ်း ရှက်တဲ့မျက်နှာ" ဟုပြောပြီး ညွန့်မောင်သည် အဖြူ၏မျက် နှာကို လက်နှစ်ဖက်ဖြင့် ကိုင်၍ မော့ပြီး နဖူးစတွင်ငုံ၍မျက် လုံးပေါ်တွင်ငုံ၍ နမ်းလိုက်လေ၏။ "အဖြူ ဆယ်တန်းတုန်း ကလေ အနာကြီးပေါက်လို့ တနှစ် စာမေးပွဲ မဝင်ရဘူး" "ဟင်၊ ဘယ်မှာလဲအနာရွတ်။ ပြစမ်း" ဟုပြောကာ အင်္ကျီလက် ကိုပင့်တင်ပြီး လက်မောင်းမှ အနာရွတ်ကြီးကို ကြည့်လေသည်။ "ဟာ၊ အကြီးကြီးဘဲ။ သိပ်ဆိုးတဲ့ အနာကြီးဘဲ။ အခံရခက်မှာ ဘဲနော်" ဟု ပြောပြီး ညွန့်မောင်သည် လွန်လေပြီးသော နှစ် များဆီတုန်းက ပျောက်ခဲ့ပြီး ဖြစ်သော အနာကိုပင် ကြည့်၍ သနားနေမိလေ၏။ "မောင့်ခေါင်းက ဟာကြီးက ဘာကြီးလဲ" "အမှတ်ကြီးအဖြူရဲ့။ မောင်အနာ အကြီးအကျယ်မဖြစ်ဖူးဘူး။ ဖျားတော့ အသဲအသန်ဖျားဘူးတယ်" "ဟင်၊ ဘယ်တုန်းကလဲ မောင်" ထိုစဉ်က ဖျားစဉ်က မတွေ့လိုက်ရ၊ မပြုစုလိုက်ရသဖြင့် ဝမ်းနည်းသလိုလို ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အမြဲသဖြင့် လိုလို တယောက်မျက်နှာ တယောက်ကြည့်၍ သာ စကားပြော၏။ ကြည့်၍သာ စား၏။ ကြည့်၍သာ အိပ်ပျော်ခြင်းသို့ ရောက်ကြကုန်၏။ တကိုယ် ပက်လက်ကုလားထိုင်တလုံးစီနှင့် ထိုင်ကြရာတွင်ပင် ပက်လက်ထိုင်၍ မဖြစ်ကြ။ တဦးဘက်တဦးစောင်း၍ တယောက်မျက်နှာ တယောက်ကြည့်ရင်း ထိုင်ကြသည်။ ရေချိုးလျှင်လည်း တယောက်ချိုးနေသည်ကိုပင် တယောက်က ရေချိုးခန်း ပြင်ဘက်မှ စောင့်နေ၏။ တဘွမ်းဘွမ်း ရေချိုးသံကို နားစိုက်ထောင်နေ၏။ အဖြူ သနပ်ခါးလိမ်းနေစဉ် ညွန့်မောင်က ဘေးဘက်မှ ခေါင်းဖီးနေ၏။ ပုံးတွဲပုံးတွဲဆိုသော စကားသည် ညွန့်မောင်တို့အတွက် ပေါ်ထွက်လာသောစကားနှင့် တူဘိတော့၏။

ပြည်မြို့အနီးရှိ ခြံကလေးတွင်လည်း "မောင်၊ ရည်းစားဘယ်နှစ်ယောက်ရှိခဲ့ဘူးလဲ" ဟု အဖြူကမေး၍ "တယောက်မှ မရှိဘူး" ဟု ညွန့်မောင်က ဖြေသည်။ "အို၊ မယုံပေါင်။ ယောကျ်ားဆိုတာ ရည်းစားသုံးလေးယောက်စီတော့ ရှိကြတာချည်းဘဲ။ ကဲ၊ ပြောစမ်း ရှိသလား" "ရှိတော့ ရှိတယ်၊ သေသွားပြီ" "အို၊ ဖြစ်မှ ဖြစ်ရလေမောင်ရယ်။ မောင် စိတ်ဆိုးမှာလား၊ တခုပြောမယ်" "ဘာလို့စိတ်ဆိုးရမလဲ။ အဖြူကို မောင်အခုချစ်တယ်၊ နောင်လဲ အစဲ့အမြဲ ချစ်မယ်ဆိုတာ ယုံကြည်တယ်။ ပြောလေ၊ ဘာလဲ" "အဖြူငယ်ငယ် ကွန့်ဗင့်တုန်းက ရည်းစားရှိတယ်။ ရည်းစားဆိုပေမယ့် စာပေး စာယူ ဆက်သွယ်တာကလွဲလို့ လူချင်း စကားတောင် မပြောဖူးဘူး။ သူ့အသံဘယ်လိုပါလိမ့်မယ်လို့တောင် မကြားဖူးဘူး။ ခပ်လှမ်း





လှမ်းကသာ မြင်ဘူးကြတာ" စသည်ဖြင့် အတိတ်ဆောင်ကြလေသည်။ "မောင်အမေက တော်တော်ချောလား"၊ "မချောဘူး" "ဒါဖြင့် မောင့်ဖေဖေက ချောမှာပေါ့" "ချောတယ်။ ဘာဖြစ်လို့လဲ" "မောင်အဖေ့တူလို့ချောတာပေါ့" "ကြည့်စမ်းမြောက်နေပြန်ပြီ။ မောင့်ရုပ်ဟာ မချောပါဘူး။ ဟောဒီက အဖြူကလေးနဲ့ မောင်ဟာ ပပဝတီနဲ့ မင်းကုသလို ဖြစ်နေတယ်"

သူတို့သည် ခြံနီးဘေးတွင် နှစ်ယောက်သား သစ်သီးဝလံ ရှာကြသည်။ မောင်က ချိတ်လုပ်ပေးသည်။ အဖြူက သစ်သီးကို ချိတ်ဖြင့် ချူသည်။ မောင်က သစ်ပင် ငယ်ငယ်ကလေးများ အပေါ် တက်၍ သစ်သီးများကို လှုပ်ချသည်။ အဖြူက အားပါးတရ ကောက်သည်။ ထိုစဉ်က တောစာ တောင်စာသည် နတ်သုဒ္ဓာ အရသာများ ထွက်ခဲ့သည်။ အဖြူသည် အပျင်းပြေ ထမင်း ဝင်၍ ချက်သည်။ မောင်က ထင်းခွဲပေးသည်။ ရေတွင်းက ရေငင်ပေးသည်။ အဖြူသည် ထမင်း မချက်တတ် ချက်တတ်ဖြင့် ချက်စေရာ တူး၍ ချိုးကပ်သွားသည်။ "အို၊ ထမင်းကလေး ကလဲ မွှေးလိုက်တာ အဖြူရယ် သင်းနေတာဘဲ။ မောင့်ဘို ချိုးခွာပေးပါ၊ စားမယ်နော်" "ချိုးမစားနဲ့မောင်၊ အပျင်းထူတတ်တယ်" အဖြူသည် မချက်တတ် ချက်တတ်ဖြင့် ဒန့်ဒလွန့်ရွက်ဟင်းချို ချက်သည်။ ကောင်းကောင်း မချိုသဖြင့် သကြားခပ်လိုက်သည်။ ညွန့်မောင်ကား ထိုဟင်းချိုကို တရှူးရှူး သောက်၍ သဘောကျ နေ၏။ ရိုးရိုး ဟင်းချို တွေထက် ကောင်းသည်ဟု ချီးကျူး၏။ "မောင်၊ ဒါတော့မမြှောက်နဲ့၊ အဖြူသိတယ်။ ဟင်းချိုဆိုတာ ငါးပိတို့၊ ငံပြာရည်တို့၊ ဆန့်



www.burmeseclassic.com

www.burmeseclassic.com



ခြောက်တို့ အထဲ မှန်မှကောင်းတာ။ သကြားခပ်တဲ့ ဟင်းချိုဟာ ချိုရုံကြီး နေမှာဘဲ” ထမင်းစားပြီးသောအခါ အဖြူသည် သူ့ ပန်းကန်ပေါ်တွင် ညွန့်မောင်၏ပန်းကန်ကို ထပ်ထား၏။ ညွန့်မောင်ကို လက်ဆေးရေ လောင်းပေး၏။ သူတို့စားသော ပန်းကန်နှစ်ချပ်ကို အဖြူကိုယ်တိုင် ဆေး၏။ “အို၊ အဖြူကလဲကွာ အစေခံကို အဆေးခိုင်းတာ မဟုတ်ဖူး။ ဒုက္ခရှာလို့ အဖြူရယ်” “မောင်၊ မောင့်ကို ကိုယ်တိုင်ကိုယ်ကျပြုစုရတဲ့ အခွင့်ကောင်းကို ယူပါရစေအုံး။ ကိုယ့်လင်ကို ကိုယ့်လက်နှင့် ပြုစုရတာဟာ အရသာတမျိုးလို့ မယားအဖြူက ထင်ပါတယ်။ ဟား ဟား ဟား”

ရယ်လ၊ မေလ၊ ဇွန်လများဖြင့် တလစေ့ ရောက်နှစ်လမြောက် ဝင်ခဲ့၏။ ရန်ကုန်သို့ ရောက်သောအခါ သူတို့သည် အသက်မွေး ဝမ်းကြောင်း လုပ်ငန်း အတွက် တွေးတောကြလေ၏။ ညွန့်မောင် အတွက် အခွင့်ကောင်းတခု ပေါ်လာ၏။ ကာလသားရောဂါ တိုက်ဖျက်ရေးအသင်းကြီးက အမြဲတမ်း စက္ကရီထေရီ လခပေး၍ ငှားထားရန် စီစဉ်လိုက်၏။ လခမှာ ရှစ်ဆယ်သာဖြစ်၏။ သို့သော် လခငွေ ရှစ်ဆယ်ရမည်ထက် ကာလသားရောဂါ တိုက်ဖျက်ရေးကို ထိထိရောက်ရောက် လုပ်ရတော့မည် ဖြစ်သဖြင့် ပိုမို ဝမ်းမြောက်၏။ အဖြူသည် ညွန့်မောင်က ကန့်ကွက်သော်သည်း ဆေးဆိုင်ကြီး တဆိုင်တွင် သူနာပြု ဆရာမကလေးအဖြစ်ဖြင့် ဝင်ရောက် လုပ်ကိုင်လေ၏။

“အဖြူကလဲကွာ၊ မောင်ရတဲ့ လခ ရှစ်ဆယ်ကို လောက်အောင် သုံးကြရင် ဖြစ်နိုင်ပါတယ်ကွာ။ ကိုယ့်မယားဟာ





သူများတွေကို ကိုယ်ဆုပ် လက်နယ်ပြုနေရတာ မောင်မကြည့်နိုင်ဘူး”

“မောင်၊ ဘယ်လိုပြောလိုက်တာလဲ မောင်။ မောင့်မှာ ရှိနေတဲ့ ဗမာတွေရဲ့အစွဲကို ဖျောက်လိုက်ပါ။ ဗမာတွေဟာ သူနာပြုအလုပ်ကို အထင်သေးကြတယ်။ ရှက်စရာကောင်းတယ်လို့ ပြောကြတယ်။ စင်စစ် သူနာပြု အလုပ်ထက် ကရုဏာပွားရတဲ့အလုပ်၊ ကုသိုလ်ရတဲ့ အလုပ် ရှိအုံးမလားမောင်။ လူနာတွေကို ဘယ်လိုဘဲ ပူးပူးကပ်ကပ် နေရပေမယ့် အဖြူကောင်းရင် ခေါင်းဘယ်မှ မရွေ့ပါဘူး မောင်။ အဖြူရဲ့ ခိုင်မြဲတဲ့စိတ်ကို မောင်မယုံကြည်ဘူးလား”

“ယုံပါတယ်အဖြူရယ်။ မောင် ဒီသဘောကို ဆိုလိုတာ မဟုတ်ပါဘူး။ မယားအလုပ်လုပ်နေတာကို မကျေနပ်ဖူး။ စားလောက်ရင် တော်ရောပေါ့”

“ခုတော့ စားလောက်တာဟုတ်ပါရဲ့။ ဟောဒီ မောင့်ခလေးကလေး မွေးလာတော့”ဟု ဝမ်းပိုက်ကို လက်ညှိုးထိုးပြရင်း အဖြူသည်ပြုံး၍ ရှေ့ကိုမဆက်နိုင်။

“မောင့်ခလေးမွေးမယ်၊ ဟုတ်ပါ့မလား အဖြူ”

“ရှိနေပြီမောင်။ အဖြူရက်မှတ်ထားတယ်။ တလကျော်နေပြီ”

“ဟယ်၊ အဟုတ်လား။ အဖြူ မောင့်ကို မဖြီးနဲ့၊ ပြစမ်း”ဟု ညွန့်မောင်သည် ဝမ်းကိုကား မစမ်း၊ နဖူးကိုစမ်းသည်။ သူ့ မျက်နှာမှာ စပ်ဖြီးဖြီးဖြစ်သည်။ ရင်မှာ ခုန်နေသည်။ လက်အနည်းငယ် တုန်နေသည်။ ခလေးရပြီဟူသော အသိသည် သာမန်



burmeseclassic.com

www.burmeseclassic.com



အသိမျိုးမဟုတ်။ လူတယောက်ကို တုန်လှုပ်ချောက်ချားစေသောအသိဖြစ်ကြောင်း ညွန့်မောင် ယခုမှ သိသည်။ သူ့ဝမ်းထဲမှ ယားလာ၏။

"အဟိ၊ ခလေးရတော့မယ်။ အဖြူကလဲကွယ်၊ ကြံကြီးစည်ရာ"

"ရတော့မယ်။ ခလေးမွေးရင် ဒပ်ဖရင်မှာမွေးမယ်။ အဖြူ့သူငယ်ချင်းတွေက သိပ်စေ့ခင့်ရှောက်ကြမယ်။ ခလေးရလာတော့ ကုန်စရာငွေတွေ ခုထဲက ရှာထားမယ်။ဟုတ်လားမောင်" အဖြူသည် မျက်ရည်များ ဥလျက်ရှိ၏။

"အဟိ၊ ကြံကြီးစည်ရာနော်၊ ခလေးရတော့မယ်။ အဟိ အဟိ" ညွန့်မောင်ကား တုန်လှုပ်ချောက်ချားစွာ အသံဝါဖြင့် ရယ်နေ၏။ အဖြူသည် မျက်ရည်ဥသောမျက်စိဖြင့် မေ့ကြည့်ကာ ပြုံးနေ၏။ ညွန့်မောင်သည် အဖြူ့ကို နမ်းလိုက်၏။

သို့ဖြင့် အဖြူနှင့်ညွန့်မောင်သည် ကျေနပ်စွာ ကြိုးစားပမ်းစား အလုပ်လုပ်ကြလေ၏။ ညွန့်မောင်သည် အသင်းတိုက်သို့ ဆယ်နာရီမှ ညနေ ၄ နာရီအထိ အလုပ်ဆင်းရ၏။ သူ့လက်အောက်တွင် စာရေးတယောက်ရှိ၏။ ညွန့်မောင်၏အလုပ်မှာ သတင်းစာတွင် ကာလသားရောဂါတိုက်ဖျက်ရေးနှင့်ပတ်သက်၍ ဆောင်းပါး ရေးရ၏။ အစိုးရ မြူနီစပယ်ကျောင်း၊ အသင်းစသည်များနှင့် စာပေးစာယူလုပ်ရ၏။ အသင်းအတွက် အလှူငွေ ခံရ၏။ အသင်းသားလူကြီးများ စုဆောင်းရ၏။ကျောင်းများ၊ အသင်းများသို့သွား၍ ကာလသားရောဂါ တိုက်ဖျက်ရေးတရားများကိုဟောရ၏။ ညွန့်မောင်၏နာမည်သည်သတင်း





စာများတွင် ပါစပြုလေ၏။ တခါတခါ အဖြူ၏ နာမည်လည်း ဦးညွန့်မောင်၏ ဇနီး မအဖြူဟု နောက်ဆွယ်မှပါလာ၏။ အကြောင်းမူကား အဖြူသည် အလုပ်အားသော အချိန်များတွင် ညွန့်မောင်နှင့်အတူ အစည်းအဝေး တက်၏။ တရားဟော၏။ တရားဟောရာတွင်ညွန့်မောင်သုံးသောပုံများ၊ဇယားများမှာ အဖြူ၏လက်ရာများ ဖြစ်ပေ၏။ မိန်းမများဆစ်ဖလစ်ရောဂါ၏ ဒဏ်သင့်ပုံ၊ ခလေးများ မွေးကတည်းက ဆစ်ဖလစ်ရောဂါပါလာပုံတို့ကိုကွင်းကွင်းကွက်ကွက် ရှင်းရှင်းလင်းလင်း ဟောပြော ရေးသားသူမှာ အဖြူမင်ဖြစ်၏။ အဖြူ၏ လုံ့လကို ချီးမွမ်းဘို့ ကောင်းပေ၏။ အဖြူသည် ထိုကိစ္စများကို ညွန့်မောင်နှင့် ရင့်ဘောင်တန်းလိုက်လုပ်ရုံမျှမက၊ သူ့လင်ကိုသူ ယှဉ်ယှဉ်ရာ၌လည်း မလစ်ဟင်းပေ။ ထို့ထက် အဖြူကျော်ကြားသွားသည်မှာ ရုပ်ရှင်ကားတကားတွင် အဖြူပါဝင် ကပြမည်ဟု ကြော်ငြာလိုက်သောအခါတွင် ဖြစ်လေသည်။ ရုပ်ရှင်ကားမှာ ကာလသားရောဂါတိုက်ဖျက်ရေးကား ဖြစ်သည်။ ဒါရိုက်တာမှာ ဦးထွန်းမြင့်ဖြစ်၍ မင်းသမီးမှာ ဦးညွန့်မောင်၏ ဇနီး ခင်ဖြူဖြူ ဖြစ်လေသည်။ အဖြူ၏ရုပ်ပုံလည်း သတင်းစာထဲ၌ ပါလေရာ လူတိုင်းကပင် အဖြူသည် လက်ရှိ ရုပ်ရှင်မင်းသမီးတိုင်းထက် လှသည်ဟု ပြောကြလေသည်။

"အဖြူ၊ ရုပ်ရှင်ရိုက်တယ်ဆိုတဲ့ အလုပ်ဟာ မလွယ်ဘူးနော်။ မီးပူ နေပူခံနိုင်ဘို့ အင်မတန် လိုတယ်။ သိပ်ပင်ပန်းတယ်"ဟု ညွန့်မောင်က စိုးရိမ်စွာနှင့် ပြောလေလျှင်



www.burmeseclassic.com

www.burmeseclassic.com



"အပင်ပန်းခံရမှာပေါ့မောင်။ မောင်စိတ်အား ထက်သန်နေတဲ့လုပ်ငန်းမှာ အဖြူ အပင်ပန်းခံပြီး ကူညီရမယ် ဆိုတာ အဖြူ့တာဝန်ပါ။ ဩ အဖြူ့ တာဝန် ဆိုတာက လွဲသေးတယ်။ လင့်အလိုကိုသိတဲ့ မိန်းမတိုင်းရဲ့တာဝန်ပါ မောင်" ဟု အဖြူက ဖြေ၏။

"အို ဒါကြောင့်လဲ ချစ်ရတာဘဲနော်။ အဖြူဟာ မောင့်ပါရမီဘက် ဘဝဆက်တိုင်း ဖြစ်ပါစေလို့ ဆုတောင်းမယ်နော်။ ခလေးမွေးပြီး နှစ်လလောက်တော့ နားရအုံးမယ်။ ပြီးမှ ရုပ်ရှင်ရိုက်လို့ ဖြစ်မယ်"

"ဟုတ်တယ်မောင်"

## ၁၃

ထိုနေ့တွင် ကာလသားရောဂါ တိုက်ဖျက်ရေးအသင်း၏ အမှုဆောင်လူကြီးများ အစည်းအဝေးကို ရွှေ့ဆိုင်းလိုက်ရလေသည်။ အကြောင်းမှာ လူကြီးများ စုံလင်စွာ မလာရောက်သဖြင့် ဖြစ်လေသည်။ ညွှန့်မောင်သည် များစွာစိတ်ပျက်မိ၏။ 'တောက်၊ ကော်မီတီ ဆဲ့ငါးယောက်ရှိတာ ခြောက်ယောက်ပြည့်အောင်မှ မလာဘူးတဲ့။ အဲဖြင့် ကောင်းပါ့ဗျား။ ဗမာတွေဟာ ဆော်ဒါပုလင်းတွေနဲ့ တူတယ်ဆိုတဲ့ ကိုထွန်းမြင့် စကားသိပ်မှန်တယ်။ ကောက်ရိုးမီးလို ဟုန်းကနဲ တောက်တာဘဲ ရှိတယ်။ ကြည့်ပါအုံး၊ ဦးဘတင်ဆိုတဲ့ ဆရာဝန်ကြီးက ကလောလေညှင်းခံသွားမှာမို့ အစည်းအဝေး မလာဘူးတဲ့။ ဒီရောဂါ





ဆိုးကြီးဟာ သူ့ ကလောလောက်မှ အရေးမကြီးဘူးတဲ့လား။ ဦးထင်ကျော်ကြီးကတော့ နွားကြီးတောင်းသွားစရာ ရှိလို့တဲ့။ ဒီလို ကိုယ့်ကိုယ်ကျိုး၊ ကိုယ့်စီးပွားကလေးတွေကို ခဏစွန့်ပြီး အစည်းအဝေးကလေးကိုမှ မလာနိုင်တဲ့ လူတွေလုပ်လို့ ဘယ်တော့ အောင်မြင်မလဲ။ ဆရာဝန်မကြီး ဒေါ်တင်ကလဲ ဒင်နာပါတီသွားတို့ ရှိလို့ဆိုဘဲ။ တော်လှဗျာ။ ဒင်နာပါတီက ဒီကိစ္စထက် အရေးကြီးပုံ ရနေပြီ။ ဒင်နာပါတီဆိုတာ သွား၊ စား၊ ဟားတိုက်ပြန်လောက်ဘဲမဟုတ်လား' ညွှန့်မောင်သည်စိတ်ညစ်ညစ်ဖြင့် မိမိရေးထားသော အဆိုကို အမြန်အလှန်ဖတ်လေ၏။ ထိုအဆိုမှာ အစည်းအဝေးမလုပ်ဖြစ်သဖြင့် မသွင်းဖြစ်ချေ။

၁။ ကျွန်ုပ်တို့ဗမာလူမျိုးကို အညွန့်တုံးအောင်၊ လူစဉ်မမီအောင်၊ ခွန်အား ဆုတ်ယုတ်အောင် ဖျက်ဆီး နေသော ပယောဂအမျိုးမျိုးအနက် ကာလသားရောဂါသည် အဆိုးဆုံးဖြစ်သည်ဟု ယုံကြည်ကြသဖြင့် အစိုးရသည် ထိုပယောဂဆိုးကို အရေးယူထိုက်ပြီဟု ကျွန်ုပ်တို့ ကာလသားရောဂါ ကာကွယ်ရေး အသင်းကြီး၏ အမှုဆောင် အဖွဲ့က အကြံပေးကြောင်း။

၂။ ကာလသား ရောဂါမှာ ပြည့်တန်ဆာများကို နှိပ်ကွပ်ရုံဖြင့် မပပျောက်နိုင်ဘဲ ပြည့်တန်ဆာ ဖြစ်လာစေသည့် အကြောင်းများနှင့် ပြည့်တန်ဆာလုပ်ငန်း ထမြောက်ကြီးပွားအောင် အားပေးနေသော အကြောင်းများကိုပါ သုတ်သင်ရှင်းလင်းပါမှ ကာလသားရောဂါ ဆုတ်ယုတ် ပျက်ပြားမည်ဟု ကျွန်ုပ်တို့ ထင်မြင် သဘောပေါက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com

(က) အထောက်အခံ အအုပ်အချုပ်မဲ့သောမိန်းကလေးများ အလုပ်လက်မဲ့ ဖြစ်ခြင်းကို ကာကွယ်ခြင်း။

(ခ) မိန်းမပျိုများကို နည်းအမျိုးမျိုးဖြင့် ဖြားယောင်းဆက်ဆံကာ၊ စွန့်ပစ်သွားသူများကို အပြစ်ဒဏ် ပေးခြင်း။

(ဂ) မိန်းမပျိုများကို ချစ်ဟန်ကြိုက်ဟန်ဖြင့်၎င်း၊ ငွေဖြင့်၎င်း မြူ၍ခေါ်သွားကာ၊ ပြည့်တန်ဆာဘဝသို့ သွင်းသူများကို ကြီးလေးစွာ အပြစ်ဒဏ်ပေးခြင်း။

(ဃ) အရွယ်ရောက်၍ ဝင်ငွေ မှန်သူတိုင်း မိန်းမ ယူစေခြင်း။

(င) ကာမဂုဏ် ဆက်ဆံရေး အပါအဝင်ဖြစ်သော လင်နှင့် မယား ဆက်ဆံရေးများကို ညွှန်ပြသော အိမ်ထောင်မှုပညာကို ကျောင်းတို့၌ သင်ကြားစေခြင်း။

(စ) ကာလသားရောဂါ၏ ကြောက်မက်ဖွယ် ဆိုးရွားသော အဖြစ်သနစ်များကို ကျောင်းများ၌သင်ကြားခြင်း၊ လူအများသိအောင် စာရွက်စာတန်းဝေခြင်း၊ တရားဟောခြင်း၊ ရုပ်ရှင်ပြခြင်း။

(ဆ) လူတို့၏ လော်လီသောစိတ်၊ ကာမဂုဏ်တွင် လွန်ကျူးလိုသောဆန္ဒ၊ ကာမဂုဏ်နှင့်ပတ်သက်၍ မှားယွင်းသော အယူအဆ စသည်များကို ပြုပြင်ရန် စိတ်ပြင်ဆရာ၊ စရိုက်ပြင်ဆရာ၊ အကျင့်စာရိတ္တ ပြုပြင်ရေးဆရာများသည် တရားဟောခြင်း၊ စာရေးခြင်း၊ ရုပ်ရှင်ပြခြင်း။





(ဇ) ကာလသား ရောဂါမရှိကြောင်း ဆေးလက်မှတ်ရသူများသာ လက်ထပ်နိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် အစိုးရသည် ဥပဒေပြုသင့်သည်ဟု ကျွန်ုပ်တို့ ထင်မြင်ကြောင်း။

၃။ ပြည့်တန်ဆာအလုပ်ကိုနှိပ်ကွပ်ရုံဖြင့် အရေးမရောက်သောကြောင့် ပြည့်တန်ဆာ လုပ်ငန်းကို အစိုးရက အသိအမှတ်ပြုကာ လိုင်စင်များထုတ်ပေးထိုက်သည်။ ပြည့်တန်ဆာအခွန် ကောက်ထိုက်သည်။ ပြည့်တန်ဆာရပ်ကွက် သီးသန့်ထားထိုက်သည်။ ပြည့်တန်ဆာများသည် တနင်္ဂနွေတပတ်တကြိမ်ထက်မနည်း ဆရာဝန်များထံတွင် အစမ်းအသပ် ခံသင့်သည်။ ရောဂါရှိလျှင် လိုင်စင်ရုပ်သိမ်းထိုက်သည်။ ရောဂါရှိနေသော ပြည့်တန်ဆာမများကို ဆေးရုံတွင် ပျောက်သည့်တိုင်အောင် အခမဲ့ ကုပေးထိုက်သည်။ ရန်ကုန်မြို့ ကာလသားရောဂါ ကုသရာဌာနကို တိုးချဲ့ထိုက်သည်။ ကာလသားရောဂါ ကုသရေးတွင် အထူး ကျွမ်းကျင်သော ဆရာဝန်များများ ပေါ်ပေါက်အောင် လုပ်ထိုက်သည်။ နယ်ရှိဆေးရုံတိုင်းတွင် ကာလသားရောဂါကုသရန် ဆေးကရိယာ တန်ဆာပလာများ လုံလောက်စွာ ထားရှိထိုက်သည်ဟု ကျွန်ုပ်တို့ ခိုင်မြဲစွာ ယူဆသဖြင့် အစိုးရသည် အထက်အဆိုပါ အချက်များကို လုပ်ဆောင်နိုင်ရန် ဥပဒေများ ပြုအပ်ပါကြောင်း၊ ဘတ်ဂျက်မှ ငွေများများ ကာလသားရောဂါ တိုက်ဖျက်ရေးတွင် သုံးထိုက်ပါကြောင်းကို ကျွန်ုပ်တို့အသင်းကြီးက ဥပဒေပြု လွှတ်တော်နှစ်ရပ်နှင့် အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ အဆိုသုံးရပ်သည် အလုပ်ဖြစ်ရန် အတော်လိုသေး၏။ အမှုဆောင်အဖွဲ့တွင် ထိုအဆိုကို ဆုံးဖြတ်ရန် ယနေ့ မဖြစ်၊ နောက်ရွှေ့ဆိုင်းလိုက်သော အမှုဆောင်အစည်းအဝေးတွင်မှ ဆုံးဖြတ်ရမည်။ ထိုကိစ္စကို အစိုးရက အရေးယူ၍ ဆောင်ရွက်ရန် များစွာ တိုက်တွန်းရဦးမည်။ ဥပဒေပြု မင်းတိုင်ပင်အမတ်များကို လည်း ဆော်ဩ များစွာလိုသေးသည်။ ညွန့်မောင်သည် လုပ်ငန်းပြီးဆုံးခြင်း တည်းဟူသော ညောင်ညိုပင်စခန်းကို အဝေးတွင် မြင်ရပေ၏။ အတော်သွားရဦးမည်ကို သိပေ၏။ ခရီးထွက်စတွင်ပင်တန်တားပျက်ကိုတွေ့နေလေပြီ။ သို့သော် ထိုတန်တားပျက်ကိုပြင်အံ့။ ခရီးကို ဆက်၍ထွက်အံ့။ အနှောင့်အယှက် အခက်အခဲဟူသမျှကိုရှင်းအံ့ဟု ညွန့်မောင် အားတင်းလေသတည်း။

## ၁၄

အားတင်း၍ အလုပ်ဆင်းလာသောအခါ ပြုံး၍ခရီးဦး ကြိုဆိုသော အဖြူကို တွေ့ရ၏။ ညွန့်မောင်သည် အဖြူကိုမြင်သောအခါ သဲကန္တာရတွင်အိုအေစစ်ခေါ် တောအုပ်နှင့်စမ်းချောင်းကလေးကို မြင်သူကဲ့သို့ ဖြစ်သွားလေ၏။

"ဒီနေ့ မောင့်အဆို ချောချော မောမောနဲ့ ဆုံးဖြတ်ချက်ချပြီလားမောင်"

ညွန့်မောင်သည် မချိပြုံး ပြုံးလျက် အိမ်တွင်းသို့ ဝင်၏။





"ဒီနေ့ အကြောင်း မညီညွတ်တာနဲ့ အစည်းအဝေး မလုပ်ဖူး"

"အို နှောက်နေ့ကျတော့ မောင့်အဆို သွင်း ဖြစ် မှာ ပေါ့။ ဟောဒီမှာ မောင့်စာတစောင်ရတယ်။ လူတယောက်လာပေးသွားတယ်ဆိုဘဲ"

အဖြူသည် စာအိတ်ကလေးကိုပေးပြီး ကြမ်းပေါ်တွင် ဒူးချကာ ထိုင်၏။ ညွန့်မောင်၏ ကုလားထိုင် လက်တင်တွင် သူ့မေးတင်ပြီး ညွန့်မောင်ကို ကြည့်နေ၏။ ညွန့်မောင်သည် စာကိုယူလိုက်ပြီး စာအိတ်ပေါ်မှ လက်ရေးကို မြင်လေသော် အံ့အား သင့်သွားလေ၏။ မယုံသလိုလိုဖြင့် သေသေချာချာ ကြည့်၏။ နောက် အဖြူကို ကျီးကြည့် ကြည့်ပြီး စာကို အိတ်ထဲ ထည့်မည့်ဟန် ပြင်၏။

"အဖြူဖတ်ပြမယ်လေ၊ ဘယ်ကစာလဲ"

"ကိစ္စမရှိပါဘူးအဖြူရယ်။ သွား အဖြူ ထမင်း ပြင်ချည်ပါကွယ်။ မောင်ထမင်းဆာပြီ"

"ဟင် ခါတိုင်းမဆာတတ်ဘဲနဲ့ ဒီနေ့မှ ထူးထူးခြားခြား ပါလား မောင်"

အဖြူသည် ပြောပြောဆိုဆို ထသွား၏။

ညွန့်မောင်သည် စာအိတ်ကိုထုတ်၍ ဖတ်၏။ အစစ်ပင် ဖြစ်ပါသည်။ ဤလက်ရေးကား ခင်ထွေး၏ လက်ရေးပင် ဖြစ်သည်။ အဘယ်ကြောင့် ခင်ထွေးသည် သူ့ ထံသို့ စာရေးရသနည်း။ ခင်ထွေးသည် ညွန့်မောင်အား နောက်ထပ် နှောင့်ယှက်လိုသေးသလား။ အသားပါပါနှင့် စကားမှာသည့်



www.burmeseclassic.com

www.burmeseclassic.com



အထွေးကို လွယ်လွယ်နှင့် ယုံတတ်သော ညွန့်မောင်သည် မေ့ပစ်လျက်ရှိပါသည်။ လုံးလုံး မေ့မသွားစေဘဲ အဘယ့်ကြောင့် ယာခုစာဖြင့် ဆူပြန် ရှိ ပြန်သနည်း။

ညွန့်မောင်သည် အိမ်သာထဲသို့ ပြေးလေ၏။ အိမ်သာတံခါးကိုပိတ်ကာ စာအိတ်ကို ဖောက်လေ၏။

ရှိသေစွာ စာရေးလိုက်ပါသည် အကိုကြီး

အကိုကြီး ဘာဖြစ်၍ ဘယ်လိုနေသည်ကို အထွေး အထူးတလည်စုံစမ်းသဖြင့် အကြောင်းစုံ သိရပါပြီ။ အကိုကြီး၏ဇနီးပုံကို သတင်းစာထဲတွင်တွေ့ရ၍ အလွန်လှသောဇနီးအတွက်အကိုကြီးအားချီးကျူးပါသည်။ အထွေးသည် အကိုကြီးအား မချစ်ဖူးဟု ပြောလိုက်မိသည်မှာ အလွန် ဆိုလျော်နေပါသည်။ အကိုကြီး မိန်းမ မရခင်က အထွေးပြောမိတာ မှားသွားလေပြီလားလို့ ဝမ်းနည်း၍မဆုံး ရှိနေခဲ့ပါသည်။ အကိုကြီး၏ နောက်ထပ် အမေးကို စောင့်စား မိပါသေးသည်။ အထွေးဟာ ငယ်သော်လဲ ဉာဏ်ရှိကြောင်း ထင်ရှားပါသည်။အကိုကြီးဟာ ငါ့ကို မြဲမြဲစွဲစွဲချစ်ရင်ငါစမ်းရုံနဲ့တော့ စိတ်ပျက်သွားမှာ မဟုတ်ဖူး။ ငါစမ်းပြီး မချစ်ဖူးလို့ ပြောမယ်လို့ တွက်ပြီး ပြောလိုက်တာ၊ ခုတော့ မချစ်လို့ မိန်းမတယောက်နဲ့ လက်ထပ်ထာသေချာ နေပါသည်။ အထွေး အတော် ကံကောင်းသည်။ ဖေဖေကလဲ ငါကမပေးစားဘူး ဆိုပေမယ့်





သူဟာ အလုပ်ကိုဂရုစိုက် သူဖြစ်ရင်စွဲလုပ်နေမှာဘဲတဲ့။ ပိုက်ဆံရှိတဲ့ လူ့ သားသမီးမို့ လိုချင်တာသက်သက်ဖြစ်ရင် မပေးစားဘူးဆိုရင် ထွက်သွားမှာဘဲတဲ့။ အခုဖေဖေစမ်းတာလဲ မှန်နေပြီပေါ့။ တော်ပြီ အကိုကြီး။ အကိုကြီးဇနီး အဖြူနဲ့ အကိုကြီး ပျော်နိုင်ပါးနိုင်ကြပါစေ။ အိုအောင် မင်းအောင် ပေါင်းနိုင်ကြပါစေ။ အထွေးတော့ ယောကျ်ားမယူသေးပါ။

ညီမလေး ခင်ထွေး

ညွန့်မောင်သည် တခေါက်ပြန်ဖတ်ပြန်၍ နားလည်လေပြီ။ စဉ်းစားနိုင်လေပြီ။ အပြင်ဘက်တွင် အဖြူ ထမင်းပွဲပြင်နေသံကို ကြားရ၏။ အဖြူ ဤကိစ္စကို သိသွားလျှင် ညွန့်မောင်အား အချစ်ပေါ့သွားမည်လော၊ စိတ်ဆင်းရဲ သွားရှာမည်လော။ ညွန့်မောင်သည် စာကိုဆုတ်၏။ ဘယ်ကိုမှမပစ်ရက်ရှာဘဲ စက္ကူစုတ်များကို အိတ်ထဲတွင် ထည့်ထားလေ၏။ ညွန့်မောင်သည်အပြင်သို့ ထွက်လာပြီး ပက်လက်ကုလားထိုင်တွင် ထိုင်ပြန်၏။

"မောင် ထမင်းပြင်ပြီးပြီ။ စားကြစို့ လား"

"မဆာသေးဘူး အဖြူရယ်" ဟု မျက်နှာသေကြီးဖြင့် ညွန့်မောင်က ဖြေလေလျှင် အဖြူသည် မျက်လုံးပြူးသွား၏။မကြာမီကပင် ဆာလှပြီပြော၏။ ယခု မဆာဘဲ ဖြစ်သွားသည်မှာ အဘယ် အကြောင်းကြောင့်နည်း။



www.burmeseclassic.com

www.burmeseclassic.com



"အို မောင်ကလဲ ဘာဖြစ်ရတာလဲ၊ ခုနက ဆာလှပြီဆို။ မောင်တာနေ့ ကိုယ့်မယားကို မညှဉ်းရဘူး။ထပါ၊ ထ၊ လာ"

ညွန့်မောင်ကား ထမင်းထဲတွင်စိတ်မရောက်။ ဘာနှိုက်မိမှန်း မသိ။ ဘာစားမိမှန်းမသိ။ သူ့စိတ်ကား ပျဉ်းမနားသို့သွားပြန် လေပြီ။ 'စမ်းတာတဲ့။ စမ်း စမ်းရက်ပလေတယ်။ အကိုကြီးတို့ လို တဖက်သား စကားကို ယုံကြည်တတ်တဲ့လူဟာ ပြောတာ ကို ပြောတဲ့ အဓိပ္ပာယ်အတိုင်းသာ နားလည်တတ်တယ်၊ ယုံ တတ်တယ်။ အို စမ်းတာက ဒါလောက်တောင် ရက်ရက် စက် စက် စမ်းရသလား။ ဆင်ကျိုးစားရာ ဆိတ်မခံနိုင် ဆိုတာလို ဖြစ်ကုန်ပြီ အထွေးရေ။ မီးကို လောင် မလောင် အိမ်ရှို့ပြီး စမ်းတဲ့သူနဲ့ တူမနေဘူးလား အထွေးရယ်။ ကဲလေ ဒါတွေ မတွေးဘူး၊ ရှုတ်တယ်'

အဖြူသည် ညွန့်မောင်အား ငါးအရိုး ထွင်ပေးရင်း အကဲ ခတ်ကြည့်နေလေ၏။

"မောင် စားလို့ မကောင်းဘူးလား"

"ကောင်းသားဘဲ အဖြူရဲ့"

"မောင်စားတာက စိတ်ပါလက်ပါမရှိဘူး။အဖြူဖြင့် အား မရလိုက်တာ"

ညွန့်မောင်သည် ထမင်းစားပြီးလျှင် ကုလားထိုင်တွင်ပင် ထိုင်လျက် တွေနေပြန်လေသည်။ အဖြူကား မနေတတ်မထိုင် တတ် ရှိနေလေပြီ။ သူ့လင်မျက်နှာ မရွှင်လျှင် သူ မကြည်လင် နိုင်ရှာ။





"မောင်ဘာဖြစ်လဲ။ နေမကောင်းဘူးလား"

"နေကောင်းပါတယ် အဖြူ"

"နို့ ကြည့်ရတာ မျက်နှာသုန်လိုက်တာ။ ဒါဖြင့် ခုနင်က စာဟာ မောင့်အတွက် မကောင်းသတင်း ထင်တယ်။ မောင့် ဆွေမျိုး တယောက်ယောက်များ ဒုက္ခဖြစ်လို့လား မောင်။ ပြောပါမောင်ရယ်၊ မောင်ဒီလိုမျက်နှာအိုထားရင် အဖြူ မနေ တတ်တော့ဘူး သိလား"

"ဘာမှမဖြစ်ပါဘူး အဖြူရဲ့" ညွန့်မောင်သည် ဇွတ်ညစ်၍ ပြုံးပြသည်။ သို့သော် ကြာရှည်စွာ ပြုံး၍မနေနိုင်။ ခင်ထွေး၏ စကားသံကို ကြားယောင်ယောင် ထင်နေ၏။ ခင်ထွေးသည် စာကိုမရေးဘဲ ကိုယ်တိုင် စကားပြောနေသလိုလို ထင်မိ၏။ 'အို၊ ဒါတွေ မစဉ်းစားဘူး။ ဒါတွေစဉ်းစားရင် ငါချစ်တဲ့အဖြူကို ငါမတရားရာ ရောက်တယ်။ ကြည့်ပါအုံးနော်၊ အဖိုးကြီးကလဲ စမ်းတာဘဲတဲ့။ စစ်သူကြီးမခန့်ခင် သတ္တိ ရှိမရှိ စမ်းဘို့ မားနဲ့အထိုးခံပြီး အစမ်းခံရတာနဲ့ တူနေပြီ။ အလုပ်မှာ တကယ် စိတ်ရှိတာဖြင့် သဘောမတူဘူးငြင်းသော်လည်း အလုပ်မှာ မြဲမြဲ ဆက်လုပ်မှာဘဲတဲ့။ ဦးရယ်၊ အလုပ်နဲ့ အထွေး အထွေးက ပို ပြီး အရေးကြီးတယ်လို့ ကျူမောင့် ထင်ပါတယ်။ အထွေးမရရင် အလုပ်လုပ်လို့ မဖြစ်နိုင်ဘူး။ကျွန်တော်လုပ်လို့ ဦးတို့မှာ စီးပွား ဥစ္စာတက်တော့ အဲဒီစီးပွားဥစ္စာကို အထွေးနဲ့ပေးစားမယ် လူတ သုံးရော။ အို ကျွန်တော် ဒီလောက် စိတ်သဘောထား မကြီးနိုင်ဘူး'



www.burmeseclassic.com

“မောင် တွေးပြီး မှိုင်နေပြန်ပြီ။ အဖြူ မနေတတ်ဘူး” အဖြူသည် မျက်နှာမဲ့ပြီး ငိုသံပါလာလေ၏။ “ပြောပါမောင်ရဲ့။ ဘာဖြစ်ရသလဲ”

“ဘာမှမဖြစ်ပါဘူး အဖြူရယ်။ မမေးပါနဲ့” ညွန့်မောင်သည် ထိုသို့ပြောပြီး ငေးနေလေ၏။ အဖြူသည် ရှိုက်၍ရှိုက်၍ ငိုတော့၏။ ငိုသံကိုကြားသဖြင့် ညွန့်မောင် အလန့်တကြား ဖြစ်လာကာ

“အို၊ အဖြူငိုနေတယ်။ မောင်က ဘာမှမဖြစ်ဘူး” ဟု ပြောပြီး အဖြူ့ကိုပွေ့ယူကာ နှစ်သိမ့်စေရ၏။ မျက်နှာကား မရွှင်။ စိတ်ကား တိတ်တဆိတ်၊ ‘အထွေး အကိုကြီးကို နှိပ်စက်ပြန်ပြီ။ အနာဟောင်း ဆွပေးပြန်ပြီ။ ဒီမယားနဲ့ ပျော်နေတဲ့ စည်းစိမ်ကို လာဖျက်ပြန်ပြီ။ အထွေး အကိုကြီးကို နှိပ်စက်ပြန်ပြီ’ ဟု ပြောနေ၏။ ညွန့်မောင်သည် အဖြူ့ကို နာနာပါအောင် ဖက်၏။ မျက်နှာကို သူ့လက်ဖြင့်မကာ မော့စေပြီး စေ့စေ့ကြည့်၏။

“အဖြူ။ အဖြူ့ကိုချစ်တယ်။ အဖြူ့ကိုချစ်တယ်။ ဘယ်သူ့မှ အဖြူလောက် မချစ်ဖူး။ အဖြူ့ကိုချစ်တယ်” ဟု ညွန့်မောင်သည် အကြိမ်ကြိမ် ပြောနေပြန်လေ၏။ အဖြူ၏မျက်လုံးများမှာမူကား မျက်ရည်များသည် တသွင်သွင် စီးဆင်းနေလေ၏။

နေ့ရက်တို့သည် တရွေ့ရွေ့ ကုန်ခဲ့လေပြီ။ ရွက်ဟောင်းကြွေ၍ ရွက်သစ်တွေ ဝေခဲ့ပြီ။ ပိတောက်ရွှေဝါလည်း မြေရွာတင်ဝေဆာခဲ့ပြီ။ ရေသဘင်အတာကူး၍ မြူးတူးခြင်းလည်း စဲခဲ့ပြီ။





ညွန့်မောင်သည် ဆေးရုံက ဆင်းစတွင် ဆရာဝန်က အနားယူရန် အကြံပေးခဲ့၏။ သူသည် အနား မယူ။ ကာလသားရောဂါ တိုက်ဖျက်ရေးအလုပ်ကို အပြင်းအထန် လုပ်ခဲ့သည်။ မိန်းမလည်း ယူခဲ့သည်။ သူသည် ဝဝဖိုးဖိုးကား မဖြစ်လာ။ ကျန်းမာပါသည်ဆိုသောစကားကို ဘုရားစူး ကျမ်းစူးလွတ်ရဲသာ ပြောနိုင်သည်။ သူ့အလုပ်မှာ ကြာလေ အနှောင့်အယှက်တွေလေဖြစ်သည်။ အသင်းဝင်လူကြီးများ ငွေကို မှန်မှန်မထည့်ကြချေ။ အလှူခံရသည်မှာလည်း အထပ်ထပ် ဖြစ်နေသဖြင့် ငြူစူမှုများ ပေါ်ခဲ့လေပြီ။ ကာလသားရောဂါ တိုက်ဖျက်ရေး ဥပဒေများပြုရန် အမတ်များကို တိုက်တွန်းနှိုးဆော်နေရသည်မှာလည်း သဲထဲရေသွန် အဖြစ်များနေ၏။ အမတ်များကို တွေ့ချင်သဖြင့် လိုက်ရှာရသည်။ သင်ဖျူးတွင် ကြမ်းပိုးရှာရသည်ထက် ခက်သေးသည်။

ထို့ထက်အခက်ဆုံးမှာ ကာလသားရောဂါတိုက်ဖျက်ရေး ဥပဒေကို ကန့်ကွက်သူများစွာ ပေါ်ပေါက်လာလေသည်။ ကန့်ကွက်သူများ၏ ဆင်ခြေမှာ မဖြစ်နိုင်ဟူသော စကားပင် ဖြစ်သည်။ စိတ်ကူး၍ ဖြစ်နိုင်သော်လည်း လက်တွေ့လုပ်၍မဖြစ်နိုင်။ ထိုဥပဒေကိုလိုလားသူတို့မှာ စိတ်ထင်ရာကူး၊ ကြီးကြီး ကျယ်ကျယ်စာအုပ်တွေဖတ်၊ တကယ့်လောကကြီးအကြောင်းမစုံစမ်းဘဲ ရမ်းလုပ်နေသူများဖြစ်သည်။ ပြည့်တန်ဆာကို အသိအမှတ်ပြုလျှင် များသည်ထက် များ၊ ပွားသည်ထက် ပွားလာမည်။ ထို့ကြောင့်အတင်းအကြပ်နှိပ်ကွပ်၍ ပြည့်တန်ဆာများကို သုတ်သင်ရမည်။ အစိုးရကလည်း ထိုဥပဒေလုပ်ရန် များစွာစိတ်



www.burmeseclassic.com

www.burmeseclassic.com

မထက်သန်လှပေ။ အကြောင်းမူကား အမြဲငွေလိုနေသော ဘတ်ဂျက်သည် ထိုမျှ ကုန်ကျမည့် လုပ်ငန်းကို ထောက်ပံ့နိုင်ဘွယ် လမ်းမရှိခြင်းကြောင့် ဖြစ်သည်။

ဤသို့ အတိအလင်းပြောဆို၍ ကန့်ကွက်ချက်များ နောက်ဆွယ်တွင် ကွယ်ဝှက်နေသော အချက်များရှိသည်ကို ညွန့်မောင်မြင်သည်။ လူကြီးလူကောင်းဟု ခေါ်ဆိုကြသော လူများသည် သီးသန့်ထားအပ်သော ဖာတန်းသို့မသွားဝံ့ကြ၊ မသွားလိုကြ။ ဖာများကို တိတ်တဆိတ် အိမ်ကြို အိမ်ကြားမှခေါ်ကာ ချမ်းမြေ့သာယာသောအိမ်များ တည်းခိုခန်းများတွင် ပျော်ပါးလိုကြသည်။ ငွေဖြင့်ဖြားယောင်း၍ အငယ်အနှောင်း ထားရေးတို့ကို နှောင့်ရှက်မည့်ကိစ္စများအား သူတို့ အားမပေးလို။ အားတိုင်းအားတိုင်း ကာမဂုဏ် အရသာကို ခံစားနေရေးနှင့် ဆန့်ကျင်သည့် အလုပ်များကိုသူတို့အားမပေးလို။လုံချည်ထည်လဲ အင်္ကျီထည်လဲပြောင်းသလို ကာမဂုဏ်မှု ထည်လဲပြောင်းခြင်းနှင့် ဆန့်ကျင်သော ဥပဒေမျိုးကို သူတို့ အားမပေးလိုကြပေ။

ကာလသားရောဂါ ကာကွယ်ရေးအသင်း၏ ငွေရေးကြေးရေး အခြေအနေမှာလည်း နည်းသည်ထက် နည်းလာခဲ့ပြီ။ ကုန်စရာများသဖလာက် ဝင်ငွေ နည်းလာခဲ့လေပြီ။ ညွန့်မောင်မှာ လခကိုပင် မှန်မှန်စွာ မထုတ်ရသည်မှာ နှစ်လလောက်ရှိလေပြီ။ သူက လခမှန်မှန်စွာမရသလောက် အဖြူမှာပိုမို၍ အလုပ်လုပ်ရရှာလေသည်။ သူနာပြု ဆရာမ ကလေးအား ငှားရမ်းရာသို့ ညအိပ် ညနေလိုက်ရန်ပင် သဘောတူရလေသည်။ ညွန့်





မောင်ကား အဖြူ အလုပ် ထိုမျှ ပင်ပန်းသည်ကို မကြည့်နိုင်။ အအိပ်ပျက် အစားပျက် လုပ်နေရရှာသည်ကို သနားသည်။ ထို့ထက် ရင့်မာသောကိုယ်ဝန် ထိခိုက်မည်ကို စိုးရိမ်ရသည်။ သားဖွား မီးနေ ကိစ္စအတွက် ငွေလုံလောက်စွာ ရရှိဘို့လိုသေးသည်။ ထို့ကြောင့် ညွန့်မောင်သည် အခြား အလုပ်တခုကို ဝင်လုပ်ရန် စီမံရပြန်သည်။

ညွန့်မောင်သည် တလ တရာ့နှစ်ဆယ်ဖြင့် ကျောင်းဆရာဝင်လုပ်သည်။ အဖြူ့ကို အလုပ်မှ ထွက်စေသည်။ အိမ်ထောင်မှုကို ပင်ပင်ပန်းပန်း မလုပ်ရန် တားမြစ်ထားသည်။ ညွန့်မောင်အဖို့မှာ နေ့တွင် ကျောင်းတက်၏။ ညနေခင်း၊ ညတို့၌ အသင်းအလုပ်ကိုလုပ်၏။ နားချိန်မရှိရှာ။ အဖြူကလေး၏ ကူညီခြင်း၊ အားပေးခြင်း၊ချစ်ခင်ယုယခြင်းတို့ကြောင့် အလုပ် ထိုမျှ သည်းထန်စွာလုပ်ရာ၌ စိတ်မပင်ပန်းပေ။အရည်ကလပ် အဖတ်ကလပ်တို့ဖြင့် ပြုပြင်ထားတော့ သခါရနယ်ဝင် ကိုယ်ခန္ဓာကြီးကား အလုပ် ပင်ပန်းခြင်း၏ ဒဏ်ကို မခံနိုင်ချေ။

ပြည့်တန်ဆာ ဥပဒေမှာလည်း အောက်လွှတ်တော်တွင် ချောမောစွာ ကူးသန်းလာနိုင်ခဲ့သော်လည်း အထက်လွှတ်တော်တွင် တစ်နေပြန်သည်။ အထက်လွှတ်တော်မှ ကန့်ကွက်ချက်တွင် အရေးကြီးသော အကြောင်းပြချက် နှစ်ချက်ပါလေသည်။ ပြည့်တန်ဆာများကို ဤမျှ နှိပ်ကွပ်ပါလျက် ဤမျှပေါများနေပေသေးက အလိုရှိတိုင်း လုပ်ကြကုန်ဟု လွှတ်လပ်ရေးနှင့် ခွင့်ပြုပေးပါက ဤထက် အဆများစွာ ပေါများလာလေမည်။ ပြည့်တန်ဆာ ပေါလာက ကာလသားရောဂါ ပေါ

www.burmeseclassic.com

လာမည်။ ထို့ကြောင့် ညွန့်မောင်၏ ဥပဒေကို မထောက်ခံနိုင်။ ကာလသားရောဂါ ရခြင်း၊ ပြည့်တန်ဆာဖြစ်ခြင်းတို့မှာ ထိုထိုသော ယောကျ်ားမိန်းမတို့၏ ညစ်ညမ်းသော၊ စည်းကမ်းမရှိသော စိတ်တို့ကြောင့်သာ ဖြစ်လေသည်။ ထိုစိတ်ကို ဖြူစင်ရန် တရားရေအားဖြင့် ဆေးကြောပစ်ရမည်။ ဤသို့ စိတ်ကို ဖြူစင်အောင် ပြုပြင်ရာ၌ ဖုန်းတော်ကြီးများ များစွာ တတ်နိုင်လေသည်။ ထို့ကြောင့် ဖုန်းတော်ကြီးများ၏ အကြံဉာဏ်ကိုလည်း တောင်းကြရဦးမည်။ ကိလေသာမီး၊ တဏှာမီးတို့ကို ငြိမ်းသတ်စို့။ မိန်းကလေးတို့သည် ဆင်းရဲလျှင် အခြားကောင်းသော၊ တရားသော အလုပ်ကို မလုပ်ဘဲ လွယ်လွယ်နှင့် ငွေဝင်လမ်းမှန်ရာ ပြည့်တန်ဆာအလုပ်ကို လုပ်ကြခြင်းမှာ ထိုမိန်းကလေးတို့ ပျင်းရိမှု၊ လောဘလိမှုသာ ဖြစ်သဖြင့် ပျင်းခြင်း၊ လောဘလိခြင်းတို့ကို ပပျောက်အောင် လုပ်ကြစို့။ ကာလသားရောဂါ တိုက်ဖျက်ရေးတွင် စိတ်အား အလွန်ထက်သန်လှသော ဆီနေတာတဦးလည်း ဤကိစ္စမှာ ကြောက်မက်ဖွယ် ကောင်းလှသဖြင့် ကာလသားရောဂါ တိုက်ဖျက်ရေးအတွက် အစိုးရသည် ဝန်ကြီးချုပ်တယောက် သပ်သပ်ခန့်ထား ထိုက်ကြောင်း ပြောဆိုလေသည်။ ထိုဆီနေတာကြီး ပြောစကားကို သတင်းစာတို့က 'ပြည့်တန်ဆာ ဝန်ကြီးချုပ်ခန့်' ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြကြလေသည်။ နောက်ဆုံးတွင် ဥပဒေသည် ဆီလက် ကော်မတီသို့ လွှဲခြင်း ခံရလေတော့သည်။





ညွန့်မောင်သည် အထက်လွှတ်တော်မှ ကန့်ကွက်ချက်များကို ချေပ၍ သတင်းစာများတွင် ရေးသား၏။ သို့သော် သူ၏ အချို့သော ဆောင်းပါးကိုသာ ထည့်ကြတော့သည်။ ထည့်သမျှကိုလည်း အတိုချုံး၍ ထားကြသည်။ ကာလသားရောဂါ တိုက်ဖျက်ရေးသည် ယခုအခါ ရိုးသွားသဖြင့် သတင်းစာတို့အတွက် တန်ဘိုး သိပ်မရှိတော့ရကား မထည့်လိုကြတော့ချေ။ ထည့်ခြင်းထည့်ကလည်း အထက်လွှတ်တော် ဆီနေတာများ၏ အာဘော်ကိုသာ ထည့်သွင်း ထုတ်ဝေကြတော့သည်။ ၎င်းတို့ အာဘော်ကား ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သတင်းတန်ဘိုးရှိသည်၊ ဂုဏ်ရှိသည်။ ထိုသို့ဖြင့် ညွန့်မောင်မှာ ထင်တိုင်းပေါက်အောင် မလုပ်နိုင်တော့ချေ။

ထို့ပြင် ညွန့်မောင်၏ ကျန်းမာရေးမှာ ကျေနပ်ဖွယ်မရှိချေ။ အားမရှိ၊ အင်မရှိ၊ ချည့်နည့်သည်၊ မောသည်။ တခါတခါ မူး မူးလာတတ်သည်။ တဒိတ်ဒိတ် ရင်ခုန်သည်လည်း တွေ့ရသည်။ လေချဉ် ခဏခဏတက်၍ မအီမသာ ဖြစ်လေ့ရှိသည်။ ညွန့်မောင်ကား အလုပ်တွင် စိတ်ဝင်စားနေသဖြင့် ဤသို့ ဖြစ်သည်ကို အလေးမပြု။ ခြောက်လစေ့သော်လည်း သွေးစမ်းရန် ဆရာဝန်ထံ မသွားချေ။

# ၁၅

လေသည် မမြင်ရသော်လည်း ထိရ တွေ့ရသေးသည်။ ယခွေ ညနေတွင်ကား မြင်လည်း မမြင်ရ၊ ထိလည်း မထိရ၊ တွေ့လည်း



www.burmeseclassic.com

www.burmeseclassic.com

မတွေ့ရသဖြင့် လေသည် လောကတွင် ရှိမှ ရှိပါ၏လောဟု မေးရမည်ကဲ့သို့ပင် ငြိမ်နေချေသည်။ သစ်ပင်များကား မလှုပ်မရှား အရုပ်ကားများနှင့်သာ တူနေတော့သည်။ ကျီး၊ စာ၊ ဆက်ရက် စသော ငှက်များလည်း ပျံသန်းခြင်းမရှိကြ။ အဖြူတို့ အိမ်ရှေ့လမ်းပေါ်တွင် ဆိုက်ကား၊ လန်ချား၊ မော်တော်ကား စသော ယာဉ်များလည်း မကူးရှက်။ လူသူလေးပါးလည်း ခြောက်သွေ့လျက်ရှိ၏။

သို့ အောက်မြေတွင် ငြိမ်သက်သလောက် မိုးကောင်းကင်တွင် လှုပ်လှုပ်ရှရှ ဖြစ်နေလေသည်။ အုံ့မှိုင်းညိုမဲသော မိုးတိမ်မိုးသားတို့သည် ပင်လယ်ပြင်တွင် လှိုင်းဂယက်ကြသကဲ့သို့ သောင်းကျန်းနေလေသည်။ လောကဓာတ်တခုလုံးကို အုံ့မှိုင်းသော အလင်းရောင်သည် လွှမ်းခြုံ၍ ထားလေသည်။

အဖြူသည် အိမ်ရှေ့တံခါးဝတွင် တံခါးဘောင်ကို မှီကာ ကလေးအင်္ကျီတခုကို သိုးမွှေးဖြင့် ထိုးနေ၏။ 'အို မိခင်။ ရုပ်အသွင်ကို မမြင်ခင်က၊ အသံကြည်လင် မကြားခင်က၊ စိတ်ဓာတ်ဖြူမဲ မူမကွဲခင်က၊ မူရာချိုခါး ထင်မရှားခင်က ချစ်တတ်သော မိခင်။ အသင် မိခင်သည် လုံ့လ လွန်လှဘိ၏။ မမွေးသေးသော သားကလေးအတွက်၊ မိခင်ဝမ်းပိုက်၌ စခန်းချဆဲ သားကလေးအတွက် ကြိုတင်၍ အအေးဓာတ် အပြင်ရန်ကို တွန်းလှန်ဘို့ အကာအကွယ် ပြင်လျက်ရှိချေပြီ'

အဖြူသည် ရလတ္တံ့သော သားကလေးကို အတွေး အမျိုးမျိုးဖြင့် ချစ်၏။ စာအစောင်စောင်ကို ဖတ်လျက် ကလေးထိန်းနည်း၊ မွေးနည်းတို့ကို လေ့လာ၏။ ငါ့သားကလေးကို ဘယ်နည်းဖြင့်





ကြီးပြင်းအောင် မွေးမည်။ ငါ့သားကလေးကို ဘယ်နည်းဖြင့် လှစေမည်။ ငါ့သားကလေးကို ဘယ်နည်းဖြင့် လိမ်မာရေးခြားရှိစေမည် စသည်ဖြင့် အားခဲလျက်ရှိ၏။ 'သားကလေးမွေးတယ်ဆိုရင် ဒို့လင်မယား ပိုမြဲဘို့ နှောင်ကြိုးတခု ရပြန်တာဘဲ။ သမုဒယနွယ် သားငယ်ကြောင့် မောင်ရယ် အဖြူရယ် ပိုချစ်ကြတော့မယ်။ သားမွေးပြီးရင် မောင့်ကို အလုပ် နားခိုင်းမယ်။ မောင်ဟာ အလုပ်တွေ သိပ်လုပ်လို့ အခုဆို အားနည်းပြီး နေရှာတယ်။ မောင် အလုပ်က ခွင့်ယူရမယ်။ ကောင်းကောင်းနားပြီး ဆေးထိုး ဆေးစားရမယ်။ မောင် နားနေတုန်း အဖြူက အလုပ်လုပ်မှာပေါ့'

အဖြူသည် ထိုစကားများကို ညွန့်မောင်အား တွတ်အီး တွတ်တာနှင့် ပြောလို၏။ ညွန့်မောင်ကား ပြန်မလာသေး။ အဖြူသည် လမ်းပေါ်သို့ မျှော်ကြည့်လိုက်၏။ စိုတန်းနေသော မိုးတိုင်များကိုသာ မြင်ရသည်။ အဖြူသည် သက်ပြင်းချပြီး အင်္ကျီကို ထိုးမြဲ ထိုးပြန်၏။

'အော်၊ ခလေးမွေးပြီးရင် ဒါရိုက်တာ ကိုထွန်းမြင့်နဲ့ ရုပ်ရှင် ရိုက်ရအုံးမယ်။ ရုပ်ရှင်ရိုက်တယ်ဆိုတာ ရှက်စရာကြီးဘဲနော်။ ပင်လဲ ပင်ပန်းသတဲ့။ ဒါပေမယ့်လေ၊ မောင်လုပ်နေတဲ့ လုပ်ငန်းကို အကူအညီ သိပ်ဖြစ်မှာဘဲ။ ပြီးတော့ ရုပ်ရှင်ရိုက်ရင် ပိုက်ဆံလဲ အထိုက်အလျောက်ဆိုတာလို ရအုံးမှာပေါ့။ အဲဒီငွေနဲ့ မောင့်ကို အနားယူနိုင်စေမယ်လေ' "ဟယ်၊ အမယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



အဖွားသည် လက်ကို အပ်ထိုးမိသွား၏။ သွေးအနည်းငယ် ထွက်လာလေ၏။ အင်္ကျီကလေးကို ချထားလိုက်ပြီး၊ အပ်ထိသော လက်ညှိုးကို ဆုပ်ထား၏။ နောက် အာငွေ့ပေးလိုက်၏။ အပ်ထိသွားသည်ကို အကြောင်းပြု၍ စိတ်အား ငယ်သွား၏။ နိမိတ်ဆိုးများ ဖြစ်သလောဟု ထင်ယောင် မြင်ယောင် ဖြစ်လာ၏။ မောင်များရှိရင် ယုယခြင်းခံရမည် မလွဲဟု တွေးပြီး မောင့်ကိုလွမ်းမိ၏။ သို့သော် မောင်ကား အဝေးသို့သွားသည် မဟုတ်ပါ။ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂအသင်းတွင် စကား အချေအတင် ပြောပွဲ အပြော သွားရပါသည်။ သို့သော် အဖွား့အတွက်ကား ထိုခရီးသည်ပင် ဝေးလှပြီ။ ရောင်နောက် ဆံထုံးပါဆိုသကဲ့သို့ မောင့်နောက်ပါးက ကပ်လျက်သား ရှိနေလို၏။ အဖွားသည် ချစ်သူနှင့်ဝေးသည်နှင့်ဆွေး၏။ အဖွား့အဆွေးကို ငြိမ်သက်သော လေ၊ အသက်မဲ့သော၊ ဝါ၊ လှုပ်ရှားမှုကင်းမဲ့သော လောကဓာတ်၊ ညိုမဲသော အာကာသတို့က မီးလောင်ရာလေပင့် လုပ်ပေးလိုက်၏။ အဖွားသည်မျက်ရည်ကလေးများစို့လာ၏။ လမ်းမဆီသို့ ငေးကြည့်နေ၏။

'မောင်က အဖွားရယ် ကိုယ်လေးလက်ဝန်ကြီးနဲ့ မလိုက်ပါနဲ့ကွယ် ဆိုလို့သာ မလိုက်ရတယ်နော်။ မောင်တို့ဘက်က နိုင်ပါစေ။ ဘုရားသိကြား မ ပါရှင်'

အဖွားသည် မီးခွက်ထွန်း၏။ ရှေးခုနစ်ဆောင်ပြိုင် အိမ်ကြီးတွင် ရေနံဆီ မီးခွက်ကလေးသည် တောက်ပ ကြည်လင်ခြင်း မဖြစ်စေနိုင်သကဲ့သို့ ဤဥတု၊ ဤအိမ်ရှိ ဤ အဖွား့အဖို့ ထိုမီး





ခွက်သည် တောက်ပ ကြည်လင်ခြင်း မဖြစ်နိုင်ပေ။ ထိုအတွင်း မိုးသည်းထန်စွာ ရွာချလိုက်လေ၏။

'ဟော၊ မောင်တို့မိုးမိနေပြီ။ ခက်တာဘဲနော်။ ဒီမိုးကလဲ သဲလွန်းတယ်။ မောင်ပြန်ရောက်မှ ရွာရှာ့ပေါ့။ မောင် စကားတွေ သိပ်ပြောရလို့ မောနေမှာလေလား။ တရားဟော တာဟာ သိပ်အားကုန်တာဘဲ။ ဟော အိမ်ရှေ့က လန်ချွား သံကြားတယ်'

အဖွားသည် လက်နှိပ်ဓာတ်မီးကို ဆွဲယူ၏။ သူဆေးရုံတွင် အလုပ်လုပ်စဉ်က ညအလုပ်ဆင်းရန် ဝယ်ထားသော လက်နှိပ်ဓာတ်မီးပင်ဖြစ်သည်။ ထိုးကြည့်၏။ ပြင်းထန်သောမိုးပေါက်များမှတပါး ဘာမျှ မမြင်ရချေ။ အဖွားသည် သူ၏အားငယ်သော စိတ်ကိုမြှင့်ရန် ကြိုးစား၏။ တုန်လှုပ် ချောက်ချားနေသည်ကို အေးအောင်လုပ်၏။ မအောင်မြင်။ သို့ဖြင့် ရှစ်နာရီ ခွဲခဲ့လေပြီ။

အိမ်ရှေ့တွင် ကားတစီးထိုးဆိုက်လေသည်။ ဟွန်းတီးသံကို အဖွား ကြားလိုက်ရာ ငှက်ပုပ်ထိုးသံကို ကြားရသကဲ့သို့ ထိတ်လန့်သွားလေသည်။ ဘာ့ကြောင့်ထိတ်လန့်သွား သည်ကိုကား အဖွား အကြောင်းရှာမရချေ။ အဖွားသည် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်၏။

"ဖွားဖွား တံခါးဖွင့်ထားလိုက်စမ်း" ဟု ပြတ်တောင်းတောင်း ပြောသော ထွန်းမြင့်အသံကို ကြားရလေသည်။ ထွန်းမြင့်သည် တစုံတယောက်ကို ပွေ့ထားသည်။ သူတို့အား လူတယောက်က ထီးမိုးထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပါလိမ့်မလဲ။ ဟင်၊ ကိုထွန်းမြင့်ဘာပေ့ထားတာလဲ" အဖွာသည် ရင်ဖိုတုန်တုန်ဖြင့် သူ့ဖာသာသူ မေးပြီး အသားတွေတုန်လာ၏။ နောက် တံခါးကို ဖွင့်ပေး၏။ အဖြူသည် လှေကားပေါ်သို့ လက်နှိပ်ဓာတ်မီး ထိုးပေးလိုက်၏။ လက်မှာ တုန်နေသောကြောင့် လက်နှိပ်ဓာတ်မီးသည် အောက်ကျသွားလေ၏။ဒုံး၊ ဒုံး၊ ဒုံးဖြင့် အောက်ခြေရင်းအရောက် ကျသွားသည်။ လှေကား အပေါက်ဝတွင် မဲမဲကြီးသော မြင်ရသော ထွန်းမြင့်သည် မဲမဲကြီးသော မြင်ရသော လူတယောက်ကိုပွေ့ ယူ၍ တက်လာသည်။ သူ့နောက်က လူတယောက် ပါလာသည်။ ဒုံး ဒုံးနှင့် တက်လာသည်။ ခြေသံသည် အလွန်နှေးလေသည်။ အဖြူကား အသက်မျှ မှန်စွာမရှူနိုင်ဘဲ စောင့်ကြည့်နေလေသည်။ ထွန်းမြင့်သည် အိမ်တွင်းသို့ဝင်လာလေပြီ။ မီးရောင်သည် ထိုသူ့အပေါ်သို့ ထိုးလိုက်ပြီ။

"ဟာ၊ မောင်"

အဖြူသည် ထွန်းမြင့် လက်နှစ်ဖက်ပေါ်ရှိ ညွန့်မောင်ကို သွားဖက်သည်။

"မောင်၊ ဘာဖြစ်လာလဲ"

အဖြူသည် ညွန့်မောင်၏ ခေါင်းကိုကိုင်ပြီး

"ဟင်၊ မောင်၊ စကားလဲ မပြောနိုင်ဘူး"

ထွန်းမြင့်ကား ညွန့်မောင်ကို ပွေ့ရင်း အိပ်ရာဆီသို့ သွားသည်။ အဖြူကား နောက်ပြန်ဆုတ်ရင်း ပါလာသည်။

"မောင် ဘာဖြစ်လဲ။ ဟင်၊ အို သတိမရတော့ဘူးနော်။ ခက်ပြီ။ မောင်၊ မောင်"





ထွန်းမြင့်သည် ညွန့်မောင်ကို ခုတင်ပေါ်တွင် တင်ထားပြီး ပါလာသူကို

"ခင်ဗျား ဆရာဝန်ကြီးကို မျှော်ကြည့်စမ်းပါအုံး" ဟု ပြောလိုက်၏။

အဖြူသည် ညွန့်မောင်၏ ပါးနှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် အုပ်ထားပြီး မျက်နှာကို စေ့စေ့ကြည့်နေလေ၏။

"ဘာဖြစ်တာလဲ ကိုထွန်းမြင့်ရယ်။ ပြောစမ်းပါအုံး"

"ဒီဘိတ်မှာ ပြောနေရင်း မူးလဲတာဘဲ။ မူးလဲကတဲ့က မေ့သွားတာ ခုထက်ထိဘဲ။ ကဲ ဖြူဖြူ၊ မင်းတတ်သလောက် လုပ်အုံး။ သတိပြန်ရအောင် လုပ်ရင် ကောင်းမယ်။ ဆရာဝန်လဲ ခုဘဲ လာမှာဘဲ"

အဖြူကား ပျာလောင်ခပ်လျက် နေလေပြီ။ တသက်နှင့် တကိုယ် ဘာလုပ်ရမည်မသိသောအကြိမ်ရှိဘူးပါက ဤအကြိမ်ကား တကြိမ်တည်းသော အကြိမ် ဖြစ်လေသည်။ မေ့လျှင် မေ့ချင်းပင် ဝိုရမှန်း သိခဲ့သေးသည်။ အဖြူသည် ခြေလက်တို့ကို သောင်စင်ရေမရ ကိုင်တွယ်ကြည့်သည်။ ၎င်းတို့ကား အေးစက် တောင့်တင်းလျက် ရှိသည်။ မျက်နှာကို စိုက်ကြည့်နေပြန်သည်။ မျက်နှာတွင် သွေးမရှိ။ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ အဖြူသည် သူနာပြုဆရာမကလေးဘဝတွင် ဒိုင်ခံအလုပ်ဖြစ်သော အလုပ်တခုကို မေ့နေလေပြီ။ အဖြူသည် ညွန့်မောင်ကို သွေးတိုးစမ်းရန် မေ့နေလေပြီ။ စမ်းစမ်း သွေးတိုးစမ်းခြင်းကို မမေ့အပ်သော အကြောင်းတခု ရှိသေးသည်။ ဆေးရုံတွင် ပထမဆုံးအကြိမ် ညွန့်မောင်အား သွေးတိုးစမ်း



www.burmeseclassic.com

www.burmeseclassic.com



စဉ်ကပင် ချစ်ခဲ့မိသည်။ သို့သော် ယခု ညွန့်မောင်အတွက် စိုးရိမ်ကြောင့်ကြ ဗျာပါဒများခြင်းသည် အသိဉာဏ်၊ ဝေဖန်ဉာဏ်၊ အမှတ်ဉာဏ်ဟူသမျှကို ဖုံးလွှမ်းထားသဖြင့် ထိုသွေးတိုးစမ်းမှုကို မေ့နေရှာ၏။

ညွန့်မောင်သည် အနည်းငယ် လှုပ်ရှားလာ၏။ အဖြူသည် မျက်နှာကို စိုက်ကြည့်ရင်း မှဲ့နေ၏။ မှဲ့နေရင်း သူ့ အောက်နှုတ်ခမ်းကို ကိုက်ထားမိ၏။ ညွန့်မောင်သည် ပါးစပ် ဟလာ၏။ ဟုတ်ပြီ၊ သေချာပြီ။ ညွန့်မောင် သတိရလာပြီ။ ဘုရား မပါ။ ထွန်းမြင့်သည် ခုတင်ပေါ်တွင် တစောင်းထိုင်၍ လူနာကို ကြည့်နေ၏။ ညွန့်မောင်သည် မျက်နှာကိုရှုံ့၍ စုပ်သပ်လေသည်။ အဖြူနှင့် ထွန်းမြင့်တို့သည် စုပ်သပ်သံကိုပင် အိမ်မြှောင်စုပ်သပ်သံ ကြားရသလို လိုက်ထင်နေကြရ၏။ စုပ်သပ်ခြင်းသည်ပင်လျှင် သတိရခြင်းဖြစ်သည်။

"ရေ ရေ ရေ"

ညွန့်မောင်သည် ရေတောင်းရင်း ပါးစပ် တပြင်ပြင်နှင့် ဖြစ်နေလေ၏။ ထွန်းမြင့်သည် လက်ဖက်ရည်ကရားကို ပြေးယူပြီး ရေထည့်၏။ ညွန့်မောင်သည် ရေကိုတွေ့လျှင် ရက်ပေါင်းများစွာ ရေငတ်နေသူကဲ့သို့ သောက်၏။ သည်းသွားမည် စိုးသဖြင့်ကရားနှုတ်သီးကိုထွန်းမြင့်က မလိုက်သောအခါ ညွန့်မောင်သည် လက်ဖြင့် ဆွဲထားလိုက်၏။ ရေသောက်ပြီးသောအခါ အနည်းငယ် လန်းဆတ်လာသကဲ့သို့ ထင်ရ၏။ အတန်ကြာ ထွန်းမြင့်က ညွန့်မောင်ကို စောင့်ကြည့်နေ၏။ ညွန့်မောင်သည် အားယူ၍ လေသံဖြင့်





"ကိုထွန်းမြင့်၊ သူတို့က စိတ်ကိုပြင်ရမတဲ့။ ဒါမှ၊ ရေ ရေ ရေ" ဟု ပြော၏။

"ခင်ဗျား ဒီဟာတွေ မပြောနဲ့အုံး။ မောနေမယ်။ ကဲ၊ သောက်"

ညွန့်မောင်သည် ရေကို အသည်းအထန် သောက်၏။ စကားကို ဆက်ပြန်၏။

"ဒါမှ ကျွန်တော်တို့ အလုပ်အောင်မတဲ့။ ဟုတ်တယ်ထင်တယ်ဗျ"

"ဟာ ဒါတွေမပြောနဲ့ဗျာ။ သူတို့ပြောတာလဲ မဟုတ်ပါဘူး။ စိတ်ဆိုတာ ခေါင်းပုံအရိုက်ခံရတဲ့ ကရိယာပဲပါဘဲ။ ကင်မရာဘဲ။ ခေါင်းပုံအရိုက်ခံရတဲ့ အပြင်ရုပ်ဝတ္ထုလှမှ ခေါင်းဖုံမှာ လှတယ်။ ကင်မရာကို ကိုင်သူက ကောင်းမယ်ဆိုရင်၊ အပြင်ကလဲ လှရင် လှသလောက် ခေါင်းပုံမှာ ပေါ်တာပေါ့ဗျ။ အဲဒီတော့ အပြင်လောကနဲ့ဆိုင်တဲ့ အရမ္မဏ်က ပစ္စည်းတွေ၊ လူ့အလုပ်တွေ၊ လူ့စနစ်တွေကောင်းဘို့ပြုပြင်မှ"

"အဖြူ၊ အဖြူ"

"ဘာလဲမောင်" အဖြူထူးသောအသံသည် အဖြူ၏ အခါတိုင်းအသံနှင့် မတူ။

"အဖြူ၊ ဆရာမ။ နံပတ်သုံးကို မကယ်တော့ဘူးလား"

အဖြူ၏ရင်သည် ဆို့သွားသည်။ နံပတ်သုံးဆိုသောစကားသည် သူတို့တွေ့စက အခါနှမ်များကို လွှမ်းစေပေးသည်။ အဖြူသည် မောင့်ကို ဖက်ထားတော့၏။ အဖြူသည် မောင့်ကို ခေါင်းအုံးတွင် မလှဲစေဘဲ သူ့ရင်ခွင်တွင် တင်ထား၏။ ပွေ့ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ညွန့်မောင်သည် မှိန်းလျက်နေရင်း ကျန်သမျှသော အားက လေးနှင့် မပွင့်တပွင့်ပြုံးလျက် "ဆရာမ၊ အဖြူ့ကို၊ မောင်"ဟု ပြောပြီး မေ့မျောသွားပြန်လေ၏။

ဆရာဝန် ရောက်လာလေ၏။ ဆရာဝန်ကား ညွန့်မောင် အား ဆေးရုံတင်သော ဆရာဝန်ပင် ဖြစ်သည်။ ဆရာဝန်သည် လက်ကို သွေးစမ်းကြည့်၏။ သွေးတိုး မြန်သည်။ သို့သော် သွေးခုန်ပုံ ပျော့သည်။ အဖြစ်အပျက် အလုံးစုံကို ထွန်းမြင့်က ဆရာဝန်အား ပြောပြသည်။ ဆရာဝန်သည် နားကျပ်ဖြင့် အသည်းနှလုံး အလုပ်လုပ်ပုံကို နားထောင်ပြန်သည်။ နောက် အတန်ကြာ တွေ၍ စဉ်းစားနေလေ၏။ ထွန်းမြင့်သည် ဆရာ ဝန်ကိုသာ အကဲခပ်ကြည့်နေသည်။ အဖြူကား ရင်ခွင်ပေါ်ရှိ ညွန့်မောင်၏မျက်နှာကိုသာ ကြည့်နေလေသည်။ ဆရာဝန်က ထွန်းမြင့်အား

"သူ ဆေးရုံကဆင်းတုန်းက အနားယူဖို့ပြောတာ နားလဲ မနားဘူး မဟုတ်လား။ အင်း၊ ခြောက်လစေ့တော့ သွေးလာ စမ်းဖို့ပြောတာလဲ လာမစမ်းဘူး။ သူ့သွေးကို အခုစမ်းကြည့် ရင် ပေါ်ဆီတစ် နှစ်ထပ်ဖြစ်မှာဘဲ"ဟု ပြော၏။

"ခု ဘာဖြစ်တာလဲဆရာ"

"ကျုပ် သူ့အကြောင်း သိပြီးမို့ ဘာဆိုတာ ပြောဖို့ လွယ်တာပေါ့။ တခြားလူမှာ ဒီလိုဖြစ်လာရင် ကျုပ် လွယ် လွယ်နဲ့ ပြောပြနိုင်မှာ မဟုတ်ဖူး"

"သူ ဘာဖြစ်တာလဲဆရာ"





"အေအိုတာဆိုတဲ့ နှလုံးနဲ့ဆက်နေတဲ့ အကြောမကြီးကို ဆစ်ဖလစ်ပိုးတွေ ဝင်ပြီး ရန်မူကြတယ်။ အဲဒီအကြောရဲ့အလယ် ထပ်ကို ဝင်ခဲ့ကြတာဘဲ။ ဒါနဲ့ အကြောကြီးဟာ ဖောင်လာပြီး နှလုံးသွေးလမ်းကို ပိတ်တာဘဲ။ အညူရစ်ဆင်း ဖြစ်တာဘဲ"

ထိုအတွင်းတွင် ညွန့်မောင်သည် အနည်းငယ်သတိရလာ ပြန်၏။ အဖြူသည် မောင့်မျက်နှာကို ကြည့်ရင်း အားတက် လာသေး၏။ ညွန့်မောင်သည် ဂယောင် ချောက်ချားဖြင့် "အဖြူ။အထွေး၊ အထွေး။ အထွေးက စမ်းတာနော်" ဟု ပြော ပြီး မောနေပြန်လေ၏။

ထွန်းမြင့်သည် ဆရာဝန်အား "ဆရာ၊ ဆေးထိုးရင် ထိုးပါ အုံး။ ဆရာ ဘာလုပ်မလဲ" ဟု အားမလို အားမရ မေး၏။

ဆရာဝန်သည် ခေါင်းခါ၍ "အကျိုးမရှိဘူး" ဟု ပြောလိုက် ၏။ ထွန်းမြင့်ကား ဆရာဝန်ကို ဒေါသလွှမ်းသော မျက်နှာ ဖြင့် ကြည့်လိုက်၏။ ထိုသို့ ဒေါသဖြင့် ဆရာဝန်ကို ကြည့်နေဆဲ၊ အဖြူသည် သူ့မောင်ကို ငေး၍ ကြောင်၍ ကြည့်နေဆဲ၊ ညွန့် မောင်သည် တောင်ကြီးအက်ကွဲပြိုလဲသွားသည်ကို မြင်ရလေ သည်။

ထိုတောင်ကြီးကား မြှော်လင့်ချက် တောင်ကြီးတည်း။ မြှော်လင့်ချက်တောင်ကြီးသည် သဲပုံကြီးဖြစ်သွားပြီ။ သဲပုံမှ တဖန် ရေတွင် မျောပါသွားပြီး၊ သောင်ပြင်ကြီး ဖြစ်သွား လေပြီ။ ညွန့်မောင်သည် ရှေ့တွင် ဟာလာဟင်းလင်းဖြစ်သော လွင်တီးခေါင်ကိုသာ မြင်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမြင့်သည် ဆရာဝန်ခေါင်းငိုက်ဆိုက်ချ၍ ပြန်သွားသည်ကို လိုက်ကြည့်နေသည်။ ညွန့်မောင် အသက်ထွက်သွားသည်ကိုလည်း ကြည့်နေသည်။ နောက် အဖွားက ညွန့်မောင် မျက်ခွက်ကို စိုက်ကာ ကြည့်နေသည်ကို ကြည့်ပြန်သည်။ အဖွားကား ဘာမျှသတိမရ။ ဤဒုက္ခသည် မစဉ်းစား မတွေးတောနိုင်အောင် ကြီးလွန်းသည်။ စကားမပြောနိုင်အောင် ကြီးလွန်းသည်။ မျက်ရည်မကျနိုင်အောင် ကြီးလွန်းသည်။ မငိုနိုင်အောင် ကြီးလွန်းသည်။ ထွန်းမြင့်သည် အဖွား့အတွက် စိုးရိမ်လာ၏။ မငိုမယို တွေကြည့်နေရင်း အဖွားသည် မေ့မျောသွားမည်ကို စိုးရ၏။ ထွန်းမြင့်သည် အဖွားငိုအောင် ကြံ၏။

"ဖွားဖွား၊ မင်းကို ညွန့်မောင်ဟာ သိပ်ချစ်တယ်။ သေခါနီးမှာ နောက်ဆုံးစကားကို ပီပီ မပြောနိုင်လို့ အထွေးလို့ ခေါ်သွားတယ်၊ နားလည်လား။ ကိုညွန့်မောင် လူကောင်း၊ လူသူတော်ကောင်း၊ သိပ်ရိုးတယ်။ လူတိုင်းဟာ သူလိုဘဲ ရိုးတယ်လို့ ထင်တတ်တယ်။ သူများပြောတာကို သိပ် ယုံတတ်တယ်။ သူငယ်ချင်းတို့၊ ရည်းစားတို့၊ မယားတို့ကို သိပ် ချစ်တတ်တယ်။ ချစ်လွန်းအားကြီးလို့ စိတ်ကလဲ ပျော့ရှာတယ်။ ဖွားဖွား၊ မင်းကို သူ သိပ် ချစ်တယ်"

သို့နှင့်လည်း အဖွားကား မငို။

"အို အဖွား၊ မတုန်မလှုပ် မနေနဲ့ကွယ်။ ကိုညွန့်မောင်မှာခဲ့တဲ့ အလုပ်ကို မင်းရယ်၊ ငါရယ် လုပ်ကြရအုံးမယ်။ ရုပ်ရှင်ရိုက်ကြရအုံးမယ်။ သူလုပ်သွားပြီး မပြီးသေးတာကိုလဲ ဆက်လုပ်ရအုံးမယ်"





သို့နှင့်လည်း အဖွားကား မငို။

"အဖွား၊ မင်း ခလေးမွေးရအုံးမယ်။ ကိုညွန့်မောင် အမွေပေးခဲ့တဲ့ ခလေးကို ကျန်းကျန်းမာမာ ဖြစ်လာအောင် မွေးရအုံးမယ်။ ဖွားဖွား၊ ငိုလေ၊ ငိုငို"

အဖွားကား ဘာမျှ မကြားသကဲ့သို့ရှိ၏။ ငိုလည်း မငို၊ ရှိုက်လည်း မရှိုက်။ ရင်ခွင်ပေါ်ရှိ ညွန့်မောင်၏ မျက်နှာကိုသာ ငေးကြည့်နေလေ၏။

ဤသို့ဖြင့် အဖွားသည် မောင်၏ အတ္တဘော ပြီးဆုံးခြင်းကို ကြည့်နေသည်။ အဖွား၏ခြောက်သွေ့နေသော နှုတ်ခမ်းပါးပင် များကား ထောင်လျက်၊ အဖွား့မျက်နှာတား တွေလျက်၊ အဖွား့မျက်လုံးတို့ကား ပြူးလျက်၊ အဖွား့မျက်တောင်တို့ကား စင်းလျက်၊ အဖွား့ပါးစပ်ကား ဟ လျက်။ အဖွား့ရင်ခွင်ရှိ အဖွား့မောင်နှင့် အဖွားတို့ကား မတုန်မလှုပ်၊ ကျောက်ရုပ်။

**သိန်းဖေမြင့်**



www.burmeseclassic.com